www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

## ဖြုသည် ပြုသည် ဖျက်သုန်းသည်



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဆိတ်ငြိမ်း

ဖြိုသည်... ဖြိုသည်... မျက်သုန်းသည်

စာမူခွင့်ပြုချက်အမှတ် - ၈၃၉/၉၉(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၀၈/၂၀၀၀(၄)
၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀၀/-

ထုတ်ဝေသူ --- ဦးမောင်ဟန် (...) ... စာပေ
အမှတ် (၂၅၆)၊ ... ရန်ကုန်မြို့
မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ
ဦး...လှိုင် (...) ...
အမှတ် (၁၉)လမ်း၊ ရန်ကုန်မြို့



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်ဆိတ်ငြိမ်း

# ဖြိုသည် ဖြိုသည် မျက်သုန်းသည်

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်ကို ၁၉၇၄ ခုနှစ်လောက်က စတင်ရေးသားခဲ့ပြီး ဒါဏ်ရာကိုဖတ်ကြည့်ရမည်

ဤစာအုပ်သည် ၁၉၇၄ ခုနှစ်လောက်ကို အခြေခံ၍ ရေးသားခြင်း ဖြစ်ပါသည်။ ထိုခေတ် ကာလနှင့် ငွေကြေးတန်ဖိုး ကွာခြားချက် ပါရှိပြီး ဆုပ်ချုပ်ရေး ပိုင်း ကွာခြားချက်များလည်း ပါရှိပါသည်။

စာရေးသူ

## ၁

"ဒါဖြင့် ဒီလိုလုပ် စိုးမိုးနိုင်… "

စိုးမိုးနိုင်သည် ရဲအရာရှိချုပ်ကြီး၏ ရှေ့တွင် ကျိုးနွံ့ရိုသေစွာ ထိုင်နေရင်း အရာရှိချုပ်ကြီး ဆက်ပြောမည့် စကားကို နားစွင့်ထားပေသည်။

"မင်း… ငါတို့ရဲ့အဖွဲ့က အပြီးအပိုင် နုတ်ထွက်တာကို ငါ ဘဝင်မကျဘူး… ဒီတော့ နုတ်ထွက်စာကို တင်ထားတာတော့ တင်ထားခဲ့… နုတ်ထွက်ခွင့်အမိန့် မချခင် မင်း ခံစားခွင့်လေးလယူလိုက်… အဲဒီလေးလ အတွင်း မင်း သေချာပြန်စဉ်းစား… လေးလစေ့လို့မှ မင်းပြန်ပြီး အမှုမထမ်းချင်တော့ဘူးဆိုရင် မင်းရဲ့နုတ်ထွက်ခွင့်ကို ငါ လက်ခံမယ်… "

"ကျွန်တော် အပြီးပဲနုတ်ထွက်ချင်ပါတယ် ရဲချုပ်ကြီး"

"ဆိုပါဦး… မင်းက ဘာလို့ အပြီးနုတ်ထွက်ချင်ရတာလဲ… "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တာဝန်ထမ်းဆောင်ရင်း လက်ဝဲခြေထောက်မှာ ဒဏ်ရာရခဲ့ပါတယ်... ဆေးရုံမှာ နှစ်လတက်ခဲ့ရပါတယ်... ကျွန်တော့်အနေနဲ့ အဲဒီဒဏ်ရာကြောင့် အရင်ကလို ရှုတ်ရှုတ်ချွံချွံ စိတ်သွားကိုယ်ပါ မဆောင်ရွက်နိုင်တော့တာမို့ ဆက်ပြီး အမှုထမ်းလည်း တာဝန်မကျေ ဖြစ်မှာမို့ပါ..."

"အဲဒါကို ငါတို့ နားလည်တာပေါ့... မင်းတို့ ငါ့ ရုံးချုပ်မှာပဲ ခေါ်ထားပြီး ရုံးတာဝန် ထမ်းဆောင်ဖို့ ငါ စီစဉ်ပေးမယ် စိုးမိုးနိုင်..."

"ကျွန်တော့်ကို ရဲချုပ်ကြီး အခုလို နေရာပြန်ပေးတာ ကျွန်တော် ကျေးဇူးတင်ပါတယ်... ဒါပေမယ့် ကျွန်တော် ရဲအဖွဲ့ကို ဝင်ကတည်းက စွန့်စွန့်စားစား လုပ်ချင်တဲ့ဝါသနာကြောင့် ဝင်ခဲ့တာပါ... ရုံးထိုင် အလုပ်တော့ ဝါသနာမပါပါဘူး..."

"အေးလေ... ဒါပဲဖြစ်ဖြစ် မင်းခံစားခွင့် လေးလယူ သွားပါ... ခွင့်စေ့မှ မင်းထပ်ပြီး ဆုံးဖြတ်ချက်ပေးပါ အခု မင်းနုတ်ထွက်ခွင့်လျှောက်လွှာကို ငါ လေးလ စောင့်ရင်း သိမ်းထားမယ်... ကဲ မင်း သွားနိုင်ပြီ စိုးမိုးနိုင်..."

ရဲချုပ်ကြီးအား ထပ်ဆင့်ပြီး ဆက်၍မပြောရဲပါလေတော့။ ရဲအုပ်စိုးမိုးနိုင်သည် ရဲချုပ်ကြီးအခန်းမှ ထွက်လာခဲ့ပေတော့သည်။

စိုးမိုးနိုင်သည် နယ်စပ်ဘက်တွင် တာဝန်ကျ



ရင်း လက်နက်ကိုင် မှောင်ခိုအုပ်စုအား အမိအရ လိုက်အဖမ်းတွင် ရန်သူ၏ လက်ချက်ဖြင့် လက်ဝဲခြေထောက်တွင် ဒဏ်ရာရခဲ့သည်။ လားရှိုးဆေးရုံတွင် နှစ်လတက်ခဲ့ရသည်။

ဒဏ်ရာပျောက်ကင်း သက်သာသည်နှင့် နုတ်ထွက်စာတင်ခဲ့ရာ ရန်ကုန်ရဲချုပ်ကြီးထံမှ မိမိအား လူကိုယ်တိုင် လာတွေ့ပါဟု ဆိုလာသဖြင့် ရန်ကုန်ဆင်းလာပြီး ရဲချုပ်ကြီးနှင့် တွေ့ဆုံခြင်း ဖြစ်ပေသည်။

နောက်ဆုံး ရဲချုပ်ကြီးက ခံစားခွင့်လေးလယူပြီး လေးလစေ့မှ နုတ်ထွက်ခွင့်ကို ထပ်ဆုံးဖြတ်ဟု အမိန့်ချသဖြင့် စိုးမိုးနိုင် ရဲချုပ်ကြီးအခန်းမှ ပြန်ထွက်လာပြီး မြေနီကုန်းရှိ မိမိ၏တည်းခိုခန်းသို့ ပြန်လာခဲ့သည်။

မည်သို့ဆိုစေ စိုးမိုးနိုင်သည် မိမိ၏ဇာတိ မြို့သာကို ပြန်ရမည်။

မနက်ဖြန် မီးရထားဖြင့် မော်လမြိုင်သို့ သွားရမည်။ မော်လမြိုင်မှတစ်ဆင့် မိမိ၏ဇာတိ မြို့သာသို့ သွားရပေမည်။

မြေနီကုန်း တည်းခိုခန်းသို့ ပြန်ရောက်ပြီး တစ်ယောက်အိပ်ကုတင်ပေါ် လဲလျောင်းလိုက်သည်နှင့် အိပ်ယာဘေးရှိ စားပွဲပေါ်တွင် အမြတ်တနိုး တင်ထားသည့် "ယုယု" ၏ ဓာတ်ပုံဆီသို့ မျက်စေ့ရောက်သွားသည်။

"ယုယု..."

ဒီကောင်မလေး ယုယုသည် စိုးမိုးနိုင် မြို့သာမှ ထွက်လာစဉ်က တစ်ဆယ့်လေးနှစ်အရွယ် အပျိုဖြန်းကောင်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်မလေး ရှစ်တန်းကျောင်းသူသာ ရှိသေးသည်။

ယခုမှ အသက် (၁၈)နှစ်သာသာရှိပြီး အပျို ဖားဖားမလေးအဖြစ် လှချင်တိုင်းလှ ချောချင်တိုင်းချောနေပေပြီ။

ဤဓာတ်ပုံကို ယုယု အသက် (၁၈)နှစ်ပြည့်သည့်နေ့ကရိုက်ပြီး စိုးမိုးနိုင်ထံသို့ ပို့လိုက်ခြင်းဖြစ်ပါ၏။

ဓာတ်ပုံ၏ နောက်ကျောဘက်တွင် သေးငယ်လှပဝိုင်းစက်သော သူမ၏လက်ရေးဖြင့် စာတမ်းလေး ရေးလိုက်ပေသေးသည်။

*ကိုကိုနိုင်အတွက်*
*ယုရဲ့ (၁၈)နှစ်မြောက်*
*ထာဝရလက်ဆောင်*
*ကိုကိုနိုင်ရဲ့ယု*

ဓာတ်ပုံနောက်ကျောပါ စာတမ်းလေးကို စိုးမိုးနိုင် အကြိမ်ပေါင်းများစွာ မရေမတွက်နိုင် ဖတ်ပြီးခဲ့လေပြီ။

ယခုလည်းဖတ်ရင်း စိုးမိုးနိုင် ကျေနပ်ကြည်နူးစွာ ပြုံးမိပါ၏။

"ကိုကိုနိုင်ရဲ့ယုတဲ့... "

ဟုတ်ပါ၏။ စိုးမိုးနိုင်တွင် ယခုအသက် အစိတ်အရွယ် ရောက်သည်အထိ ဘာချစ်သူတစ်ဦးတလေမျှ မရှိသေး။

ယုယု (၈)တန်းကျောင်းသူ မြီးကောင်ပေါက်



အပျိုမလေး ဖြစ်လာကတည်းက ယုယုကို စိုးမိုးနိုင် စိတ်ဝင်စားခဲ့သည်။ ယုယု၏ အစ်ကိုကြီး အရင်းခေါက်ခေါက် ကိုဒေဝနှင့်လည်း ညီအစ်ကိုရင်းလို ခင်မင်ခဲ့သည်။

ယုယုကိုယ်တိုင်ကလည်း ကလေးဘဝကတည်းက စိုးမိုးနိုင်အား ကိုကိုနိုင်... ကိုကိုနိုင်နှင့် ရောရောဝင်ဝင် နေခဲ့သည်။

ယုယု၏ရင်ထဲမှာကိုက ငယ်စဉ်ပိစိကွေး ဘဝကတည်းက ခင်မင်ရသော စိုးမိုးနိုင်အား အပျိုပေါက်မလေး ဖြစ်ကတည်းက ရင်ထဲက ချစ်နေမှန်း စိုးမိုးနိုင် ရိပ်မိခဲ့သည်။

သို့တစေ...

ယုယုက အသက်ငယ်လွန်းသေးသောကြောင့် စိုးမိုးနိုင်က သူ၏ရင်တွင်းအချစ်ကို မဖွင့်ဟခဲ့သေး။

ယခုဆိုလျှင် ယုယုက အသက် (၁၈)နှစ်ကျော်ကျော်လေး ဖြစ်နေပြီး ဆယ်တန်းလည်း အောင်ပြီးသွားပေပြီ။ ယုယုနှင့် သူမ၏အစ်ကိုကြီး ကိုဒေဝတို့ နေထိုင်ရာမြို့သာမှ စိုးမိုးနိုင် ထွက်ခွာလာခဲ့သည်မှာလည်း ငါးနှစ်ခန့်ရှိပြီ။

ယခု မြို့သာသို့ စိုးမိုးနိုင် အပြီးပြန်ရောက်သွားပြီဆိုလျှင်တော့ ယုယုသည် သူမ၏ စာတမ်းလေးအတိုင်း "ကိုကိုနိုင်ရဲ့ယု" ဖြစ်လာပေတော့မည်သာ။

www.burmeseclassic.com

www.burmeseclassic.com



## ၂

စိုးမိုးနိုင် မော်လမြိုင်သို့ ရောက်သောအချိန်တွင် မြိုင်သာသို့ ခရီးဆက်ရန် အချိန်မရပါလေတော့။

သံလွင်တည်းခိုခန်းမှာပင် စိုးမိုးနိုင် တည်းခိုလိုက်သည်။

ညစာစားသောက်ရန် အပြင်သို့ထွက်ရင်း မော်လမြိုင် ရဲစခန်းသို့ ဝင်ရောက်ပြီး ရဲဝန်ထောက် ဦးအောင်ထွေးအား ဆရာသမား ဂါရဝထားအနေနှင့် သွားရောက် နှုတ်ဆက်သေးသည်။

"အေး... ငါ သိတယ် စိုးမိုးနိုင်... ငါ့ဆီကို ရဲချုပ်ကြီးက ဖုန်းဆက်ထားတယ်... ခြေထောက်မှာ ဒဏ်ရာရပြီးတဲ့နောက် မင်းအနေနဲ့ ရာထူးက နုတ်ထွက်ခွင့်တင်တာရော... အခုလောလောဆယ် မင်းကို ခံစားခွင့် လေးလပေးတာရော... မြိုင်သာကို မင်းပြန်ရင် လိုအပ်တဲ့အကူအညီ ပေးဖို့ရော... ရဲချုပ်ကြီးက ငါ့ဆီ



ဖုန်းဆက် ပြောထားတယ်... ကဲ ပြော... မင်းကို ငါ ဘာကူညီရမလဲ စိုးမိုးနိုင်... "

"ဘာအကူအညီမှ မလိုသေးပါဘူးဆရာ ... အခု ဆရာ့ဆီလာတာ ဂါရဝပြုရင်း လာနှုတ်ဆက်တာပါ"

"အေး... မင်းကို လူတော်လူကောင်း တစ်ယောက်မို့ ရဲချုပ်ကြီးရဲ့သဘောကတော့ အလုပ်က နုတ်ထွက်တာကို သိပ်လက်ခံချင်ပုံ မရဘူး... "

စိုးမိုးနိုင် ငြိမ်နေသည်။ ဘာမျှပြန်မပြောဘဲ တခဏအောင့်အကြာမှ ပြန်ရန်နှုတ်ဆက်ပေသည်။

"အေး... ငါ တစ်ခုတော့ မှာလိုက်မယ် စိုးမိုးနိုင်... မင်း မြိုင်သာရောက်ရင် မင်းရဲ့ဇာတိ မြိုင်သာဟာ အင်မတန် ပြောင်းလဲနေတာကို မင်းတွေ့ရလိမ့်မယ် အထူးသဖြင့် မှောင်ခိုသမားတွေ စခန်းချတဲ့နေရာမို့ မြိုင်သာဟာ ပိုပြီး စည်ကားလာသလောက် ရှုပ်ရှုပ်ထွေးထွေးတွေလည်း ရှိနေတယ်... အခုလောလောဆယ် အခြေအနေမှာတော့ မြိုင်သာရဲ့ ရဲအဖွဲ့အင်အားဟာ အားနည်းနေတယ် ... ငါတို့ နောက်ထပ် အင်အားဖြည့်ဖို့လည်း ညှိနှိုင်းနေပါတယ်... ကျိုက်မရောရဲအဖွဲ့ကလည်း မြိုင်သာကို မျက်ခြေမပြတ် စောင့်ကြည့်နေပါတယ်... အေးလေ... ဒါတွေကို ငါက မင်းသိထားအောင် တင်ကြိုပြောထားတာ..."

ရဲဝန်ထောက်ဦးအောင်ထွေးအား စိုးမိုးနိုင်က ဦးသုံးကြိမ်ချ ကန်တော့ခဲ့ပြီး ပြန်လာခဲ့ပေသည်။ ညစာ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီး တည်းခိုခန်းသို့ပင် ပြန်ခဲ့တော့သည်။

တည်းခိုခန်းမှ ကျသင့်ငွေပေးပြီး မြိုင်သာကို ဖုန်းဆက်သည်။

ချက်ချင်းခေါ်၍ မရသေး။

တယ်လီဖုန်း ဘေးမှာပင် ဖုန်းအရကို ထိုင်စောင့်ရင်း မြိုင်သာအကြောင်း တွေးနေမိသည်။

မြိုင်သာသည် နယ်စပ်နှင့်နီးပြီး ဒုစရိုက်ပုံစံဖြင့် စီးပွားရှာရန် အလွန်ကောင်းနေကြောင်း ရဲဝန်ထောက်ဦးအောင်ထွေးက ပြောလိုက်သည်။

စိုးမိုးနိုင်၏ စိတ်ကူးမှာ မြိုင်သာသို့ ပြန်ရောက်မြီးနောက် သူ့ငယ်ချင်းကိုဒေဝနှင့် ညှိနှိုင်းတိုင်ပင်ခွင့်တောင်းကာ ယုယုကို လက်ထပ်မည်။

စိုးမိုးနိုင်တွင် မိဘများ လက်ထက်ကတည်းက တစ်ထပ်တိုက်အိမ်လေး ရှိခဲ့သည်။ ခြံနှင့်ဝင်းနှင့် ကားဂိုဒေါင်နှင့် သပ်သပ်ရပ်ရပ် တိုက်အိမ်လေးတွင် ယုယုနှင့် အတူနေမည်။

လုပ်ငန်းအားဖြင့် မိမိမြိုင်သာမှ ထွက်ပြီးရဲအဖွဲ့ထဲ မဝင်မီကတည်းက ကိုဒေဝနှင့် တွဲဘက်ပြီး မြိုင်သာတွင် **"မြိုင်သာဖောက်တယ်"** ဟု အမည်ပေးဆိုင်းဘုတ်တပ်ခဲ့ပြီး ဟိုတယ်အသေးစားလေးကို ကိုဒေဝတစ်ဝက် မိမိတစ်ဝက် ငွေရင်းဖြင့် တည်ထောင်ခဲ့သည်။ ယင်းဟိုတယ်လေးအား ကိုဒေဝပင် ဦးစီးလုပ်ကိုင်ရင်း ထားခဲ့ပြီး မိမိက ရဲအဖွဲ့သို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။



ယင်းဟိုတယ်လေးကိုပင် ယခု မိမိစုဆောင်းခဲ့သော ငွေအင်အား ထပ်ဖြည့်ကာ ဝင်ငွေစီးပွားရေးအဖြစ် ကိုဒေဝနှင့် ဆက်လက်ပူးတွဲ လုပ်ကိုင်မည်ဟု ရည်ရွယ်ချက်များ ထားရှိပေသည်။

မြိုင်သာရှိ မြိုင်သာဟိုတယ် တယ်လီဖုန်း ခေါ်ထားသည်မှာ ရပေပြီ။

စိုးမိုးနိုင် တယ်လီဖုန်းကို ကောက်ယူ နားထောင် ပြောကြားလိုက်သည်။

"အမိန့်ရှိပါခင်ဗျာ... မြိုင်သာဟိုတယ်က ပြန်ကြားပြောဆိုနေပါတယ်... "

မြိုင်သာဟိုတယ်မှ ပြန်လည်ပြောကြားသည့် အသံမှာ ကိုဒေဝ၏အသံ မဟုတ်ပေ။

ဦးထိန်ဝါ၏အသံလည်း မဟုတ်ပေ။

မိမိမကြားဘူးသော လူတစ်ယောက်၏အသံဖြစ်နေသည်ကို စိုးမိုးနိုင် သတိထားမိလိုက်သည်။ ပြန်လည်ပြောကြားပုံမှာ ယဉ်ကျေးသိမ်မွေ့လွန်းနေပါ၏။

"အဲ... ကျွန်တော် မြိုင်သာဟိုတယ်ပိုင်ရှင် ကိုဒေဝနဲ့ စကားပြောချင်လို့ပါ... "

"ဗျာ... မြိုင်သာဟိုတယ်ပိုင်ရှင် ကိုဒေဝဟုတ်လား"

"ဟုတ်ပါတယ်... မြိုင်သာဟိုတယ်ပိုင်ရှင် ကိုဒေဝနဲ့ ပြောချင်လို့ပါ... "

တစ်ဘက်မှ ယဉ်ကျေးစွာပြောသည့် လူ၏အသံသည် ခဏတိတ်ဆိတ်သွားသည်။ ပြီးမှ—

www.burmeseclassic.com

www.burmeseclassic.com



"အခု အဲဒီက ပြောနေတာဘယ်သူပါလဲခင်ဗျာ... "

"စိုးမိုးနိုင် ကိုဒေဝကို စိုးမိုးနိုင်က ဖုန်းဆက်တာလို့ ပြောပေးပါ... "

တစ်ဘက်မှ ပြန်၍တိတ်ဆိတ်သွားပြန်သည်။ ယခု စိုးမိုးနိုင်အား ပြန်လည်၍ ယဉ်ကျေးစွာ ပြောနေသူသည် အလုပ်အလွန်များသော လူပေပဲလား။ စကားပြောရင်း တန်းလန်းမှ ဖုန်းပြောခွက်ကို လက်ဝါးဖြင့်ပိတ်ခါ အခြား အလုပ်တွေ ပြောဆိုနေဟန်တူပါ၏။ လက်ဝါးဖြင့် အုပ်ထားစေကာမူ မသဲမကွဲသောအသံတချို့ စိုးမိုးနိုင် ကြားနေရသည်။ မိမိဖုန်းဆက်ကြောင်း ကိုဒေဝကိုပင် လှမ်း၍ ပြန်ပြောပြနေခြင်းလား မသိ။

"ဝမ်းနည်းပါတယ်ဗျာ... အခုဒီမှာ ကိုဒေဝ မရှိပါဘူး ပြောစရာရှိရင် ကျွန်တော့်ကိုပဲ ပြောပါ... "

"ဒါဖြင့် ကိုဒေဝရဲ့ညီမလေး ယုယုကော ရှိမှာပေါ့... ယုယုကိုပဲ ခေါ်ပေးပါ... "

"ဩ... ယုယုကတော့ သူ့အိမ်မှာပဲ ရှိမှာပါ... ယုယုရဲ့ ဖုန်းနံပါတ်က မြိုင်သာ တစ်ဆယ့်နှစ်ပါ ကိုစိုးမိုးနိုင်"

"ဗျာ... "

တစ်ဘက်စကားကြောင့် စိုးမိုးနိုင် အံ့ဩသွားသည်။ စိုးမိုးနိုင် သိထားသည်မှာ ကိုဒေဝနှင့် ယုယုတို့ မောင်နှမသည် ကျယ်ပြောသော မြိုင်သာဟိုတယ် အပေါ်ထပ်မှာပင် သီးခြားအခန်းဖွဲ့ပြီး နေခဲ့ကြပါလျက် ယခုမူ အခြားတွင်နေပြီး ယုယု၏ ဖုန်းနံပါတ်ကိုပင် ပြောပြနေ



သဖြင့် စိုးမိုးနိုင် အံ့ဩရခြင်းဖြစ်ပါ၏။

တစ်ခုတော့ ရှိသည်။

မြိုင်သာဟိုတယ် ပိုမိုတိုးတက်လာသောကြောင့် လုပ်ငန်းကို နေရာချဲ့ပြီး သူတို့မောင်နှမက အပြင်ဘက် ထွက်နေခြင်းမျိုးများ ဖြစ်လေမလား မပြောတတ်။

"အဲဒါဆိုလည်း မြိုင်သာအိတ်(စ်)ချိန်းကပဲ ထပ်ဆင့် ယုယုရဲ့ဖုန်းနံပါတ်ကို ဆက်သွယ်ပေးဖို့ ကျေးဇူးပြု ပြောပေးပါလားဗျာ... "

"အား ... ရပါတယ် ကိုစိုးမိုးနိုင် ... ကျွန်တော် အိတ်(စ်)ချိန်းကို ပြောင်းခိုင်းပေးပါ့မယ်... "

မကြာခင်မှာပင် တစ်ဘက်မှာ အလွန်နားဝင်ချိုသည့် အသံသြသြလေးနှင့် လွင်လှသော ယုယု၏အသံကို စိုးမိုးနိုင် နားထဲတွင် ချိုမြိန်စွာ ကြားရပေတော့သည်။

"အမိန့်ရှိပါရှင်... ယုယု ပြန်ပြောနေပါတယ်... "

"ဟော့... ယု ဒီကကိုယ်လေ ကိုကိုနိုင် ပြောနေတယ်လေ ယု... "

"အယ်... ကိုကိုနိုင်... ကိုကိုနိုင်နော်... "

"ဟုတ်ပါတယ်ယုရဲ့... ကိုကိုနိုင်မှ ကိုကိုနိုင်အစစ်ပါ"

"ဟွန်း... ကိုကိုနိုင့်အသံကြားရတာ ဘယ်လိုဝမ်းသာမှန်းတောင် မသိတော့ဘူး... ယု ဝမ်းသာလိုက်တာ ကိုကိုနိုင် ဘယ်တွေရောက်ပြီး ဘာတွေဖြစ်နေလဲဟင် ယုတို့ကို သုံးလနီးပါး အဆက်ဖြတ်ထားတယ် ... ဘာလို့ ယုတို့ကို မဆက်သွယ်တာလဲဟင်... အခု

www.burmeseclassic.com

www.burmeseclassic.com



ကော ဘယ်က ပြောနေတာလဲ ကိုကိုနိုင်... ”

ယု၏ ပြောသံလေးမှာ ဝမ်းပန်းတနည်း ငိုတော့မည့်အသံလေး ဖြစ်နေရှာသည်။ မိမိကိုလည်း အပြစ်တင်ချင်သည့် သဘောလေး သက်ဝင်နေပါ၏။

“အခု ကိုကိုနိုင် မော်လမြိုင်က ပြောနေတာယုရဲ့... ကိုကိုနိုင့်မှာ ယုကိုပြောစရာ စကားတွေမှ အများကြီးပဲ... ပထမဆုံး ယု ဝမ်းသာရမယ့် စကားကတော့ ကိုကိုနိုင်လေ အိမ်ကိုအပြီး ပြန်လာတော့မယ်ဆိုတဲ့ စကားပဲ... ”

“အိမ်ကို ဟုတ်လား... မြင့်သာက ကိုကိုနိုင်ရဲ့အိမ်ကို ပြန်လာမှာလားဟင်... ”

“ဒါပေါ့ ဒါပေါ့ ယု... ကိုကိုနိုင့်မှာ မြင့်သာ ဂေါ် [illegible]ခင်လမ်းထဲက တိုက်အိမ်လေးပဲပိုင်တာ အဲဒီကိုပဲ ပြန်ရမှာပေါ့... တခြား ဘယ်အိမ်မှ မရှိတာ... ကိုကိုနိုင် အလုပ်က ထွက်လိုက်တယ်လေ... ကိုကိုနိုင် အရပ်သား ပြန်ဖြစ်သွားပြီ... အဲဒါကို ယု ဝမ်းမသာဘူးလားဟင်... ”

ယု၏ ကြည်နူးပျော်ရွှင်ဖွယ် ရယ်သံလေး ဖုန်းထဲမှပေါ်လာပေသည်။ ဒါပင်လျှင် မိမိပြန်လာခြင်းအတွက် ယုလေးတစ်ယောက် ဝမ်းသာသွားကြောင်းထင်ရှားနေပါ၏။

“အရမ်းကြီးကို တစ်အားကြီး ဝမ်းသာတယ် ကိုကိုနိုင် အခုလက်ရှိ ယုတို့အခြေအနေမျိုးမှာ ကိုကိုနိုင် ပြန်လာတာကို အစ်ကိုကြီးဒေဝသာသိရင် ဘယ်လောက်



ဝမ်းသာလိုက်မလဲ... အခုလေ အစ်ကိုကြီးဒေဝရယ်”

ယု၏ စကားမဆုံးခင် ပြောချင်ဇောဖြင့် စိုးမိုးနိုင်က ကြားဖြတ်ပြောလိုက်သည်။

“အဲ... ဟုတ်ပါ့... ယုနဲ့စကားပြောရပြီး ယုအသံကြားတာနဲ့ ကိုကိုနိုင် ကိုဒေဝနဲ့ ပြောဖို့တောင် သတိမေ့သွားတယ်... ကိုဒေဝနဲ့ ကိုကိုနိုင် စကားပြောချင်တယ် ယု... ခုနကပဲ မြင့်သာဟိုတယ်ကို ကိုဒေဝနဲ့ စကားပြောချင်လို့ ဖုန်းဆက်သေးတယ်... ကိုဒေဝမရှိဘူးတဲ့ ကိုဒေဝကို ပြောစရာရှိတာ မှာစရာရှိတာ သူ့ကိုပြောပါလို့... ဟိုတယ်က ဖုန်းကိုင်တဲ့သူကတောင် ပြောသေးတယ် ယု... ”

“ဟယ် ဒုက္ခပါပဲ... ”

ဟု ယုယုထံမှ အာမေဋိတ်သံနှင့်တွဲပြီး ငိုးငြူသံလေး ထွက်လာသဖြင့် စိုးမိုးနိုင် အံ့သြရပြန်သည်။

“ဘာဖြစ်သွားတာလဲ ယု... ”

“ကြည့်စမ်း... ကိုကိုနိုင် ဘာမှမသိသေးဘူးနော်... ယု နောက်ဆုံးပေးခဲ့တဲ့စာတွေ မရဘူးလားဟင်... ”

“ဘာစာတွေလဲ ယု... ဘာအကြောင်းတွေ ရေးထားတာမို့လဲ... ”

ယုထံမှ ဖြုန်းခနဲ ပြန်လည်ပြောကြားသံထွက်မလာပေ။ ယု၏သက်ပြင်းချသံလေးကိုပင် စိုးမိုးနိုင်ဖုန်းထဲမှ ကြားလိုက်ရသေးသည်။ မြင့်သာဟိုတယ် [illegible]ဘာ ဟိုတယ်မှ ဖုန်းပြန်ပြောသူသည် ကိုဒေဝကို စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုကြောင်း မိမိက ပြောလိုက်သည်နှင့် ယင်းကဲ့သို့ပင် ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားခဲ့သည်ကို သတိထားမိခဲ့သည်။ မြိုင်သာတွင် ကိုဒေဝတစ်ယောက် တစ်ခုခုတော့ ဖြစ်နေပြီထင့်။

"ယု... "

"ကိုကိုနိုင်... "

"ပြောလေ... ကိုကိုနိုင့်ဆီ ယု ဘာအကြောင်းတွေ စာရေးပေးခဲ့သလဲဆိုတာ... "

"မြိုင်သာမှာ ဖြစ်ပျက်သမျှအကြောင်းတွေ အားလုံး ယု ကိုကိုနိုင့်ဆီ စာရေးပေးခဲ့တာပဲ... အဲဒီစာတွေ ကိုကိုနိုင် မရခဲ့ဘူးလားဟင်... "

"မရခဲ့ဘူး ယု... လွန်ခဲ့တဲ့ နှစ်လကျော်ကျော် သုံးလနီးပါးကတည်းက ကိုကိုနိုင့် ခြေထောက်ဒဏ်ရာရပြီး လားရှိုးဆေးရုံတက်ခဲ့ရတယ်... အဲဒီအတွင်း ယုစာတွေပို့လည်း ကိုကိုနိုင်ရဲ့စခန်းကိုပဲ စာတွေရောက်သွားမယ်... "

"ကိုကိုနိုင် အဲဒီလောက်ကြီး ဆေးရုံတက်ရအောင် ဒဏ်ရာသိပ်ပြင်းသလားဟင်... "

"အဲဒါတွေ ယုနဲ့လူချင်းတွေ့မှ ပြောကြတာပေါ့ ယု အခု မကြာခင်ပဲ ကိုကိုနိုင် မြိုင်သာကို ပြန်လာတော့မှာပဲ... ဒါထက် ယု မြိုင်သာမှာ ယုတို့မောင်နှမ တစ်ခုခု ဖြစ်နေလားဟင်... "

"တစ်ခုခု ဘယ်ကမလဲ ကိုကိုနိုင်... ယုတို့မောင်နှမ



မြိုင်သာမှာ ဖြစ်တာတွေမှ အများကြီးပဲ... တကယ့် အများကြီး ပွေလီကို ရှုပ်နေတာပဲ... "

"ဟုတ်လား... ဘာတွေများဖြစ်လို့လဲယု... "

"ဘာတွေဖြစ်နေကြောင်း ယုက ပြန်မဖြေပေ။ အစိုးရိမ်ကြီးလွန်းသော အသံလေးဖြင့်သာ သူမ၏ ကိုကိုနိုင်ကို အရေးတကြီး မှာကြားချက်လေး ထွက်လာသည်။

"ကိုကိုနိုင်... "

"ပြော... ယု... "

"မြိုင်သာကို ကိုကိုနိုင် ပြန်လာရင် မြင်မြင်ထင်ထင်ကြီး တန်းပြီးမလာနဲ့နော်... မြိုင်သာမှာ ကိုကိုနိုင့်အတွက် အန္တရာယ်တွေ သိပ်များမယ်... "

မိုးမိုးနိုင် အံ့သြရပြန်ပါ၏။

"ဘာတွေ ဘယ်လိုဖြစ်ကုန်လို့လဲ ယု... အဲဒီလောက်ကြီးတောင် ကိုကိုနိုင့်အတွက် ယုက စိုးရိမ်နေတာလဲ... "

"ဖြစ်တာတွေတော့ စုံလို့ပဲ... ဖြစ်သမျှတွေ ဖုန်းထဲက ပြောလို့ လုံးဝမကောင်းဘူး ကိုကိုနိုင် ... ယုနဲ့ အစ်ကိုကြီးဒေဝ မောင်နှမနှစ်ယောက် ဒီမှာ ဒုက္ခလှလှကြီးတွေ့နေတယ်လို့ပဲ ယေဘုယျ သဘောလောက် ကိုကိုနိုင် နားလည်ထားပေးပါ... အခု ကိုကိုနိုင် မြိုင်သာကို ဘယ်လိုခရီးလမ်းကြောင်းနဲ့ ပြန်လာမှာလဲဟင်... "



www.burmeseclassic.com

www.burmeseclassic.com



"ကျိုက်မရောကို အငှားကားနဲ့ သွားမယ်... ကျိုက်မရောချမှ မော်တော်တစ်စီး စီးလုံးငှားပြီး အတ္တရံမြစ်အတိုင်း မြိုင်သာကို လာခဲ့မယ်... "

"အဲဒီလို မလာနဲ့ ကိုကိုနိုင်... အဲဒီလို လာခဲ့မယ်လို့ ကော စောစောက မြိုင်သာဟိုတယ်ကလူနဲ့ ဖုန်းဆက်တုန်းက ကိုကိုနိုင် အဲဒီလူကို ပြောမိသေးလား"

"မပြောလိုက်မိပါဘူး... "

"ကောင်းတယ်... မြိုင်သာကို ကိုကိုနိုင် ပြန်လာမယ်ဆိုတာ ဘယ်သူမှ မသိရင် အကောင်းဆုံးပဲ... ဒီလို လုပ်ပါလား ကိုကိုနိုင်... "

"ပြောလေ... ယု ဘယ်လို လုပ်စေချင်တယ်ဆိုတာ"

"မြိုင်သာကို ကိုကိုနိုင် ခြေမချခင် ပထမဆုံး ယုနဲ့ ကိုကိုနိုင် နှစ်ယောက်ချင်း တွေ့ဖို့အရေးကြီးတယ်... ကိုကိုနိုင် ကျိုက်မရောက ငှားလာတဲ့ မော်တော်ကို ချောင်းနှစ်ခွမှာ ဆိုက်ထားပါ... အဲဒီချောင်းနှစ်ခွကို ယု မော်တော်ကားနဲ့လာခဲ့မယ်... ပြီး ကိုကိုနိုင်ကို စောင့်တွေ့မယ်... အဲဒီမှာ ကိုကိုနိုင်နဲ့ယုတို့ တိုင်ပင်ကြမယ်... အားလုံးတိုင်ပင် ပြောဆိုကြပြီးမှ မြိုင်သာကို ဝင်ကြတာပေါ့ ကိုကိုနိုင်... ဒါပဲနော် ကိုကိုနိုင် ဒါပဲ... "

ပြောပြီးသည်နှင့် ခွပ်ခနဲ ဖုန်းပြန်ချသံကိုပင် စိုးမိုးနိုင် ကြားလိုက်ရသည်။

"ယု... ယု... ဒီမှာ ယု... "





စိုးမိုးနိုင် အငန်းမရ ဆက်ခေါ်ပါသေး၏။ သို့သော် မရတော့ပြီ။

ဘာကြောင့်များ ယုတစ်ယောက် ဖုန်းကို ကမန်းကတန်း ပြန်ချလိုက်ပါလိမ့်။

စိတ်ပျက်လက်ပျက်နှင့်ပင် ဖုန်းကို စိုးမိုးနိုင် ပြန်ချထားလိုက်ရတော့သည်။

မြိုင်သာတွင် ကိုဒေဝနှင့် ယုတို့ မောင်နှမ ဘယ်လိုဒုက္ခတွေ တွေ့နေရသည်ကို တိတိကျကျ ရေရေလည်လည် ဘာမှမသိရသေးသဖြင့် သိချင်သည့်စိတ် ပြင်းထန်ကာ ရင်ထဲတွင်ဆို့ပြီး တင်းကျပ်နေသည်။ ဝေဒနာတစ်မျိုး စိုးမိုးနိုင် ခံစားရတော့သည်။

မြိုင်သာဟိုတယ်မှ ပြန်လည်ဖုန်းပြောသူ၏ စကားတွေကို ယုခု ပြန်စဉ်းစားကြည့်သည့်အခါ မြိုင်သာဟိုတယ်တွင် ကိုဒေဝ အားကိုးအားထား ဖြစ်သည့် ဦးထိန်ဝါကြီးလည်း ရှိဟန်မတူ။ ခါတိုင်း မြိုင်သာဟိုတယ်သို့ ဖုန်းဆက်လေတိုင်း ကိုဒေဝကိုယ်တိုင် ဖုန်းမကိုင်သောအခါ ဦးထိန်ဝါကပင်ကိုင်ပြီး ပြောလေ့ရှိသည်။ ယခုမူ မြိုင်သာဟိုတယ်တွင် ဦးထိန်ဝါသည် တယ်လီဖုန်းနှင့် ဝေးရာနေရာသို့ ရောက်နေလေသလား။

ဦးထိန်ဝါသည် ကိုဒေဝနှင့်ယုတို့ မောင်နှမ မိဘများရှိစဉ်ကတည်းက ဦးထိန်ဝါအား အိမ်တွင်းလူအဖြစ် ရင်းရင်းနှီးနှီး ဆက်ဆံလာခဲ့သည်။ ဦးထိန်ဝါနှင့် ခွေးသားတော်စပ်စေကာမူ ကိုဒေဝနဲ့ယုတို့က ဦးထိန်ဝါအား

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးလို ဘကြီးလို သဘောထားခဲ့ပြီး မြိုင်သာဟိုတယ်ကို မိမိနှင့် ကိုဒေဝ နှစ်ဦးစပ် ငွေထည့်ပြီး တည်ထောင်တော့လည်း ဦးထိန်ဝါသည် ကိုဒေဝ၏ ညာလက်ရုံး လက်ထောက်အဖြစ် ခန့်အပ်ထားခဲ့သည်။

ယခု ဦးထိန်ဝါ ဘယ်ရောက်နေသနည်း။

အားလုံး ယု ပြောခဲ့သမျှကိုပါ စုံစုံကြည့်လျှင် မြိုင်သာတွင် မြိုင်သာဟိုတယ်၌ တော်တော်ကြီးမားသော ကိစ္စတစ်ရပ် ဖြစ်နေလေပြီဟု ယေဘူယျသဘောလောက် စိုးမိုးနိုင် သဘောပေါက်လိုက်ရပေသည်။

စိုးမိုးနိုင် ရင်ထဲတွင် မကျေမနပ်ဖြင့် တင်းကျပ်ရပါ၏။

ဘာကိုမှ တိတိပပ မသိရခြင်းကြောင့် ခံစားရသော ဝေဒနာတစ်ခု ဖြစ်နေရပါ၏။

✳❁✳❁✳❁✳❁



၃

မြိုင်သာဝယ် ယခုလက်ရှိအခြေအနေအရ အတွင်ကျယ်ဆုံးပုဂ္ဂိုလ်တစ်ဦးကို လက်ညှိုးထိုးပြပါဆိုလျှင် ဦးဘာဘာဆိုသည့် ပုဂ္ဂိုလ်ကို လက်ညှိုးထိုးပြမည်သာ ဖြစ်ပါ၏။

ဦးဘာဘာသည် တွင်ကျယ်သူတစ်ဦး ဖြစ်နေစေကာမူ သူ့ခမြာ ယခု ဘီးတပ်ကုလားထိုင်ကို အားပြုကာ ရွှေ့လျားလှုပ်ရှားနေသည့် ဖြစ်နေရှာသည်။

မကြာသေးမီ ကာလလေးကပင် ဦးဘာဘာသည် မတော်တဆ ကားတိုက်မှုတစ်ခု ဖြစ်ခဲ့သည်။ ဦးဘာဘာ၏ လက်ဝဲဘက်ခြေထောက် သွင်သွင်ကျိုးခဲ့ပါ၏။ ဒူးဆစ်အောက်ပိုင်းမှ ခြေတစ်ဘက် ဖြတ်ခဲ့ရသည်။ ချိုင်းထောက်နှင့် သွားရသည်ကို မနှစ်မြို့ကြသဖြင့် သူ့အိမ်တွင်းနေချိန်တွင် ဘီးတပ်ကုလားထိုင်ကို အသုံးပြုနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြိုင်သာမြို့၏ "**အောင်ဒေဝမှီတယ်**" ၏ မန်နေဂျာ အခန်းကျယ်ကြီးထဲဝယ် ယခင် ဟိုတစ်ချိန်က ဆိုလျှင် ကိုဒေဝဖြစ်စေ၊ ညီမလေးယုယုဖြစ်စေ တစ်လှည့်စီ ထိုင်ခဲ့သည်။

ယခုအချိန်ဝယ် ဦးဘာဘာသည်သာလျှင် ခြေမဖြတ်ခင်ကလည်းကောင်း၊ ခြေဖြတ်ပြီးနောက် ကုလားထိုင်ကြီးဖြင့်လည်းကောင်း ထိုင်ခဲ့သည်သာ ဖြစ်ပါ၏။

ဦးဘာဘာသည် မန်နေဂျာစားပွဲကြီးမှ ဘီးတပ်ကုလားထိုင်ကို လိမ့်လာခဲ့ကာ ဓာခန်းဆီးလေး လွင့်ပျံနေအောင် လေတဟူးဟူးတိုက်ဝင်နေသည့် အခန်းပြတင်းပေါက်ဆီသို့ လာခဲ့သည်။

ဦးဘာဘာ၏ ခါးအောက်မှ ခြေမျက်စေ့ ခြေဖမိုးအထိ နီရဲရဲကတ္တီပါ စောင်တစ်ထည်ဖြင့်အုပ်ထားသည်။

တကယ်တော့ ဦးဘာဘာသည် အသက်လေးဆယ် ကျော်ကျော်လေးသာ ရှိသေးသည်။ ကျန်းမာသန်စွမ်းမှုလည်း အပြည့်အဝရှိပါ၏။ ဆံကေသာမှာ အတန်ငယ် လောက် ဖြူချင်သယောင်ရှိသော်လည်း ကြည့်ကောင်းသော ဆံပင်ပုံ အနေအထားရှိပါ၏။ ပုခုံးကျယ်ကြီးဖြင့် တုတ်ခိုင်သန်မာခြင်းလည်း ရှိပါ၏။

ပြတင်းပေါက် အရောက်တွင် လေဝှေ့သဖြင့် ကတ္တီပါစောင် လန်တက်သွားသည်နှင့် ဘီးတပ်ကုလားထိုင်၏ ခြေတင်ခုံဝယ် ဦးဘာဘာ၏ ရှူးဖိနပ်စီးထားသော ခြေတစ်ဘက်သာ ပေါ်ထွက်လာသည်။ လက်ဝဲဘက် အဝတ်



သားသက်သက် ဘောင်းဘီစလည်း ကတ္တီပါစောင်နှင့်အတူ လွင့်တက်သွားသည်။

စိတ်ဆိုး မာန်ဆိုးဖြင့်ပင် ဦးဘာဘာသည် ဘောင်းဘီစနှင့် ကတ္တီပါစောင်ကို ဆွဲချလိုက်သည်။ လေဝင်ကဲနေသော ပြတင်းပေါက် မှန်တံခါးကိုလည်း ဂျိမ်းခနဲ ဂျိုင်းခနဲ ဆောင့်အောင့် ဆွဲပိတ်လိုက်သည်။

ပြီး သူ၏ပြတ်နေသော ခြေဘက်မှ ပေါင်တံကို လက်ဝါးဖြင့်အုပ်ခါ နှုတ်ခမ်းစေ့အောင် ပိတ်ထားပြီး အံကြိတ်လိုက်သည်။

ဦးဘာဘာ အကြီးအကျယ် စိတ်မကောင်းဖြစ်နေပါ၏။ အကယ်၍သာ သူ၏ခြေတစ်ဘက် မပြတ်ဘဲ ယခင်ကလို အကောင်းပကတိ ရှိနေပါက သူ့ အလွန်အမင်း ချစ်မြတ်နိုးသော "သန္တာ"သည် သူ့အပေါ်တွင် သိသိသာသာကြီး သွေဖီသွားမည်မဟုတ်။

သူ့အား ဇနီးသန္တာက သွေဖီသွားသည့်အခြားအဓိကအကြောင်းတစ်ခုမှာ "ဒေဝ" ကြောင့်ပင် ဖြစ်ပါ၏။

"တောက်... "

ဦးဘာဘာသည် နာကျည်းစွာ ဒေါသဖြစ်လွန်းစွာဖြင့် ပြင်းထန်စွာ တောက်ခေါက်လိုက်သည်။

ထိုစဉ်မှာပင်

မန်နေဂျာရုံးခန်းကတံခါးပွင့်လာပြီးလေးဆောင်ဝင်လာသည်။

"ဆို... ဘာကိစ္စထူးလာလဲ လေးမောင်..."

www.burmeseclassic.com

www.burmeseclassic.com



"ထူးတယ်... ဆရာဘာဘာ... ပြဿနာတော့ စ,လာပြီလို့ ကျွန်တော် ထင်တယ်..."

ဦးဘာဘာ မျက်မှောင်ကြုတ်လိုက်သည်။

"ဘာပြဿနာက ဘယ်က စ,တာလဲ..."

လေးမောင်က ဟန်ပါပါ ပြတင်းပေါက်ဘောင်ကို မှီလိုက်သေးသည်။ အိုက်စပ်သည့်အလား သူ၏ပါးစပ်မှလေကို မှုတ်ထုတ် ပြလိုက်သေးသည်။ ပြတင်းပေါက် မှန်တံခါးကို ဖွင့်ရန် လက်လှမ်းလိုက်သည်။

"မဖွင့်နဲ့ ဒီအပေါက်က တိုးဝင်နေတဲ့လေကို ငါ မုန်းတယ် လေးမောင်... မင်း ပြောစရာရှိတာသာ ဆက်ပြော..."

လှမ်းထားသော လက်ကို ပြန်သိမ်းရင်း လေးမောင်က ပုခုံးတစ်ချက် တွန့်ပြကာ

"စိုးမိုးနိုင် မော်လမြိုင်ကို ပြန်ရောက်နေပြီ ... ဒီဟိုတယ်ကို ဒီကောင် ဖုန်းဆက်တယ်... ကိုဒေဝနဲ့ စကားပြောချင်လို့တဲ့..."

ဦးဘာဘာ ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေလျက်သားက ဆက်ခနဲ ရင်ကော့လိုက်သည်။ လေးမောင်ပြောလိုက်သည့်စကားကိုလည်း ပိုမိုစိတ်ဝင်စား သွားသည်။

"ကျွန်တော်... ပြန်ဖြေလိုက်တယ်... ကိုဒေဝ မရှိသေးဘူးလို့..."

"ဒီတော့ သူက ဘာဆက်ပြောလဲ..."

"ယုယုကို ဆက်မေးတယ်... ကျွန်တော်က ယုယုနဲ့



သူ စကားပြောနိုင်ဖို့ မြိုင်သာအိပ်(စ်)ချိန်းကတစ်ဆင့် တောင်းပြီး ဆက်ပေးလိုက်တယ်..."

"ကောင်းတယ်... ယုယုနဲ့ စိုးမိုးနိုင် ဘာတွေ ပြောကြသလဲ... ဆိုစမ်း"

"အဲဒါကို ကျွန်တော် နားထောင်ဖို့ လွတ်သွားတယ်"

ဖျန်းခနဲနေအောင် နဂိုကတည်းက ဒေါသဖြစ်နေသည့် ဦးဘာဘာက သူ၏လက်ဝါးဖြင့် ဘီးတပ်ကုလားထိုင်၏ လက်တန်းပြားကို ရိုက်လိုက်သည်။

"ငါတို့ ဒေဝကို ဖုန်းနဲ့ ဆက်သွယ်လာသမျှတွေကို ကြားဖြတ်နားထောင်နိုင်အောင် စီစဉ်ထားသားနဲ့ မင်း..."

"ဒေါသကြီးနဲ့ သိပ်လည်း အပြစ်တင်စောမနေနဲ့ဦး ဆရာဘာဘာ... အာစရိကပဲ ကျွန်တော့်ကို အမိန့်တော်ကြီး ချမှတ်ထားတယ် မဟုတ်လား အောင်ဒေဝဟိုတယ်ကို ရောက်လာတဲ့ အထူးဧည့်သည်ဆိုရင် ကျွန်တော်ကိုယ်တိုင် ဆီးကြိုရမယ်... ကျွန်တော်ကိုယ်တိုင် ဧည့်ခံရမယ်... ကျွန်တော်ကိုယ်တိုင် ဧည့်ဝတ်ပြုရမယ်... ကျွန်တော်ကိုယ်တိုင် နေရာထိုင်ခင်းပေးရမယ်လို့လေ... ယုယုနဲ့ စိုးမိုးနိုင် ဖုန်းပြောတုန်းမှာပဲ ကနေ့ညချိန်းဗိုင်းအတွက် ဦးသြ ရောက်လာတယ်... ဒါကြောင့် ဖုန်းကိုချထားခဲ့ပြီး ဦးသြကို ကျွန်တော်ကိုယ်တိုင် သွားကြို ဧည့်ခံ ဧည့်ဝတ်ပြုရတယ်..."

www.burmeseclassic.com

www.burmeseclassic.com



ထိုစကား မှန်နေသည်။ မိမိကိုယ်တိုင်က လေးမောင်အား ထိုကဲ့သို့ပင် အမိန့်ပေးထားသည်။ ယခု လေးမောင်အား အပြစ်မတင်သာပေ။

"ထားပါတော့… စိုးမိုးနိုင်ဟာ ဒီမြို့သာကို လာမယ်လို့ ပြောသလား… "

"အဲဒါတော့ မပြောတတ်ဘူး… "

ဦးဘာဘာက တစ်စုံတစ်ခုကို စဉ်းစားရင်း ပြတင်းပေါက်မှ သူ၏ မန်နေဂျာစားပွဲကြီးသို့ ဘီးတပ်ကုလားထိုင်ကို လိမ့်ကာ နေရာပြန်ယူလိုက်သည်။ ပြီး စဉ်းစားသည်။

မြို့သာတစ်မြို့တည်းသားချင်းမို့ စိုးမိုးနိုင်၏ အကြောင်းကို ဦးဘာဘာ ကောင်းကောင်းသိသည်။ ဦးဘာဘာ၏ ညီမအငယ်ဆုံး မနှင်းဆီနှင့် စိုးမိုးနိုင်သည် မြို့သာတွင် ကျောင်းနေဘက်သူငယ်ချင်းတွေ ဖြစ်သည်မို့ ပို၍ပင် စိုးမိုးနိုင်အကြောင်းကို ဦးဘာဘာ သိထားခြင်း ဖြစ်ပါ၏။

သူ၏ ညီမငယ် နှင်းဆီကိုယ်တိုင် ထိုစဉ်ကတည်းက စိုးမိုးနိုင်အပေါ်တွင် စိတ်ဝင်စားခဲ့မှန်းလည်း ဦးဘာဘာ ရိပ်မိခဲ့သည်ပင်။

စိုးမိုးနိုင်၏အကြောင်းကို နှင်းဆီက မကြာခဏ အိမ်တွင် ပြောလေ့ရှိသည်ကိုလည်း ဦးဘာဘာ ကြားခဲ့သည်။ စိုးမိုးနိုင် ထက်မြက်ကြောင်း၊ ကျောင်းတွင် စာတော်ကြောင်း၊ သတ္တိရှိကြောင်း၊ ယောကျ်ားပီသကြောင်း၊



အားကစားနှင့်ကာယပညာဘက်တွင် အရမ်းတူးချွန်ကြောင်းတွေကို လိုလိုလားလား ချီးမွမ်းထောပနာ စကားတွေ ဖြစ်ပါ၏။

အကယ်၍သာ စိုးမိုးနိုင်တစ်ယောက် မြို့သာကို ပြန်လာပြီး ယခု အောင်ဒေဝဟိုတယ်၏ အဖြစ်မှန်တွေကို သိသွားတော့မည်ဆိုလျှင် ကိစ္စသည် အေးအေးငြိမ့်ငြိမ့် ဖြစ်မလာတန်ရာ။ စိုးမိုးနိုင်လို လူစားသည် လွယ်လွယ်နှင့် သိမ်းသွင်း၍ ရနိုင်သောလူစားမျိုး မဟုတ်မှန်းလည်း ဦးဘာဘာ သိထားသည်။

ဦးဘာဘာသည် စိုးမိုးနိုင် မြို့သာသို့ ရောက်လာမည်ဆိုပါက မည်ကဲ့သို့သော ကျားကွက်ကို အနိုင်ရရှိရေးအတွက် ရွှေ့ပြောင်းကွက်တွေ စဉ်းစားရတော့မည်။

ယခုလက်ရှိ အခြေအနေအရ ဒေဝနှင့် ယုယုမောင်နှမနှစ်ယောက်အပေါ်တွင် ကွက်ကျော်ရိုက်ပြီး အနိုင်ယူထားနိုင်ရုံမျှဖြင့် မပြီးတန်ရာ စိုးမိုးနိုင်ကိုပါ ကွက်ကျော်အုပ် အနိုင်ယူလေမှ ပွဲပြီးမည်ဆိုသည်ကို ဦးဘာဘာ စဉ်းစားနေခြင်း ဖြစ်ပါ၏။

"ဒီကိစ္စအတွက် ယုယုကို ငါ စကားပြောချင်တယ် လေးမောင်… ယုယုကို ငါ့ဆီ ခေါ်လာခဲ့… "

"စိုးမိုးနိုင် ဖုန်းဆက်တယ်ဆိုတာလောက်နဲ့ ဒီလောက်ကုန္ဒေပျက် ယုယုကိုခေါ်ပြီး ဆွေးနွေးသင့်ပါ့မလား ဆရာ… ကျွန်တော်တို့ဘက်က စိုးမိုးနိုင်ဟော့ဒ့် အသံကြားတာနဲ့ ထိတ်ထိတ်ပျာပျာ ဖြစ်လွန်းရာရောက်

www.burmeseclassic.com

www.burmeseclassic.com



မနေဘူးလား... မြိုင်သာကို စိုးမိုးနိုင် လာချင်လာပါစေ... ကျွန်တော်တို့က အဖွဲ့နဲ့ စင်ပေါ်က လူတွေပဲ... အင်နဲ့အားနဲ့ပါ... စိုးမိုးနိုင်က တစ်ယောက်တည်းပါ... ဆရာဘာဘာ..."

"ဘာဖြစ်ဖြစ်ပေါ့ကွာ... ဒီကိစ္စကို ဒီလိုလုပ်သင့်တယ်လို့ ငါယူဆလို့ လုပ်တာ လေးမောင်..."

ဦးဘာဘာ၏ အသံသည် မာမာကျောကျော ရှိနေပါ၏။ မျက်လုံးကလည်း အရောင်တောက်ပြီး လေးမောင်ကို ကြည့်နေပါ၏။

"မင်းတာဝန်က ငါ ခိုင်းတာကို လုပ်ဖို့ပဲ လေးမောင်"

လေးမောင်သည် ဦးဘာဘာ၏ စကားအဆုံးတွင် ချာခနဲလှည့်ကာ တံခါးပေါက်ဆီမှ ထွက်သွားပေတော့သည်။

လေးမောင်၏ တောင့်တင်းသော ပုခုံးတန်း၊ ကျယ်ပြောသော ကျောပြင်၊ တုတ်ခိုင်သော လက်မောင်းကြီးတွေကို ဦးဘာဘာက ငေးကြည့်နေမိပါ၏။

စိုးမိုးနိုင်သည် လေးမောင်ကဲ့သို့ပင်ထွားကြိုင်းသန်မာသူ ဖြစ်သည်။ လေးမောင်ကမှ ဘီယာဖော၊ အရက်ဖောဖြင့် တုတ်ခိုင်မှု ရှိနေခြင်းဖြစ်သည်။ စိုးမိုးနိုင်ကတော့ အရက် ဘီယာ ဘာတစ်ခုမှ မသောက်ဘဲ တစ်ကိုယ်လုံးကြွက်သားမာဆယ်များဖြင့် ဖွဲ့စည်းပြီး ကျစ်လစ်ကြံ့ခိုင်ခြင်းမျိုး ဖြစ်ပေသည်။

လေးမောင်နှင့် စိုးမိုးနိုင်၏ အခြား၊ အခြား



သော ကွာခြားချက်တွေ ရှိသေးသည်။ လေးမောင်သည် အထက်ကခိုင်းမှ ခိုင်းသည်ကို လုပ်တတ်သည်။ စိုးမိုးနိုင်မှာမူ သူ့ဦးနှောက် သူ့ပင်ကိုယ်ဉာဏ်ဖြင့် ဘာမဆို လုပ်သွားတတ်သည်။

လက်ရုံးရည်တွင်လည်း လေးမောင် အစွမ်းကောင်းသည်ဆိုသည်မှာ ဘာမဆို လက်နက်အားကိုး၊ ဗလအားကိုး၊ အဖွဲ့အင်အားကို အားကိုးခြင်းဖြင့်သာ အစွမ်းကောင်းသည်။ စိုးမိုးနိုင်ကတော့ ကျောင်းသားဘဝကတည်းက တခြားအားကိုးမရှာ။ သူ့အားကိုသာသူကိုးပြီး လုပ်ဆောင်သွားချက်များ ရှိခဲ့သည်။ နောက်ဆုံး ရဲအဖွဲ့သို့ ဝင်ရောက်သွားတော့လည်း ရဲအဖွဲ့တွင် စိုးမိုးနိုင် ရှုတ်ရှုတ်ချုံချုံ ရှိကြောင်းတွေကို ဦးဘာဘာ သတင်းကြားရသည်။

အကယ်၍ စိုးမိုးနိုင် မြိုင်သာကို ပြန်လာပါက ယုယု၏အစ်ကို ကိုဒေဝအား အကွက်ဆင်ပြီး အနိုင်ယူသကဲ့သို့ စိုးမိုးနိုင်အား ဦးဘာဘာ အကွက်ဆင် အနိုင်ယူနိုင်ပါ့မလားဟု စိတ်ထဲတွင် စိုးရိမ်စိတ် ဖြစ်မိသည်။

စိုးမိုးနိုင်နှင့် ဆက်စပ်ပြီး ယုယု၏အစ်ကို ဒေဝကို ထည့်စဉ်းစားမိလေမှ ဦးဘာဘာသည် ဒေဝအကြောင်းကို ဆက်၍ မစဉ်းစားဘဲ မနေနိုင်ဖြစ်ရပြန်သည်။ စဉ်းစားပြန်တော့လည်း လက်သီးဆုပ်မိသည်။ အံကြိတ်မိသည်။

ဒေဝအကြောင်းကို တွေးမိသည်နှင့် မိမိ၏နှာခေါင်းဝ၊ ဓနီးလှ၊ ဓနီးငယ် နှပျို့နေသော သန္တာသည် ဦးဘာဘာ၏ နှလုံးသားနှင့် ဦးနှောက်ထဲသို့ ထိုးဖောက်ဝင်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

ဒေဝနှင့်သန္တာ။

ဒေဝတစ်ယောက် အချုပ်ထဲ ရောက်သွားသည့်နေ့မှစပြီး သန္တာသည် ခင်ပွန်းသည် ဦးဘာဘာအား မျက်နှာချင်းပင် မဆိုင်တော့ဘဲ၊ သူမ၏ အခန်းကို အတွင်းကလန့်ထိုးပိတ်ပြီး အခန်းအောင်းနေခဲ့သည်။ ဦးဘာဘာနှင့် တစ်အိမ်တည်း အတူနေ လင်မယားဖြစ်သော်လည်း အတွေ့မခံပါလေတော့။

ဦးဘာဘာ အလုပ်ကိစ္စကြောင့် အပြင်သွားသည့်အခါမျိုးတွင် သန္တာသည် အခန်းထဲမှ ထွက်၍ ပြင်ပတွင် နေသည်ဟု အိမ်ဖော်များက ပြောတော့ပြောပေသည်။ သို့တစေ ဦးဘာဘာ ပြန်ရောက်လာသံ ကြားသည်နှင့် မြေတွင်းအောင်းသတ္တဝါမလေး တစ်ကောင်ပမာ ချက်ချင်း သူမအခန်းထဲ ပြေးဝင်ကာ အတွင်းကလန့်ထိုးပြီး တံခါးကို ပိတ်ထားတော့သည်။

သန္တာက မိမိအပေါ် ပစ်ပစ်ခါခါ ပြုမူသော်လည်း ဦးဘာဘာသည် ယူကျုံးမရ ဖြစ်ရသည်ကလွဲပြီး ချစ်ဇနီးလေး သန္တာ့ အပေါ်တွင် မရက်စက်နိုင်၊ အကြမ်းမဖက်ရက်သောကြောင့် ဒီအတိုင်းပင် ခွင့်လွှတ်ထားပေသည်။ သန္တာကို ပြောစရာရှိလျှင် အိမ်ဖော်များမှတစ်ဆင့် ပြောကြားရတော့သည်။

သန္တာ့ကိုတော့ ဦးဘာဘာ တကယ်ပဲ ချစ်သည်။ ချစ်မိလွန်းသောကြောင့်လည်း သန္တာအား ငွေအား



လူအားဖြင့်ဖိကာ အဓမ္မနည်းဖြင့် အရယူလက်ထပ် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

သန္တာနှင့် ဦးဘာဘာ အသက်ချင်းတော့ ထက်ဝက်မက ကွာပါ၏။ ယခုမှ သန္တာသည် အသက်နှစ်ဆယ်သာရှိသေးသည်။ ယုယုထက် အနည်းငယ်ပိုကြီးပြီး မတိမ်းမယိမ်းဟု ဆိုနိုင်သည်။ ဦးဘာဘာက လေးဆယ်၏ ဟိုဘက်သို့ အတန်ငယ်စွန်းပေပြီ။ ဒီကြားထဲ သူက ခြေတစ်ဘက် ဖြတ်ပစ်ရသေးသည်။

နဂိုကတည်းက မချစ်မနှစ်သက်ပါဘဲလျက် ဖွတ်အဓမ္မ သိမ်းပိုက်ခြင်းခံရသော သန္တာမှ လင်ယောကျ်ားခြေပြတ်ကြီး ဖြစ်လာတော့ ပို၍ စိတ်ကုန်လာသည်။

ဦးဘာဘာကလည်း လောဘကြီးလွန်းပါ၏။ သူ၏ စီးပွားရေးကွက်တစ်ကွက်တွင် ရလိုမှု လောဘတစ်ခုတည်းသာ ရှေ့တန်းတင်ပြီး ဇနီးသန္တာကို သူရွှေ့သော ကျားတစ်ကောင်အဖြစ် အသုံးပြုမိသည်။

စီးပွားရေး တွက်ကိန်းအရ အောင်ဒေဝဟိုတယ်ကို အပိုင်းစီးလိုမှုကြောင့် မူလဟိုတယ်ပိုင်ရှင် ကိုဒေဝကို သူ့ဇနီးချော သန္တာနှင့် ဖြားယောင်းမြူဆွယ်ခြင်း ပြုလိုက်မိသည်။

ကိုဒေဝမှာ ဦးဘာဘာ၏ တွက်ကိန်းအရပင် စီးပွားရေး၌ သန္တာ၏ ဖြားယောင်းသွေးဆောင် မြူဆွယ်မှုတွေဖြင့် ဘုံးဘုံးလဲကျသွားရှာသည်။

သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ကိုဒေဝသည်မသန္တာ၏အသည်းနှလုံးကိုတော့ အောင်နိုင်စွာဖြင့် အရယူနိုင်ပေသည်။

သန္တာသည် ကိုဒေဝမှ ကိုဒေဝဟူ၍ သူမ နှလုံးသားထဲဝယ် တန်းတန်းစွဲ ဖြစ်သွားတော့သည်။ သူမ၏ဘဝတွင် ကိုဒေဝသာလျှင် အချစ်ဦးဟု သတ်မှတ်သည်။

ထို့ကြောင့်လည်း ဦးဘာဘာ၏ လက်ချက်ဖြင့် ကိုဒေဝ အချုပ်ထဲ ရောက်သွားသည့်နေ့မှစပြီး သန္တာက သူမ၏ အခန်းတံခါးကို ပိတ်ပြီး အတွင်းကလန့်ထိုးကာ ဦးဘာဘာအား လုံးဝအတွေ့မခံတော့ခြင်း ဖြစ်ပေသည်။

ယင်းအတွက် ဦးဘာဘာမှာ ခံပြင်းမှုများစွာဖြင့် ရင်ထဲတွင် ယူကြုံးမရ ဒေါသတဖွားဖွား ခံစားနေရပါ၏။

မြင်သာတွင် ဦးဘာဘာ၏ အပြင်းထန်ဆုံး ရယူလိုသည့်ဆန္ဒ နှစ်ခုရှိပါ၏။ ပထမဆန္ဒသည်အောင်ဒေဝဟိုတယ်ကို မိမိတစ်ဦးတည်းပိုင် ဖြစ်လိုခြင်းနှင့် ဒုတိယဆန္ဒမှာ မိမိအနေနှင့် သန္တာ၏ တစ်ဦးတည်းသောချစ်လင်အဖြစ် ရှိနေစေလိုခြင်းတို့ပင် ဖြစ်ပါ၏။ ဝိသမစီးပွားရေးလောဘကြောင့် ချစ်ဇနီးသန္တာလေးအား တယ်ကြက်အဖြစ်သုံးခဲ့စေကာမူ တကယ်တန်း၌မူ သန္တာကို ဦးဘာဘာ အရမ်းသိပ်ချစ်ပါ၏။

ဤဆန္ဒနှစ်ခုတွင် ဆန္ဒတစ်ခုခုကိုပင် တစ်ပါးသူက ထိပါးလာပါက ဦးဘာဘာက အရိုးကြေကြေ အရေစုတ်စုတ် သူ့တွင်ရှိသမျှသော ငွေအား လူအားဖြင့် ခုခံတိုက်



ခိုက်မည်သာဖြစ်ပါ၏။

လေးမောင်၏ ကြမ်းတမ်းသော အကိုင်အတွယ်နှင့်ပင် ယုယုသည် ဦးဘာဘာ၏ မန်နေဂျာအခန်း ဦးဘာဘာ၏ ရှေ့မှောက်သို့ ရောက်လာခဲ့သည်။

ယုယု၏ မျက်ဝန်းစုံသည် ဒေါသဖြင့် တောက်ပနေသည်။

လက်တိုလက်ပြတ်အင်္ကျီ ဝတ်ဆင်ထားသောကြောင့် ဖြူဝင်းနုထွတ်နေသည့် ယုယု၏ လက်မောင်းလေးတို လေးမောင်က သူ၏ ကြမ်းတမ်းသော လက်ဝါးလက်ချောင်းတို့ဖြင့် ဆုပ်ကိုင်ဆွဲခေါ်လာခြင်းကြောင့် ယုယု၏ လက်မောင်း နုနုဝင်းဝင်းလေးမှာ နီရဲပြီး သွေးခြေဥမတတ် ရှိပါ၏။

“ထိုင်ပါ ယုယု...”

ဦးဘာဘာက သူ့စားပွဲကြီးရှိ ဧည့်ထိုင်ကုလားထိုင်ကို မေးထိုးပြရင်း ယုယုကို ထိုင်ဖို့ ဖိတ်ခေါ်လိုက်မှ လေးမောင်က ယုယုကို ကိုင်တွယ်ထားသည်ကို လွှတ်ပေးလိုက်ပါ၏။

ယုယုက လေးမောင် ဆုပ်ကိုင်ထားခြင်းမှ ဆောင့်ရုန်းကာ ဦးဘာဘာ ညွှန်ပြသည့် ဧည့်ထိုင်ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

စိတ်ထဲမှ မခံချင်စိတ် ပြင်းထန်သဖြင့် ယုယုက ကုလားထိုင်တွင် ပေါင်ကိုပေါင်ချင်း ချိတ်တင်ပြီး ထိုင်လိုက်သည်။ ထို့ကြောင့် ယုယု၏ တုတ်ခိုင်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ သေးသွယ်သည်လည်းမမည်သည့် ခြေသလုံးလုလု လေးမှာ ဘီတင်ဖောက်ထမီနားအောက်ဝယ် အထင်းသား အဝင်းသား ပေါ်ထွက်လာတော့သည်။

ဦးဘာဘာသည် ခံပြင်းစိတ်ဖြင့် မထီလေးစား ပုံသဏ္ဍာန်မျိုးဖြင့် ထိုင်ချလိုက်သော အပြုအမူလေးကို ငေး ကြည့်ပြီး သူ၏ဇနီးချော သန္တာလေးသည်လည်း သူ့စိတ် အလိုမကျပါက ယခု ယုယုပုံစံမျိုးအတိုင်း ပြုမူတတ်သည် ကို မြင်ယောင်မိပြန်သည်။

ဇနီးချောသန္တာသည်လည်း စိတ်အလိုမကျပါ က ယခု ယုယုကဲ့သို့ပင် မစိုးမခန့် ခြေကလေးချိတ် ထိုင် ပြတတ်သည်သာ။

"ယုယုကို ဒီပုံစံမျိုးနဲ့ ဘာလို့ ခေါ်ရပြန်တာလဲ ဦးဘာဘာ..."

"ပြောစရာ မေးစရာရှိလာလို့ပဲ ယုယု..."

"ပြောစရာပဲရှိရှိ... မေးစရာပဲရှိရှိ... ခပ်မြန်မြန်သာ ပြောပါ... ခပ်မြန်မြန်သာမေးပါ ဦးဘာဘာ... ဦးဘာဘာ ပြောသမျှကို ယုယုက နားသောတဆင်ပြီး ဦးဘာဘာ မေးသမျှကို ယုယု ဖြေနိုင်တာဆိုရင် ဖြေ ရမှာပေါ့... အောင်ဒေဝဟိုတယ်ကြီးတစ်ခုလုံးရဲ့ အခြေအနေကိုက ဦးဘာဘာ ပြောသမျှဆို သမျှ နားထောင်ရမယ့် အခြေအနေမျိုးရောက်နေပြီပဲ..."

မပြုံးချင်ပါပဲလျက် ဦးဘာဘာ ပြုံးပြလိုက် သည်။ ထေ့သောပြုံး ပေါ့သောအပြုံး မည်ပါ၏။





"အင်း... လေးမောင်ဆိုတဲ့ကောင်က နေရာတကာ တိုင်းမှာ ကြွမ်းကြွမ်းတမ်းတမ်းလေး လုပ်တတ်တဲ့ ဝါသနာကို ရှိနေတယ် ယုယု... အခုလည်း ယုယုကို လေးမောင်က အကြွမ်းပတမ်းခေါ်လာလို့ ယုယု စိတ်တိုနေတယ်မဟုတ်လား..."

ယုယုက မဲ့ပြလိုက်သည်။

မဲ့ပြသော ယုယု၏ မျက်နှာလေးက ပို၍ပင် လှပပြီး ပို၍ချစ်စရာကောင်းပါသေး၏။

"အဲဒီလို အချိုသပ် ပဏာမစကားတွေ ဘာလို့ပြော နေတော့မှာလဲ ဦးဘာဘာ... ဒီလိုပဲ ဦးဘာဘာရဲ့ အချိုသပ် ပုံစံမျိုးတွေက ယုယုတို့ အမြင်မှာ ရိုးသွား ပါပြီ... ကိုကိုဒေဝဟာ ရဲအချုပ်ထဲတောင်ရောက်နေပြီ ပဲ... ပြီးတော့ ယုယုကိုယ်တိုင်ဟာလည်း အောင်ဒေဝ ပိုင်ရှင်ရဲ့ ညီမဘဝကနေပြီး အခုဆို အောင်ဒေဝ ဟိုတယ်မှာ စားဖိုမှူး လုပ်နေရပြီပဲ... ကဲ ဦးဘာဘာ ဘာပြောချင်သလဲ... ဘာမေးချင်သလဲ... လိုရင်းကိုပဲ ပြောပါ... မေးပါ..."

"မင်းအစ်ကိုဒေဝဟာ သူ့အပြစ်နဲ့သူ အချုပ်ထဲ ရောက်သွားတာပဲယုယု... ကျုပ်နဲ့ဘာဆိုင်လဲ... ဒေဝကိုဖမ်းတာ ရဲအဖွဲ့က ဖမ်းတာပဲ... ကဲပါလေ... မင်းက လိုရင်းပဲ ပြောပါမေးပါဆိုတော့လည်း ငါက လိုရင်းပဲ ပြောရမေးရမှာပေါ့... ဒီမြင်ကွင်းတော့ မဟုတ်ပါဘူး... ဒီနေ့ ယုယုဆီကို စိုးမိုးနိုင် ဖုန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆို... သူ.. သူ မြိုင်သာကို ပြန်လာမလို့တဲ့လား"

"အဲဒီအတွက် ဦးဘာဘာမှာ သိပ်ပြီး စိတ်အနှောင့်အယှက် ဖြစ်နေလို့လား ဦးဘာဘာ... "

ဦးဘာဘာ ရယ်လိုက်သည်။

"ကျုပ်အဖို့ စိုးမိုးနိုင် ပြန်ရောက်လာလည်း ဘာစိတ်အနှောင့်အယှက် ဖြစ်စရာရှိလို့လဲ ယုယု... အဲ... တစ်ခုတော့ရှိတယ်... အောင်ဒေဝဟိုတယ်ဟာ ယုယုရဲ့ အစ်ကိုဒေဝနဲ့ စိုးမိုးနိုင် ရှယ်ယာဖွင့်ထားတယ်ဆိုတာ တရားဝင်ရှိနေတယ်... ဒေဝကိုတော့ ကျုပ်က အားလုံးအကျေအလည် စာရင်းရှင်းပေးပြီးပြီ ... ဒါပေမယ့် ရှယ်ယာတစ်ဝက်ပိုင်တဲ့ စိုးမိုးနိုင်နဲ့ ဆက်ပြီး ရှင်းစရာရှိတယ်... စာရင်းရှင်းတဲ့နေရာမှာ ဟိုတုန်းက အောင်ဒေဝဟိုတယ် အခြေအနေနဲ့ အခုလက်ရှိ အောင်ဒေဝ အခြေအနေဟာ ဘယ်လောက်ထိ ကွားခြားချက်ရှိနေတယ်ဆိုတာ ယုယု အမြင်အသိပဲလေ... ဒီတော့ စိုးမိုးနိုင်နဲ့ စာရင်းရှင်းတဲ့နေရာမှာ အဲဒီအချက်တွေ ရှိနေလို့... "

"ဒါကတော့ အခုလက်ရှိ အောင်ဒေဝဟိုတယ်မှာက ချိန်းဝိုင်း ကစားဝိုင်းလည်းရှိတယ်... လော်ဂျင်းခန်းတွေလည်း ဖွင့်ထားတာကိုး... ကိုကိုဒေဝနဲ့ကိုကိုနိုင် လက်ဆက်က... အဲဒီလို မကောင်းတဲ့အလုပ်တွေ တစ်ခုမှ မလုပ်တာဘဲ... "

"ဒါ... နှင့်အပူလား... မိယုယု... "



လေးမောင်က ဝင်ပြီး ယုယုကို ဟောက်သံပေးလိုက်သည်ကို ဦးဘာဘာက လေးမောင်အား လက်ဝါးကာပြလိုက်သည်။ ဦးဘာဘာက ဆက်၍မေးပြန်သည်။

"ကျုပ်မေးတာဖြေပါ ယုယု... စိုးမိုးနိုင် မြိုင်သာကို ပြန်လာမတဲ့လား ... တကယ်တော့ စိုးမိုးနိုင်ဟာ ရဲအဖွဲ့မှာ ရာထူးတောင် တက်နေတယ်ကြားလို့ မြိုင်သာကို လာဖြစ်မှာလားလို့ ကျုပ်က မေးတာပါ လာရင် ဘယ်တော့လာမလဲ... ဘာကိစ္စကြောင့် မြိုင်သာကို လာမှာလဲ... "

ယုယုက ဘာတစ်ခွန်းမျှ ပြန်မဖြေဘဲ ဒီအတိုင်း ငုံးတိတိနှင့် ငုတ်တုတ်ပဲထိုင်နေသည်။

"ကျုပ်တို့က စိုးမိုးနိုင်ကိုလည်း ဘာမှ သူ့ကိုမလုပ်ပါဘူး... အောင်ဒေဝဟိုတယ်နဲ့ ပတ်သက်ပြီး သူ ရသင့်ရထိုက်တာကို ရှင်းပေးလိုက်ရုံပါ... "

"ကိုကိုနိုင်ကို အဲဒီလို လွယ်လွယ်လေးနဲ့ ပြီးသွားမယ်လို့ ဦးဘာဘာ ထင်နေသလား... "

"အို... ဘာလို့ မပြီးရမှာလဲ... "

"ဒါဆိုလည်း ပြီးရောပေါ့... ကိုကိုနိုင် ရောက်လာမှ ဆက်လုပ်ပေါ့... ယုယုကို ခေါ်စရာ ဘာလိုတာမှတ်လို့... "

ဦးဘာဘာက ဘီးတပ်ကုလားထိုင်၏ ဘေးချောင်းကို သူ၏ခန္ဓာကိုယ်ကြီး စန့်မတ်သွားအောင် မှီလိုက်ပြီး ဆေးပြင်းတစ်လုံးကို ပါးစပ်မှ မှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ယုယုက ကျုပ်ကို စိုးမိုးနိုင်နဲ့ ခြိမ်းခြောက်နေတာလား ယုယု... "

ယုယုက မဲ့ပြုံးလေးပြုံးလိုက်သည်။

"ယုယုအနေနဲ့ ဘယ်သူ့ကိုမှ ခြိမ်းခြောက်နိုင်တဲ့ အခြေအနေမျိုးမှ မရှိတာဘဲ ဦးဘဘ... အောင်ဒေဝ ဟိုတယ်တစ်ခုလုံးလည်း ဦးဘဘပဲ အပိုင်စီးထားပြီးပြီပဲ ... ကိုကိုဒေဝကိုလည်း ဦးဘဘတို့ လုပ်ချင်သလို လုပ်ထားပြီပဲ... အခြိမ်းခြောက်ခံရတာ အနိုင်ကျင့်ခံရတာက ယုယုတို့မောင်နှမပါ... အခုဟာက ဦးဘဘတို့ဖာသာ ကိုကိုနိုင်လာမှာကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ယုယုကို ခေါ်မေးတာပဲဟာ... "

"အေး... ဒါတွေဘေးချိတ်ထားလိုက်တော့... အခု ကျုပ်သိချင်တာကိုပဲ တိတိကျကျမေးမယ်... စိုးမိုးနိုင်နဲ့မင်းဟာ ဖုန်းဆက်ပြီး ဘယ်လိုအစီအစဉ်တွေ လုပ်ထားသလဲ... ဘယ်မှာတွေ့ဖို့ ချိန်းထားလဲ... ကျုပ်လိုချင်တာက စိုးမိုးနိုင် မြို့သာကို လာတာနဲ့ ဘယ်သူနဲ့မှ မတွေ့ခင် ကျုပ်နဲ့တွေ့ချင်တယ်... စကား ပြောချင်တယ်... "

ယုယုက ဘာမှပြန်မပြောပေ။ ဦးဘဘလိုလူအား ယုယုက ရွံကြောက်ကြီး ဖြစ်နေပေပြီ။ မိမိတို့မောင်နှမနှစ်ဦးအတွက် ဦးဘဘသည် ခံပြင်းစရာလူကြီး ဖြစ်ပါ၏။ ကိုကိုဒေဝသည် ဦးဘဘ ဆင်ထားသော



အကွက်ထဲသို့ မ,ဘက်လိုက် မိုက်ဘက်ပါ ပုံစံဖြင့် မိမိရရကြီး ဝင်ခဲ့သဖြင့် ဦးဘဘ၏ သားကောင်ဘဝသို့ ရောက်သွားရသည်။

ယခုလည်း မြို့သာသို့ ရောက်လာမည့် ကိုကိုနိုင်အား သူလာလျှင် ပထမဆုံးတွေ့ချင်သည်။ စကားပြောချင်သည်ဟု ဆိုပြန်ပြီ။ ကိုကိုနိုင်အား ဦးဘဘသည် သွတ်ကွင်းဆင်ပေဦးမည်။ အကြမ်းဘက်သို့ လိုက်လျှင် သားရဲတရိစ္ဆာန် တစ်ကောင်လို ကြမ်းတမ်းရက်စက်သော ကိုလေးမောင်ကို အသုံးပြုကာ ကိုကိုနိုင်ထံမှ သူလိုချင်တာ အရယူပေဦးမည်။

ကိုကိုနိုင်နှင့် မိမိ ပထမဆုံး အလျင်ဦးစွာ တွေ့ဖို့ အရေးကြီးလေပြီ။ ကိုကိုနိုင်အား ဦးဘဘနှင့် တွေ့ဆုံစကားပြောဆိုပါက အလွယ်တကူ ကတိပေးခြင်းမျိုး ခေါင်းညိတ်လက်ခံခြင်းမျိုး မပြုမိစေရန် တင်ကြိုသတိပေးထားဖို့ သိပ်ကိုအရေးကြီးသည်။

ယုယု တစ်ခဏချင်းမှာပင် ဆုံးဖြတ်လိုက်သည်။ ကိုကိုနိုင်နှင့် မိမိ ဘယ်နေရာတွင် တွေ့ဆုံရန် ချိန်းထားသည်ကို ဦးဘဘအား မပြောဟု၍ပင်။

"ကျုပ်မေးတာကို ယုယု မဖြေသေးပါဘူးနော်... "

ဦးဘဘက ယုယု ပြန်ဖြေမည်ကို စောင့်စားသည်မှာ ပျင်းရိငြီးငွေ့သွားဟန်ဖြင့် သူ၏ နှုတ်ခမ်းအား ဆေးတံဝါးတစ်ဘက်ပိတ်ခါ သမ်းဝေပြလိုက်သည်။

"ဦးဘဘ မေးတာကို ပြန်ဖြေဖို့ ဘာမှမရှိပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ဦးဘာဘာ... "

"ကျုပ် ယုယုကို သက်ညှာသောအားဖြင့် သိမ်သိမ်မွေ့မွေ့ ငြင်ငြင်သာသာ မေးနေတာပါ... "

"ယုယု ပြန်တော့မယ်... "

ယုယုက ထိုင်ရာမှ ထလိုက်သည်။အခန်းကြီး၏ တံခါးပေါက်ဆီသို့ မျက်နှာပြုလိုက်သည်။ ဦးဘာဘာက ဒုတိယအကြိမ် သမ်းဝေပြီးနောက် ပါးစပ်ပိတ်လက်ဝါးကို ပြန်ရုပ်သိမ်းသည်နှင့်

"လေးမောင်... "

ဟု တစ်ခွန်းခေါ်လိုက်သည်။ ချက်ဆိုနားခွက်က မီးတောက်အောင် ဦးဘာဘာ၏ အထာကို သိထားသော လေးမောင်က ချက်ချင်း ယုယု၏ရှေ့တွင် မားမားကြီး ပိတ်ဆို့ရပ်လိုက်သည်။ ပြီး ယုယု၏ လက်တစ်ဘက်ကိုဆွဲကာ သူ၏ခွန်အားဖြင့် နောက်ပြန်လိမ်ထားလိုက်သည်။

ယုယု၏ မျက်ဝန်းအစုံသည် အရောင်တစ်ဖြတ်ဖြတ်တောက်လာအောင် လေးမောင်အား မုန်းတီးခံပြင်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ခွေး... အမဲလိုက်ခွေး... တစ်ပါးကျွန်... "

"ဖျန်း... "

လေးမောင်က ကျန်လက်တစ်ဘက်ဖြင့်ယုယုအား ပါးရိုက်သည်။

ဦးဘာဘာက လေသံတိုးတိုးလေးဖြင့် မသိမသာ လေးမောင်ကို လှမ်းပြောသည်။



"ယုယုဟာ့ သိပ်လှတဲ့ မိန်းကလေးပါ လေးမောင်... အမာရွတ်တွေဘာတွေ မျက်နှာမှာ ထင်သွားအောင် အထိတော့ မလုပ်နဲ့လေးမောင်... ကောင်မလေးအလှ ပျက်သွားပါ့မယ်... သူက ငါသိချင်တာကို ပြောမှာပါ... ကဲ... ယုယု စိုးမိုးနိုင်နဲ့ ယုယု ဘယ်မှာ တွေ့ဖို့ ချိန်းထားလဲ... "

"မသိဘူး... မပြောဘူး... "

လေးမောင်က လက်ရွယ်ပြန်သည်။

"ဒီမယ်... လေးမောင်... ငါ့ဝင်ပေါက်တံခါးကြီး ပွင့်နေတယ် ... ဆက်ပြီးလုပ်ရင်း အပြင်ဘက်က တစ်ယောက်မဟုတ် တစ်ယောက် မြင်သွားရင် မကောင်းဘူးပေါ့ကွာ တံခါးကို အရင်ပိတ်လိုက်ဦး လေးမောင်... "

လေးမောင် တံခါးပိတ်ပြီး ယုယုထံ ပြန်လာခဲ့သည်။

အော် ယုန်သူငယ်လေးတစ်ကောင်ခမြာ တောကြောင်အုပ်နှင့် တွေ့သည်နှယ်များ ယုယုခမြာ ဖြစ်သွားလေမလား။

※❁※❁※❁※❁

www.burmeseclassic.com

www.burmeseclassic.com



# ၄

အတ္တရုံမြစ်၏ကမ်း အကျဉ်းအကျယ်နှင့် ရေစီးကြောင်း ရေစီးပုံပင် ပြောင်းလဲသွားလေသလားဟု စိုးမိုးနိုင် ထင်မိသည်။

အတ္တရုံမြစ်နှင့် ခွဲခွာကင်းကွာခဲ့သည်မှာလည်း ကြာသွားပေပြီကို။

မိမိမြို့သာမှာ နေစဉ်ကဆိုလျှင် ဤအတ္တရုံမြစ်အား အကြိမ်ကြိမ် ကူးလူးရသဖြင့် ဘယ်နေရာတွင် ဘယ်လိုငုတ်ရှိသည်။ ဘယ်နေရာတွင် ဘယ်လိုဝဲ ဖြစ်ပေါ်နေသည်။ ဘယ်ကမ်းခြေတွင် ဘာပင်တွေ ပေါက်နေသည် ကအစ စိုးမိုးနိုင် သိရှိပေသည်။

ယခုမူ အပြောင်းအလွဲတွေ ရှိနေပေပြီ။ ချောင်းနှစ်ခွဆိပ်ကမ်းသို့ စိုးမိုးနိုင် ငှားစီးလာသော မော်တော်ဘုတ် ဆိုက်ကပ်ချိန်တွင် နေဝင်လျှင် အတော်ကြီး ဆောင်းနေပေပြီ။



ချောင်းနှစ်ခွ ကမ်းခြေတွင် မော်တော်ဆိုက်ဝင်ပြီးသည်နှင့် စိုးမိုးနိုင်၏ မျက်လုံးအစုံက ကမ်းပေါ်တွင် ယုယုကို ရှာဖွေမိတော့သည်။

မြို့သာတွင် စိုးမိုးနိုင် ပိုင်ဆိုင်သော မိဘလက်ထက်မှ ကျန်ခဲ့သည့် မော်ရစ်(စ်)မိုင်နာကားလေးနှင့် ဒေါ်သဖင်လမ်းတွင် တစ်ထပ်တိုက်လေး ခြံဝင်းနှင့် စိုးမိုးနိုင်ပိုင်အဖြစ်ရှိနေသည်။ အိမ်ရော ကားရော ကိုဒေဝနှင့် ယုယုသို့ အသုံးပြုလိုက ပြုရန်နှင့် စောင့်ရှောက်ရန် အပ်ခဲ့သည်။

ငှားလာသော မော်တော်ပေါ်မှ ကားပေါ်တွင် ကော်ဖူးရောင် မိမိ၏မော်ရစ်(စ်)မိုင်နာကားလေးဖြင့် ယုယုသာကြိုမည်ဟု မျှော်လင့်ထားမိသည့်အလျောက် ကမ်းပေါ် ဟိုဟိုဒီဒီကို ရှာဖွေသောအကြည့်ဖြင့် ရှာဖွေကြည့်မိသည်။

မတွေ့ပါလေ။ ယုယုကို စောင့်မျှော်နေခိုက် မှငှားလာသော မော်တော်ဆိုက်ထားရာဘေးတွင် အခြား မော်တော်ဘုတ်တစ်စီးဝင်ပြီး ဘေးတိုက်ယှဉ်၍ ဆိုက်ကပ်သည်။ တံငါမော်တော်တစ်စီး ဖြစ်ဟန်တူပါ၏။ အဝတ်အစား ပေပေရေရေနှင့်လူနှစ်ယောက် ၎င်းမော်တော်ပေါ်တွင် တွေ့ရှိရသည်။

စိုးမိုးနိုင်သည် ဘာရယ်မဟုတ် မိမိဂျာကင်အိတ်ထဲတွင် ပါရှိသော ပစ္စတိုသေနတ်လေးကို လက်ဝါးအခါ စမ်းကြည့်မိသည်။ လှပပြီးချစ်စရာကောင်းသော ပစ္စတိုသေနတ်လေးမို့ လိုင်စင်ဆောင်ပြီး သိမ်းထားသည်။ ရဲအရာ[illegible]ငနှင့်တုန်းကမှ ရာထူးအရ အထက်မှပေးအပ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံးပြူးသေနတ်ကို ကိုင်ဆောင်ခဲ့သည်။

ယင်းအခိုက်မှာပင်

ချောင်းနစ်ခွ ကမ်းပေါ်သို့ မောင်းလာသည့် မော်တော်ကားအင်ဂျင်စက်သံတစ်ခု ကြားသဖြင့် ယုယုလာပြီလားဟု ကမန်းကတန်း လှမ်းကြည့်လိုက်သည်။

မော်တော်၏ ဦးပိုင်းသို့လည်း စိုးမိုးနိုင် လျှောက်လာခဲ့သည်။

စိုးမိုးနိုင် လှုပ်လှုပ်ရှားရှား လုပ်လာသည်နှင့် ဘေးချင်းကပ် လာရပ်ထားသော တံငါမော်တော်ပေါ်မှ လူနှစ်ယောက်လည်း လှုပ်ရှားသည့်အသွင် ရှိလာသည်။

"ဘယ်လိုလဲ… စိုးမိုးနိုင်… မောင်ရင် မျှော်နေတဲ့သူ လာပြီထင်လို့လား… "

တံငါမော်တော်ထဲက လူနှစ်ယောက်အနက် အတန်ငယ် အသက်ကြီးသူက စိုးမိုးနိုင်ကို လှမ်းပြောသံကြောင့် စိုးမိုးနိုင် အံ့အားသင့်သွားမိသည်။

ပထမအံ့အားသင့်ရချက်မှာ ထိုလူက မိမိအမည်ကိုပါ သိနေသော်လည်း မိမိက သူတို့နှစ်ယောက်လုံး အား လုံးဝမသိခြင်းပင် ဖြစ်ပါ၏။

ဒုတိယအံ့အားသင့်ရခြင်းမှာ မိမိနာမည်ကို လှမ်းခေါ်ပြောသည့်လူ၏ လက်ထဲတွင် နှစ်လုံးပြူးသေနတ် တစ်လက်ကိုင်ဆောင်ထားခြင်း တွေ့ရသည်ကိုပင်ဖြစ်ပါ၏။

ကုန်းပေါ်ကမ်းနားပေါ်မှ မော်တော်ကားသည် မြင်ကွင်းသို့ ရောက်လာပေပြီ။ ကုန်းပေါ်ကမ်းနားတွင် ရပ်



လိုက်သော မော်တော်ကားသည် မောရစ်(စ်)မိုင်နာ ဖက်ဖူးရောင်ကားလည်းမဟုတ်။ ယုယုလည်း မဟုတ်ပါပေ။

အခြေအနေကို ရုတ်ချည်း စိုးမိုးနိုင် ရိပ်စားမိသဖြင့် မိမိဂျာကင်အိတ်ထဲမှ ပစ္စတိုကို အသင့်ဖြစ်စေရန် ထုတ်ယူလိုက်သည်။

"အဲဒီပစ္စတိုကို အောက်ချလိုက်ပါ မောင်ရင် … နောက်ကျသွားပြီလေ… ဒီမှာက အသင့်ချိန်ပြီးသား"

စိုးမိုးနိုင် ပြန်လှည့်ကြည့်ရာ ဟိုမော်တော်ပေါ်မှ လူသည် မိမိကို နှစ်လုံးပြူးသေနတ်ပြောင်း တည့်မတ်စွာ ချိန်ထားသည်ကို တွေ့ရပြန်ပါ၏။ နှစ်လုံးပြူးသေနတ်သမားသည် ကတုံးဆံတောက်နှင့် ဂင်တို ကုတ်တုတ်ခိုင်ခိုင်ဖြစ်သည်။ အသက်သုံးဆယ်ကျော် လေးဆယ်နီးပါးခန့် ရှိအံ့သည်။

မိမိအဖို့ နောက်ကျသွားပြီမှန်း ရိပ်စားမိသော စိုးမိုးနိုင်သည် ပစ္စတိုကို မော်တော်ကြမ်းခင်းပေါ်သို့ ချပေးထားလိုက်ရင်း နှုတ်မှလည်း လှမ်းမေးလိုက်ပါ၏။

"ဒါတွေက ဘယ်လိုလဲဆိုတာ ပြောစမ်းပါဦး… "

"မြင်တဲ့အတိုင်းပဲ စိုးမိုးနိုင်… မောင်ရင် လုပ်ဆောင်ရမှာက ဟိုမော်တော်ကားပေါ်က ဆင်းလာတဲ့ ပုဂ္ဂိုလ်နဲ့ ကောင်းကောင်းမွန်မွန် ပြေပြေလည်လည် ဆက်ဆံဖို့ပဲ… "

ကမ်းနားကုန်းပေါ်တွင် ရပ်လိုက်သော မော်တော်ကားသည် ဗီးယက်(၁၁၀၀)အမျိုးအစား ကြက်

www.burmeseclassic.com

www.burmeseclassic.com



သွေးရောင်ဖြစ်သည်။ ကားပေါ်တွင် မောင်းသူနေရာ၌ အမျိုးသမီးတစ်ဦးက မောင်းနှင်လာပုံရသည်။ ယင်းအမျိုးသမီး ဝင်လျှင် ကားပေါ်မှ ဆင်းလာသည်။

"ဩ... မနှင်းဆီပေကို... "

ဟု စိုးမိုးနိုင်နှုတ်မှ ကိုယ့်ဟာကို ရွတ်ဆိုလိုက်မိသည်။

မြို့သာတွင် စိုးမိုးနိုင်နေခဲ့စဉ်က မနှင်းဆီနှင့် စိုးမိုးနိုင်သည် ကျောင်းအတူတူ အတန်းအတူတူ နေခဲ့ကြသည်။

ထိုစဉ်ကတည်းက မနှင်းဆီသည် စိုးမိုးနိုင် အပေါ်တွင် လိုက်လျောချင်ခဲ့သော အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ပါ၏။

မနှင်းဆီသည် မော်တော်ဦးပေါ်တွင် မားမား ကြီး ရပ်နေသော စိုးမိုးနိုင်အား သူမ၏ ပုလဲလိုဖြူဖွေးနေသည်။ သွားတန်းလေးများပေါ်အောင် ရယ်ပြုံးပြလိုက်ပါလေ၏။

"ဟေး... ကိုစိုး... မင်္ဂလာပါနော်... ကိုစိုး ပြန်လာတာကို နှင်းဆီကြိုဆိုပါတယ်... ကိုစိုး"

ကျောင်းတုန်းက မိမိကို ခေါ်သည့်အတိုင်း ကိုစိုးတွေ မှိုးမွှန်သွားအောင် ခေါ်ပြီးနှုတ်ဆက်ရင်း စိုးမိုးနိုင် ရှိရာ မော်တော်ကားဆီသို့ ဆင်းလာခဲ့သည်။

မနှင်းဆီသည် အရပ်ရှည်သည်။ ထို့ကြောင့် ရုတ်တရက်ကြည့်လျှင် သွယ်သည်ဟု အမြင်မျိုးရှိသည်။



သို့သော် မနှင်းဆီသည် ကြည့်၍ကောင်းသော အသွင်နှင့် အဆင်း ရှိပါ၏။ ဖြူဝင်းသော အသားဆောင်သည်။ ထွားထွားစိုစို မို့မို့မောက်မောက်တော့ မရှိလှ။

အနက်ခံတွင် အနီရောင်ခြူးပန်းခြူးနွယ်များ ပါရှိသည်။ ဘလောက်(စ်)အင်္ကျီ လက်ပြတ်ဝတ်ဆင်ထားသည်။ တက်ထရွန် ယိုးဒယားပါတိတ် ခြေနားပါတိတ်ထမီ ဝတ်ဆင်ထားသည်။ သူမ၏ ဖြူဝင်းသော အသားရောင်ဖြင့် လိုက်ဖက်ပါ၏။ ရှည်လျားသော ဆံကေသာမည်းနက်မှောင်ကို တင်ပါးဖုံးအထိ ဖားလျားချထားသည်။ ဖားလျားချ ဆံကေသာမှာပင်အကောက်အတွန့်လေးတွေရှိနေပါသေး၏။

မည်သို့ဆိုစေ မနှင်းဆီ၏ရုပ်သွင်မှာ လှသည် ထက်လှစေဖို့ ခြယ်သဖီးလိမ်းထားသည့်ရုပ်သွင် ရှိနေပါ၏။

စိန်နားကပ်လေးပန်ထားသည်။ ရွှေဆွဲကြိုးတွင် စိန်လော်ကတ် အသည်းပုံလေး တပ်ဆင်ထားသည်။ သူမ၏လက်ဝဲလက်တွင် ရွှေကြိုးနှင့်ရွှေရောင်နာရီလေး ဝတ်ထားသည်။ ညာဘက်လက်တွင် အိမ့်နေသော အပြားကြီးကြီး အိမ့်နေသည့် ကနုတ်ပန်းဖော် ရွှေလက်ကောက် တစ်ကွင်း ထည့်ဝတ်ထားသည်။

မနှင်းဆီသည် စိုးမိုးနိုင်ရှိရာ မော်တော်ဆီသို့ ဆင်းလာသည်နှင့် ဟိုဘက်မော်တော်ပေါ်မှ နှစ်လုံးပြူး သမားက စိုးမိုးနိုင်အား သတိပေးစကား ပြောလိုက်ပါ၏။

"အမျိုးသမီးကို... ပြေပြေလည်လည် ဆက်ဆံပါ စိုးမိုးနိုင်... "

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးနိုင်က နှစ်လုံးပြူးသမား ဂင်တိုကို လုံးဝ ပြန်ဂရုမစိုက်ဘဲ မနှင်းဆီကို လှမ်းပြောလိုက်သည်။

"ယုယုကော မနှင်းဆီ... ယုယုကောဟင်... "

"အို... ကိုစိုးကလည်း နှင်းဆီနဲ့ ကိုကြီးဘာဘာက ကိုစိုး မြိုင်သာကို ပြန်လာတယ်ဆိုလို့ ဝမ်းသာအားရ ကြိုဆိုနေတာ... "

"ဟုတ်ကဲ့... ကျွန်တော့်ကို ကြိုဆိုတာ မနှင်းဆီကို ကျေးဇူးတင်ပါတယ်... ကျွန်တော်ထပ်ပြီးမေးပါရစေ ယုယု လိုက်မလာဘူးလား... အခု ယုယု ဘယ်မှာ လဲဟင်... "

"ဟွန်း ယုယုလား... ယုယုခမြာ သနားစရာပဲ ကိုစိုး ခုလောက်ဆိုရင် သူ့အကြံစည်တွေ အထမမြောက် လို့... တစ်နေရာရာမှာ ထိုင်ငိုနေသလားမှမသိတာ ကိုစိုးနဲ့ယုယုတို့ ဖုန်းနဲ့စကားပြောကြတာကို ကိုကြီး ဘာဘာက သိသွားတယ်လေ... "

"မနှင်းဆီရဲ့အစ်ကိုကြီး ဦးဘာဘာဟာ မြိုင်သာမှာ ဘာတွေကိုများ မျက်လှည့်ပြ ဖန်ဆင်းနေသလဲ မနှင်းဆီ... မြိုင်သာလို တည်ရှိနေတဲ့နေရာကိုက ပထဝီအနေအထားအရ မကောင်းမှုတွေ မျက်လှည့် ပြ ဖန်ဆင်းလို့ရနေတဲ့ နေရာမျိုးပဲ... "

"ကိုစိုးက မြိုင်သာကို ခြေမချခင် ဘာမှမသိသေးဘဲ နဲ့ အရမ်းကြီးဖွတ်ပြောမနေနဲ့လေ... ကိုကြီးဘာဘာ ဟာ မြိုင်သာမှာ ဘာဆိုဘာမှ မတရားမလုပ်ခဲ့ဘူး



သိလား... သူ့ဖာသာ ဖြစ်လာတဲ့ကိစ္စတချို့ ဖြစ်သင့် ဖြစ်ထိုက်တာကို ကိုကြီးဘာဘာက ဆောင်ရွက်ပေး ခဲ့တာပါ... နေပါဦး အဲဒီအကျိုးအကြောင်းတွေကို ယုယုက ကိုစိုးဆီကို ပြည့်ပြည့်စုံစုံ အကြောင်းမကြား ဘူးလား... စာမရေးဘူးလား... ရှင်းမပြဘူးလား"

"အဲဒီ... ဘူးလားတွေ အားလုံးကိုပဲ မနှင်းဆီက ကျွန်တော့်ကို ရှင်းပြပြပါလား... ကျွန်တော် ဘာဆိုဘာမှ မသိသေးတာ အမှန်ပဲ မနှင်းဆီ... "

မနှင်းဆီက သူမ၏ "ဘူးလား"တွေ ရှင်းမပြ သေးမီ ကြက်သွေးရောင်ဖီးယက် (၁၁၀၀) ကားပေါ်တွင် လိုက်ပါလာသည့် အမျိုးသားတစ်ဦး ယခုမှပင် ဆင်းသက် လာပြီး မော်တော်ရှိရာသို့ လှမ်းလာခဲ့သည်ကို တွေ့ရပြန် ပါ၏။

လေးမောင်ဆိုသည့် ငနဲသားပါလား။

မြိုင်သာတွင် အပြောင်းအလဲတွေ တော်တော် ကြီး ဖြစ်နေကြောင်း လေးမောင်လိုကောင်စားက မနှင်းဆီ နှင့်အတူ မော်တော်ကား အတူတွဲစီးလာခြင်းက သက်သေ ခံလျက်သား ရှိနေပေပြီကော။

လေးမောင်လို မျက်နှာတွင် ကျောက်ပေါက် တွေ ထူလပြစ်နှင့်လူအား စိုးမိုးနိုင်က အဝီစိမှာဖြစ်ဖြစ် တာဝတိံသာမှာဖြစ်ဖြစ် ဘယ်မှာတွေ့တွေ့ မှတ်မိသည်သာ ဖြစ်ပါတော့၏။

မြိုင်သာတွင် ငယ်စဉ်ကျောင်းသားဘဝက

www.burmeseclassic.com



လေးမောင်လိုကောင်သည် စိုးမိုးနိုင်တို့၏ ခိုင်းဖတ် အကောင်းစားမျိုးသာ ဖြစ်ခဲ့ပါ၏။ လေးမောင်အား စိုးမိုးနိုင် တို့က ဆေးလိပ်ကွမ်းယာ မီးခြစ် သွားဝယ်စမ်းဆိုလျှင် ပြေးဝယ်ပေးရသော လေးမောင် ဖြစ်ခဲ့ပါ၏။

စိုးမိုးနိုင်နှင့် လေးမောင်သည် သက်တူရွယ်တူ ဖြစ်စေကာမူ စိုးမိုးနိုင် ဆယ်တန်းအောင်ပြီး မြို့သာမှ ထွက် လာစဉ်က လေးမောင်မှာ ခုနစ်တန်းကို သုံးနှစ်ကျပြီး ကျန်ခဲ့သူဖြစ်ပါ၏။ လေးမောင်မှာ ဉာဏ်ထိုင်းပြီး ဖျင်းရ သောအကောင်သာလျှင် ဖြစ်ခဲ့ပါ၏။

ယခုမူ လေးမောင်သည် တစ်သွေးတစ်မွေး ဖြစ်ကာ မနှင်းဆီလို အမျိုးသမီးနှင့်ပင် အတူဖီးယက်ကာ တွဲစီးသော အဆင့်သို့ ရောက်နေသည်။

မြို့သာတွင် ဘုးကောင်းတွေနစ်ပြီ ဖောင်းခြမ်းတွေပေါ်ကာ ကိုယ့်ကားယားတွေ ဖြစ်နေပြီလား မပြောတတ်။

လေးမောင် သိသိသာသာမူပြောင်းသွားသည် စိုးမိုးနိုင်ကိုပင် သူက တစ်ခါမျှ မမြင်ဘူးသောအသွင် တစိမ်းပြင်ပြင် မျက်နှာမျိုး ထားရှိနေသည်။

ရယ်စရာကောင်းပါ့။

လေးမောင် အခြေအနေတွင် ပြောင်းလဲ ပါ၏။ အရှင်မွေး နေ့ချင်းကြီး ဆိုသကဲ့သို့ပင် ဖျာ ချောက်ပေါက်မ,ဗရုဗျစ်နှင့် ရှိစေကာမူ အဝတ်အစား ကတော့ ရှယ်ဖြစ်နေသည်။

F - 4 (B)



ဇာပေါက်နိုင်လွန်စပို့ရှပ် ဝတ်ထားသည်။ အဝါရောင်ဖြစ်ပါ၏။ ဘောင်းဘီမှာ တက်ထရက်(စ်)သား ကိုကိုးရောင်ဖြစ်သည်။ စီးထားသည့် ရှူးဖိနပ်မှာ ဗျူနဲ့ဆင် အမျိုးအစား ဖြစ်ပေလိမ့်မည်။ ခါးတွင် ခါးပတ်ပြားကြီးကြီး ပတ်ထားသည်။

လေးမောင်က နှင်းဆီကို လှမ်းပြောပါ၏။

"အချိန်တွေ ဘာလို့ဖြုန်းနေလဲ မနှင်းဆီ... ဆရာ ဘာဘာက သူ့ကိုတစ်ပါးတည်း ခေါ်ခဲ့လို့ မှာလိုက် တယ် မဟုတ်လား..."

"ကိုကြီးဘာဘာ မှာတာတော့ မှာတာပေါ့ လေးမောင် ဒါပေမယ့် ကိုစိုးက ဘုမသိဘမသိ ဖြစ်နေတယ်... အဲဒါလေးတွေ ရှင်းပြနေတာ..."

"ဒါတွေက ဆရာဘာဘာ ရှင်းပြရမယ့် အလုပ်ပါ... မနှင်းဆီ လုပ်နေစရာမှ မလိုတာ..."

နှင်းဆီက လေးမောင်၏စကားကို သိပ်ပြီး အလေးအနက်ထားပုံမရှိပေ။ သူမ ပြောချင်သည်ကို သူမ ဘာသာ ငြီးငြီးငြူငြူ အသံလေးနှင့် ဆက်ပြောနေသည်။

"အင်း... တကယ်တော့ ကိုစိုးခမြာ ဘာဆိုဘာမှ မသိ သေးပါလား... နှင်းဆီတော့ ကိုစိုးကို သနားမိတယ် မြို့သာရဲ့ အောင်ဒေဝဟိုတယ်ကြီး တစ်ခုလုံး ပြောင်းလဲသွားတဲ့အဖြစ်တွေတောင် အဝေးရောက်နေ တဲ့ ကိုစိုး ဘာမှမသိဘူး..."

မနှင်းဆီ စကားကို ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါ မနှင်းဆီ... မြိုင်သာရဲ့ အောင်ဒေဝဟိုတယ်ကြီးဟာ ဘယ်လိုတွေ ပြောင်းလဲကုန်လို့လဲ"

"သိပ်ဆိုးဆိုးဝါးဝါးကြီးတော့လည်း မဟုတ်လှပါဘူး ကိုစိုး... အေးလေ အဲဒါတွေကို ကိုကြီးဘာဘာနဲ့ တွေ့တော့ ပြောပြလိမ့်မပေါ့... "

"ဦးဘာဘာနဲ့ ကျွန်တော်ဟာ အောင်ဒေဝဟိုတယ်နဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ စကားပြောစရာ ရှိခဲ့တာမှ မဟုတ်တာဘဲ မနှင်းဆီ... "

"အဲဒါက ဟိုတုန်းက အခြေအနေပဲ... အခုလက်ရှိ အခြေအနေမှာတော့ ကိုစိုးဟာ အောင်ဒေဝဟိုတယ်နဲ့ ပတ်သက်ပြီး ကိုကြီးဘာဘာနဲ့ စကားတော်တော် ပြောရလိမ့်မယ်... "

စိုးမိုးနိုင်က မနှင်းဆီ၏ စကားကို နားစွင့်ထားရင်း တစ်ခါက မိမိထံသို့ ပေးပို့သော ယုယု၏စာထဲပါ အကြောင်းအရာတစ်ခုကို ဖျက်ခနဲ သတိရမိသည်။

ယုယု၏စာတွင် အောင်ဒေဝဟိုတယ်အား ဦးဘာဘာက ဝယ်ယူလိုကြောင်း အစ်ကိုကြီးဒေဝထံ စကားကမ်းလှမ်းသည်။ အစ်ကိုကြီးဒေဝက ဦးဘာဘာ အောင်ဒေဝဟိုတယ်ကို ဝယ်ယူပြီးလျှင် အပေါ်ထပ်၌ ကစားဝိုင်းနှင့် လော်ဂျင်ဖွင့်ထားပြီး အောက်ထပ်တွင် ဗန်းပြသော စားသောက်ဟိုတယ် အယောင်ပြ ဖွင့်ထားမည်ကို ကြားသိထားသောကြောင့် လုံးဝမရောင်းပါဟု ပြန်ပြောလိုက်ကြောင်း ယုယုစာထဲတွင် ပါဖူးသည်ကို ယခု ပြန်တွေးကြည့်မိသည်။



ယခုမူ...

အောင်ဒေဝဟိုတယ်နှင့် ပတ်သက်ပြီး ဦးဘာဘာက ပိုင်စိုးပိုင်နင်း ပြောလာသည်ကို ကြားသိတွေ့မြင်နေရသည်။

ကိုဒေဝသည် အောင်ဒေဝဟိုတယ်အား ဘာသုပ်ပစ်လိုက်လေသနည်း။

စိုးမိုးနိုင်သည် ဟိုဘက်မော်တော်မှ နှစ်လုံးပြူးပိုင် ဂင်တို့အား လှမ်းကြည့်လိုက်သည်။ မိမိအား နှစ်လုံးပြူးဖြင့် တည့်မတ်စွာ ချိန်ထားဆဲ ဖြစ်ပါ၏။

စိုးမိုးနိုင်က မနှင်းဆီကို ပြန်ကြည့်ပြန်သည်။ နှင်းဆီက မြုံးပြလျက်သားလေး ရှိနေပါ၏။

"ကဲ ကိုစိုးကို နှင်းဆီ အတိုချုပ်လေးရှင်းပြမယ်... အောင်ဒေဝဟိုတယ်ကို ကိုဒေဝကြီးက သူပိုင်ထက်ဝက်ရှယ်ယာသတ်မှတ်ပြီး ကိုကြီးဘာဘာကို ရောင်းလိုက်တယ်... ဒီတော့ အောင်ဒေဝဟိုတယ်ဟာ ကိုကြီးဘာဘာနဲ့ ကိုစိုးတို့ နှစ်ဦးပိုင်ဖြစ်နေပြီဒါကြောင့် ကိုကြီးဘာဘာက သူ့ရှယ်ယာပါတနာ ကိုစိုးကို သွားကြိုပါလို့ နှင်းဆီကို ခိုင်းလိုက်တာ... ကိုကြီးဘာဘာ ကိုယ်တိုင်က ခြေတစ်ဘက်မကောင်းတော့လို့ ကိုယ်တိုင်က မကြိုနိုင်တာဘဲ ကိုစိုး... "

"ဩ... ဩ... ဦးဘာဘာက ကိုယ့်ရှယ်ယာပါတနာကို ကြိုခိုင်းတာက နှစ်လုံးပြူးသေနတ်နဲ့ အရှင်ချိန်ထားပြီးမှ ကြိုသတဲ့လား မနှင်းဆီ... "

www.burmeseclassic.com

www.burmeseclassic.com



မနှင်းဆီက သွားဖြူတန်းလေး အားလုံးပေါ်လာအောင်ဝင် ရယ်ပြလိုက်သည်။ မနှင်းဆီ၏ ရယ်သံလေးသည် လွင်လွင်လေးဖြင့် အတ္တရုံမြစ်ကြောကိုပင် ဖုံးလွှမ်းသွားလေသလား ထင်ရပါ၏။

"ဒါကတော့ ကိုစိုးရဲ့ အရည်အသွေးနဲ့ ကိုစိုးရဲ့ စိတ်ဓာတ်ကိုလည်း ကိုကြီးဘာဘာက ကြိုတင်ထည့်တွက်ရသေးတာကို ကိုစိုးရဲ့… ကိုစိုးက မြိုင်သာမှာ ကျောင်းသားဘဝတည်းက မဟုတ်မခံ… တုံးတိုက်တိုက် ကျားကိုက်ကိုက် တစ်ဇွတ်ထိုးကြီး လုပ်တတ်တယ်မဟုတ်လား… အဲဒီနောက် ရဲအဖွဲ့ထဲ ဝင်သွားပြီး ရဲအရာရှိအနေနဲ့ ပြောင်မြောက်ခဲ့တာတွေလည်း နှင်းဆီတို့ ကိုကြီးဘာဘာတို့ သတင်းကြားနေရတယ်လေ… ဒါကြောင့် ကိုကြီးဘာဘာက မလုံမလဲလို့လည်း အခုလို ကြိုဆိုတဲ့နေရာမှာ တင်ကြိုစီစဉ်ရတာမျိုးလေး ပါနေတာပေါ့… "

"ဘယ်လိုပဲ မနှင်းဆီ ပြောပြော ကျွန်တော်ကတော့ မနှင်းဆီ ပြောတာတွေ တစ်လုံးမှ မယုံသေးဘူး…"

"အဲဒီလိုပဲ နှင်းဆီကလည်း ကြိုတင်ပြီး ကိုစိုးကို ထင်ပြီးသားပါ… ကိုစိုးဟာ ဟိုတုန်းကတည်းက သူများပြောတာကို လွယ်လွယ်နဲ့ မယုံကြည်တတ်ဘူး လွယ်လွယ်နဲ့ လက်မခံတတ်ဘူးဆိုတာ နှင်းဆီ သိနေတာပဲ… ဒါကြောင့် ကိုစိုးကိုယ်တိုင် ကိုကြီးဘာဘာနဲ့ လိုက်တွေ့ပါလို့ လာခေါ်တာ… "



"ဆိုင်မှမဆိုင်တာဘဲ မနှင်းဆီ… အောင်ဒေဝဟိုတယ်နဲ့ ကိုယ်အစိက ပတ်သက် တွေ့ဆုံရမယ့်လူဟာ ကိုဒေဝပဲဟာ… ကိုဒေဝနဲ့သာ ကိုယ်ပထမဆုံး တွေ့ရမယ်… စာရင်းရှင်းရမယ်… ကိုဒေဝ ရှင်းပြလင်းပြတာတွေ ကျွန်တော် နားထောင်ကြည့်ရမယ်… အဲဒီနောက်ပိုင်းကျမှ ကိုဒေဝ ညွှန်းပြတဲ့လူနဲ့ ကျွန်တော် ထပ်တွေ့ဆုံရမယ်… "

မနှင်းဆီက သူမ၏ ဦးခေါင်းလေးကို ညင်သာစွာ ခါရမ်းပြလိုက်သည်။

"ဒါဆိုရင်တော့ တောင်ထိပ်ကြာပေါက် အနောက်နေထွက်ပဲ ကိုစိုး… "

"မနှင်းဆီ ဘာကိုဆိုလိုတာလဲ… "

"ဘာကို ဆိုလိုတယ်ဆိုတာ ပြောလိုက်ရင် ကိုစိုး သိပ်စိတ်မကောင်း ဖြစ်သွားမှာပေါ့… "

"ပြောစရာရှိတာ ပြောသာပြောပါ မနှင်းဆီ… "

"ကိုဒေဝဟာ အခုအချုပ်ထဲ ရောက်နေတယ်… အမှုက လူသတ်မှု… လတ်တလော ကိုဒေဝကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး… "

"လူသတ်မှု… ဟုတ်လား… "

ဤမေးခွန်းကို မနှင်းဆီက မဖြေမီ လေးမောင်ဝင်ဖြေလိုက်သည်။

"မယုံမရှိနဲ့ စိုးမိုးနိုင်… ကိုဒေဝဟာ ဟိုတုန်းက မင်း မြိုင်သာမှာရှိတုန်းက ကိုဒေဝ မဟုတ်တော့ဘူး…

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကို ပြောင်းလဲသွားပြီ… ဗရမ်းဗတာကိုဒေဝ ဖြစ်သွားတယ်… ကဲပါလေ… ဒီစကားတွေအားလုံး ဆရာဘဘ ပြောပြမှာပါ… ”

“နေပါဦး… ကိုဒေဝက ဘယ်သူ့ကို သတ်ခဲ့တာမို့လဲ”

လေးမောင်က သူ့ကိုယ်သူ ရုပ်ရှင်မင်းသားဟန်မျိုးဖြင့် တွန့်ပြလိုက်သေးသည်။

“လှိုင်ဘွားဆိုတဲ့ လူတစ်ယောက်ကိုပါ… လှိုင်ဘွားကိုတော့ မင်းသိမှာ မဟုတ်ဘူး စိုးမိုးနိုင်… လှိုင်ဘွားက မင်းမြို့သာက ထွက်သွားပြီးမှ ရောက်လာတဲ့လူတစ်ယောက်ပါ… အလကား ယောင်သုံးဆယ်… ပျံကျသမား ကလေကလွင့်လူပါ… ”

“ဒီလို ယောင်သုံးဆယ် ပျံကျသမားတစ်ယောက်ကို ကိုဒေဝက ဘာလို့သတ်မှာတဲ့လဲ… ကိုဒေဝဟာ အင်မတန် ဦးနှောက်သုံးပြီး ဆင်ခြင်တတ်တဲ့လူပဲ”

လေးမောင်၏ ကျောက်ပေါက်မ,ဗရဗျစ် မျက်နှာမှ နှုတ်ခမ်းစုံဖွင့်ပြီး ပြုံးလိုက်သည်။ တစ်စက်မှ ကြည့်လို့မကောင်း။

“ဘာလို့ လှိုင်ဘွားကို ကိုဒေဝက သတ်ပစ်တယ်ဆိုတာ ဘယ်သူသွားသိမှာလဲ စိုးမိုးနိုင်… အဲဒီအချိန်မှာ ကိုဒေဝက အရက်မူးနေတာပဲ… ”

“ဘာရယ်ကွ လေးမောင်… ကိုဒေဝက အရက်မူးနေတယ်… ဟုတ်လား… ”

စိုးမိုးနိုင် အံ့ဩရပြန်သည်။



ကိုဒေဝသည် အရက်ကို လုံးဝနှစ်ခြိုက်သူ မဟုတ်ပေ။ သောက်လေ့သောက်ကျင့် မရှိသည်မှ တစ်ခါတစ်ရံ ကျန်းမာရေးအရလည်းကောင်း၊ အဖော်ရှိ၍သော်လည်းကောင်းမှပင် မသောက်ပေ။ ယခု လေးမောင်၏ စကားအရ ကိုဒေဝလိုလူက အရက်မူးပြီး ဘာမဟုတ်သည့် ပျံကျလှိုင်ဘွားဆိုသူကို သတ်သည်ဆိုခြင်းမှာ စိုးမိုးနိုင်အဖို့ လုံးဝမယုံကြည်နိုင်သော စကားဖြစ်နေပါလေ၏။

“မယုံဘူး လေးမောင်… ငါနဲ့ကွဲကွာနေတဲ့ အချိန်ကြာပြီမို့ ကိုဒေဝအနေနဲ့ အရက်မသောက်ဘူးလို့တော့ ငါ မပြောနိုင်ဘူးပေါ့ကွာ… ဟိုတယ်အလုပ်ကိုက အရက်နဲ့မကင်းတော့ ကိုဒေဝ သောက်မိချင်လည်း သောက်မိမှာပေါ့… ဒါပေမယ့် အရက်မူးပြီး ဘာမဟုတ်တဲ့လူတစ်ယောက်ကို သတ်တဲ့အထိတော့ ဘယ်နည်းနဲ့မှ ကိုဒေဝ မမိုက်မဲနိုင်ဘူး… ”

“ယုံတာ မယုံတာ ငါတို့အလုပ်လည်း မဟုတ်ဘူး… စိုးမိုးနိုင်… ဆရာဘဘဘက မောင်ရင့်ကို တွေ့တဲ့အခါ ကိုဒေဝအကြောင်းတွေလည်း ပြောပြပါလိမ့်မယ်… အဲ ကိုဒေဝဟာ မမိုက်မဲဘူးလို့တော့ ပြောလို့မရဘူး… ဘာလို့လဲဆိုတော့ သူရသင့်ပြီး ပိုင်ဆိုင်သင့်တဲ့ ဟိုတယ်ရှယ်ယာတွေကို ဆရာဦးဘဘဘ ဆီမှာ ရောင်းပစ်တဲ့အထိတော့ မိုက်မဲခဲ့တာပဲ … မင်းရဲ့ပါတနာကိုဒေဝဟာ မင်းမြို့သာမှာ ရှိတုန်းက ကိုဒေဝ ပုံစံမျိုးမှ မဟုတ်တော့တာ… အခုဆို

www.burmeseclassic.com

www.burmeseclassic.com



ခောင်ရှင့်ရှယ်ယာပါတနာဟာ ကိုဒေဝ မဟုတ်တော့ဘဲ ဆရာဘာဘာ ဖြစ်နေပြီ… ဆရာဘာဘာ အဲဒီ ရှယ်ယာဝါတနာကိစ္စနဲ့ ပတ်သက်ပြီး မင်းကို ဆွေးနွေးချင်နေတယ်… ”

“အဲဒီအတွက် မင်းတို့ ငါ့ကိုကြိုဖို့ ချောင်းနှစ်ခွကို လိုက်လာကြတာပေါ့ ဟုတ်လား… ငါ ချောင်းနှစ်ခွကို မော်တော်ငှားပြီး လာမယ်ဆိုတဲ့ သတင်းကို မင်းတို့က ယုယုဆီက မရမက ရယူကြတာပဲ မဟုတ်လား… တကယ်ဆို ငါ မြို့သာကိုရောက်မှ မင်းတို့ ဆရာကြီးဘာဘာက ငါနဲ့တွေ့ဖို့ စီစဉ်လည်း ဖြစ်နိုင်သားနဲ့ တမင်တကာတက ချောင်းနှစ်ခွကို မင်းတို့ လာတာ အကြောင်းတစ်ခုခုကြောင့် ဖြစ်မှာပေါ့ လေးမောင်…နောက်ပြီး မင်းတို့ ငါ့ကို ကြိုပုံကလည်း နှစ်လုံးပြူးသမားတွေ ဘာတွေနဲ့ပါလား… ”

စိုးမိုးနိုင်၏ ပြောချက်ကို လေးမောင်က ဒုတိယအကြိမ် ဟန်ပါပါ ပုခုံးကြီး တွန့်ပြနေချိန်မှာပင် မနှင်းဆီက ဝင်၍ပြောလိုက်သည်။

“အော် ကိုစိုးရယ်… အစ်ကိုကြီးဘာဘာက ဘာမဆို အစိုးရိမ်ကြီးတတ်တယ်မဟုတ်လား… အစ်ကိုကြီး ဘာဘာနဲ့ ကိုစိုးတို့ တွေ့ဆုံပြီး မဆွေးနွေးရသေးခင် ကြားလူတွေ ကြားစကားတွေ ကိုစိုးဆီ ဝင်သွားပြီး ကိုစိုး အမြင်တွေ စောင်းကုန်မှာ စိုးရိမ်လို့ အခုလို နှင်းဆီကို လွှတ်ပြီး ကြိုစေတာပါ… ကိုကြီးဘာဘာ



ဟာ ဘာမှမတရား မလုပ်တတ်ပါဘူး ကိုစိုး… ”

“ဟုတ်ပါ့မလား မနှင်းဆီ… ဘာမှမတရား မလုပ်ဘူး ဆိုတဲ့ ဦးဘာဘာဟာ ယုယုနဲ့ ကျွန်တော် နှစ်ယောက် ချင်း ဖုန်းဆက်ပြောတာကို မရမက သတင်းအရယူ ခဲ့တယ်… ဒီနောက် လေးမောင်လိုလူနဲ့ မော်တော်ပေါ်က သေနတ်ကိုင်သမားတွေကို ကြိုဆိုခိုင်းတယ် အဲဒါတွေဟာ သိပ်တရားနေသလား မနှင်းဆီ… ”

“အော်… ကိုစိုးရယ်… ”

ဟု နှင်းဆီက ငြိုးငြိုးတွားတွားလေးဆိုပြီးမှ ဆက်ပြောပြန်သည်။

“ကိုကြီးဘာဘာက သူ့နှမ အရင်းခေါက်ခေါက် နှင်းဆီကို လွှတ်ပြီး ကိုစိုးကို ကြိုခိုင်းတာလည်း ထည့်တွက်ဦးမှပေါ့… နှင်းဆီကိုလည်း ကိုစိုး နားလည်အောင် သဘောပေါက်အောင် ညင်ညင်သာသာ ဖျောင်းဖျောင်းဖျဖျ ပြောရမယ်လို့လည်း တတွတ်တွတ် မှာလိုက်တာပါ… ”

“ဒါဖြင့် ဟို မော်တော်သီးသန့်နဲ့ သေနတ်သမား နှစ်ယောက်က ဒီကို အရင်ရောက်နေတာကတော့ ဘာသဘောလို့ မနှင်းဆီ ပြောဦးမလဲ… ”

“ဒါတော့ ကိုစိုးရယ်… ကိုစိုးရဲ့ စိတ်ဓာတ်အကြောင်း ငယ်ငယ်တည်းက သိထားတာပါ… တစ်ခါတလေ မှာတော့ ကိုစိုးဟာ တစ်ဇွတ်ထိုး ခေါင်းမာတတ် တယ် မဟုတ်လား… တကယ်လို့ မတော်တဆ ကိုစိုး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက အခန့်မသင့်ဘဲ သိပ်ခေါင်းမာနေရင် အကူအညီ ရနိုင်ဖို့အတွက် ကိုကြီးဘာဘာက လိုလိုမယ်မယ် ဒီလူတွေကို တင်ကြိုလွှတ်ပေးထားတာပါ ... ဘာပဲဖြစ်ဖြစ် အခု နှင်းဆီကိုယ်တိုင် လိုက်လာပြီး ပြောပြတာကို ကိုစိုး လက်ခံပါတယ်နော်... ”

“ဘာကို လက်ခံရမှာလဲ မနှင်းဆီ... ”

လေးမောင်သည် ဤမျှ ဖျောင်းဖျ ပြောနေရသည်ကိုပင် အလွန်တရာ စိတ်ပျက်ငြီးငွေ့သည့်အလား မထီမဲ့မြင်ပုံစံဖြင့် ဝါးခနဲ အသံထွက်အောင် သမ်းဝေပြလိုက်သည်။ အစီပွားယ်မှာ မနှင်းဆီအနေနှင့် ဤမျှလောက် လေပြေထိုးပြောနေစရာမလိုဟု အဓိပ္ပာယ်သက်ရောက်စေပါ၏။

မနှင်းဆီက လေးမောင်အား မျက်စောင်း တစ်ချက်ထိုးလိုက်ပါ၏။ ပြီးနောက် စိုးမိုးနိုင်ကိုပင် ညင်သာစွာ ဆက်ပြောပြန်သည်။

“ကိုစိုးလက်ခံဖို့က ကိုကြီးဘာဘာနဲ့ လိုက်တွေ့ပြီး ကျေကျေလည်လည် ဆွေးနွေးပြီး အပေးအယူ လက်ခံဖို့ပါ... ”

“ဘာကို ကျေကျေလည်လည် အပေးအယူ ဆွေးနွေးရမှာလဲ... ”

“အောင်ဒေဝဟိုတယ်ကိစ္စပါ... ”

စိုးမိုးနိုင်က မနှင်းဆီအား ဘာမျှထပ်မပြောမီ လေးမောင်က ကြားဝင်ပြီး ပြောလိုက်သည်။

“ဒီမယ် စိုးမိုးနိုင်... ဆရာဦးဘာဘာက ခြသေ့်လို



လူဗျ... တစ်ဂူထဲမှာ နှစ်ကောင်အောင်းတာမျိုး မနှစ်ခြိုက်လှဘူး... ”

လေးမောင် ပြောပုံက တင်းတင်းမာမာပင်။

“ဒီတော့ အောင်ဒေဝဟိုတယ်ရဲ့ ပါတနာကျန်နေသေးတဲ့ မောင်ရင့်ဆီက ရှယ်ယာပါတနာကို တန်ရာတန်ကြေးပေးပြီး ဝယ်ယူမယ်... လို့အပ်လာရင် တန်ရာတန်ကြေးထက် ပိုပိုမိုမို ပေးချင်လည်း ပေးမယ်ပေါ့လေ... အဲဒါကို မောင်ရင်က ပြေပြေ လည်လည် လက်ခံဖို့ပဲ... ဆိုလိုရင်း အချုပ်ကတော့ အဲဒါပဲ စိုးမိုးနိုင်... ”

စိုးမိုးနိုင်က ဦးခေါင်းကို သွက်သွက်ကြီး ရမ်းပြလိုက်သည်။ ယခု နောက်ဆုံး လေးမောင် ပြောမှပင် တိတိလင်းလင်း ရှင်းပါ၏။

ကိုဒေဝ၏ ထက်ဝက်ပိုင်အောင်ဒေဝဟိုတယ်ရှယ်ယာကို ဦးဘာဘာသည် မည်သို့ နည်းပရိယာယ် မည်သို့သော အကောက်အကြံ ဉာဏ်တွေသုံးပြီး ဝယ်ယူရရှိသွားသည်တော့မသိ။ ယခုအချိန်တွင် ကိုဒေဝ လူသတ်မှုဖြင့် အချုပ်ခံနေရပြီး ကိုဒေဝ ထက်ဝက်ပိုင်ဆိုင်မှုကို ဦးဘာဘာက ရယူသိမ်းပိုက်ပြီးလေပြီ။

ယုယုတစ်ယောက်ကို သူတို့သည် ဘယ်ပုံဘယ်နည်းဖြင့် ဘယ်နေရာထားမှန်း စိုးမိုးနိုင် မသိရသေး။

ယခုလည်း ချောင်းနှစ်ခွအထိ မနှင်းဆီနှင့် လေးမောင် လိုက်လာပြီး ချောတစ်ဝက် ခြောက်တစ်ဝက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျန်နေသေးသည့် အောင်ဒေဝရှယ်ယာကို မိမိထံ
ရယူလိုကြောင်း သိသာထင်ရှားပေပြီ။

စိုးမိုးနိုင်ကလည်း အပြတ်ပင် ပြန်ပြောသည်။

"ဆိုလိုရင်း အချုပ်ကတော့ ဒါပဲဆိုရင် ငါတလည်း တိုတိုပြတ်ပြတ်ပဲ လေးမောင်... ငါ အသက်ရှင်နေ သရွေ့ အောင်ဒေဝဟိုတယ်ရဲ့ ငါပိုင်ရှယ်ယာကို တစ်ပြားဖိုးတောင် မင်းတို့လက်ထဲ ပြန်မထည့်ဘူး မရောင်းဘူးဘဲ... "

စိုးမိုးနိုင်က အပြတ်ပြန်ပြောပြီးနောက် သူ ငှား လာသည့် မော်တော်ဆရာအား တစ်ဆက်တည်း လှမ်းပြော လိုက်သည်။

"ကဲ မော်တော်ဆရာ... ကျုပ်တို့ ကျိုက်မရောကို ပြန်မယ်... မော်တော်ကို စက်နှိုးပေတော့... "

စိုးမိုးနိုင်၏မော်တော်ဆရာ ဘာလုပ်ရမည်မှန်း မသိဘဲ ကြောင်တက်တက် ဖြစ်နေစဉ်မှာပင် ဟိုဘက်မော် တော်ပေါ်မှ နှစ်လုံးပြူးသမားဂင်တို လွှားခနဲ စိုးမိုးနိုင်တို့ ၏ မော်တော်ပေါ်သို့ ခုန်ကူးလိုက်သည်။

လှေအဆင်းမြင်းအတက် ဆိုစကားအတိုင်း နှစ်လုံးပြူးဂင်တို၏ ခုန်ကူးသော အရှိန်ဖြင့် စိုးမိုးနိုင်၏ မော်တော်မှာ ပုခက်လွှဲသလို ယိမ်းထိုး လူးခတ်သွားတော့ သည်။

နှစ်လုံးပြူးသမားဂင်တိုမှာ မော်တော်၏ ပုခက်လွှဲ လူးခတ်သဖြင့် ဘူကိုဟ်တိုင် ဒီဘက်မော်တော်



နှုတ်ခမ်းပေါ်တွင် ရှေ့ယိမ်း နောက်ယိုင် ကုန်းကွကော့လန် ဖြစ်နေစဉ်မှာပင် လက်မြန်ခြေမြန်ရှိလှသည့် စိုးမိုးနိုင်က ထိုဂင်တို၏မျက်နှာကို လက်ဝါးဖြင့် နှစ်ချက်ဆင့်ရိုက်လိုက် ရာ ဂင်တိုရော နှစ်လုံးပြူးသေနတ်ရော ဝုန်းခနဲ ရေထဲသို့ ပြုတ်ကျသွားပေတော့သည်။

အခြားတစ်ယောက်သည်လည်း သူ့လူပြုတ် ကျသည်နှင့် ဒီဘက်မော်တော်ဝမ်းထဲ ရောက်သည်အထိ လည်းကောင်း စိုးမိုးနိုင်အပေါ်သို့လည်းကောင်း ခုန်အုပ် လိုက်ရာ အရှိန်ဖြင့် နှစ်ဦးစလုံး စိုးမိုးနိုင်၏ မော်တော်ဝမ်း ထဲမှာပင် ထပ်လျက် လဲပြိုကျသွားသည်။

စိုးမိုးနိုင်မှာ ရဲအရာရှိဘဝက ဒဏ်ရာရခဲ့ဖူး သည့်နေရာမှ မျက်ခနဲ နာကျင်ခံစားလိုက်ရသောကြောင့် ထိုလူ့ခုန်အုပ်ချက်ကို တောင့်မခံနိုင်ဘဲ လဲပြိုသွားရခြင်း ဖြစ်ပေသည်။

သို့သော် အမှတ်တမဲ့မို့ အအုပ်ခံလိုက်ရ သော ကာမှ ချက်ချင်း စိုးမိုးနိုင်သည် သူ့ပင်ကိုယ် ခွန်အားဖြင့် ခုန်အုပ်သူအား လုံးထွေးသတ်ပုတ်နိုင်ပေသည်။

လေးမောင်သည် သူ့လက်ထဲတွင် ဖော်တီဖိုက် ပစ္စတိုကိုင်ကာ နှစ်ဦးသား လုံးထွေးသတ်ပုတ်နေရာသို့ ရောက်လာသည်။

စိုးမိုးနိုင်၏ မော်တော်ဝမ်းထဲ၌ ဘာတစ်ပြန် ဘားတစ်ပြန် ဖြစ်နေသည့် စိုးမိုးနိုင်နှင့် သူ့လူကို ငုံ့ကြည့် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးနိုင် အပေါ်စီးရပြီး ရန်သူကို အပေါ်မှ ခွ၍ ထိုးကြိတ်နေစဉ်မှာပင် လေးမောင်က သူ၏ဖော်တီမိုက် ပစ္စတိုကို လက်ဝါးတွင် အပြားလိုက်ကပ်ခါ စိုးမိုးနိုင်၏ ဦးခေါင်းကို သေနတ်ပြားနှင့် ရိုက်ချလိုက်သည်။

စိုးမိုးနိုင် မျက်စေ့ထဲ မီးပွင့်လေးတွေ ဖြာခနဲ ပွင့်သွားပြီး ပက်လက်လန် လဲကျသွားတော့သည်။

စိုးမိုးနိုင်၏ နားထဲဝယ် မနှင်းဆီ၏ အော်ဟစ်သံ လေးမောင်၏ အမိန့်ပေးသံတွေ ဗလုံးဗထွေး ကြားရပြီး နောက် တစ်ခဏအတွင်းမှာပင် ဘာမျှမကြားတော့ဘဲ သတိ လစ်သွားလေတော့သည်။

✱❁✱❁✱❁✱❁



# ၅

"ဆရာလေး... ဆရာလေး..."

မော်တော်ဝမ်းထဲတွင် သတိမေ့ လဲကျနေခဲ့သော စိုးမိုးနိုင်ကို မော်တော်ဆရာက မျက်နှာရေလောင်း ကိုယ်ထည်ကို လှုပ်ခါပြီး နှိုးခြင်းဖြစ်ပါ၏။

စိုးမိုးနိုင်... အင်း... အဲ... အသံပြုငြီးတွားရင်း သတိ ပြန်ရလာသည်။

စိုးမိုးနိုင် သတိရသည်နှင့် မျက်လုံးအစုံကို လက်ဝါးဖြင့်ပွတ်ရင်း ထထိုင်လိုက်သည်။

"သွားကြပလား... သူတို့ သွားကြပလားဟင်..."

မော်တော်ဆရာက ရေပြင်ကိုက်အဝေးကို လက်ညှိုးထိုးပြသည်။ နှစ်လုံးပြူးနှင့် ဂင်တိုတို့၏ တံငါ မော်တော်သည် ဟိုအဝေးသို့ စုန်ခုတ်သွားသည်ကို ရှင်း မြင်ရသည်။

မော်တော်ဆရာကပင် နောက်တစ်ဖန် ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ လက်ညှိုးထိုးပြပြန်သည်မို့ ကမ်းပေါ်သို့ စိုးမိုးနိုင် ပြောင်းကြည့်လိုက်သည်။

မနှင်းဆီနှင့် လေးမောင် စီးလာသော ဖီးယက် (၁၁၀၀) ကြက်သွေးရောင် မော်တော်ကား မရှိပါလေတော့။ ဟိုအဝေးဆီတွင် ဖုန်တွေတစ်ထောင်းထောင်း ထနေသည် ကပင် ဖီးယက်ကား မြို့သာဘက်သို့ ပြန်အသွားတွင် ဖုန်တွေ တစ်ထောင်းထောင်းထ ကျန်ခဲ့ကြောင်း စိုးမိုးနိုင် သဘောပေါက်ရသည်။

"ကျွန်တော် ဘာဆက်လုပ်ပေးရမလဲ ဆရာလေး"

"မြို့သာကိုပဲ မော်တော်ဆက်မောင်းတော့ဗျာ... ကျသင့်သမျှ မော်တော်ငှားခထက် ပိုပြီး ကျွန်တော် ပေးမှာပါ... "

စိုးမိုးနိုင်သည် စောစောက သူချထားခဲ့ရသည့် သူ့ပစ္စတိုသေနတ်ကို ပြန်ကောက်ယူပြီး ဂျာကင်အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

ချောင်းနှစ်ခွမှ မြို့သာသို့ မော်တော်ဖြင့် ခရီးဆက်ပြန်တော့သည်။

မော်တော်ဦးပိုင်းထိပ်တွင် စိုးမိုးနိုင်ထိုင်ပြီး ချောင်းနှစ်ခွမှ မြို့သာသို့ အတွာရှုမြစ်နှစ်ဘက်ကမ်း၏ အလှအပတွေကိုကြည့်ရင်း လိုက်ပါလာသည်။

တကယ်တော့ ချောင်းနှစ်ခွကမ်းတွင် လုပ်သော မနှင်းဆီနှင့် ရွှေရာဖွယ် လေးမောင်တို့ မိမိအား ဦးဘာဘာ လွှတ်လိုက်သူများအဖြစ် လာရောက်ကြိုဆို





တွေ့ဆုံ ပြုမူသွားပုံမှာ "အင်အားပြပွဲငယ်" တစ်ခုသာ ဖြစ်ကြောင်း စိုးမိုးနိုင် သဘောပေါက်ပါ၏။

ဦးဘာဘာသည် အချိုရော အခါးရော နှစ်မျိုးစလုံး သုံးသွားသည်။ သူ၏ညီမရင်း မနှင်းဆီသည် မိမိနှင့် မြို့သာ ဟိုက်စကူးတွင် ကျောင်းနေဘက်သူငယ်ချင်း ဖြစ်သည့်ပြင် မနှင်းဆီကိုယ်တိုင်က မိမိကို လိုလားပုံရနေသဖြင့် အနုနည်း အချိုနည်းဖြင့် မိမိအား မနှင်းဆီက သိမ်းသွင်းစေသည်။

ဦးဘာဘာ၏ တွက်ကိန်းမှာ အဓိက အောင်ဇေယျတယ်ကို တစ်ဦးတည်းပိုင် အရယူလိုခြင်းသာလျှင် ဖြစ်ကြောင်း သူတို့ပြောစကားအရ သိသာသည်။ မနှင်းဆီ၏ ညင်သာပျော့ပျောင်းစွာ ဆက်ဆံမှုဖြင့် မိမိက ကျန်ဆက်ဝက် မိမိရှယ်ယာကို ရောင်းစေနိုင်သည်။ ဒါမှမဟုတ် မနှင်းဆီကိုယ်တိုင်က မိမိအပေါ် ယိမ်းနေသည်ကို အကြောင်းပြုပြီး မိမိနှင့် မနှင်းဆီ ချစ်ကြိုက်သွားလျှင်လည်း အလိုလိုပင် မိမိထက်ဝက်ပိုင်မှုသည် သူ၏လက်ထဲသို့ ရောက်နိုင်ရုံမက မိမိပင်လျှင် သူ၏ခြေဖဝါး ဖြစ်လာနိုင်သည်ဟုလည်း ဦးဘာဘာ တွက်လေမည်ထင်ပါ၏။ မိမိနှင့် ဆိုလျှင် ဦးဘာဘာသည် သူ့ညီမ မနှင်းဆီနှင့် သဘောတူ၏ ဝန်လေးမည် မဟုတ်ပေ။

၎င်းအချိုသပ်နည်း မနှင်းဆီနှင့်မှ မအောင် ဆိုလျှင် အခါးနည်းကို လေးမောင်က သုံးစေသတည်းဟု မှန်းကြားလိုက်ဟန်တူပါ၏။ လေးမောင်၏ အခါးနည်း

www.burmeseclassic.com

www.burmeseclassic.com



သည် သူတို့၏ အင်အားဒီလိုရှိသည်။ မင်းမယှဉ်နဲ့ နာသွားမည် ဦးဘာဘာ၏ အလိုကို လိုက်လျောပေးလိုက်ဟု ဆိုလိုသည့်သဘော ရှိနေပါ၏။

ဘယ်နည်းကို သုံးသုံး အောင်မြင်လျှင် အောင် ဒေဝဟိုတယ်ကို ဦးဘာဘာ တစ်ဦးတည်းပိုင် ဖြစ်လာမည်သာ အဓိကဖြစ်နေပုံရပါ၏။

သူတို့ကတော့ ထင်ကြမည်။

ချောင်းနှစ်ခွတွင် သူတို့၏ အင်အားပြပွဲ၌ မိမိ သတိလစ်ကျန်ခဲ့ပြီး ပြန်လည်သတိရလျှင် သူတို့ကို ဖြုန်သွားမည်။ သူတို့အလိုကို မိမိက လိုက်လျောလာခြေမည် တွက်ပုံရသည်။

မှားလေစွ။

စိုးမိုးနိုင်လိုလူသည် မြွေပွေးလိုလူစားဖြစ်သည်။ ကိုယ့်အသားကို လာမထိသရွေ့ အန္တရာယ်မပေးဘဲ ခွေနေမည်။ အဲ မိမိအသားကို လာထိပြီဆိုလျှင် ချစ်စနိုး ဂလိပင်လာမထိုးနှင့် ဂလိထိုးသည်ကိုပင် ပြန်၍ပေါက်မည်သာ ဖြစ်သည်။

မိနစ်လေးဆယ်သာသာ မောင်းခဲ့ပြီးသည်နှင့် မြင့်သာကမ်းခြေသို့ မော်တော်ကပ်နိုင်ပေသည်။

မော်တော်ငှားခကို ကျေနပ်အောင် ပေးခဲ့ပြီးနောက် ကျောပိုးအိတ်နှင့် ဆွဲအိတ်ကိုယူကာ စိုးမိုးနိုင်သည် သူ၏ တိုက်အိမ် ခြံဝင်းလေးရှိရာ ဂေါ်သဇင်လမ်းသို့ လျှောက်လာခဲ့သည်။ လျှောက်လာရင်း မိမိမသွားမီက



မြင့်သာနှင့် လေးနှစ်ကျော်ကျော် ငါးနှစ်နီးပါးကြာပြီးမှ ယခုရောက်ရှိ တွေ့ရှိရသော မြင့်သာကို နှိုင်းယှဉ်ကြည့်မိသည်။

များစွာ ကွားခြားနေပေပြီ။

မြင့်သာ တည်ရှိပုံကိုကပင် အရှေ့နယ်စပ်နှင့် နီးကပ်သဖြင့် မှောင်ခိုလုပ်ငန်း ကြီးထွားလာသည့်နှင့်အမျှ အရှေ့နိုင်ငံနှင့် ဆက်စပ်ပြီး ဒုစရိုက်လုပ်ငန်း ကြီးထွားချင်တိုင်း ကြီးထွားနေကြောင်း အကဲခတ် ရရှိပါ၏။

ဒုစရိုက်မှောင်ခိုလုပ်ငန်း ဆိုသည်မှာ ငွေများများကို လွယ်လွယ်နှင့် ရသော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့်လည်း ဖြတ်လမ်းသမားတွေသည် ဥပဒေကို နည်းအမျိုးမျိုးနှင့်လွတ်အောင် ကြိုးစားရှောင်ရင်း မှောင်ခိုဒုစရိုက်လုပ်ငန်းကို လုပ်ရဲနေကြခြင်းဖြစ်သည်။

ယခု မြင့်သာသည် ဒုစရိုက်မှောင်ခိုကြီးထွားလာသည်နှင့်အမျှ မြို့ငယ်နှင့် မလိုက်အောင်ပင် အဆောက်ဦးကြီးတွေ တည်ရှိလာသည်။ ငွေပေါသောမြို့၏ စည်ကားပုံ စည်ကားနည်းမျိုး စည်ကားလာသည်ကို စိုးမိုးနိုင် တွေ့ရှိရသည်။

ဂေါ်သဇင်လမ်းထဲရှိ မိမိခြံဝင်းနှင့် တိုက်အိမ်လေးထဲသို့ စိုးမိုးနိုင် ဝင်ရောက်လာသည်။

ခြံဝင်းလေးမှာပင် ပကတိအတိုင်း သန့်ရှင်း ား ပန်းအိုးပန်းပင်နှင့် သီးပင်စားပင်များမှာ စိုပြေစိမ်းလန်း း ပွင့်သည့်ပန်းတချို့ပင် ဝေဝေဆာဆာ ပွင့်နေကြသည် တွေ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်နီးပါ မိမိနှင့် ဍျခြ်ဍျတိုက်အိမ်လေး တင်းကွာနေစေကာမူ ကိုဒေဝနှင့် ယုယုက မိမိမရှိစဉ်အတွင်း အမြဲတမ်းရောက်ပြီး ထိန်းသိမ်း စောင့်ရှောက်ထားမှန်း မြင်ရုံနှင့် သိသာသည်။

စိုးမိုးနိုင်သည် ကားဂိုဒေါင်ကို လှမ်းကြည့်လိုက်သည်။ သော့ခတ်ထားခြင်းမရှိဘဲ ဂိုဒေါင်တံခါးနှစ်ရွက်ကို စေ့ရုံစေ့ထားသည်မို့ ယုယုသည် ကားယူထုတ်ထားသည်ဟု တွက်ရပါ၏။

မိမိတွင် အမြဲရှိနေသော သော့တွဲဖြင့်ပင် တိုက်အိမ်လေးတံခါးကို ဖွင့်ဝင်ခဲ့သည်။ အတွင်းဘက်တွင်လည်း အားလုံးသန့်သန့်ပြန့်ပြန့် စီစီရီရီ သူ့နေရာနှင့်သူ ရှိနေသည်ကို တွေ့ရပြန်သည်။

ယုယု ကောင်မလေးပင် အမြဲဝင်ရောက်ပြီး သန့်ရှင်းရေး လုပ်သွားခြင်း ဖြစ်ရမည်။

ညှော့ခန်း စားပွဲပေါ်တွင် မိမိ၏ဆွဲအိတ်နှင့် ကျောလွယ်အိတ်ကို တင်ထားပြီး ရေချိုးခန်းဆီသို့ လာခဲ့သည်။ ရေချိုးခန်းထဲရှိ နံရံကပ်မှန်ထဲတွင် မိမိရုပ်ကို မိမိပြန်ကြည့်မိသည်။ ညာဘက်မျက်ခုံးတစ်ဝိုက် ညိုမည်းနေသည်။ နှုတ်ခမ်းထောင့်တွင် သွေးနီကြောင်းလေးရှိနေသည်။

လေးမောင် ရိုက်သွားသော ဦးခေါင်းတွင် ဓါးဖြူသီးခန့် အဖုအယောင် ရှိနေသည်။

စိုးမိုးနိုင်သည် ကြွေအင်တုံမှ ရေကိုဖွင့်ပြီး ပထမမျက်နှာ သန့်စင်သည်။ ရေထိသောကြောင့် မျက်နှာ



ဒဏ်ရာတို့သည် စပ်ဖျဉ်းဖျဉ်းရှိသည်။ ပြီး အကျႌချွတ်ကာ ရေပန်းပွားဖွင့်ပြီး ဦးခေါင်းရော ခန္ဓာပါ ပန်းပွားအောက်သို့ ဝင်လိုက်သည်။

နွမ်းနယ်လာသမျှ လန်းဆန်းသွားပါ၏။

"ကိုကိုနိုင်... ကိုကိုနိုင်... ရေချိုးခန်းထဲမှာလားဟင်"

ယုယု၏အသံပင် ဖြစ်ရမည်ဟု တစ်ထစ်ချ တွက်မိသည်။ လွန်ခဲ့သော ငါးနှစ်နီးပါးခန့်က ယုယု၏ အသံသည် ယခုလို အပျိုမလေး၏အသံမျိုး မဟုတ်သေးသည်ကိုလည်း သတိရမိသည်။ ထိုစဉ်က ယုယုလေးက ဆယ့်သုံးလေးနှစ် အရွယ်သာကိုး။

ယခုတော့ ယုယု၏အပျိုမလေး၏အသံသည် ကြည်ကြည်လေးနှင့် လွင့်နေသည်။ သူမ၏အသံလေးမှာ နားဝင်ချိုလှပါ၏။

စိုးမိုးနိုင်သည် ရေချိုးခြင်းကို လက်စသတ်ပြီး ခါးအောက်ပိုင်းကို ကြီးမားသော မျက်နှာသုတ်ပုဝါဖြင့် ရစ်ပတ်ပြီး ရေချိုးခန်းတံခါး ဖွင့်လိုက်သည်။

ညှော့ခန်းရှိ မီးချောင်းကို ယုယုက ဖွင့်ထားသဖြင့် ရေချိုးခန်းမှ ညှော့ခန်းဆီသို့ ထင်ထင်လင်းလင်း လှမ်းမြင်ရသည်။

"ယုယု... "

"ကိုကိုနိုင်... "

ပထမတော့ ငါးနှစ်နီးပါး ကွဲကွာနေကြသည့် အရှိန်ကြောင့် တစ်ဦးကိုတစ်ဦး ငေးကြည့်စိုက်ကြည့် နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

စိုးမိုးနိုင်၏ရင်ဘတ် မျက်နှာ လည်ပင်း လက်မောင်းတို့တွင် ရေချိုးထားသဖြင့် ရေသီးရေပေါက်လေးတွေ တွယ်ကပ်နေသည်။

ယုယုသည် အလွန်လက်ရာမြောက် လှပချောမောသော ရုပ်ထုမလေးအသွင် ညှို့ခန်း စိုးမိုးနိုင် တင်ထားသည့် ကျောပိုးအိတ် ဆွဲအိတ်များရှိရာ စားပွဲဘေးတွင် ငြိမ်ငြိမ်လေး ရပ်နေသည်။

စိုးမိုးနိုင်က ရှေ့သို့ တစ်လှမ်းချင်း တိုးလာပြီး ယုယုနှင့် လေးငါးပေအကွာတွင်ရပ်ခါ သူ၏လက်နှစ်ဘက် ရှေ့တန်းကာ သူ၏ရင်ခွင်သို့ ယုယုအား ဖိတ်ခေါ်သည့် သွင်ပြင်ဟန်လက္ခဏာ ထင်ရှားစေသည်။

ယုယုသည် ဘာဘာညာညာ တစ်ခွန်းမျှ မပြောမနေဘဲ သံပတ်ပေး အရုပ်လေးသဖွယ် ပြေးလာကာ စိုးမိုးနိုင်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိပေတော့သည်။

ရင်တွင်းမှ ချစ်ခြင်းမေတ္တာဆိုသည်မှာ ဤသို့ သာတည်း။

ဓာတ်တော်တွင် မဟော်သဓာနှင့် အမရာသည် ဖြန်းခနဲ ပက်ပင်းတွေ့ကြသည်။ မဟော်သဓာက လက်သီး ဆုတ်ပြသည်။ အမရာက လက်ဝါးဖြန့်ပြသည်။

အဓိပ္ပာယ်ကား အမရာတွင် လက်ဆုပ် လက်ကိုင် ကာမပိုင်လင်ယောကျ်ား ရှိသလားဟု မေးခြင်းဖြစ်ပါ၏။ စကားတစ်ခွန်းမျှမဆိုဘဲ ကာမပိုင် လင်ယောကျ်ား



မရှိပါက သင့်ကို ကျွန်ုပ် မေတ္တာရှိသည်။ လက်ထပ်လိုသည် ဟူသော သဘောအဓိပ္ပာယ် ဖြစ်သည်။

အမရာက လက်ဝါးဖြန့်ပြခြင်းမှာ ကျွန်ုပ်တွင် ကာမပိုင်လင်ယောကျ်ား မရှိပါ။ သင့်မေတ္တာကို လက်ခံပြီး လက်ထပ်နိုင်ပါသည်ဟု အဖြေပေးခြင်းဖြင့် မဟော်သဓာနှင့် အမရာ စကားတစ်ခွန်းမျှ အဆိုမပြုဘဲ မေတ္တာမျှသွားကြသည်ဟူသတည်း။

ယခုတော့ ဘာထူးသေးသနည်း။

စိုးမိုးနိုင်၏ ရင်ထဲဝယ် ယုယုအား ရှေးမဆွကတည်းက နင့်နေအောင် ချစ်ပြီးသား။

ယုယုကလည်း အလားတူ။

သူတို့နှစ်ယောက် ဖြုန်းခနဲ တွေ့ဆုံကြသည်နှင့် စိုးမိုးနိုင်က ရင်ဖွင့်ဖိတ်ခေါ်သည်။ ယုယုက ဖွင့်နေသော ရင်ခွင်ထဲသို့ ပြေးဝင်မိသည်။

နှုတ်မှ ဖွင့်ဟချက်မရှိစေကာမူ ကိုယ်စီအတွင်းသား နှလုံးက ချစ်နေခဲ့ကြသည်ပဲကို။

ပြီး လက်ရှိအခြေအနေဝယ် ယုယု အဖို့ မဟာဓနုက္က သဘော်ပျက်ကိန်းကြုံနေပြီး ကယ်တင်ရှင်မေခလာ ထို မျှော်လင့်နေချိန် ဖြစ်နေသည်။

ယင်းအချိန်မှာပင် ရင်ထဲ နှလုံးသားထဲက ကျိတ်၍ အချစ်ကြီးချစ်ခဲ့ရသည့် ကိုကိုနိုင်။ အားကိုးအားထား အလိုအပ်ဆုံး အချိန်တွင် ဘွားခနဲ ပြန်လည်ရောက်ရှိလာသော ကိုကိုနိုင်။ ထိုသို့သော ကိုကိုနိုင်၏ ရင်ခွင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောစရာမလို။ ဆိုင်းဆင့်ဗုံတီး စရာမလိုဘဲ ယုယု အလိုလို ပြေးဝင်မိခြင်း ဖြစ်တော့သည်။

နှစ်ဦးစလုံး မြဲနေရာမှ ကာလဒေသ ပယောဂ အားလုံးကိုက်ညီပြီး ပေါက်ကွဲသွားခြင်း ဖြစ်ပါသည်။

"ကိုကိုနိုင်... ကိုကိုနိုင်... ကိုကိုနိုင် ဘာမှမဖြစ်ဘူးနော်... ကိုကိုနိုင်ကို သူတို့က တစ်ခုခုလုပ်ပစ်တော့မှာပဲဆိုပြီး ယုယု ရင်ထဲမှာ ပူလိုက်ရတာ... "

"အော်... ယုရယ်... ယုယုလေးရယ်... "

စိုးမိုးနိုင်မှာ စကားအရှည်ကြီး မပြောနိုင်သေးဘဲ ယုယုလေးရယ်ဟုသာ တမ်းတခြင်းမျိုးဖြင့် ရွတ်ဆိုမိပြီး ယုယု၏ကိုယ်လုံးလေးကို သူ၏လက်မောင်းအိုးကြီး လက်ဖျံအိုးကြီးနှစ်ဘက်ဖြင့် တင်းကျပ်စွာ ရစ်ပတ်ထားမိသည်။

ယုယုနှင့် ထိတွေ့ ပွေ့ဖက် ရခြင်းအတွက် စိုးမိုးနိုင်တွင် ရင်ထဲမှာရော ခန္ဓာတစ်ခုလုံးရော တရှိန်းမြမြ တကြည်နူးနူး ဖြစ်ရပါ၏။

ယုယု၏ရုပ်လေးက အလွန်တရာ ချောမောလှပရုံမက ခန္ဓာကိုယ်လေးကလည်း ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ဖြင့် ကျစ်လစ်ကျော့ရှင်းလှပါသည်။

ယုယုအသက် (၁၈)နှစ် ပြည့်စဉ်က ပေးပို့ခဲ့သော ဓာတ်ပုံကို စိုးမိုးနိုင်ကြည့်ကာ ယုယုလေးသည် "လှလွန်းလှချည်ကော" ဟု ယူမှတ်မိသည်ထက် ယခုအပြင်ဘက်၌ ယုယု၊ လူကိုယ်တိုင်လေးမှာ လှလွန်းလှချည်ကော။ ဓာတ်ပုံထဲကထက်ပင် အဆပေါင်းများစွာ ပို၍ ပို၍ လှလွန်းလှချည်ကော ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။



ယုယုက ရင်ခွင်တွင်းမှာပင် စပါးကြီးမြွေ အပတ်ခံနေရသည့်ကြားမှ သူမ၏ချစ်လှစွာသော ကိုကိုနိုင်၏ မျက်နှာကို မော့ကြည့်မိသည်။

"ဟင် ကြည့်စမ်း... ကိုကိုနိုင့်မျက်နှာမှာ ညိုမည်းဖူးယောင်နေပါလားဟင်... ဟယ် နှုတ်ခမ်းထောင့်မှာလည်း သွေးစို့နေတယ်... "

"ကိုကိုနိုင်... ယုယုကို ချောင်းနှစ်ခွဆိပ်ကမ်းက စောင့်နေတုန်း ကိုကိုနိုင်မျှော်တဲ့ ယုယု ရောက်မလာဘဲ သူတို့ရောက်လာကြတယ်လေ ယု... "

"သိတယ် ကိုကိုနိုင်... ယု သိတယ်... သူတို့က ကိုကိုနိုင်ကို ဘာလုပ်ကြလဲဟင်... "

"ဖြားယောင်းတယ်... သွေးဆောင်တယ်... အချိုတိုက်တယ်... အဲဒါမရမှန်းသိတော့ အခါးတွေ တိုက်သွားတာပေါ့ ယုယု... "

ယုယုသည် လူကြီးကို ပြန်မလုပ်နိုင်သဖြင့် လက်သီးဆုပ် အံကြိတ်သော ကလေးငယ်ကဲ့သို့ပင် ခံပြင်းစွာ လက်သီးလေးဆုပ် အံလေးကြိတ်လိုက်မိသည်။

"ကိုလေးမောင်ပဲ... ကိုကိုနိုင့်ကို လူတွင်ကျယ် လုပ်သွားတာ မဟုတ်လားဟင်... "

"မနှင်းဆီလည်းပါတယ် ယု ... ပြီးတော့ တခြားသေနတ်ကိုင်လူမိုက်နှစ်ယောက်လည်း ပါသေးတယ် ကိုကိုနိုင့်ကို သူတို့လေးယောက်က ကုန်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေလမ်းနဲ့ အမိဖမ်းတာလေ... ”

ယုယုက သက်ပြင်းလေးတစ်လုံးချကာ သူမအဖြစ်ချက်ကို ပြောပြသည်။

“ကိုကိုနိုင်... ပထမ အောင်ဒေဝဟိုတယ်ကို ဖုန်းဆက်တယ် မဟုတ်လား... ကိုကိုနိုင် ဖုန်းဆက်တာကို နားထောင်ပြန်ပြောသူဟာ ကိုလေးမောင်ပဲ... ပြီးတော့ ကိုလေးမောင်က ကိုကိုနိုင်ရဲ့ ဖုန်းကိုမြင်သာအိပ်(စ်)ချိန်းကတစ်ဆင့် ယုယုဆီ ပြောပေးလိုက်တယ်... ဒီတော့ ကိုကိုနိုင်နဲ့ ယုယုတို့ ဘယ်လိုဆက်သွယ်ပြီး ဘယ်မှာတွေ့ဖို့ ချိန်းတယ်ဆိုတာကို သူတို့ သိပ်သိချင်ကြတယ်... ယုယုကို အတင်းခေါ်ပြီး အနိုင်အထက် နှိပ်စက်ပြီး မေးကြတယ် ... နောက်ဆုံး ယုယု မခံနိုင်တော့လွန်းလို့ ကိုကိုနိုင်နဲ့ ယုယုတို့ ချောင်းနှစ်ခွမှာ ချိန်းတာကို ပြောပြလိုက်ရတယ်... ဒါကြောင့် သူတို့ ကိုကိုနိုင် စောင့်နေတဲ့ ချောင်းနှစ်ခွကို လိုက်လာကြတာ... ”

စိုးမိုးနိုင်က ဘာမှမပြောဘဲ ယုယုနှင့် ပါးချင်းကပ်ထားလိုက်သည်။

“မြင်သာမှာ ဘာတွေဖြစ်ကုန်ကြလဲ ယု... ကိုကိုနိုင်မရှိတဲ့အတောအတွင်းမှာ ဘာတွေဘယ်လို ဖြစ်ကုန်ကြတာလဲဟင်... ”

“ယုယု အဲဒီအကြောင်းတွေ ကိုကိုနိုင့်ဆီ အကြောင်းစုံစာရေးခဲ့တာပဲ... အဲဒီစာတွေ ကိုကိုနိုင် မရဘူးလား



ဟင်... ”

“တိုက်ပွဲတစ်ခုမှာ ကိုကိုနိုင် ဒဏ်ရာရခဲ့တယ် ယု... စစ်တွေဆေးရုံမှာတစ်လ... မင်္ဂလာဒုံဆေးရုံမှာ တစ်လခွဲနှစ်လနီးပါ တက်ခဲ့ရတယ်... အဲဒီမှာ ယုယု ပေးတဲ့စာတွေကနဲ့ ကိုကိုနိုင် လွဲသွားတာနေမှာပေါ့... ယုယုပေးတဲ့ စာတွေက ရှေ့တန်းကို ရောက်သွားလို့နေမှာပေါ့... ”

“ဟယ်... ကိုကိုနိုင် ဒဏ်ရာနဲ့ ဆေးရုံတက်ရတယ် ဟုတ်လား... ဒဏ်ရာက သိပ်ကြီးလား ကိုကိုနိုင်”

“ဒဏ်ရာက ခြေထောက်မှာ ရတာပါ... အခုတော့ ပျောက်သွားပါပြီ... ဒါထက် ကိုဒေဝက အောင်ဒေဝ တစ်ဝက်ကို ဦးဘာဘာဆီမှာ ရောင်းလိုက်တယ် ဆိုတာ တကယ်လား ယု... ”

ယုယုက ချက်ချင်းပြန်မဖြေသေးဘဲ စိုးမိုးနိုင်၏ မျက်နှာ၌ ညိုမဲနေသည့်နေရာကိုရော ကွဲသွား၍ သွေးဆို့နေသော နှုတ်ခမ်းကိုရော သူမ၏နူးညံ့သည့် လက်ချောင်းလေးများဖြင့် ယုယစွာ ပွတ်သပ်နေသေးသည်။

“အဲဒီအကြောင်းတွေ ယုယုရေးတဲ့ စာထဲမှာ အားလုံးပါတယ်... ဒါပေမယ့် ကိုကိုနိုင်မှ မဖတ်ရတာ... ယုယု ပြောပြပါ့မယ်... ကဲ ကိုကိုနိုင် ရေချိုးထားတာ ရေတွေသုတ်ဦးနော်... တော်ကြာ အအေးမိဦးမယ် ပင်ပန်းပြီး ဒဏ်ရာကျွေလည်း ရထားတာ... နေနား နေနေ ပြောကြတာပေါ့... တော်ကြာ ကိုကိုနိုင် နေ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်မှာ စိုးရတယ်... "

ယုယုစကားကို စိုးမိုးနိုင် နားဝင်ပါ၏။ စားပွဲပေါ်ရှိ ဆွဲအိတ်ထဲမှ မျက်နှာသုတ်ပုဝါထုတ်ပြီး ဦးခေါင်းစိုကို သွေ့ခြောက်အောင်သုတ်ပြီး တစ်ကိုယ်လုံးလည်း သုတ်လိုက်ပြီးနောက် စပို့ရှပ်အင်္ကျီနှင့် ချည်ချောလုံချည် ဝတ်လိုက်သည်။

စိုးမိုးနိုင်၏ အသားသည် အညိုရောင်သမ်းသော်လည်း စိုပြေလှပါ၏။ ညိုချောလုလင်ကြီးဖြစ်သည်။ ယုယုအနေနှင့် ယောကျ်ားဆို ကိုကိုနိုင့်လို ညိုရောင်သမ်းမှ သဘောကျသည်။ ယောကျ်ားသား အသားဖြူစင်နေလျှင် မိန်းမဆန်သည်ဟု ယုယုစိတ်ထဲ ထင်မိသည်။ သူချစ်သော ကိုကိုနိုင်ကပင် ညိုသည်မို့ ယုယု အညိုကို သဘောကျခြင်း ပေလားတော့ မပြောတတ်။ စိုးမိုးနိုင်၏ မဲနက်တောက်ပပြီး အုံကောင်းသောဆံပင်မှာ မျက်နှာသုတ်ပုဝါဖြင့် ပွတ်ထားသဖြင့် ခွေခွေခေါက်ခေါက် ဆံညွန့်လေးတွေ နဖူးပြင်ထက်ကျနေသည်ကပင် ယုယုမျက်စေ့ထဲတွင် တစ်မျိုးကြည့်ကောင်းနေပါ၏။ လက်မောင်းမာဆယ်အိုးကြီးတွေ မို့မောက်နေသော ရင်အုပ်ကြီးတွေ ကျယ်ပြောပြီး ဖုထစ်နေသော ပုခုံးကြွက်သားကြီးတွေဖြင့် ကိုကိုနိုင်သည် ဘယ်လိုကြည့်ကြည့် ကြည့်ကောင်းလှုရုံမက ယောကျ်ားပီသလှပါပေ၏။

ယုယုသည် ကလေးတစ်ယောက်၏ နှစ်သက်သဘောကျခြင်းမျက်နှာမျိုးလေးဖြင့် ဖုထစ်နေသည့် စိုးမိုးနိုင်၏လက်မောင်းကြွက်သားကြီးကို ကိုင်တွယ်ရှောသပ်နေ



ပေသည်။

ယုယု၏ ပရိယာယ် ဟန်ပန်တွေ မပါဘဲ သဘောကျသည်ကို သဘောကျသည့်အတိုင်း ကလေးငယ်တစ်ယောက်ကဲ့သို့ ပြုမူနေခြင်းကို စိုးမိုးနိုင်ကကြည့်ပြီး ချင့်မရဲဖြစ်လာကာ ယု၏ကိုယ်လေးကို ခပ်ကြမ်းကြမ်းပင် သိမ်းဖက်ဖျစ်ညှစ်လိုက်သည်။

"အားပါးပါး... နာတယ် ကိုကိုနိုင်ရယ်... ကိုကိုနိုင့်ကြောင့် နာတာမဟုတ်ပါဘူး... ဒဏ်ရာတွေက နာတာကိုပြောတာပါ... "

"ဒဏ်ရာ... ဟုတ်လား ယု... ဘာဒဏ်ရာလဲ... "

ယုယုက အပေါ်မှ ဝတ်ဆင်ထားသည့် အပါးအနွေးထည်လေးကို ချွတ်ပြီး အထဲလက်ပြတ်အင်္ကျီမှ ပေါ်ထွက်လာသည့် လက်မောင်းလေးကို ညွှန်ပြသည်။

လှပသော လက်မောင်းလေး နှစ်ဘက်အပေါ်လုံးတွင် မီးလောင်မှ နီတာရဲလေးတွေကို တွေ့ရသည်။

"ကိုလေးမောင်ပေါ့... ကိုကိုနိုင်... ယုယု လက်မောင်းကို စီးကရက်မီးနဲ့ထိုးပြီး ကိုကိုနိုင်နဲ့ ဖုန်းဆက်ချိန်းတဲ့နေရာကို အနိုင်ကျင့်မေးတာလေ... နောက်ဆုံး ယုယု မခံနိုင်တော့လွန်းလို့ ဖွင့်ပြောမှ ဆက်ပြီး စီးကရက်မီးနဲ့မထိုးတာ... "

"တောက်... "

စိုးမိုးနိုင် ပြင်းထန်စွာ တောက်ခေါက်မိပါ၏။

လေးမောင် ကောင်တော်ကြီးကို လူပါးဝရုံမက

www.burmeseclassic.com

www.burmeseclassic.com



တွင်ကျယ်လွန်းနေသည်။ ယုယုကဲ့သို့ အလွန်နုနယ်သော အမျိုးသမီးငယ်အား ယောကျ်ားကြီးတန်မယ့် စီးကရက်မီး နှင့်ထိုး အနိုင်ကျင့်ရသတဲ့လား။ ဒါတင်မက ချောင်းနှစ်ခု တွင်လည်း မိမိအပေါ် အရမ်းလူတွင်ကျယ် လုပ်သွားသေး သည်။ ခံပြင်းစရာကောင်းလှသောကြောင့် ပြင်းထန်သော တောက်ခေါက်မိခြင်း ဖြစ်ပါ၏။

ကျောင်းသားဘဝကဆိုလျှင် စိုးမိုးနိုင်က ဟော့ ကောင် လေးမောင်ဟု အသံမာမာဖြင့် ခေါ်ရုံနှင့် ကြောက် သေးပါခဲ့သည့်အကောင်က ယခု စိုးမိုးနိုင်အား မင်းတွေ ငါတွေနှင့် ပြောသည်။ ဟိုတုန်းက မနှင်းဆီတို့ ခေါ်သကဲ့သို့ ကိုစိုးဟု ခေါ်ခဲ့ရာက ယခု ရင့်သီးစွာ စိုးမိုးနိုင်ဟု ခေါ်သည် အထိ ဖြစ်နေသည်။

အင်း ဒီကောင် လေးမောင်နဲ့တော့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြသေးတာပေါ့ဟုသာ စိတ်ထဲက တင်း ထားလိုက်ရသည်။

"လေးမောင်လိုကောင်က အခု ဘာလို့ ဒီလောက် တောင် နေရာယူတွင်ကျယ်နေတာလဲ ယု... "

"သူက ဦးဘာဘာရဲ့ ညာလက်ရုံးနေရာ ရထားတဲ့ လူလေ ကိုကိုနိုင်... ဦးဘာဘာရဲ့အထွေထွေမန်နေဂျာ ဆိုပါတော့... နောက်တစ်နည်း ပြောရရင်တော့ ကိုလေးမောင်ဟာ တစ်နေ့ကျရင် မနှင်းဆီနဲ့ ဦးဘာဘာက လက်ထပ်ပေးမှာပဲဆိုတဲ့ မျှော်လင့်ချက် နဲ့ ဦးဘာဘာရဲ့ တစ်ပါးကျွန် ဖြစ်နေတာပဲ... "



"အော်... အော်... ဒီလိုလား... "

"ဒါပေမယ့် မမနှင်းဆီကတော့ ကိုလေးမောင်လိုလူ ကို နှစ်သက်ပုံမရပါဘူး... ဒါပေမယ့် ဦးဘာဘာဟာ အစ်ကိုရင်း မဟုတ်လား... မိဘတွေလည်းမရှိတော့ အစ်ကိုရဲ့ဆန္ဒသဘောကို လိုက်လျောနေရတဲ့ပုံစံပဲ... ဦးဘာဘာကတော့ သူ့အတွက် စီးပွားရေးအောင်မြင် ဖို့ဆိုရင် ဘာ့နဲ့မှ သိက်တူးရုံမကဘူး... သူအင်မတန် မြတ်နိုးချစ်ခင်တဲ့ သူ့ဇနီးမသန္တာကိုတောင် သူ့စီးပွား ရေးအတွက် အသုံးချသေးတာပဲ... "

စိုးမိုးနိုင် ခေါင်းညိတ်ပြီး ယုယု၏စကားကို သဘောတူ ထောက်ခံလိုက်သည်။ ပြီး ပြတင်းပေါက်ရှိရာ သို့ လျှောက်သွားပြီး ပြင်ပသို့ ဘာရယ်ညာရယ်မဟုတ် လှမ်းကြည့်နေမိသည်။

"အစ်ကိုဒေဝဟာ ပင်ကိုယ်ဗီဇ ဆိုးတဲ့လူမဟုတ် ကြောင်း... ကိုကိုနိုင်တို့ ရင်းရင်းနှီးနှီးပေါင်းလာတာ သိမှာပါ ... ဒါကြောင့်လည်း ကိုကိုနိုင်ကိုယ်တိုင် အစ်ကိုဒေဝကို ငွေတွေပုံအပ်ပြီး အောင်ဒေဝဟိုတယ် ကို ရှယ်ယာပါတနာအဖြစ်လွှဲအပ်ခဲ့တာမဟုတ်လား"

"ကိုကိုနိုင် ကိုဒေဝဟာ ညီရင်းအစ်ကိုလို ခင်မင်ခဲ့ ကြတာအမှန်ပဲ ယု... ဒီတော့ ကိုဒေဝအနေနဲ့ အောင် ဒေဝဟိုတယ်ကို ခုလောက်ကြီး မျက်နှာလွှဲခဲပစ် လုပ် မပစ်သင့်ဘူးလို့ ကိုကိုနိုင် ယူဆတယ် ဘာဖြစ်ဖြစ် ဒီလိုလုပ်ချင်ဦးတော့ ကိုကိုနိုင်ကို ကိုဒေဝအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုပြီး တိုင်ပင်သင့်တယ်… တိုင်ပင်ပြီးမှ သူလုပ်ချင်တာ လုပ်သင့်တယ်… ”

“ကိုကိုနိုင် ပြောတာမှန်တယ်… ယု ထောက်ခံတယ် ဒါပေမယ့် အစ်ကိုဒေဝဟာ မသန္တာအပေါ်မှာ အရှုံး အမှုး ဖြစ်သွားတယ်… ယောကျ်ားတွေဟာ ချစ်သူ အတွက်ဆိုရင် မစဉ်းစား မဆင်ခြင်နိုင်တော့ဘဲ မိုက် မိုက်မဲမဲ လုပ်တတ်ကြတာပဲ… ”

“ဆိုပါဦး ယု… ကိုဒေဝဟာ သူ့သိပ်ချစ်တဲ့ မသန္တာ အတွက် ဘယ်လိုများ မိုက်မဲတယ်ဆိုတာလေ… ”

စိုးမိုးနိုင်ရှိရာဆီ ယုယုက ဖွဖွလေး လှမ်းလာခဲ့သည်။ စိုးမိုးနိုင်၏ နောက်ကျောဘက်တွင်ရပ်လိုက်သည်။ ယုယု၏ ကိုယ်သင်းနံ့လေးရသဖြင့် မိမိကျောဘက်သို့ ယုယု ရောက်နေကြောင်း စိုးမိုးနိုင် သိပေသည်။

“မသန္တာဆိုတာက ဦးဘာဘာ အတင်းသိမ်းပိုက်တာကို ခံရတဲ့ ဦးဘာဘာရဲ့ဇနီးပါ… ချောချောလှလှပဲ ယုယုထက် အသက်ပိုကြီးရင် နှစ်နှစ် သုံးနှစ်လောက်ပဲ ရှိမယ်… အသက်နှစ်ဆယ်ဝန်းကျင် အရွယ်ပါ ကိုကိုနိုင်… တကယ်တော့ အစ်ကိုကြီးဒေဝဟာ ဘယ်လောက် သိက္ခာကြီးတယ်… သူ့သိက္ခာသူ ထိန်းတယ် ဆိုတာလည်း ကိုကိုနိုင် အသိပါ… အဲ မသန္တာရဲ့ တွေ့ဖန်များတော့ အစ်ကိုကြီးဒေဝ ရှာန်လျှောတာပဲ ကိုကိုနိုင်… ”

“အဲဒီတော့ ဘာဖြစ်လဲ ဆက်ပြောပါ ယု… ”





“ယုတို့မြို့င်သာမှာ မြို့ပိုင်တောင်မရှိတဲ့ မြို့ပဲ … မြို့ပိုင်လောက်ရှိရင် မြို့နယ်တရားသူကြီးအဖြစ် ရှိဦးမယ် … အခုတော့ အမှုတစ်ခု ဖြစ်လာရင် ကျိုက်မရောကို ပို့တန်ပို့ရတယ်… အမှုသိပ်ကြီးရင် မော်လမြိုင်ကို ပို့ရတယ်… မြို့င်သာမှာက ရဲစခန်းသာရှိပြီး ရဲစခန်းမှူးဦးငွေရက အကြီးဆုံးအဖြစ် ရှိနေတာ… အင်အားသိပ်ကြီးလာတဲ့ ဦးဘာဘာလို လူကျတော့ စခန်းမှူးဦးငွေရ လက်လျှော့ရတယ်… ”

“ဘာလို့လက်လျှော့ရတာလဲ ယု… ”

“စခန်းမှူးဦးငွေရဟာ အောင်ဒေဝဟိုတယ်မှာ ချိန်းဝိုင်းလုပ်နေတာကို သတင်းအရ နှစ်ကြိမ်သုံးကြိမ် ဝင်ဖမ်းတယ်… ဒါပေမယ့် ဦးငွေရသာ အရှုံးဖြစ်ရတယ် … ကစားဝိုင်းဖမ်းတယ်ဆိုတာက လက်ပူးလက်ကြပ် ကစားသူရော လောင်းကစားငွေကြေးရော လောင်းကစားရာမှာ အသုံးပြုတဲ့ လောင်းကစားပစ္စည်းရော ဥပမာ ဖဲထုပ်တို့ ဂျင်တို့ ဘာတို့ပေါ့… ကိုကိုနိုင်ရာ… အဲဒါတွေ ဘာဆိုဘာတစ်ခုမှ လက်ပူးလက်ကျပ် မဖမ်းမိဘူး… ဘယ်မိမလဲ ဦးဘာဘာက ချိန်းဝိုင်းလုပ်တဲ့နေ့ဆိုရင် ကင်းတို့ ကင်းရှည်တွေ ချထားတာကို… ဦးငွေရတို့လာပြီဆိုတာနဲ့ အဲဒီကင်းတို့ ကင်းရှည်တွေက သူတို့နည်း သူတို့ဟန် သူတို့ သင်္ကေတတွေနဲ့ ဦးဘာဘာဆီ သတင်းအရင်ပို့တော့ ဦးဘာဘာက ချိန်းဝိုင်းကို ဖျောက်ဖျက်ပြီးသား ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတာပေါ့… ကြာတော့လည်း ဦးငွေရက လက်လျှော့သွားပြီး ဦးဘာဘာနဲ့ ကန္တကောဓသင့်မြတ်သွားသလားပဲ ကိုကိုနိုင်… ”

စိုးမိုးနိုင်သည် စီးကရက်မီးခိုးဒဏ်ကင်းလွတ်ရာ နေရာကိုရွေးပြီး ယုယု၏လက်မောင်းလေးကို ကိုင်ကာ ကုလားထိုင်တွင် ထိုင်စေသည်။

“အဲဒီအကြောင်း ခဏထားဦး… ဒီမြို့မှာ ဒီလိုပဲ ဖြစ်ရမှာပေါ့… ကိုကိုနိုင် သိပ်သိချင်တာက လူရိုးကြီးကိုဒေဝဟာ မသန္တာနဲ့ဘယ်လိုဖြစ်ပြီး ဒီမိန်းမက ကိုဒေဝကို ဘယ်လိုအကွက်တွေ ရိုက်သွားခဲ့တာလဲ ယု… ”

“မသန္တာကိုတော့ အပြစ်မမြင်ပါနဲ့ ကိုကိုနိုင်… မသန္တာဟာ ရုပ်ရော အကျင့်ရော စိတ်ဓာတ်ရော သိပ်တော် သိပ်ကောင်းတာပါ … အသည်းနှလုံးရှိတဲ့ အမျိုးသမီးတစ်ယောက်ပါ … အစ်ကိုကြီးဒေဝကို မသန္တာက သူ့ရဲ့တကယ့်နှလုံးသားနဲ့ ချစ်ရှာတာပါ မသန္တာကို အစ်ကိုကြီးဒေဝရော ယုယုကပါ ချစ်ပါတယ် ကိုကိုနိုင်… ”

“ဘာပဲဖြစ်ဖြစ်… မသန္တာဟာ ဦးဘာဘာရဲ့ဇနီးပဲ မဟုတ်လား… ”

“အတင်းအသိမ်းအပိုက်ခံလိုက်ရလို့ ဇနီးဖြစ်သွားတာမျိုးပါ ကိုကိုနိုင်… ဦးဘာဘာဟာ မသန္တာရဲ့ မိဘတွေကို ပေးကမ်းထောက်ပံ့ခဲ့တာတွေ ပြန်မပေး



နိုင်တဲ့အဆုံးမှာ ဦးဘာဘာ တောင်းခံချက်အတိုင်း မသန္တာကို ထိုးပေးလိုက်ရတာပါ… မသန္တာကို ထိုးမပေးရင် ဦးဘာဘာက မသန္တာရဲ့မိဘကို ဒုက္ခပေးတော့မှာကို မသန္တာဟာ မိဘကိုငဲ့ပြီး ဦးဘာဘာတို့ သိမ်းပိုက်တာကို အရုပ်တစ်ရုပ်လို ခံလိုက်ရတာပါ ကိုကိုနိုင်ပဲ စဉ်းစားကြည့်ပေါ့ မသန္တာလို အသက်ငယ်ငယ် ရုပ်ချောချော မိန်းကလေးတစ်ယောက် အနေနဲ့ ကိုယ့်အဖေလောက်မကဘူး မသန္တာထက် အသက်နှစ်ဆမက ပိုကြီးတဲ့ ဦးဘာဘာလိုလူကြီးကို ဘယ်မှာသွားချစ်နိုင်မှာလဲ… လုံးဝကြီးကို မေတ္တာမရှိဘဲ လင်လုပ်နေရတာပါ ကိုကိုနိုင်… ”

ယုယုထိုင်နေသည့် ဆက်တီကုလားထိုင် က်တန်းပေါ်တွင် စိုးမိုးနိုင် မှေးထိုင်လိုက်ပြီး ယုယုကို င်မတန် ညင်သာသော အပွေ့အပိုက်မျိုးဖြင့် ပွေ့ပိုက်ထား ည်။ ယုယု၏ နက်မှောင်အုံကောင်းသော ဆံကေသာစု စိုးမိုးနိုင်၏မေးစေ့အောက်တွင် ရှိနေပါ၏။ ယုယုသည် င်ခြားဖြစ် ဆီမွှေးတွေဘာတွေကို မလိမ်းဘဲ အုန်းဆီ စ်လေးကိုသာ သုံးသဖြင့် သင်းပျံ့သည်။ အုန်းဆီနံ့လေး ိုးမိုးနိုင် ရှူရှိုက်နေမိပါ၏။

“ယုတို့က မသန္တာဘက်က ရှေ့နေလိုက်နေတုန်းပဲလား… ကိုကိုနိုင် အကြမ်းဖျင်း နားလည်သဘော ပေါက်တာကတော့ မသန္တာဟာ ဦးဘာဘာရဲ့ဇနီး… ဦးဘာဘာရဲ့ သွန်သင်ချက်ကို နာခံတယ် …

www.burmeseclassic.com

www.burmeseclassic.com



ဦးဘာဘာက သူ့စီးပွားရေး အောင်မြင်မှုအတွက် ကိုဒေဝကို မသန္တာနဲ့မျှားပြီး ထောင်ချောက်ဆင်ခဲ့ တယ်... မသန္တာက သူ့လင်ဦးဘာဘာ ခိုင်းသမျှ လုပ် ဆောင်ပေးခဲ့လို့ ကိုဒေဝ ဒုက္ခရောက်ရတာလို့ပဲ နား လည်တယ်... ”

“ယုလည်း အဲဒီလိုပဲ ပထမက ထင်ခဲ့မိသေးတယ်... ကိုကိုနိုင်... ဒါကြောင့် ကိုကြီးဒေဝကို မကျေနပ်နဲ့ ယု ပြောခဲ့တယ်... အဲဒီတော့ အစ်ကိုကြီးဒေဝ ရှင်းပြ တယ်... မသန္တာဟာ သူ့ကိုဘာမှ ဖြားယောင်း သွေး ဆောင်တာ မရှိပါဘူးတဲ့... မသန္တာအနေနဲ့ဦးဘာဘာ အသိမ်းအပိုက် ခံရပြီးတဲ့နောက်မှာ လောကကြီးမှာ မပျော်ပိုက်တော့တဲ့ သနားစရာကောင်းတဲ့ မိန်းမငယ် လေးတစ်ယောက်ပါတဲ့... သို့ဘဝမှာ သူမပျော်တာ နဲ့ ပျော်ရွှင်မှုကို ရှာဖွေရင်း အောင်ဒေဝဟိုတယ်ကို ရောက်လာတာတဲ့... အောင်ဒေဝဟိုတယ်မှာ အစ်ကို ဒေဝက ဧည့်သည်တွေကို ဖြေဖျော်မှုလေးတွေ လု ပေးတယ်လေ... တီးဝိုင်းနဲ့အဆိုတွေ အငြိမ့်သဘော အကလေးတွေ တစ်ခါတလေ တစ်ခန်းရပ် ပြဇာ မျိုးလေးတွေ စီးပွားရေးသဘောအရ ဧည့်ကြိုက်ပြ အောင် လုပ်ပေးတယ်... အဲဒီမှာ ပျော်ရွှင်မှုကို ရှာ နေရှာတဲ့ မသန္တာဟာ အောင်ဒေဝဟိုတယ်ကို အသ များတယ်... အဲဒီမှာ အစ်ကိုကြီးကိုဒေဝနဲ့ ေ သိရာက ခင်မင်သွားပြီး နောက်ဆုံး တစ်ယောက်



တစ်ယောက် ချစ်ကြိုက်သွားတာပါ... ဒါပေမယ့် အစ်ကိုကြီးကိုဒေဝအနေနဲ့ လင်ရှိမယားမို့ ချစ်ရုံက လွဲပြီး ကာယကံမြောက် တွေ့တာတွေမရှိအောင် ထိန်းသိမ်းပါတယ်... အဲဒီလို ထိန်းသိမ်းလေ မသန္တာ က အစ်ကိုကြီးဒေဝကို ပိုကြည်ညိုချစ်ခင်လေ ဖြစ်ရှာ တယ်... မသန္တာရဲ့ ဘဝမှာ တစ်ကြိမ်တစ်ခါမှ ချစ်သူ မရှိသေးခင် ဦးဘာဘာလက်ထဲ ရောက်သွားရရှာ တာကို အစ်ကိုကြီးဒေဝကို ချစ်မိမှ အစ်ကိုကြီးဒေဝ ဟာ မသန္တာရဲ့ ပထမဆုံး အချစ်ဦးဖြစ်ရတာတဲ့... အဲဒါတွေဟာ မှန်တယ်လို့ ယုယုကိုယ်တိုင်လည်း စုံစမ်းလို့ သိရတယ်... အကဲလည်းခတ်မိတယ်... အခုဆိုရင် မသန္တာဟာ အစ်ကိုကြီးဒေဝ အချုပ်က လွတ်မြောက်ရေးအတွက် တစ်ဘက်တစ်လမ်းက ကြိုတ်ပြီး ကြိုးစားနေရှာတယ် ကိုကိုနိုင်... ”

“အင်းလေ ထားပါတော့... ဒါတွေဟာ ကိုကိုနိုင် မျက်ကွယ်မှာ ဖြစ်ခဲ့တာတွေဆိုတော့ ကိုကိုနိုင် ဘာမှ မဆုံးဖြတ်သေးပါဘူး ... တကယ့်အစစ်အမှန်ကို ကိုကိုနိုင် စုံစမ်းဦးမှာပါ... ဒါပေမယ့် ကိုကိုနိုင် နား မလည်တာတစ်ခုက ကိုဒေဝဟာအောင်ဒေဝဟိုတယ် သူ့ရဲ့ပိုင်ဆိုင်မှုထက်ဝက်ကို ရောင်းပစ်ရအောင် ဘာ ကိစ္စ ငွေတွေဒီလောက်လိုအပ် သွားရတာလဲ... ”

“ဖဲရှုံးလို့ပဲ ကိုကိုနိုင်... ”

“ဟော... ကိုဒေဝဟာ အဲဒီလောက်ငွေတွေ ကုန်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖဲရိုက်သတဲ့လား... ကျားသားမိုးကြိုး... ”

ယုယု ခမြာ သက်ပြင်းလေး ချရှာသည်။

“ထွက်ပေါက်ရှာတာ ကိုကိုနိုင်... အစ်ကိုကြီးဒေဝက မသန္တာနဲ့သူဟာ အခြားတစ်နေရာကို ပြေးကြမယ်... အဲဒီတော့ ငွေသိပ်လိုမယ်... အောင်ဒေဝဟိုတယ်ကို တော့ ယုယုနဲ့ လွှဲခဲ့မယ်... အခိုက်အတန့်တော့ ယုယု က ဟိုတယ်ကို ထိန်းသိမ်းထားနိုင်မယ်... တစ်နေ့ ကိုကိုနိုင် ပြန်လာရင် ယုယုကို ကိုကိုနိုင်က လက်တွဲ ပြီး လုပ်ငန်းကို ဦးစီးဆောင်ရွက်မှာပဲလို့ အစ်ကိုကြီး ဒေဝက တွက်တယ်... ”

“အဲ... ကိုဒေဝက တစ်နေ့ကျရင် ကိုကိုနိုင်က ယုကို လက်တွဲမယ်ဆိုတာ သိနေသလား... ”

“အင်းပေါ့... ”

ဟု ယုယုက ရှက်စနိုး မပွင့်တပွင့်လေး အင်း ပေါ့ဟု တိုးတိုးလေး ပြောလိုက်သည်။ ပြီးဆက်ပြောပြပါ၏။

“ယုယုမှာ ဒီအစ်ကိုနဲ့ ဒီညီမပဲ ရှိကြတာပဲ ကိုကိုနိုင် ဒါကြောင့် ကိုကိုနိုင့်ဆီက စာတွေလာတိုင်း ဓာတ်ပုံ တွေပို့တိုင်း အစ်ကိုကြီးဒေဝက ရိပ်မိတာပေါ့ ... သိတာပေါ့... ”

စိုးမိုးနိုင်သည် ချစ်လှစွာသော ယုအား အလွန် အမင်း ကျေနပ်သွားပါ၏။

ယုယုအား မိမိက ချစ်နေမိကြောင်းတွေ စာနှင့် ရေးပို့ကတည်းက ယုသည် သူမ၏အစ်ကိုကြီး ကိုဒေဝကို



တိုင်ပင်ခဲ့ဟန်တူပေသည်။ အစ်ကိုကြီး၏ ဆန္ဒမပါဘဲ မိမိ အချစ်ကို လက်ခံသည်မျိုး မဟုတ်သော်ငြား အမျိုးသမီးငယ် တစ်ဦးအနေနှင့် တိတ်တခိုး ချစ်သူထားခြင်းထက် ယခုလို မိမိ၏အုပ်ထိန်းသူအား ဖွင့်ပြောပြပြီးမှ လက်ခံခြင်းသည် အလွန်လျော်ကန်သော လုပ်ဆောင်ချက် တစ်ခုဖြစ်သော ကြောင့် ယုယုအား စိုးမိုးနိုင်က အလွန်ကျေနပ်မိခြင်း ဖြစ်ပါ သည်။

“အဲဒီတော့ ကိုဒေဝက ဘာပြောလဲ... ”

“အစ်ကိုကြီးဒေဝဟာ ယုယုကို ကိုကိုနိုင်နဲ့ဆိုရင် သဘောတူတာပေါ့... တစ်ခုပဲပြောတယ်... ဒီကောင် ဖိုးစိုးက သူ့ရဲ့အဖွဲ့မှ သူပြောနေတာ ခက်တယ်တဲ့ ငါ့ညီမကို လက်မထပ်ခင် ဒီကောင်မသာပေါ်မှာ စိုး ရတယ်တဲ့... သူ့သတင်းတွေ ငါ ကြားသလောက် ရဲတပ်ဖွဲ့မှာ ဖိုးစိုးဟာ စွန့်စွန့်စားစား သိပ်ရှိတယ် တဲ့... ”

စိုးမိုးနိုင် ပြုံးလိုက်မိပေသည်။ ယုယုကိုလည်း ခါးကျပ်စွာ ဖက်ထားမိပြန်သည်။

“ကိုကိုနိုင်အဖို့ ယုနဲ့မပေါင်းရဘဲ သေကိုမသေဘူးလို့ စိတ်ထဲမှာ စွဲမှတ်ထားပြီးသားပါ... အခုဆို ရဲအဖွဲ့ က အပြီးအပိုင် နုတ်ထွက်ပြီး ယုဆီကို ပြန်လာတာ ကိုပဲ ကြည့်ပေါ့... ကဲ ယု စကားဆက်ပါဦး... အောင်ဒေဝဟိုတယ်ကို ယုနဲ့လွှဲထားပြီး သူက ထွက် ပေါက်ရှာတယ်ဆိုတာလေ... ”

www.burmeseclassic.com

www.burmeseclassic.com



"မသန္တာရော အစ်ကိုကြီးဒေဝရောဟာ တိတ်တိတ်လေး တခြားတစ်နေရာရာကို ထွက်ပြေးကြဖို့ ရည်ရွယ်ကြတယ်... အဲဒီလို တခြားနေရမှာ သွားနေရင် အဓိကငွေလိုတယ်မဟုတ်လား ဒီအောင်ဒေဝဟိုတယ်ကို ကိုကိုနိုင်နဲ့ အစ်ကိုကြီးဒေဝဟာ တစ်ယောက် သုံးသောင်းစီ ငွေခြောက်သောင်းနဲ့ မတည်ပြီး လုပ်ကိုင်ခဲ့ကြတယ်... လေးနှစ်ကျော်ကျော်အတွင်းမှာ ရရှိတဲ့အမြတ်အစွန်းနဲ့ဆိုရင် တစ်သိန်းကျော်လောက် အောင်ဒေဝဟိုတယ်ဟာ တန်ဖိုးရှိလာတယ်... အစ်ကို ကြီးဒေဝက သူ့ထက်ဝက်ရှယ်ယာကို ရောင်းတဲ့ အချိန်မှာ ... အောင်ဒေဝဟိုတယ်ကို တစ်သိန်း နှစ်သောင်းနဲ့ တန်ဖိုးဖြတ်ကြတယ်... အခု ဦးဘာဘာ လက်ထက်ရောက်တော့ ချိန်းဝိုင်းတွေထောင် တိတ် တိတ်ပုန်းဘိန်းရောင်း... လော်ဂျင်ခန်းတွေဖွင့်နဲ့ အောင်ဒေဝဟိုတယ်ရဲ့ ဝင်ငွေဟာ သိပ်မြင့်မား လာ တယ် ကိုကိုနိုင်... "

"အင်းပါ... ကိုဒေဝ လုပ်ပုံတွေကိုပဲ ဆက်ပြောပါဦး"

"အစ်ကိုကြီးဒေဝက အောင်ဒေဝဟိုတယ်ရဲ့ထက်ဝက် တန်ဖိုးဆိုရင် ခြောက်သောင်းရမယ်... အဲဒီခြောက် သောင်းထဲက ပထမဆုံး မ,တည်တဲ့ အရင်းငွေသုံး သောင်းကိုတော့ ယူပဲ ဟိုတယ်ကို ဆက်လုပ်ဖို့ ထား ခဲ့ပြီး အမြတ်ငွေသုံးသောင်း ထုတ်ယူတယ်... နောက် ပြီး မသန္တာနဲ့ ထွက်ပြေးတဲ့အခါ တခြားနေရာမှာ ...



ကိုင်စားဖို့ ငွေသုံးသောင်းဟာ နည်းတယ်... ဒီတော့ ငွေဒီထက်တိုးပွားအောင်ဆိုပြီး ဖဲရိုက်တယ်လေ... အဲဒီဖဲဝိုင်းဟာလည်း တကယ်တော့ ဦးဘာဘာ တိတ် တိတ်ပုန်း ချုပ်ကိုင်ထားတဲ့ ဖဲဝိုင်းပဲ... နောက်ဆုံး ပြောရရင် ပထမစကိုင်တဲ့ ငွေသုံးသောင်းဟာ တက် တက်ပြောင် ရှုံးသွားတယ်... အဲဒီမှာတင် အစ်ကိုကြီး ဒေဝဟာ စိတ်သိပ်ညစ်ပြီး အရက်ပါ သောက်တော့ တာပဲ... သူ့အတွက် အောင်ဒေဝဟိုတယ်မှာ ကျန် နေသေးတဲ့ ရှယ်ယာသုံးသောင်း ထုတ်ယူဖို့အတွက် သူ့ရှယ်ယာအားလုံးကို ဦးဘာဘာဆီမှာပဲ ရောင်း လိုက်တယ်... အဲဒီအချိန်ကစပြီး အောင်ဒေဝဟိုတယ် ဟာ ဦးဘာဘာရဲ့ထက်ဝက်ပိုင် ဖြစ်သွားပြီး ဟိုတယ် လုပ်ငန်းကို ဦးဘာဘာက ရှယ်ယာပါတနာအဖြစ် အစ်ကိုကြီးဒေဝ လုပ်ခဲ့သလို ဝင်အုပ်စီးပြီး လုပ်ကိုင် တာပဲ ကိုကိုနိုင်... အဲဒီနောက်မှာလည်း အစ်ကိုကြီး ဒေဝနဲ့ မသန္တာဟာ ချိန်းတွေ့တာတွေ ပိုပြီးများလာ တယ်... "

ယုယု၏ စကားကို နားထောင်ရင်း စိုးမိုးနိုင်သည် မြို့သာတွင် ရှိနေသည့် အထက်တန်းရှေ့နေကြီး ဦးမြင့်စီကို သတိရလိုက်သည်။

ရှေ့နေကြီးဦးမြင့်စီသည် စိုးမိုးနိုင်၏ ကွယ် လွန်သွားခဲ့သော ဖခင်နှင့်လည်းကောင်း၊ ကိုဒေဝ ယုယု ... မ၏ ကွယ်လွန်သူ ဖခင်နှင့်လည်းကောင်း၊ ခင်မင်

www.burmeseclassic.com

www.burmeseclassic.com



ကြသူများ ဖြစ်ပေသည်။ စိုးမိုးနိုင် မြို့သာမှ ထွက်ခွာမသွားမီ အချိန်ထိ ရှေ့နေကြီးဦးမြင့်စီသည် သူ့မိတ်ဆွေများ၏ သားသမီးများဖြစ်သည့် ကိုဒေဝ၊ ယုယုတို့မောင်နှမနှင့် မိမိကို အမြဲတန်းကူညီဆုံးမ ဩဝါဒပေးခဲ့သူ ဖြစ်သည်။ နောက်ဆုံး အောင်ဒေဝဟိုဝ ယ်ကို စိုးမိုးနိုင်နှင့် ကိုဒေဝ ရှယ်ယာဖြင့် ဖွင့်မည့်ကိစ္စများ၌လည်း တရားဥပဒေကြောင်းအရ အရာရာတရားဝင်အောင် ရှေ့နေကြီးဦးမြင့်စီကပင် ကမ္ဘကဌ ဆောင်ရွက်ပေးခဲ့သူ ဖြစ်သည်။ ဒါဆို ကိုဒေဝတစ်ယောက် မစိတ်မွှန်ပြီး ဖဲရိုက် အရက်သောက် ပျက်စီးလာသည်ကို ရှေ့နေကြီးဦးမြင့်စီက ဆုံးမသွန်သင်ခြင်း မပြုလေသလား။ ဦးမြင့်စီအား ကိုဒေဝကိုယ်တိုင် ဖခင်သဖွယ် ကြည်ညိုလေးစား ခင်မင်သူမို့ ဦးမြင့်စီ၏ အဆုံးအမကို ကိုဒေဝ ခံယူလေမည်သာ။

"ဒါ… ကိုဒေဝ ဒီလောက် ပျက်စီးပြီး ထင်ရာလျှောက်လုပ်နေတာကို အန်ကယ်ဦးမြင့်စီက မဆုံးမဘူးလားယု… "

"ဟွန်း… ဝေးပါသေးရဲ့ ကိုကိုနိုင်… ငါတို့ ဘုရားမယားဘာက်ပါပါဆိုတဲ့ စကားလိုပဲ အန်ကယ်ဦးမြင့်စီကိုယ်တိုင်က ဦးဘာဘာရဲ့ လက်ကိုင်ဒုတ် ဖြစ်သွားတယ် ကိုကိုနိုင်… ဦးမြင့်စီကိုယ်တိုင်ကပဲ အစ်ကိုကြီးဒေဝက အောင်ဒေဝဟိုတယ်ရဲ့ ထက်ဝက်ပိုင် ရှယ်ယာ ဦးဘာဘာကိုရောင်းတာ တရားဝင်ဖြစ်အောင် စာချုပ်စာတမ်းတွေနဲ့ ဆောင်ရွက်ပေးထားတယ်…



အခုနောက်ဆုံး အစ်ကိုကြီးဒေဝ လူသတ်မှုနဲ့ ရဲကဖမ်းချုပ်တော့ ယုယုကိုယ်တိုင် အန်ကယ်ဦးမြင့်စီ ဆီသွားပြီး အသနားခံ အကူအညီတောင်းတာကိုတော့ အန်ကယ်ဦးမြင့်စီက သူဘာမှ မတတ်နိုင်ဘူးဆိုပြီး ယုယုကို ပုတ်ထုတ်ပစ်တာ… "

စိုးမိုးအောင် ဦးခေါင်းကို ဖြေးလေးစွာ ညိတ်မိတော့သည်။

မြို့သာဝယ် ဦးဘာဘာသည် ငွေများတရားနိုင်၊ ငွေသာလျှင် ပဓာနစနစ်ဖြင့် အားလုံးကို လက်ဝါးကြီးအုပ် ချုပ်ကိုင်နေပြီကော။

"ကိုဒေဝက ဘယ်လို လူသတ်မှုဖြစ်တာလဲ… အဲဒါကို ပြောပြပါဦး… "

"ကိုလှိုင်ဘွားဆိုတဲ့ လူပေါ့ ကိုကိုနိုင်… မြို့သာကို ရောက်လာတာ မကြာသေးတဲ့ လူတစ်ယောက်ပါ… သူ့ကိုယ်သူ သတင်းထောက်လိုလို စာရေးဆရာလိုလိုနဲ့ ကင်မရာတစ်လုံးနဲ့ ဟိတ်ဟန်များတဲ့ လူတစ်ယောက်ပဲ… "

"အဲဒီလှိုင်ဘွားကို ကိုဒေဝက တကယ် သတ်မိသွားလို့လား ယု… "

"အစ်ကိုကြီးဒေဝရဲ့ အပြောကတော့ အဲဒီကိုလှိုင်ဘွားဆိုတဲ့လူကို အစ်ကိုကြီးဒေဝက ဒေါသနဲ့ ထိုးကြိတ်ရိုက်ပုတ်မိတာတော့ အမှန်ပဲတဲ့… အဲဒီလက်ချက်နဲ့ ကိုလှိုင်ဘွား သေသွားသလားမသိဘူးလို့ မရေမရာ

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ် ကိုကိုနိုင်... ”

“မရေမရာ ပြောတယ် ဟုတ်လား... ဒါဆို ဒီလူသတ်မှုကလည်း မရေမရာကြီးပေါ့ ယု... ”

ယုယုသည် သူမ၏ အစ်ကိုကြီး ကိုဒေဝအတွက် မျှော်လင့်ချက်လေးရှိလာကာ သူမသိပ်ချစ် သိပ်အားကိုးသော ကိုကိုနိုင်အား လည်တိုင်လေးမော့ပြီး ရည်လဲ့သော မျက်ဝန်းကြီးဖြင့် ကြည့်လိုက်သည်။

စိုးမိုးနိုင်ကလည်း လည်တိုင်လေးအမော့တွင် လည်တိုင်၌ အကြောစိမ်းလေးများ ယှက်သမ်းနေသည့် ယုအား ငုံ့ကြည့်နေမိပါ၏။

“အဲဒီညက... မြိုင်သာဆိပ်ကမ်း တံတားပေါ်မှာ ကိုလှိုင်ဘွားကို အစ်ကိုကြီးဒေဝက ဒေါသစိတ်နဲ့ ထိုးကြိတ် ရိုက်ပုတ်လို့ ကိုလှိုင်ဘွား လဲကျကျန်ခဲ့တယ်ဆိုတာ ခုန ယု ပြောပြပြီးပြီလေ... ”

“ဟုတ်ပါပြီ... ဘာဖြစ်လို့ ကိုဒေဝက အဲဒီလှိုင်ဘွားကို ထိုးကြိတ်ရိုက်ပုတ်ရတာလည်း ယု... ”

“အဲဒီညက အစ်ကိုကြီးဒေဝနဲ့ မသန္တာဟာ မော်တော်တစ်စီးနဲ့ မြစ်ရိုးတစ်လျှောက် သွားကြတယ်တဲ့... အစ်ကိုကြီးဒေဝနဲ့ မသန္တာအဖို့ မြိုင်သာမြို့ပေါ်မှာ ချိန်းတွေ့ဖို့ မလွယ်တော့ဘူးလေ... ဦးဘာဘာက အမျိုးမျိုး ခြေရာခံလိုက်နေတော့ သူတို့နှစ်ယောက်အတွက် ချိန်းတွေ့ဖို့နေရာ သိပ်ခက်ခဲသွားတယ်... ဒါကြောင့် နှစ်ယောက်သားချိန်းပြီး မြစ်ပြင်မှာ မော်တော်လျှောက်မောင်းရင်း ချိန်တွေ့ကြတာတဲ့ ပြန်လာကြပြီး... ဆိပ်ကမ်းတံတားပေါ် နှစ်ယောက်သား တွဲအတက်မှာ ကိုလှိုင်ဘွားက လျှပ်တစ်ပြက်ကင်မရာနဲ့ ကိုကြီးဒေဝနဲ့ မသန္တာ နှစ်ယောက်တွဲတက်လာတာကို ဓာတ်ပုံရိုက်သတဲ့... အဲဒီမှာတင် အစ်ကိုကြီးဒေဝက ကိုလှိုင်ဘွားလက်ထဲက ကင်မရာကို လုတယ်... ကိုလှိုင်ဘွားက ခုခံတယ်...နှစ်ယောက်သား လုံးထွေးသွားတယ်... ကာယဗလချင်းကျတော့ အစ်ကိုကြီးဒေဝက ကိုလှိုင်ဘွားထက်သာတော့ ကိုလှိုင်ဘွားမနိုင်ဘူး... အစ်ကိုကြီးဒေဝ အထိုးအကြိတ်နဲ့ တံတားပေါ်မှာပဲ ကိုလှိုင်ဘွား လဲကျသွားတယ်တဲ့... ”

“မျက်မြင်သက်သေကော ရှိလား... ”

“ဘယ်ရှိမလဲ ကိုကိုနိုင်... အဲဒီအချိန်က ညည့်နက်သန်းခေါင်အချိန်ပဲ... ပြီးတော့ မြိုင်သာဆိပ်ကမ်းတံတားက လူနေအိမ်ခြေတွေနဲ့ နည်းနည်း အလှမ်းဝေးတယ်မဟုတ်လား... ”

“ဘာပဲဖြစ်ဖြစ် မသန္တာကတော့ အဲဒီနေရာမှာပဲ ရှိနေတော့ မသန္တာဟာ မျက်မြင်သက်သေ ဖြစ်နေတာပဲ တကယ်လို့သာ မသန္တာအနေနဲ့ ကိုဒေဝဘက်ကလိုက်ပြီး သက်သေထွက်ဆိုချက်ပေးရင် ဒီလူသတ်မှုဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်နေတာပဲ... ”

“မသန္တာက အစ်ကိုကြီးဒေဝဘက်က ရပ်တည်ပြီး ထွက်ဆိုပေးပါ့မယ် ကိုကိုနိုင်... ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက ကိုလှိုင်ဘွားရဲ့ အလောင်းကို ရှာမတွေ့တော့တာဘဲ... ”

“ဘာ... ဘာ... ဘယ်လို ယု... ”

“အစ်ကိုကြီးဒေဝ ထိုးကြိတ်ရိုက်ပုတ်ပစ်လို့ ... ကိုလှိုင်ဘွားဟာ တံတားပေါ်မှာလဲကျသွားပြီး မလှုပ်မယှက် ဖြစ်သွားတယ် ... အစ်ကိုကြီးဒေဝက ကိုလှိုင်ဘွားရဲ့ ကင်မရာကို ယူတယ်... ဖွင့်ပြီး ဖလင်လိပ်ကို ထုတ်ပြီး မြစ်ထဲလွှင့်ပစ်လိုက်တယ်... သူ ကင်မရာကို သူလဲကျနေတဲ့ဘေးမှာပဲ ချထားခဲ့ပြီး... ပြန်လာခဲ့ကြတယ်... ဒါပေမယ့် အဲဒီအချိန်ကစပြီး ကိုလှိုင်ဘွားကို ဘယ်သူမှ မတွေ့ကြတော့ဘူး ... ကိုလှိုင်ဘွား လဲကျနေတဲ့ တံတားပေါ်မှာတော့ ကိုလှိုင်ဘွားရဲ့ကင်မရာ နေကာမျက်မှန် ဦးထုပ် စတဲ့ ပစ္စည်းတွေကိုတော့ တွေ့ကြတယ်... အဲဒီအထဲမှာပဲ အစ်ကိုကြီးဒေဝရဲ့ အိတ်ဆောင်ဒိုင်ယာရီစာအုပ်လေးကိုလည်း တွေ့သွားတယ် ... ကိုလှိုင်ဘွားနဲ့ သတ်ပုတ်တုန်းက ကိုကြီးဒေဝရဲ့အိတ်ထဲက ထွက်ကျသွားတဲ့ ဒိုင်ယာရီလေး ဖြစ်မယ်... အဲဒီပစ္စည်းသက်သေခံတွေနဲ့အတူ အစ်ကိုကြီးဒေဝရဲ့ဒိုင်ယာရီကို စခန်းမှူး ဦးငွေရက ရရှိပြီး အစ်ကိုကြီးဒေဝကို ဖမ်းချုပ်ထားတာပဲ... လူအများ ယူဆတာကတော့ ကိုလှိုင်ဘွားဟာ တံတားပေါ်မှာ မေ့လဲကျန်ခဲ့ပြီး ပြန်သတိရတဲ့အချိန်မှာ မှောင်မှောင်မဲမဲထဲ စမ်းတဝါးဝါးသွားရင်း



တံတားပေါ်ကနေ မြစ်ထဲလိမ့်ကျသေဆုံးသွားတယ်လို့ ထင်ကြေးပေးကြတယ်... ”

“ဒါဆို ကိုဒေဝ လူသတ်တရားခံလို့ သူတို့ ဘယ်လို စွဲချက်တင်နိုင်မလဲ ယု... ”

“အဲဒါတော့ ယု ဘာနားလည်မလဲ ကိုကိုနိုင်... ယုယု နားမလည်လို့ ဦးမြင့်စီ ဆီသွားတော့လည်း ဦးမြင့်စီက ဒီကိစ္စ သူဘာမှ ဝင်မပါချင်ဘူးလို့ ယုယုကို ပုတ်ထုတ်ပစ်လိုက်တယ်... ကိုကိုနိုင့်ဆီလည်း ဘယ်လို ဆက်သွယ်ရမှန်း မသိဘူး... ယုယုတွယ်ရာမဲ့ ဖြစ်နေတာ... အခု ကိုကိုနိုင် ဘွားခနဲ ပြန်ရောက်လာတော့ ယုယု တအားကြီးဝမ်းသာနေတာ... ”

“စိတ်ချ ယု... အခုဆို ယု အချစ်ကိုလည်း ကိုကိုနိုင် ရတာမို့... အားသစ်မာန်သစ်တွေ အရမ်းတက်လာတယ်... မှန်တာကို မှန်တဲ့အတိုင်းဖြစ်စေဖို့ ကိုကိုနိုင် အစွမ်းကုန် ကြိုးစားမယ်... ယုနဲ့လက်တွဲပြီး လေ့ခွက်ချည်းကျန်ပါစေ အလံမလှဲဘူးယု... ”

စိုးမိုးနိုင်က သူ့ရင်ထဲရှိသည့်အတိုင်း ထုတ်ဖော် ကြွေးကြော်လိုက်သည်။ ကုလားထိုင် လက်တန်းတွင် တင်ပါးမှေးထိုင်ရာမှ မတ်တပ်ရပ်လိုက်သည်။

ယုကိုလည်း ပုခုံးနှစ်ဘက်ဆွဲကိုင်ပြီး မတ်တပ်ရပ်စေသည်။

နှစ်ဦးသား မျက်နှာချင်းဆိုင် ဖြစ်သွားသောအခါ တစ်ဦးကိုတစ်ဦး မျက်တောင်မခတ် စူးစူးစိုက်စိုက်



www.burmeseclassic.com

www.burmeseclassic.com



လေး ကြည့်ကြသည်။ ကြည့်ကြသည်မှ တစ်အောင့်ကြီးကြာသည်အထိ ကြည့်မိကြသည်။

ချစ်ကြပြီဆိုတော့လည်း ချစ်သူနှစ်ဦးမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍မဝအောင် ဖြစ်ကြရပါ၏။

"ယုယု… ပြန်ချင်ပြီ ကိုကိုနိုင်… "

ယုယုက ကတုန်ကရီ အသံလေးနှင့် ပြန်ဖို့ခွင့်ပန်သည်။

စိုးမိုးနိုင်သည် တကယ်တန်း လက်မထပ်ရသေးမီ ဤမျှသာဟုလည်း ကိုယ့်ဟာကိုယ် ပြန်ဆုံးမပြီး ယုယုကို လွှတ်ပေးလိုက်ပါ၏။

စိုးမိုးနိုင် စိတ်ထဲတွင် ချက်ချင်းပင် ယုယုကို လက်ထပ်ပြီး သူ၏တိုက်အိမ်လေးမှာပင် အတူနေချင်စိတ် ထက်သန်မိသည်။

"ကိုကိုနိုင်နဲ့ ချက်ချင်းလက်ထပ်ပြီး ဒီအိမ်မှာပဲ အတူတူ နေကြပါစို့လား ယု… "

"မသင့်တော်သေးဘူး ထင်တယ် ကိုကိုနိုင် … အစ်ကိုကြီး ဒေဝကလည်း အချုပ်ထဲမှာ… ကိုကိုနိုင်နဲ့ ဦးဘာဘာ ကိစ္စကလည်း ပြီးပြတ်သေးတာမှ မဟုတ်တာ… နောက်ပြီး အခုပဲ ကိုကိုနိုင် မြို့သာကို ရောက်လာတယ်… အခုပဲ ယုယုက ကောက်ပြီး လက်ထပ်တယ်ဆိုရင် ယုယုအပေါ် အများက အထင်သေး အမြင်သေး ဖြစ်တုန်မှာပေါ့… ခဏသည်းခံပြီး





စောင့်လိုက်ပါဦး ကိုကိုနိုင်ရယ်… ငါးနှစ်နီးပါး စောင့်ခဲ့ကြပြီးမှတော့ အခုခဏလေး ထပ်စောင့်တာ မပင်ပန်းပါဘူးနော် ကိုကိုနိုင်… "

ယုယု ပြောသည်မှာ နည်းလမ်းကျနေသဖြင့် စိုးမိုးနိုင် စောဒကမတက်တော့ဘဲ ခေါင်းညိတ်ကာ ယုယု၏ နဖူးပြင်လေးကို နှုတ်ဆက်အနမ်းလေး နမ်းလိုက်သည်။

"အခု… ယုယုက ဘယ်သူနဲ့ ဘယ်မှာနေလဲ… "

"သုမင်္ဂလာလမ်းထဲမှာ ဒေါ်ဒေါ်အေးနဲ့အတူ သွားနေတယ် ကိုကိုနိုင်… "

"ဒေါ်ဒေါ်အေး… ဟုတ်လား… ဒေါ်ဒေါ်အေးဆိုတာက ဘယ်သူလဲ… "

"အယ်… ကိုကိုနိုင်ကလည်း ဒေါ်ဒေါ်အေးကိုတောင် မမှတ်မိသလိုပဲ… ဦးကြီးထိန်ဝါရဲ့ဇနီး ဒေါ်မေအေးလေ ကိုကိုနိုင်ရဲ့… "

"ဦးကြီးထိန်ဝါဆိုလေမှ ဦးထိန်ဝါကိုရော ဇနီး ဒေါ်မေအေးကိုပါ စိုးမိုးနိုင် ပြန်လည်သတိရမိသည်။

ဦးထိန်ဝါသည် ကိုဒေဝ၊ ယုယုတို့မောင်နှမ၏ မိဘများရှိစဉ်ကတည်းက ကိုဒေဝမိဘများနှင့် ခင်မင်ရင်းနှီးခဲ့သူဖြစ်သည်။ ကိုဒေဝက စိုးမိုးနိုင်နှင့် နှစ်ယောက်စပ်တူ အောင်ဒေဝဟိုတယ် ဖွင့်သောအခါတွင် ဦးထိန်ဝါကိုပင် ကိုဒေဝက လူယုံတော်၊ ညာလက်ရုံးအဖြစ် အောင်ဒေဝဟိုတယ်တွင် လက်ထောက်အဖြစ် လုပ်ကိုင်စေခဲ့သူဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ဒေဝဟိုတယ်တွင် ဦးဘာဘာမှ ဦးထိန်ဝါကို ပြန်ပြီး မသုံးဘူးလား ယုယု... "

"သုံးတော့ သုံးပါတယ်... ဒါပေမယ့် အစ်ကိုကြီးဒေဝ အုပ်ချုပ်တုန်းကလိုတော့ ဦးကြီးထိန်ဝါကို ရှေ့တန်းမှာ အရေးပါတဲ့နေရာမှာ မထားတော့ဘူးပေါ့... ရှေ့တန်းနေရာမှာ ကိုလေးမောင်က ဦးဘာဘာရဲ့ ညာလက်ရုံး လူယုံတော် လက်ထောက် ထားလိုက်တယ် ဦးကြီးထိန်ဝါကိုတော့ နောက်ပိုင်း စဖိုမှူးနေရာကို ပို့လိုက်တယ်... "

"နို့... ယုကိုကျတော့ကော... "

"ယုယုကိုလည်း ဦးဘာဘာ တစ်နေရာလေးတော့ ပေးပါတယ်... ကိုလေးမောင်ရဲ့ လက်အောက်မှာလေ... ယုယုက ကိုလေးမောင်နဲ့ လုံးဝ အလုပ်တွဲ မလုပ်ချင်လို့ လက်မခံဘူး... ယုယု ပိုင်ဆိုင်သမျှတွေ ယူပြီး ဒေါ်ဒေါ်အေးရဲ့အိမ်မှာ ပြောင်းနေလိုက်တယ် နောက်ဆုံး ယုယုနာမည်နဲ့ ထွက်ထားတဲ့တယ်လီဖုန်းကိုတောင် ယုယု ပြောင်းနေတဲ့ ဒေါ်ဒေါ်အေးအိမ်မှာ ပြောင်းတတ်ထားလိုက်တယ် ကိုကိုနိုင်... အောင်ဒေဝ ဟိုတယ်မှာ အစ်ကိုကြီးဒေဝနဲ့ လုံးဝမပတ်သက်တော့တာပဲဟာ ယုယု တစ်ယောက်တည်း သူတို့က ခန့်လည်း မလုပ်ဘူးပေါ့... "

စိုးမိုးနိုင်က ဖျက်ခနဲပင် သူပိုင် မောရစ်(စ်) မိုင်နာကားလေးကို သတိရသဖြင့် ယုယုကို မေးကြည့်သည်။



"အော်... ကိုကိုနိုင်ရဲ့ မော်ရစ်(စ်)မိုင်နာကားလေး ကော ကောင်းသေးရဲ့လားယု... စီးလို့ဖြစ်သေးလား"

"သိပ်ဖြစ်တာပေါ့... ကိုကိုနိုင်ရဲ့ကားလေးကိုပဲ ယုယုတို့ သုံးနေတာ လိုတာအားလုံး ပြင်ဆင်ထားတယ် အခုလည်း ယုယု အဲဒီ မောရစ်(စ်)လေးနဲ့ လာခဲ့တာ"

"ဒါဆို ဟန်ကျတာပေါ့... ဒီမောရစ်(စ်)လေးနဲ့ပဲ မြို့သာ တစ်ခွင်မှာ ကိုကိုနိုင် ပြန်ပြီး ဘဲဥအစရှာမှာပဲ ကဲ... လာ သွားစို့... ယုယုကို ကိုကိုနိုင် သုမင်္ဂလာလမ်းက ဒေါ်ဒေါ်အေး အိမ်ကို ပြန်ပို့ပေးမယ်... "

နှစ်ဦးသား လက်ချင်းတွဲပြီး အိမ်ထဲမှ ထွက်လာခဲ့ကြသည်။

✳❁✳❁✳❁✳❁

www.burmeseclassic.com

www.burmeseclassic.com



# ၆

ယုယုက သူ့အိမ်မှာပင် ညစာစားသွားရန် ခွတ်ခေါ်သည်။ ဒေါ်မေအေးကလည်း စိုးမိုးနိုင် ပြန်ရောက်လာသည်ကို ဝမ်းသာအားရ ဖြစ်ဖြစ်ပြီး အိမ်မှာပင် ရှိတာနှင့် ညစာစားသွားရန် ဖိတ်ခေါ်ပါ၏။

စိုးမိုးနိုင် မစားဘဲ ခွတ်ပြန်ထွက်လာခဲ့သည်။

အကြောင်းရှိပါ၏။ ယုယုထံမှ အပြန် အောင်ဒေဝဟိုတယ်သို့ စိုးမိုးနိုင်သွားမည်။ အခြေအနေကို လေ့လာအကဲခတ်ရင်း အောင်ဒေဝမှာပင် ညစာစားဖို့ စိတ်ကူးထားသည်။

ခရီးတောက်လျှောက်ကြီးသာမက ချောင်းနှစ်ခွတွင် လေးမောင်တို့နှင့် ပွဲတစ်ပွဲ ကျင်းပလိုက်ရသောကြောင့် ပင်ပန်းနေသည်တော့အမှန်။

သို့တစေ မြင့်သာအဲရောက်တွင် ယုယု၏ အချစ်ကို ရယူနိုင်ခြင်းပင် စိုးမိုးနိုင်တွင် အားသစ်အားမာန်



တွေ ပြည့်ဝလာသည်။ နောက်မတွန့်ဘဲ ရှေ့သို့ဆက်ပြီး ဦးဘာဘာနှင့် ရင်ဆိုင်ရန်ကိုလည်း စိတ်အားထက်သန်နေမိသည်။

အောင်ဒေဝဟိုတယ်သို့ မောင်းလာရင်း ဦးဘာဘာ ဆင်ခဲ့သော အကွက်များနှင့် ယုယု ပြောပြချက်ကို မိမိကဖြည့်စွက်ပြီး စဉ်းစားကြည့်သည်။ အကြမ်းဖျင်းလောက်တော့ ပေါ်လာပါ၏။

ကိုဒေဝက ဘာပြောပြော။

ယုက ဘယ်လိုပဲ အကောင်းထင်ထင်။

ကိုဒေဝ ယခုကဲ့သို့ ဖြစ်သွားရခြင်းမှာ မသန္တာ၏ ပယောဂဟုသာ စိုးမိုးနိုင် ထင်မိသည်။

ကိုဒေဝသည် အင်မတန် ရိုးသားပြီး သိက္ခာထိန်းသိမ်းသူဖြစ်မှန်း စိုးမိုးနိုင်က ငယ်ပေါင်းမို့ခတ်သိ။ အရက်၊ ဖဲ၊ မိန်းမ အားလုံးကင်းသော ကိုဒေဝ ဖြစ်သည်။ အလုပ်ထဲတွင်သာ ရှိသမျှအာရုံစိုက်ပြီး လုပ်ဆောင်ခဲ့သောကြောင့်လည်း အောင်ဒေဝဟိုတယ်သည် နှစ်ဆတိုးတက်ခဲ့သည်မှာလက်တွေ့။ ထိုသို့ တိုးတက်လာသည်ကိုပင် ဦးဘာဘာ မျက်စေ့ကျဖို့ ဖြစ်လာဟန်တူသည်။

ဦးဘာဘာက ဝါရင့် ညာဏ်နီညာဏ်နက်များသည့် သက်ကြီးပုဂ္ဂိုလ် ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သူ ဖြစ်သည်။ ဤမှာပင် သူမျက်စေ့ကျလာသော အောင်ဒေဝဟိုတယ်ကို အပိုင်စီးနိုင်ရေး အကြံအဖန်တွေ အကွက်တွေ ဆင်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ငယ်၍လှပချောမောသည့် ဇနီးမသန္တာကို ဤနေရာတွင် ဥဒေါင်းမင်း ညွှတ်ကွင်းဆင် အသုံးချလိုက်ခြင်းဖြစ်သည်။ မြို့သာမှ ကိုဒေဝနှင့်မသန္တာ ထွက်ပြေးကြပြီး တစ်နေရာရာတွင် အခြေစိုက် ရင်းနှီးလုပ်ကိုင်နေထိုင်ကြဖို့ ငွေလိုသည်ဆိုတာ ကိုဒေဝအား မသန္တာက လောင်းကစားမှုနှင့် ငွေရှာရန် တိုက်တွန်းမည်။ ယင်းလောင်းကစားဝိုင်းကလည်း နောက်ကွယ်မှ ဦးဘာဘာ ကြိုးကိုင်ထားသော ဝိုင်းဖြစ်မည်။ ကိုဒေဝက နဂိုကည်းက ကိုးမီးကိုပင် အပေါက်မှန်အောင် တွဲဘက်ကစားတတ်သူ မဟုတ်ပါဘဲလျက် ဦးဘာဘာ၏ ညဏ်သမားများ ကစားဝိုင်းတွင် ဝင်ကစားစေရာ ကိုဒေဝလိုလူ ဘယ်ခံနိုင်မည်နည်း။ အိတ်သွန်ဖာမှောက် ရှုံးစေမည်။ ကုန်စေမည်။ တက်တက်ပြောင်စေမည်။

ကိုဒေဝ တကယ်တန်း ဒီပုံစံဖြစ်လာသည် ကျတော့ မသန္တာကိုယ်တိုင် ကိုဒေဝအပေါ် သနားမည်။ ကရုဏာသက်မည်။ ကြင်နာမည်။ ကိုဒေဝအပေါ် မသန္တာသံယောဇဉ်ဖြစ်ရမည်။

မသန္တာ ဒီလိုဖြစ်လာတာ ကျတော့လည်း ဦးဘာဘာ မခံမရပ်နိုင်။ သူ့သိပ်ချစ်သော ဇနီးငယ်လေးက ကိုဒေဝအပေါ် ချစ်ခင်သွားမည်ကို ဦးဘာဘာ အစိုးရိမ်ကြီးစိုးရိမ်သည်။

ထို့ကြောင့် ပိုက်ဆံပေးလျှင် ဘာမဆို လုပ်သော ပျိုကျွဲသမား လှိုင်ဘွားကို ဦးဘာဘာက အကွက်ဆင်



အသုံးချလိုက်သည်နှင့် သူဆင်သည့်အကွက်ထဲ လှူရိုးကြီး ကိုဒေဝ ဝင်ရောက်သွားကာ ယခုကဲ့သို့ အချုပ်ခံနေရခြင်းသာ ဖြစ်ပေမည်။

သို့တစေ စိုးမိုးနိုင် သေချာစဉ်းစား လေ့လာသောအခါ ကိုဒေဝအား လူသတ်မှုဖြင့် ဖမ်းချုပ်ထားခြင်းမှာ ခိုင်မာမှု မရှိကြောင်းတွေ တွေ့ရှိလာသည်။

ယခင်ကတော့ ယုယုလေး တစ်ယောက်တည်း ဘာနားမလည် ညာနားမလည်မို့ ကိုဒေဝကို သူတို့ဆင်သမျှ အကွက်ထဲဝင်သွားပြီး ခံရစေကာမူ ယခု စိုးမိုးနိုင် ရောက်လာသည့်အခါ စိုးမိုးနိုင်က ငုံ့ခံမည့်လူစား မဟုတ်သည့်ပြင် သတ္တိလည်းရှိ ညဏ်လည်းရှိပြီ စိုးမိုးနိုင် ကိုယ်တိုင်က ရဲအရာရှိတစ်ယောက်မို့ ဦးဘာဘာ သွေးလန့်ပြီး စိုးမိုးနိုင်အား ချုပ်ကိုင်ဖို့ သိမ်းသွင်းဖို့ ကြိုးစားခြင်း ဖြစ်သည်။

စိုးမိုးနိုင်က တစ်ခုချင်း စဉ်းစားပြီး မောရစ်(စ်) မိုင်နာကားလေးကို တစ်ဘီးချင်း လိမ့်လာရင်းကပင် အောင်ဒေဝဟိုတယ် ရှေ့သို့ ရောက်ရှိလာသည်။

အောင်ဒေဝဟိုတယ်ကို အဝေးမှပင်လှမ်း၍ မြင်သာပေသည်ဟု ထောပနာပြုလောက်ရအောင် ခမ်းနားထည်ဝါနေသည်ကို တွေ့ရသည်။

နေ့ခင်းပိုင်းတွင် မည်သို့သော လှပခမ်းနားသည့် ဆိုင်းဘုတ်မျိုး တပ်ဆင်သည်တော့ မမြင်ရသေး။ ယခု ညပိုင်းထွန်းထားသော ဆိုင်းဘုတ်ကမူ နီယွန်မီးချောင်းရောင်စုံဖြင့် လှပခမ်းနားလွန်းနေပါ၏။ အောင်ဒေဝဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com



၏ အထည်အပေါ် အခန့်အငြားကို မြင်ရုံဖြင့် အိမ်ထဲတွင် ငွေကြေးဝမာဏအားဖြင့် ဆယ်ဂဏန်းမျှသာပါရှိသူအဖို့ ဟိုတယ်ထဲသို့ ရဲရဲဝံ့ဝံ့ ဝင်ရောက်ရဲစရာပင်မရှိ။ ရာဂဏန်း ထောင်ဂဏန်း ပါရှိသူသာလျှင် ဝင်ရဲစရာဖြစ်နေသည်။

စိုးမိုးနိုင်သည် သူ၏မော်ရစ်(စ်)ကားလေးကို နီယွန်ဆိုင်းဘုတ်ကြီးအောက်တွင် အသင့်ဖွင့်ထားသည့် သံတံခါးပေါက်ကြီးမှ မောင်းနှင်ဝင်ရောက်ခဲ့သည်။

ဝင်ပေါက်ဂိတ်တွင် ထည်ဝါသော အဆောက်အဦးများတွင် ထားလေ့ရှိသည်။ အစောင့်အိမ်လေးမှာ အလှဆောက်ထားသော ခိုအိမ်လေးသဖွယ် လှပစွာရှိနေပါ၏။

ယင်းအစောင့်အိမ်လှလှလေးထဲတွင် ကာကီရောင် အကျႌဘောင်းဘီဝတ်ထားသည့် အစောင့်တစ်ယောက်လည်း ရှိနေပေသည်။ အစောင့်အား လက်နက်ပေးထားပုံတော့ မရှိပေ။ အစောင့်အိမ်လေးထဲတွင် ဟိုတယ်ပင်မအဆောက်ဦးနှင့် ဆက်သွယ်နိုင်သည့် အိပ်စတင်းရှင်းတယ်လီဖုန်း တပ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။ ဂိတ်စောင့်စိတ်ထဲတွင် မသင်္ကာသော လူဖြစ်စေ အရာဝတ္ထုဖြစ်စေ ဟိုတယ်ခြံဝင်းထဲသို့ ဝင်ရောက်လာပါက ပင်မဟိုတယ်ကြီးဆီသို့ သတင်းပေး အကြောင်းကြားနိုင်ပေမည်။

ပင်စည်ကြီးမားပြီး ရွက်အုပ်ဖား အကိုင်းများဖြာထွက်နေသည့် သစ်ပင်ကြီးတစ်ပင်အောက်တွင် စိုးမိုးနိုင်က မောရစ်(စ်)ကားလေးကို ရပ်လိုက်သည်။

စိုးမိုးနိုင် ကားပေါ်မှ ဆင်းလိုက်သည်။ ကား



တံခါးကိုမူ သော့ခတ်ခြင်း မပြုတော့ပေ။ အကြောင်းမူ မိမိကားထက် ပိုမိုတန်ဖိုးမြင့်မားသည့် ကားများပင် သော့မခတ်ဘဲ ရပ်ထား၍လည်းကောင်း၊ ကားရပ်ရာနေရာတွင် စာလုံးနီနီများဖြင့် ထင်းခနဲ ရေးထားသော စာကိုလည်းကောင်း ဖတ်ပြီး သော့မခတ်ခြင်း ဖြစ်ပါ၏။

*မိတ်ဆွေ*

*မိတ်ဆွေ၏ကားကို စိတ်ချစွာထားခဲ့ပါ။*

*မိတ်ဆွေ၏ကားထဲမှ သံအပ်တစ်ချောင်း ပျောက်ဆုံးလျှင် အောင်ဒေဝက ရွှေအပ်တစ်ချောင်း ပြန်လျော်ပေးပါမည်။*

*အောင်ဒေဝ*

စိုးမိုးနိုင်က စာတွေကိုဖတ်ပြီး ပြုံးမိသည်။

ဦးဘာဘာသည် စီးပွားရေးတွင် တော်တော်လာဘ်မြင်သူတစ်ဦးဟုလည်း ရင်ထဲက မှတ်ချက်ပြုမိသည်။

ဤစာတမ်းသည် တစ်နည်းအားဖြင့် တွက်ဆလျှင် အောင်ဒေဝဟိုတယ်အား ကြော်ငြာလိုက်ခြင်းတစ်မျိုး ဖြစ်နေပါ၏။

အောင်ဒေဝဟိုတယ်၏ စားသောက်ရာဟော(လ်) ခန်းကြီးထဲသို့ ဆင်နွားရွက်တံခါးကို တွန်းဖွင့်ပြီး စိုးမိုးနိုင် ဝင်လာခဲ့သည်။

စားသောက်ခန်းဟော(လ်)ကြီးမှာလည်း ခမ်းနားသည်ပင်။ နံရံများမှာ မှန်ချပ်နံရံကြီးများဖြစ်ပြီး လှပတောက်ပသော ခန်းဆီးကြီးများ တပ်ဆင်ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကောင်တာ စားပွဲရှည်ကြီးမှာ ပါလစ်ရောင် တောက်ပနေပါ၏။ ကောင်တာရှေ့တွင် ခြေတံရှည်သော ဆုံလည်ဆိုဖာခွေးခြေများ စီစီရီရီ ရှိနေသည်။ စားသောက်ခန်းကြီး၌လည်း စားသောက်စားပွဲများ စနစ်တကျထားရှိသည်။ စားပွဲထိုးများသည် အဖြူရောင်ဝတ်စုံနှင့် လက်အိတ်အဖြူနှင့် လင်ပန်းလှလှတွေကို ကိုင်ထားကြသည်။ စားသောက်စားပွဲတွေမှာ အတန်းလိုက်စီထားပြီး အဝါရောင်အတန်း၊ အစိမ်းရောင်အတန်း၊ အပြာရောင်အတန်း စသည်ဖြင့် သူ့အတန်းနှင့်သူ စီထားသည်။ အဝါရောင်တန်းအတွက် တာဝန်ပေးထားသော စားပွဲဆိုလျှင် လက်မောင်းတွင် အဝါရောင်ဖဲသားစ ရစ်ပတ်ထားသည်။ အခြားစားပွဲအရောင်နှင့် အခြားဖဲသားရောင်တို့အသီးသီး သူ့စားပွဲနှင့်သူ တာဝန်ချထားခြင်းမျိုး ဖြစ်ပါ၏။ အပြာရောင်စားပွဲမှ ဧည့်သည်သည် တစ်ခုခု ခိုင်းစရာရှိသဖြင့် အဝါရောင် လက်ပတ်စားပွဲထိုးကို လှမ်းမခေါ်ပါလေနှင့်။ အဝါရောင် လက်ပတ်စားပွဲထိုးသည် လှည့်ကြည့်မည်ပင် မဟုတ်ပါလေ။

စိုးမိုးနိုင်က တစ်ယောက်တည်း သမားမို့ ရောင်စုံဘယ်စားပွဲတွင်မှ ဝင်မထိုင်ဘဲ အရက်ကောင်တာ ရှည်ကြီးဆီသို့ လာခဲ့သည်။ လျှောက်လာခဲ့ရင်း လာရောက်စားသောက်သူ ဧည့်သည်များထဲတွင် မိမိ၏ အသိအကျွမ်းများ တွေ့ရလေမလားဟု လိုက်ကြည့်မိသေးသည်။

တစ်ဦးတစ်ယောက် အသိမိတ်ဆွေကိုပင်



မတွေ့ရသည့်အတွက် စိုးမိုးနိုင် အံ့သြမိသည်။ မိမိထွက်ခွာသွားသည့် ငါးနှစ်နီးပါး အချိန်ကာလအတွင်း မြို့သာတွင် မိမိမသိကျွမ်းသော လူစိမ်းတွေချည်း ရောက်နေသလား။

ဒါမှတ်မဟုတ်... ။

မိမိနှင့်ဖြစ်စေ၊ ကိုဒေဝနှင့်ဖြစ်စေ၊ ရှိခဲ့သော မိတ်ဟောင်းဆွေဟောင်းတွေသည် အောင်ဒေဝဟိုတယ်အား ဦးဘာဘာ လက်ဝါးကြီးအုပ်သည့် အချိန်မှစပြီး စားသောက်ဖွယ်ရာများ တန်ဖိုးကြီးမားခြင်းကြောင့်ပေလား။ ဒါမှမဟုတ် ကိုဒေဝ၏ လာနေကျ ဖောက်သည်တွေကို မလာနိုင်တော့အောင် ဦးဘာဘာက တစ်ခုခု လုပ်လိုက်၍ပေလား။ ထို့ကြောင့် ယခု စိုးမိုးနိုင် အသိဟောင်းတစ်ဦးကစ်လေကိုမျှ မတွေ့ရခြင်းပေလား မပြောတတ်ပါပေ။

အောင်ဒေဝဟိုတယ်၏ ဝန်ထမ်းတွေအားလုံးလိုလိုသည်လည်း စိုးမိုးနိုင် မသိသော ဝန်ထမ်းတွေချည်း ဖြစ်နေပါ၏။

ကောင်တာရှေ့ရှိ ဆိုဖာဆုံလည် ခွေးခြေရှည်တစ်လုံးတွင် စိုးမိုးနိုင် ဝင်ထိုင်လိုက်သည်။

ထိုင်မိသည်နှင့် ဦးဘာဘာ၏ သင်တန်းဆင်းဖြစ်ဟန်တူသည့် ကောင်တာတွင် တာဝန်ကျ အရောင်စာရေးက ချိုသာသောအပြုံး ချိုသောလေသံဖြင့် စိုးမိုးနိုင်ကို မေးမြန်းလိုက်ပါ၏။

"ထိုင်ပါ မိတ်ဆွေ... ဘယ်အမျိုးအစားကို ဘယ်နှစ်ပက်ထည့်ပေးရမလဲဆိုတာ အမိန့်ရှိပါခင်ဗျာ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အမျိုးအစားတွေ ရနိုင်တယ်ဆိုတာကို ခင်ဗျားက အရင်ပြောဦးမှပေါ့... ဥပမာ ထမင်းဆိုင်ထဲ ဝင်သွားရင် ကြက်သားဟင်း... ဝက်သားဟင်း ငါးဟင်း... ပုဇွန်ဟင်း... ဘာကလီစာဟင်း... ညာကလီစာဟင်းရမယ်ဆိုတာ ရောင်းသူက ရွတ်ပြရတယ် မဟုတ်လား..."

ကောင်တာအရက်ရောင်းသူကပြုံးလိုက်ပါ၏။

"ဟဲ... ဟဲ... အဲဒါကတော့ လမ်းဘေးထမင်းဆိုင်တွေရဲ့ ဝသီနဲ့ အကျင့်ပါ... ဒီဟာက အောင်ဒေဝ ဟိုတယ်ကြီးပါ မိတ်ဆွေ..."

"ဟုတ်လား... ဒါဆို အောင်ဒေဝဟိုတယ်ထဲကို ဝင်လာတဲ့လူတိုင်းဟာ ဒိဗ္ဗစက္ခုဉာဏ်ရပြီး အလိုလို ဘာတွေရမယ်ဆိုတာ သိနေလို့လား..."

စိုးမိုးနိုင်သည် အောင်ဒေဝသို့ လာကတည်းက ရင်တွင်းမကျေနပ်သော ခံစားချက်ရှိသောကြောင့်လည်းကောင်း၊ ဤဟိုတယ်၏ အကြောင်းကို တမင်ဆွပြီး ထွက်လာသောစကားများအရ သိရှိအကဲခတ်နိုင်ရန်လည်းကောင်း တမင်စကားရှိပြီး ပြောနေခြင်း ဖြစ်ပါ၏။

ကောင်တာအရက်ရောင်းစာရေးသည် စိုးမိုးနိုင်အား ဘယ်လိုလူစားလဲဟု အကဲခတ်မျက်လုံးဖြင့် စူးစိုက်ကြည့်လိုက်ပြီးမှ သင်တန်းက စိတ်ရှည်ရမယ်၊ သည်းခံရမယ်ဟု ဦးဘဘဘ၏ မိန့်ခွန်းတွေကြောင့်လားမသိ အင်မတန် သည်းခံစိတ်ရှည်စွာ ဆက်ဆံရသည့် ပုံစံမျိုးဖြင့် ပြန်



ပြောပြန်ပါ၏။

"မိတ်ဆွေက မြို့သာမှာ လူသစ်ဖြစ်နေပြီး ဒီအောင်ဒေဝဟိုတယ်ကိုလည်း လူသစ်ဧည့်သည် အသစ်အနေနဲ့ ရောက်လာပုံပဲ... ဒါဆို ကျွန်တော်ကပဲ လူသစ်ကို ပြောပြတဲ့အနေနဲ့ ပြောပြပါ့မယ်... ဒီအောင်ဒေဝဟိုတယ်ရဲ့ အရက်ကောင်တာမှာ ဝိုက်လေဘယ်... ဘလက်လေဘယ်... ဂျော်နီဝါကား... ဘီဟိုက်... ဗက်စစ်စတီးနိုင်း... မော့ဝီစကီ... တိုက်ဂါး..."

သူ့စကားမဆုံးခင် စိုးမိုးနိုင်က ကြားဖြတ်မေးလိုက်သည်။

"ရှန်ပိန်ကော ရမလား..."

ကောင်တာစာရေး ပါးစပ်ပြဲသွားသည်။ ရှန်ပိန်လိုအရက်မှာ မြို့သာ၏ အောင်ဒေဝဟိုတယ်မျိုးတွင် အဘယ်မှာလျှင် ရနိုင်ပါမည်နည်း။ တန်ဖိုးအလွန်ကြီးမားပြီး သောက်သုံးသူ အလွန်နည်းပါးသော အမျိုးအစားပါတည်း။

"ရှန်ပိန်တော့ မရနိုင်ပါဘူးခင်ဗျ..."

"ဒါဆို... မန္တလေးရမ်... နှစ်ပက်ပေး..."

"ဗျာ..."

ကောင်တာစာရေး ဒုတိယအကြိမ် ဗျာဟု အာမေဋိတ်ရင်း ပါးစပ်ပြဲ သွားပြန်သည်။

"မန္တလေးရမ် နှစ်ပက်ပေးပါလို့ ကျွန်တော် ပြောတာလေဗျာ..."

အရက်ရောင်းစာရေးမှာ ယခုတစ်ကြိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဦးဘာဘာက ဘယ်လိုသင်တန်းတွေ ပေးထား ပေးထား စိတ်ရှည်နိုင်စွမ်း ရှိဟန်မတူပါလေတော့။

စောစောက သူတန်းစီပြီး ရွတ်ပြသွားသော အရက်မျိုးစုံတို့မှာ နိုင်ငံခြားမှ တိတ်တခိုးမှောင်ခိုဝင်လာသော အရက်တွေဖြစ်ပါ၏။ ပက်တစ်ပက်လျှင် အပေါဆုံး ရှစ်ကျပ်မှ နှစ်ဆယ်ကျပ်အထိ တန်ဖိုးကြီးမားသည့် အရက်တွေ ဖြစ်သည်။

မန္တလေးရမ် တစ်ပက်လျှင် နှစ်ကျပ်မတ်တင်းသာရှိသည်။ ခိုးရောင်းအရက်များ ရောင်းရသမျှ အောင်ဒေဝတွင် အကျိုးရှိသော်လည်း အရက်ရောင်းခွင့် ရစေသော ဟိုတယ်တစ်ခုတွင် ပြည်တွင်းဖြစ်အရက် မရောင်းဘဲနေ၍ မရပေ။

ထို့ကြောင့် ဆောင့်ကြီး အောင့်ကြီးနှင့်ပင် ကောင်တာမှ အရက်ရောင်းဝန်ထမ်းသည် မန္တလေးရမ် နှစ်ပက်ကို ချင်တွယ်သည်။ ပြီး စိုးမိုးနိုင်ရှေ့တွင် ဖန်ခွက်မကျဲ ရုံတမယ် ဆောင့်ချပေးလိုက်သည်။

စိုးမိုးနိုင် ပြုံးရယ်ပြီး မိမိဘေးတွင် ဟင်နက်ဆီ အရက်ကို ဖိမ်နှင့်စုပ်နေသည့် အသက်လေးဆယ်ခန့် ကိုက်ပေါဟန်တူသည့် ပုဂ္ဂိုလ်ကို ပျက်ချော်ချော် အပြုံးဖြင့် ကြည့်လိုက်ပြန်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် စိုးမိုးနိုင်အား အောင်ဒေဝဟိုတယ်သို့လာပြီး မန္တလေးရမ် မှာသောက်သည်ကို အထူးအဆန်းသဖွယ် ပြန်ကြည့်နေပါ၏။

ထိုစဉ်မှာပင် ဟိုတယ်၏ နောက်ဘက်



အဆောင်မှ စာဖိုးမှူးဝတ်စုံ ဝတ်ဆင်ထားသည့်ဦးထိန်ဝါကြီး ထွက်လာသည်ကို စိုးမိုးနိုင် လှမ်းမြင်ရသည်။

"ဗျို့ ဦးထိန်ဝါ... "

"ဟ... မောင်စိုး... အားပါးပါး... ငါ့တူ စိုးမိုးနိုင်ကြီး ပါလား... မင်းဘယ်တုန်းက မြို့သာကို ပြန်ရောက်တာလဲ... "

စိုးမိုးနိုင် ရှိရာသို့ ဦးထိန်ဝါ ခြေလှမ်းကျဲကြီးဖြင့် မပြေးရုံတမယ် ရောက်လာပြီး ဖက်လှဲတကင်း ဝမ်းသာအားရ ပွေ့ပိုက်လိုက်သည်။

စိုးမိုးနိုင်ကလည်း ကိုဒေဝ၏ လက်စွဲလူယုံတော်ကြီးဦးထိန်ဝါအား ပြန်လည်ဆုတ်ကိုင်လိုက်ပါလေ၏။

"ကျွန်တော် အခုညနေပဲ မြို့သာကို ပြန်ရောက်လာတာပဲ ဦးထိန်ဝါ... "

"ဘာလဲ... ခွင့်နဲ့[illegible]လည်တာလား... "

"ဘယ်ဟုတ်[illegible]လဲ... တစ်ခါတည်း နုတ်ထွက်စာ တင်ပြီး လာခဲ့တာ... "

ဦးထိန်ဝါက ပါးဖောင်းဖောင်းကြီး နှစ်ဘက် လှုပ်သွားအောင် အားရပါးရ ရယ်လိုက်သည်။

"ကောင်းပေါ့ကွာ...ဒါဆို ဟောဒီ အောင်ဒေဝဟိုတယ် ကို မင်းပြန်ပြီး ဦးစီးမှာပေါ့ ဟုတ်လားမောင်စိုး..."

"အဲဒီကိစ္စ ကျွန်တော် ဦးဘာဘာနဲ့တွေ့ပြီး ဆွေးနွေးဖို့ အောင်ဒေဝကို လာခဲ့တာပဲ... "

ဦးထိန်ဝါသည် စိုးမိုးနိုင်ရှေ့တွင် ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



အရက်ဖန်ခွက်ကို ကောက်ယူပြီး နမ်းကြည့်လိုက်သည်။

"ဒါ ရမ်ပဲ... မောင်စိုး..."

"ဟုတ်တယ်လေ... ရမ်... ပဲပေါ့..."

ဦးထိန်ဝါသည် ဘာဘာညာညာ မပြောဘဲ အနီးရှိ အမှိုက်ပုံးထဲသို့ အရက်ရော ဖန်ခွက်ရော ပစ်ထည့်လိုက်သည်။

ထိုအခိုက်မှာပင်...

လေးမောင်သည် ဘယ်ကရောက်လာသည်မသိ၊ ကောင်တာ၏ အစွန်သို့ ရောက်ရှိလာသည်။

အဝင်ဂိတ် ခိုအိမ်အစောင့်ဂိတ်မှအစောင့်သည် စိုးမိုးနိုင် အောင်ဒေဝသို့လာကြောင်း၊ ဖုံးဖြင့်လှမ်းအကြောင်းကြားသဖြင့် လေးမောင်သည် စိုးမိုးနိုင်ရှိရာ ကောင်တာသို့ ရောက်လာခြင်း ဖြစ်ပေမည်။

စိုးမိုးနိုင်သည် ကောင်တာစွန်းတွင် ရောက်လာသည့် လေးမောင်အား မမြင်ဟန်ဆောင်နေလိုက်ပါ၏။

ဦးထိန်ဝါက အရက်ရောင်းစာရေးအား လှမ်းပြောလိုက်သည်။

"ဟောကောင်... ကြီးမြင့် ... ပို့က်လေဘယ်(လ်) တစ်လုံးပေးစမ်း..."

"ငွေရှစ်ဆယ် အရင်ပေးပေါ့ ဦးထိန်ဝါ... ပို့က်လေဘယ်(လ်)တစ်လုံးကို ရှစ်ဆယ်မှန်းခင်ဗျားသိသားနဲ့"

ဦးထိန်ဝါက ပါးဖောင်းဖောင်းကြီး လှုပ်သွားအောင် တဟဲဟဲ ရယ်သံပြုလိုက်ပြန်ပေသည်။





"မင်းဆီက ဦးဘာဘာက ဟောကောင် ပို့က်လေဘယ်(လ်) တစ်ပုလင်းပေးစမ်းလို့ တောင်းတဲ့အခါ မင်းက ငွေရှစ်ဆယ် အရင်ပေးပါလို့ တောင်းရဲသလား ကြီးမြင့်..."

"အို... ဘာဆိုင်လဲ... ဆရာကြီး ဦးဘာဘာက ဟိုတယ်ပိုင်ရှင်ပဲဟာ..."

"အေး... မင်းမှတ်ထား ကြီးမြင့်...အောင်ဒေဝဟိုတယ်ကို ဦးဘာဘာက ထက်ဝက်ပိုင်တယ်... ကျန်တဲ့ထက်ဝက်ကို ဟောဒီ စိုးမိုးနိုင်က ပိုင်တယ် နားလည်လား... ဟောဒီ မောင်စိုးဟာ မင်းတို့အားလုံးရဲ့ ဆရာကြီးဘော့(စ်) ဦးဘာဘာလိုပဲ မင်းတို့ရဲ့ နောက်ထပ် ဘော့(စ်)ပဲ မှတ်ထား..."

အရက်ရောင်းစာရေး ကြီးမြင့်သည် ဆရာကိုလေးမောင်ရှေ့မှာပင် ဦးထိန်ဝါက ပြောနေသဖြင့် ပါးစပ်ကြီးအဟောင်းသားနှင့် ဖြစ်သွားကာ ကိုလေးမောင်အား လှမ်းကြည့်ပြီး ပို့က်လေဘယ်(လ်) ပုလင်းပေးရမှာလား မပေးရဘူးလားဟု အဖြေတောင်းသည့် အမူအရာပြုလိုက်သည်။

လေးမောင်က ကြီးမြင့်အား ပေးလိုက်ပါရန် ခေါင်းညိတ်ပြလိုက်ပါ၏။

ထိုအခါကျမှ ကြီးမြင့်သည် ပို့က်လေဘယ်(လ်) ပုလင်းယူကာ ဦးထိန်ဝါအား လှမ်းပေးလိုက်သည်။

"သူ့ကို မပေးနဲ့ ကြီးမြင့်... အဲဒီ စိုးမိုးနိုင်ဆိုတဲ့လူကို

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်... "

တစ်ဆက်တည်းပင် လေးမောင်က ဦးထိန်ဝါအား ဟိန်းဟောက်သံနှင့် ပြောလိုက်သည်။

"ဒီမှာ ဦးထိန်ဝါ ခင်ဗျားတာဝန်က ဟိုတယ်ရဲ့ နောက်ပိုင်းမှာပါ... အဲဒီတော့ ကိုယ့်တာဝန်ကို နားလည်ရင် ကိုယ့်ဟာကိုယ် ဟိုတယ်နောက်ပိုင်းထဲ ပြန်သွားပါ... "

စိုးမိုးနိုင်က လေးမောင်ကို တည့်တည့်မတ်မတ်ကြီးပင် ပြန်စိုက်ကြည့်ပြီး ပြောလိုက်ပါ၏။

"ဒီမယ် လေးမောင်... ဦးထိန်ဝါဟာ နောက်ပိုင်းတာဝန်ဖြစ်ချင်ဖြစ်မယ်... ဒါပေမယ့် ဒီညအဖို့ ငါက ဦးထိန်ဝါနဲ့ အတူတူနေဖို့ ဆန္ဒရှိတယ်... ဒါကြောင့် ဦးထိန်ဝါကို ငါနဲ့အတူနေဖို့ ငါက အမိန့်ပေးတယ်"

"မင်းက ဘာလို့ အမိန့်ပေးနိုင်မှာလဲ စိုးမိုးနိုင်... မင်းလုပ်ဖို့က ပထမဆုံး ဆရာဦးဘာဘာနဲ့ ပြီးပြတ်အောင်လုပ်ပါ... ဆရာဦးဘာဘာက မင်းကို ထက်ဝက်ပိုင်ရှင်လို့ အသိအမှတ်ပြု ကြေညာမှ မင်း ဒီလို အမိန့်ပေးခွင့်ရှိမှာ... "

"မင်းမှားနေပြီ လေးမောင် ... ဒီဟိုတယ်ကို မူလကတည်းက ပိုင်ဆိုင်ခဲ့သူဟာ ကိုဒေဝနဲ့ ငါပဲ ... ကိုဒေဝက သူ့အကြောင်းနဲ့သူ ပိုင်ဆိုင်မှုထက်ဝက်က ထွက်သွားတော့ ငါဟာ မူလထက်ဝက်ပိုင်ဆိုင်သူအဖြစ် ရှိမြဲရှိနေတယ်... ဒီဟိုတယ်ကို စပြီးဖွင့်



ကတည်းက ငါဟာ ထက်ဝက်ရှယ်ယာပိုင်သူအဖြစ် သက်ဆိုင်ရာမှာ တရားဝင် စာချုပ်စာတမ်း အသိသက်သေနဲ့ ဖွင့်ခဲ့တာပဲ လေးမောင် ... မင်းဆရာ ဦးဘာဘာကိုသာ ငါက မူလပိုင်ရှင်အနေနဲ့ သူ့ကို ကိုဒေဝအစား နောက်ထပ် ထက်ဝက်ပိုင်သူလို့ အသိအမှတ်ပြုသင့်ရင်ပြုရမှာ ... မဟုတ်လား... မင်း မကျေနပ်ရင် မင်းတို့ရဲ့ အကျိုးတော်ဆောင်ကြီး ဦးမြင့်စိကို ပြေးပြီးမေးချင် မေးလိုက်ဦး လေးမောင်ကဲ တစ်ဆက်တည်း ငါက မင်းကို အမိန့်ပေးတယ် မင်းဟာ... ဒီဟိုတယ်မှာ ဒုတိယလက်ထောက်မန်နေဂျာဆိုလည်း မင်း လက်ထောက်မန်နေဂျာ စားပွဲကို ပြန်သွားပြီး လုပ်စရာရှိတဲ့အလုပ်ကို လုပ်ပါ လေးမောင်... "

လေးမောင်သည် ကောင်တာစားပွဲရှည်ကြီး၏ မျက်နှာပြင်ကို သူ၏လက်သီးကြီးဖြင့် ဒေါမာန်တွေနှင့် ထုလိုက်ရင်း စိုးမိုးနိုင်ဆီသို့ တစ်လှမ်းချင်းတိုးလာသည်။

စိုးမိုးနိုင်သည် ဆုံလည်ခွေးခြေရှည်မှ ဆင်းဘာ မတ်တပ်ရပ်လိုက်သည်။ မားမားကြီး ရပ်လိုက်ခြင်းဖြစ်ပါ၏။ စိုးမိုးနိုင်၏ မျက်နှာမှာ ဘာမဆို ရင်ဆိုင်မည့် အမူအရာ ပေါ်လွင်နေတော့သည်။ ရဲအရာရှိမှ လာခဲ့သူမို့ ညှိုသို့သော တိုက်ရေးခိုက်ရေးတွင်မဆို သွေးအေးပြီးသေးခြင်းနေသည်။

စိုးမိုးနိုင်၏ အေးစက်တည်ငြိမ် မအေးကျသော

www.burmeseclassic.com

www.burmeseclassic.com



အမှုအရာကို ကြည့်ကာ လေးမောင်သည် မနီးမဝေးမှာပင် တန့်ခနဲ ရပ်လိုက်သည်။

ငယ်စဉ် ကျောင်းသား ဘဝကတည်းက စိုးမိုးနိုင်၏ အကြောင်းကို လေးမောင်သည် နှောကျေအောင် သိထားပြီး မဟုတ်လား။ တစ်ယောက်ပွဲမျိုးဆိုပါက စိုးမိုးနိုင်သည် ဘယ်တုန်းကမှ ရှုံးပွဲမရှိခဲ့ဘူးမှန်း လေးမောင် ကောင်းကောင်းသိနေပါ၏။

"မင်း နေနှင့်ဦးပေါ့ စိုးမိုးနိုင်... ငါက ဆရာကြီး ဘာဘာဆီက တိကျတဲ့ အမိန့်မရသေးလို့ မင်း သက်သာသွားတယ် မှတ်ပါ... "

"လုပ်ပါ လေးမောင်... မင်းဆရာကြီးဆီက အမိန့် တောင်းဦးပေါ့... ငါ မင်းအကြောင်း သိပြီးသားပဲ... မင်းက ကျားသေကြီးပါ လေးမောင်... အသက်သွင်း ပေးတဲ့သူရှိမှ ထကိုက်ရဲတဲ့လူစားပဲ... "

ယင်းအခိုက်မှာပင်စားပွဲထိုးတစ်ယောက်သည် ကြို့ကြို့ယို့ယို့ ပုံစံဖြင့် လေးမောင် ရှေ့သို့ ရောက်လာသည်။

"ဆရာကြီးဦးဘာဘာက ဆရာကိုလေးမောင်ကို ခေါ် ခိုင်းလိုက်ပါတယ်... အခုပဲ ချက်ချင်းလာခဲ့ပါတဲ့"

လေးမောင်သည် စိုးမိုးနိုင်ကို မှုန်တေတေ တစ်ချက်ကြည့်ပြီး ထွီခနဲ တံတွေးမပါဘဲ အသံထွက်ထွေး ကာ ချာခနဲ လှည့်ထွက်သွားပေသည်။

ဦးထိန်ဝါက ဘာမပြောညာမပြော လက်ခုပ် တီး ဩဘာပေးလိုက်ပြီး အားရပါးရ ပြောလိုက်သည်။



"သိပ်ကောင်းတယ် မောင်စိုး... ဒီကောင်တွေကို အဲဒီလို ရင်ဆိုင်ပြီး ဒီလိုအပေါက်မျိုး ပြန်ချိုးထားမှ တန်ရာကျတယ်... လာ... ငါတို့နှစ်ယောက် သီးသန့်ခန်းထဲဝင်ပြီး စားရင်းသောက်ရင်း စကားပြောကြစို့"

ရှိုက်လေဘယ်(လ်) ပုလင်းကို ဆွဲကိုင်ပြီး ဦးထိန်ဝါ ရှေ့မှ သွားသည်။ စိုးမိုးနိုင်မှာ ညစာလည်း မစားရသေးသည်မို့ လိုက်ပါသွားပါ၏။

ညစာအတွက် ဦးထိန်ဝါကပင် စားဖိုမှူးပီပီ မွှယ်ဖွယ်ရာရာ အရာသာရှိရှိ ဟင်းလျာများနှင့် စီစဉ်ပေးသည်။ ရှိုက်လေဘယ်(လ်)ပုလင်းကို ဖောက်သည်။

စားရင်းသောက်ရင်း ဦးထိန်ဝါက ဖြစ်ခဲ့သမျှ အကြောင်းတွေကို စိုးမိုးနိုင်အား ပြောပြသည်။ ဦးထိန်ဝါ ပြောပြချက်များအားလုံးမှာ ယုယုက ပြောပြထားပြီးသားမို့ စိုးမိုးနိုင် ကြားရသမျှသည် သိပ်ထူးထူးခြားခြား မပါရှိလှ ပေ။

"မင်း... အခု ဘာဆက်လုပ်မလဲ မောင်စိုး... "

"ဦးဘာဘာနဲ့ တွေ့မယ်... အောင်ဒေဝဟိုတယ် ရှယ်ယာကိစ္စ အပြတ်ရှင်းရမှာပဲ... "

"ငါသိသလောက်တော့ ဦးဘာဘာက မင်းကို ငွေ အမ်းလိမ့်မယ်ကွ ... အောင်ဒေဝဟိုတယ်ဟာ ဦးဘာဘာ လက်ထက်ကျမှ သူ့နည်းသူ့ဟန် လုပ် ကွက်တွေဖြစ်တဲ့ ချိန်းဝိုင်း ဘိန်းဝိုင်းတွေရဲ့ တော် ဘော်ကြီး အကျိုးအမြတ် ဖြစ်ထွန်းနေတယ်... ဘယ်

www.burmeseclassic.com



နည်းနဲ့မှ အောင်ဒေဝကို ဒီလူကြီး လက်လွှတ်မှာ မဟုတ်ဘူး... ”

“ကျွန်တော်ကလည်း အောင်ဒေဝကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံဘူး ဦးထိန်ဝါ... ”

ဦးထိန်ဝါက ဝှီကီလေဘယ်(လ်)ကို မော့သောက်ပြီး သူ၏နှုတ်ခမ်းကို သူ့လက်ဝါးကြီးဖြင့် ပွတ်လိုက်ပြီး ဆက်ပြောသည်။

“ဒီလိုဆိုရင်တော့ မင်း ကြမ်းကြမ်းရမ်းရမ်းလေးတွေကို ရင်ဆိုင်ရလိမ့်မယ် မောင်စိုး... ဦးဘာဘာရဲ့ နည်းပရိယာယ်က ပထမအဆင့် တစ်ဘက်လူကို ကျေနပ်အောင် နှစ်သိမ့်မှုတွေ ပေးတတ်တယ်... အဲဒီနည်းနဲ့ မရတော့ဘူးဆိုရင်တော့ သူက သူ့တပည့်လက်သားတွေနဲ့ ပတ်ကြမ်းတိုက်တော့တာပဲ... မြို့သာမှာ သူ့အနေနဲ့ တော်တော်လေး မိးသေနေတာကိုး... ”

“မပူနဲ့ ဦးထိန်ဝါ... ကျွန်တော့်မှာ ယုယု သံယောဇဉ်ကလွဲပြီး ဘာသံယောဇဉ်မှ ရှိတာမဟုတ်ဘူး... ကြမ်းကြစတမ်းဆိုရင် ကျွန်တော်ရဲ့လူထွက် တစ်ကောင်ကြွက်ပဲ... သူများထက် ဆယ်ဆပိုကြမ်းနိုင်တယ်... မာပြီဟော့ဆိုရင်တော့ သံချောင်းပဲ ဦးထိန်ဝါ... အခုကျွန်တော် စားသောက်ပြီးတာနဲ့ ဦးဘာဘာကို တက်တွေ့တော့မှာ... ”

“ငါ... မင်းနဲ့ အဖော်လိုက်ခဲ့ရမလား... ”

စိုးမိုးနိုင်က ခေါင်းခါပြလိုက်သည်။



“နေပလေ့စေ... လိုအပ်တဲ့အခါကျမှ ဦးထိန်ဝါကို ကျွန်တော် ခေါ်လိုက်မယ်... အခုတော့ ဦးဘာဘာနဲ့ ကျွန်တော် နှစ်ယောက်ချင်းပဲ တွေ့ချင်တယ် ... ဦးဘာဘာ အနေနဲ့ အောင်ဒေဝဟိုတယ်ဟာ ကျွန်တော် ထက်ဝက်ပိုင်ထားတဲ့ တရားဝင်စာချုပ်စာတမ်းတွေရှိနေသရွေ့ ကျွန်တော့်ကို ပက်ပက်စက်စက် လုပ်ရဲမှာ မဟုတ်ပါဘူး... အလွန်ဆုံး သူတို့လုပ်ရင်း ချောင်းနှစ်ခွမှာ ကျွန်တော် လန့်ပြီး နောက်ဆုတ်သွားအောင် လုပ်သလောက် အချောက်အလှန့်လောက်သာ လုပ်ရဲမှာပါ... ကိုဒေဝကိစ္စကိုတောင်မှ ခုချိန်ထိ ဦးဘာဘာ ပြီးပြတ်သွားအောင် လုပ်နိုင်တာမှ မဟုတ်တာ... ”

“အေး... မောင်ဒေဝကတော့ မင်းလို မမာဘူး... ပျော့တယ်... ဒီအထဲ သန္တာဆိုတဲ့ ကောင်မလေးနဲ့ သွားငြိတော့ မမြင်ဘူး... မူးမြစ်ထင်ပြီး အရူးအမူး မွှန်နေတယ်... မင်းကိုတော့ ငါယုံတယ်... မင်က ငယ်ငယ်တည်းက ထက်မြက်တဲ့လူပဲ... ”

ထိုမျှ ပြောပြီး ဦးထိန်ဝါနှင့် လူချင်းခွဲကာ အပေါ်ထပ်တက်သည့် လှေကားကြီးအား စိုးမိုးနိုင် နင်းတက်ခဲ့လေတော့သည်။

✻❁✻❁✻❁✻❁

www.burmeseclassic.com

www.burmeseclassic.com



## ၇

လှေကားထစ်များပေါ်တွင်အနီရောင်ကော်ဇော အကောင်းစားခင်းထားသည်။ စိုးမိုးနိုင်အဖို့ ဖိနပ်နှင့်နင်းပြီး တက်ရသည်ကို စိတ်ထဲ၌ အားနာသယောင် ဖြစ်မိသေးသည်။

အပေါ်ထပ်လှေကားထစ် ဆုံးသွားသည်နှင့် ဦးဘာဘာ၏ အလုပ်ခန်းကို လှမ်းတွေ့ရသည်။

အခန်းတံခါး ပိတ်ထားသည်။ တံခါးထိပ်တွင်

**"ဦးဘာဘာ – စအောင်စဒေ"**

ဟု ပလပ်စတစ်အနက်ခံတွင် အဖြူစာလုံးကပ်ဖြင့် ရေးထားသည်ကို တွေ့ရသည်။

ပိတ်ထားသော တံခါးဘေးတွင် လက်တန်းပါ ကြိမ်ကုလားထိုင်ဖြင့်ထိုင်ပြီး ရုပ်ပြကာတွန်းတစ်အုပ် ဖတ်နေသည့်လူတစ်ယောက်ကို တွေ့ရသည်။

ဦးဘာဘာ၏ အခန်းတံခါးမှူး ဖြစ်ပေချိမ့်



မည်။ တံခါးမှူးပုံစံမှာ လေးမောင်အရွယ်ရှိပြီး လေးမောင်၏ ခန္ဓာကိုယ်အချိုးအဆက်မျိုး ရှိသည်။ ဝတ်ဆင်ထားသော အဝတ်အစားမှာလည်း အပျံစားဖြစ်သည်။ အကောင်းစား စပို့ရှပ်နှင့် တက်ထရက်(စ်) ဘောင်းဘီရှည် ဝတ်ထားသည်။ သူတို့အဖွဲ့အစည်းတွင် ဦးဘာဘာ၏ အခန်းကို တံခါးမှူး ခန့်ထားခြင်း ခံရသူသည် သာမည်ထဲက မဟုတ်ဘဲ နေရာပေးထားရသူမျိုး ဖြစ်ဟန်တူသည်။ ဦးဘာဘာ၏ အန္တရာယ်ကို ကာကွယ်ပေးနိုင်သမည့် လူမျိုးကိုမှ တံခါးမှူး ခန့်ထားခြင်း ဖြစ်ပေမည်။

တံခါးမှူးသည် စိုးမိုးနိုင် တက်ရောက်လာသည်ကို မြင်သော်လည်း ဂရုမစိုက်ဟန်ဖြင့် သူ၏ရုပ်ပြကာတွန်းကို အကြည့်မပျက် အဖတ်မပျက် ရှိနေသည်။ သူ၏ ရှူးဖိနပ်စီးထားသော ခြေနှစ်ဘက်ကို ခွေးခြေအနိမ့်လေးပေါ် ခြေတင်ပြီး ကြိမ်ထိုးကုလားထိုင်အား ကျောမှီပြီး ဖတ်နေသော ပုံသွင်ဖြစ်ပါ၏။

စိုးမိုးနိုင်သည် ဟိတ်ဟန်အလွန်ကြီးသော တံခါးစောင့်အနီးသို့ လျှောက်လာခဲ့သည်။

အနီးကပ် ရောက်လာမှ တံခါးစောင့်သည် စာအုပ်၏ စာမျက်နှာကို လက်ညှိုးညှပ်ကိုင်ရင်း စိုးမိုးနိုင်ကို အသံမာမာနှင့်ပင် မေးခွန်းထုတ်လိုက်သည်။

"ပြော ဘယ်လိုပုံစံနဲ့ ဒီအပေါ်ထပ်ကို တက်လာတာလဲ..."

"ဦးဘာဘာနဲ့ တွေ့ချင်လို့..."

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်... ဆရာကြီးဦးဘာဘာဟာ ဘယ်
လိုညှော်သည်ကိုဖြစ်ဖြစ် ညဆယ်နာရီထိုးပြီးမှ တွေ့
ခွင့်ပြုတယ်... "

"ကျုပ် ဒုတိယအကြိမ်ထပ်ပြောပါ့မယ်... ကျုပ် အ
ဦးဘာဘာနဲ့ တွေ့ဖို့လာခဲ့တာ... ဦးဘာဘာကိုယ်တိုင်
ကလည်း ကျုပ်ကို တွေ့ချင်နေမှာပါ... "

တံခါးစောင့်သည် ရပ်ပြစာအုပ်ကို ဘေးသို့
ချထားလိုက်သည်။ ခွေးခြေပေါ်တွင် တင်ထားသော ခြေ
ဘက်ကိုလည်း အောက်ချလိုက်သည်။ ပြီး စိုးမိုးနိုင်ကို ဘယ်
လိုလူစားလဲဟု ကြည့်ပုံမျိုးဖြင့် စိုက်ကြည့်လိုက်သေးသည်။

"အင်း... ကျုပ်ကလည်း ဒုတိယအကြိမ် ထပ်ပြော
မယ်... ခါတိုင်းပုံမှန်ဆိုရင်တော့ ကျုပ်က ဒုတိယ
အကြိမ် ထပ်ပြောလေ့မရှိပါဘူး... ဒါပေမယ့် ခင်ဗျား
ကို ကြည့်ရတာ မြို့သားမှာ လူစိမ်းတစ်ယောက်ဖြစ်
ပုံရတယ်... အောင်ဒေဝဟိုတယ်အကြောင်းလည်း
သိပုံမရလို့ ကျုပ် ဒုတိယအကြိမ် ထပ်ပြောတာ...
ဆရာကြီးဦးဘာဘာဟာ ညဆယ်နာရီထိုးပြီးမှ ဧည့်
သည်ကို တွေ့ဆုံတယ် ... ဆယ်နာရီမထိုးခင်ဆိုရင်
တော့ သိကြားမင်းကြီး နားကင်းနဲ့ဆင်းလာပြီး တွေ့
ချင်ပါတယ်ဆိုတောင် တွေ့ခွင့်မပေးဘူး ... ဒါ...
ဒီတော့ ကိုယ့်လူပြန်တော့... ညဆယ်နာရီထိုးမှ
ထပ်လာခဲ့... ဒါပဲ... "

စိုးမိုးနိုင်က နောက်သို့ တစ်ဆံ



ဆုတ်ဘဲ မားမားရပ်ကာ ခပ်တင်းတင်းပင် ပြောလိုက်
သည်။

"ကိုယ့်လူက တံခါးစောင့်ပဲ... ကိုယ့်လူတာဝန်က
ဦးဘာဘာကို ဘယ်သူဘယ်ဝါ လာပါတယ်ဆိုတာ
သွားပြောရုံပဲ မဟုတ်လား... "

"ခက်တော့ ခက်နေပါလား... ဘယ့်နှယ် တကယ့်
မိချောင်းသား လျှာရှည်တဲ့လူနဲ့မှ လာတွေ့နေရတယ်
လို့... ကဲ... လျှာရှည်ချင်ဦးကွာ... "

တံခါးစောင့်သည် ထိုသို့ မပြောမီ ထိုင်ရာမှ
ထရပ်လိုက်သေးသည်။ ပြီး လက်နှစ်ဘက်မှ လက်ချောင်း
ချင်းချင်းကို ပတ္တာဆက်ပြီး အပေါ်မြှောက်ကာ အညောင်း
ဆန့်လိုက်ရင်းမှ လေအေးလေးနှင့် ငြီးတွားဟန် ပြောပြီးမှ
ကဲ လျှာရှည်ချင်းအုံးကွာဟု ပြောရင်း သူ၏တိုက်ခိုက်မှုကို
ပြုလိုက်ခြင်း ဖြစ်ပါ၏။

စိုးမိုးနိုင် အဖို့ ဒါမျိုးတော့ ရိုးလှပါ၏။

တံခါးစောင့်၏ ပရိယာယ်မှာ စိုးမိုးနိုင် အမြင်
တွင် အမှတ်တမဲ့ ဖြစ်သွားစေရန် လက်ချောင်းပတ္တာဆက်
ပြီး အေးတိအေးစက် အညောင်းဆန့်ပြခြင်း ဖြစ်သည်။ နှုတ်
ကလည်း လေပျော့ဖြင့် ငြီးတွားပြပြီး စိုးမိုးနိုင်အား အငိုက်
မိပြီဟု ယူဆလေမှ သူ၏ပတ္တာဆက် လက်နှစ်ဘက် ဖြုတ်
ကာ လက်ဝါးစောင်းအသွင် ပြောင်းလိုက်ပြီး စိုးမိုးနိုင်၏
ကြိုင်ဆီသို့ ခုတ်ချလိုက်ခြင်း ဖြစ်တော့သည်။

မှားလေစွ စပယ်ရှယ် ကိုရွှေတံခါးမှူးကြီး။

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးနိုင်အဖို့ ချောင်းနှစ်ခွတွင် အမှတ်မထင် ခံလိုက်ရပြီးကတည်းက ဦးဘာဘာနှင့် ပတ်သက်လာသူများနှင့် ဆက်ဆံလျှင် ကြိုတင်သတိဝီရိယ ရှိနေရမည်မှန်း သေချာသဘောပေါက်ပြီးသား ဖြစ်သည်။

စိုးမိုးနိုင်သည် ကျောင်းသားဘဝကတည်းက အပျော်တမ်းလက်ဝှေ့ ကြိုးဝိုင်းပွဲတွေတွင် တစ်ခါမှ အရှုံးမရှိခဲ့သူ ဖြစ်သည်။ ရဲအဖွဲ့ထဲဝင်သည့် အခါတွင် ကိုယ်ခံပညာများ ဖြစ်သည်။ ဂျူဒို ကရာတေး ဇန်တို ဇန်ရှည် ဗမာ့သိုင်း တို့ကို ရာထူးအရ၊ တာဝန်အရ မနားမနေ သင်ကြားလေ့ကျင့်ထားခဲ့သူ ဖြစ်သည်။

လက်နက်မဲ့ နှစ်ဦးချင်း သတ်ပုတ်ပွဲ ရင်ဆိုင်ရပြီဆိုလျှင် တစ်ဘက်လူ၏ မျက်နှာကို ကြည့်နေစရာ မလိုဘဲ တစ်ဘက်လူ၏ ခြေနှစ်ဘက်နှင့် လက်နှစ်ဘက်ကိုသာ အဓိကထားကြည့်သည်။

မည်သူမဆို လှုပ်ရှားပြီး တိုက်ခိုက်ပြီဆိုလျှင် လက်နှစ်ဘက်နှင့် ခြေနှစ်ဘက်ကို အဓိက ခြေကွက်လက်ကွက်တွေ ပြောင်းပြီး လှုပ်ရှားတိုက်ခိုက်ရသည်ကိုသာ ဖြစ်ပါ၏။ ထို့ကြောင့်လည်း တံခါးမှူး၏ ခြေကွက်နှင့်လက်ကွက်ကို မျက်ခြေမပြတ် ကြည့်နေရာ ကဲလျှာရှည်ဦးကွာဟုပင် ကြေညာသံပေးပြီး ခြေကိုကားပြီး လက်ဝါးစောင်း နှစ်ဘက်ဆင်းလာသည်နှင့် တစ်ပြိုင်နက် စိုးမိုးနိုင်၏ ဒူးနှစ်ဘက်သည် စက်ပလီန်ကို ဖိလိုက်သည်နှယ် ကွေးပြီးဆင်းလာသည့် လက်ဝါးစောင်းကို ရှောင်တိမ်းပြီးသား ဖြစ်သွား



တော့သည်။

ဒီတော့ ...

တံခါးမှူး၏ လက်ဝါးစောင်းနှစ်ဘက်သည် စိုးမိုးနိုင်၏ ဘယ်နေရာ၊ ဘယ်အသားဆိုင်ကိုမှ မထိဘဲ လေထဲတွင် အရှိန်ဖြင့်ဝဲသွားတော့သည်။

အားမာန်အရှိန်နှင့်ခုတ်လိုက်သည်။ လက်ဝါးစောင်းနှစ်ဘက်စလုံး ဘာကိုမှမထိသောအခါ သူ့အရှိန်ကြောင့်ပင် သူ၏ ခြေကွက်တွေ မဟန်နိုင်ဘဲ ပျက်ရတော့သည်။

စိုးမိုးနိုင်၏ ကွေးထားသော ဒူးနှစ်ဘက်သည် စက်ပလီန်၏တွန်းကန်အားမျိုးဖြင့် ပြန်မတ်လာပြီး၊ ရှေ့ပိုင်းလုံးဝ ပွင့်နေပြီဖြစ်သည်။ တံခါးမှူး၏ ဝမ်းဗိုက်ကို စိုးမိုးနိုင်၏ နှံဖြောင့်လက်သီးတစ်ချက် ဝင်ထောက်လိုက်သည်။

တံခါးမှူး၏ ပါးစပ်မှ အွန့်ခနဲအသံပင် ထွက်လာသည်။ တံခါးမှူးသည် အောင့်လည်းအောင့် နာလည်းအလွန်နာသွားသည်။ သူ၏ဝမ်းဗိုက်ကို သူ၏လက်ဝါးနှစ်ဘက်ဖြင့် အုပ်ပြီး၊ ရှေ့သို့ အလိုလို ခါးကြီးကိုင်းလာ တော့သည်။

ယင်းအခြေအနေကပင်လျှင် စိုးမိုးနိုင်၏ပွဲဖြစ်နေပေပြီ။

တံခါးမှူးဗိုက်နှိပ် ခါးကိုင်းသွားခြင်းသည်၊ သူ၏ မျက်နှာကြီးကို လုပ်ချင်သလို လုပ်ပါတော့ဟု ဖွင့်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်နှယ် ဖြစ်နေပေသည်။

စိုးမိုးနိုင်သည် များများစားစားကြီးတော့ မလုပ်လိုက်ပေ။ သူ၏ဘယ်ဝိုက်လက်သီးဖြင့် တံခါးမှူး၏ မေးရိုးပါးချိတ်ကို တစ်ချက်တည်းတည်း ကော်ကပ်ပေးလိုက်သည်။

ဟိတ်ဟန်ကြီးလှသော တံခါးမှူးခမျာ ဟိတ်တွေဟန်တွေ ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားတော့ပြီ။ ကြမ်းပြင်တွင် ဝုန်းခနဲလဲကျသွားကာ သူ၏လက်နှစ်ဘက်မှာ ဝမ်းပိုက်ကိုပဲ နှိပ်ထားရမလိုလို မေးရိုးကွဲမတတ် နာကျင်သည်ကိုပဲ အုပ်ကိုင်ရမလိုလိုနှင့် တအင်းအင်းငြီးကာ ကြမ်းပြင်တွင် တုံးလုံးကြီးလိမ့်နေပေတော့သည်။

စိုးမိုးနိုင်က တုံးလုံးကြီးကို ခွကျော်ပြီး ဦးဘာဘာ၏ အခန်းတံခါးဘုသီးကို လှည့်ဖွင့်လိုက်တော့သည်။ ပွင့်သွားသော တံခါးမှ အထဲသို့ဝင်လိုက်ပြီး၊ တံခါးကို ခြေတစ်ဘက်နောက်ပြန်ကန် ပိတ်လိုက်သည်။

ဦးဘာဘာအား ဘီးတပ်ကုလားထိုင်တွင် ထိုင်နေသည်ကိုတွေ့ရပါ၏။ ပေါင်ရင်းမှ ခြေဖမိုးတိုင်အောင် ကတ္တီပါစောင်အနီကြီး အုပ်ထားလေသည်။

ဦးဘာဘာသည် ပြတင်းပေါက်တစ်ပေါက်တွင် တံခါးကို ကျောပေးထားခြင်း ဖြစ်လေသည်။

ဦးဘာဘာ၏ ဘေးတွင်လေးမောင်ရပ်လျက်သားရှိနေပါ၏။

သူတို့နှစ်ဦးစလုံးသည် စိုးမိုးနိုင်တံခါးဖွင့်ပြီး



ဝင်ရောက်လာသည်ကို လှမ်းမကြည့်သော်လည်း သိနေပုံရပေသည်။

ဦးဘာဘာက လှမ်းမကြည့်ဘဲ၊ စိုးမိုးနိုင်အား အသံပြု စကားဆိုလိုက်သည်။

"လာပါ ... မောင်စိုးမိုးနိုင်၊ တံခါးအပြင်ဘက်မှာ ဂျော်နီတစ်ယောက်တော့ ရေရေလည်လည် ခံလိုက်ရပြီနဲ့တူတယ်... "

"ဂျော်နီဆိုတာက ဘယ်သူလဲ ဦးဘာဘာ... "

ပြောရင်းစိုးမိုးနိုင်သည် အခန်းကြီးထဲရှိစားပွဲကြီးရှေ့တွင် ချထားသည့် ဧည့်ထိုင်ကုလားထိုင်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်သည်။ ဦးဘာဘာရှိရာ ပြတင်းပေါက်ဆီသို့ မသွားပေ။

"ဂျော်နီဆိုတာ ကျုပ်ရဲ့ အခန်းတံခါးစောင့်လေ... ဒီကောင်က ကျုပ်မှာထားတဲ့အတိုင်း ညဆယ်နာရီမကျော်မချင်း ဘယ်ဧည့်သည်ကိုမှ ကျုပ်အခန်းထဲ ဝင်ခွင့်မပေးတာ မဟုတ်လား... "

"ဟုတ်လား ... အဲဒီဂျော်နီက ဆက်ဆံရေး နည်းနည်းရိုင်းချင်တယ်ဦးဘာဘာ... တကယ်ဆို ကျွန်တော်ဟာ မှုရင်းအောင်ဒေဝဟိုတယ်ပိုင်ရှင် သူတို့ရဲ့ ဘော့(စ်)ပဲ... ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေးနဲ့ ရိုရိုသေသေ ဆက်ဆံသင့်တာပေါ့... သူနည်းနည်းပါးပါးရိုင်းရင် ကျွန်တော်က နဲနဲပါးပါး ဆုံးမပေးခဲ့တယ်... "



www.burmeseclassic.com

www.burmeseclassic.com



"ဂျော်နီကို ကျုပ်ကလည်းကူပြီးဆုံးမပေးပါဦးမယ်။ နောက်ပြီး ... သူက မောင်စိုးမိုးနိုင်ကို ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံခဲ့တာကို မောင်စိုးမိုးနိုင်ကျေနပ်တဲ့အထိ တောင်းပန်ခိုင်းပါ့မယ်... "

ဦးဘာဘာက သူ၏ဘီးတပ်ကုလားထိုင်ကို ပြန်လှည့်ကာ သူ၏ အလုပ်စားပွဲတွင် ပြန်၍နေရာယူပြီး၊ စိုးမိုးနိုင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

လေးမောင်းကတော့ သူ့နဂိုနေရာမှာပင် ပြတင်းပေါက်ဘောင်ကို မှီရပ်နေပြီး အလုပ်စားပွဲဆီသို့ လှမ်းကြည့်နေသည်။

တကယ်တော့ အပြင်ဘက်မှ တံခါးစောင့် ဂျော်နီအား လေးမောင် ဦးဘာဘာဆီလာကတည်းက မှာကြားထားပြီးသားဖြစ်ပါ၏။ ဂျော်နီသည် ဦးဘာဘာမွေး ထားသော တပည့်များထဲတွင် လက်စလက်နမည်သော ကြောင့်၊ တံခါးစောင့်နေရာကိုပင် ပေးထားခြင်းဖြစ်သည်။ စိုးမိုးနိုင်အား ဂျော်နီက တီးလွှတ်လိုက်ဖို့ လေးမောင်က မှာကြားထားပြီးဖြစ်သည်။ ဦးဘာလာကိုလည်း စိုးမိုးနိုင် တက် လာလျှင် ဂျော်နီက တီးလွှတ်မည်ဖြစ်ကြောင်း ပြောပြထား ပြီးသားဖြစ်သည်။

ယခုဂျော်နီ ခံသွားရလေတော့... ဦးဘာဘာသ နှုတ်ချိုစကားတွေ စိုးမိုးနိုင်ကို ပြောနေခြင်း ဖြစ်တော့သည်။

"မောင်စိုးမိုးနိုင် အခုလိုကျုပ်ဆီကို လာတွေ့တာ ကျုပ်ကဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါမယ်..."





"တကယ်ပဲ ဦးဘာဘာက ကျွန်တော်ကို ဝမ်းမြောက် ဝမ်းသာ ကြိုဆိုချင်တဲ့ အာသီသ သဘောရှိလို့လား ဦးဘာဘာ... ရေတွေမီးတွေကိုဖြတ်သန်း ကျော်လွှား ပြီးလာနိုင်လို့ ... မလွှဲသာဘဲ ရောက်လာတာကို ကြိုဆိုတဲ့ သဘောလောက်ပဲ မဟုတ်လား... "

"ဘာကို ဆိုလိုနေတာလဲ မောင်စိုးမိုးနိုင်... "

"အော် ... ချောင်းနှစ်ခွကို အတင်းကြားဖြတ်ပြီး မနှင်းဆီနဲ့ လေးမောင်ကို လွှတ်လိုက်တာရယ်... အခု တစ်ခါ ကျွန်တော်တက်လာမယ်မှန်း သိထားလို့ ... ဂျော်နီနဲ့ ပွဲတစ်ပွဲကျင်းပစေတာရယ်ကို ဆိုလိုတာပါပဲ ဦးဘာဘာ... "

ဦးဘာဘာက မျက်နှာပျက်မသွားရုံမကပြုံးပင် ပြုံးလိုက်သေးသည်။ ပြီးသူ့ရှေ့တွင်ရင်ကော့ထိုင်နေသည့် စိုးမိုးနိုင်ကို စူးစိုက်သောအကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

သူ၏ညီမငယ် မနှင်းဆီသည် စိုးမိုးနိုင်အား ကြာခဏချီးကျူးစကား ဆိုတတ်သည်ကို ဦးဘာဘာကြား ဖူးပါ၏။ မနှင်းဆီချီးကျူးမည်ဆိုပါကလည်း တကယ့်ချီး ကျူးထိုက်ပေသည်ဟု ဦးဘာဘာရင်ထဲတွင် ယခုမှတ်ချက် ချမိသည်။

စိုးမိုးနိုင်သည် လူရွယ်ယောကျ်ားသားတစ်ဦး နှင့် အားရစရာကောင်းလှသည်။ အရပ်သည် ငါးပေ လက်မအောက်လျှော့မည်မဟုတ်ပေ။ သူ့ခန္ဓာကိုယ်တွင်း ခေါ်တွေအသားပိုတွေမရှိဘဲ မာဆယ်ကြွက်သားတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နေရာအသီးသီးတွင် ဖွဲ့စည်းထားသည်လည်း ဖြစ်ပါ၏။ ယင်းမာဆယ်ကြွက်သားတွေနှင့် ဖွဲ့စည်းထားလျက်ဝင် ကိုယ်အလေးချိန် ပေါင်ချိန်တစ်ရာငါးဆယ်ခန့် ရှိလောက် သေးသည်။ ကိုယ်ခံနှင့် ကာယပညာကိုလိုက်စားထားသဖြင့် ဤသို့သော ကြံ့ခိုင်သော ခန္ဓာကိုယ်အချိုးအစား ရှိနေခြင်း ဖြစ်ပေသည်။

လေးမောင်တွင်လည်း ဒီအရုပ်အမောင်းမျိုးနှင့် ဒီခန္ဓာကိုယ်မျိုးရှိပါ၏။ သို့သော် လေးမောင်ခန္ဓာကိုယ်မှာ အသားပိုအဆီပိုတွေနှင့် ဘီယာဖေါ် အရက်ဖေါ်ကြောင့် ခန္ဓာ ကိုယ်ပွယောင်ခြင်းမျိုးသာဖြစ်သည်။

ပြီး ... ရုပ်ချင်းယှဉ်ကြည့်။

စိုးမိုးနိုင်၏ရုပ်မှာ ဟောလီဝုတ် နာမည်ကျော် မင်းသား ဂရီဂေါ်ရီပက်၏ မျက်နှာပေါက်မျိုး။ မြန်မာရုပ်ရှင် မင်းသားထဲကဆိုလျှင် ပျိုတိုင်းကြိုက် ဇာတ်လိုက်မင်းသား ကိုကျော်ဆွေ၏ မျက်နှာပေါက်မျိုးရှိသည်။ ယောကျ်ားဆန် ဆန် ဝွတ်(ဒ်)လွတ်ကင်းမျက်နှာမျိုးဖြစ်သည်။

လေးမောင်ကတော့ ငယ်စဉ်ကတည်းက ကျောက်ပေါက်ထားဖူးသဖြင့် မျက်နှာတွင် ကျောက်ပေါက် မ,ဗရဗျစ်နှင့်ရှိနေသည်။ ဒါတင်မက နဖူးမောက်ပြီး မျှ ယောင်ကောက်ချိတ်ချိတ် ရှိသေးသည်။ ရုပ်ရှင်လူကြမ်းပုံ အသွင်သာရှိပေ၏။

မြင်ရုံနှင့် စိုးမိုးနိုင်က ရုပ်သန့်ပြီး၊ လေးမောင် က ရုပ်ကြမ်းသည်ကို ထင်းခနဲတွေ့နိုင်သည်။



"အဲဒီချောင်းနှစ်ခွကိစ္စနဲ့ အခု ဂျော်နီကိစ္စတို့ ထား လိုက်ပါတော့ မောင်စိုးမိုးနိုင်... ကျုပ်က မောင်စိုးမိုး နိုင်ဘယ်လောက်စွမ်းပကား ထက်မြက်သလဲဆိုတာ စမ်းသပ်ကြည့်တဲ့ စမ်းသပ်ပွဲလေးတွေပါ..."

"ဩ ... ဦးဘာဘာရဲ့ စမ်းသပ်ပွဲလေးတွေကိုး ... အဲဒီစမ်းသပ်ပွဲမှာ ကျွန်တော်ဟာအောင်မှတ်ရရဲ့လား ဦးဘာဘာ..."

သရော်ကမော် စိုးမိုးနိုင်က မေးလိုက်ခြင်းဖြစ် ၏။ တမင်ရွှဲ့မေးခြင်းဖြစ်ပါ၏။

"လွန်သွားပါတယ်မောင်စိုးမိုးနိုင် အောင်မှတ်ကိုလွန် သွားပြီး ရာနှုန်းပြည့်အမှတ် ပေးလိုက်ပါတယ်... ဒါ ကြောင့်လည်း မောင်စိုးမိုးနိုင်နဲ့ကျုပ် တိတိလင်းလင်း ပဲ ညှိနှိုင်းသင့်ပြီလို့လဲ ကျုပ်ဆုံးဖြတ်လိုက်တယ်... အဲဒါကြောင့်ပဲ ... မောင်စိုးမိုးနိုင်ကို ကျုပ်ကဝမ်း မြောက်ဝမ်းသာကြိုဆိုပါတယ်လို့ ပြောလိုက်တာပဲ"

"ကဲ ... ဒါဖြင့်လဲ ... တိုတိုနဲ့လိုရင်းပဲ ... အောင်ဒေဝ ဟိုတယ်ကိစ္စ ဆွေးနွေးကြတာပေါ့ ... ဦးဘာဘာ"

"ကောင်းပါတယ် ... ကျုပ်ဆီမှာ မောင်စိုးမိုးနိုင်နဲ့ ဆွေးနွေးဖို့ အောင်ဒေဝကို ကျုပ်ဝယ်ယူလိုက်တဲ့ တရားဝင် စာချုပ်စာတမ်းလက်မှတ် အပြည့်အစုံ အဆင်သင့်ပါပဲ... အဲဒါတွေကို မောင်စိုးမိုးနိုင်အနေ ပထမလေ့လာကြည့်အုံးပေါ့..."

စိုးမိုးနိုင်က ဦးခေါင်းခါရမ်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မလိုသေးပါဘူး... အခုဆွေးနွေးမှာက အကြမ်းဖျင်း အဓိကအချက်ကို ဆွေးနွေးမှာပါ..."

"အကြမ်းဖျင်းဆိုလည်း... အကြမ်းဖျင်းပဲ ကျုပ်ပြောပြမယ် ... မောင်ဒေဝနဲ့ ကျုပ်... သူ့ရှယ်ယာကို ရောင်းစဉ်က အောင်ဒေဝဟိုတယ်ကို တစ်သိန်းနှစ်သောင်းနဲ့ နှစ်ဦးသဘောတူတန်ဘိုးဖြတ်တယ်... အဲဒီထဲက ထက်ဝက်သာ ကိုဒေဝက ပိုင်တာမို့ ကိုဒေဝဆီက ကျုပ်ခြောက်သောင်းပေး ဝယ်ထားလိုက်တယ်... အော် ... ဒါထက် ... မောင်စိုးမိုးနိုင်ကော မောင်ဒေဝကို သွားတွေ့ပြီးပြီလား... "

"မတွေ့ရသေးဘူး... မနက်မှပဲ သွားတွေ့ရမှာပါ..."

"အင်း ... သွားတွေ့ဖြစ်အောင် တွေ့လိုက်ပါ မောင်စိုးမိုးနိုင်... ဒါမှ နှစ်ဦးနှစ်ဘက် စကားကို မောင်စိုးမိုးနိုင်ကြားရပြီး အမှန်လို့ ဆုံးဖြတ်နိုင်မယ် မဟုတ်လား... "

"ကျွန်တော် ယုယုနဲ့စကားတွေအများကြီး ပြောပြီးပါပြီ... ကိုဒေဝနဲ့တွေ့လည်း ယုယုကျွန်တော့်ကို ပြောပြပြီးသား စကားတွေပဲ ကိုဒေဝက ထပ်ပြောမှာပါ... ဒီတော့ ... ဦးဘာဘာအနေနဲ့ အောင်ဒေဝဟိုတယ် ကိစ္စကိုသာ ဆက်ပြောပါ... "

"အင်း ... ဆက်ပြောရရင် မောင်ဒေဝနဲ့ ကျုပ်ဒီဟိုတယ်ကို တန်ဘိုးဖြတ်စဉ်က တစ်သိန်းနှစ်သောင်းဆိုပေမယ့် ... ကျုပ်လက်ထက် ကျုပ်ရဲ့ဦးစီးလုပ်ဆောင်



မှုကြောင့် ... ဟိုတယ်ရဲ့ တန်ဘိုးဟာ အများကြီး တက်လာတယ်... "

"ဟုတ်တာပေါ့... ကိုဒေဝလက်ထက်မှာတုန်းကတော့ အောင်ဒေဝဟိုတယ်မှာ ချိန်ဝိုင်း... ဘိန်းဝိုင်းနဲ့ လော်ဂျင်ခန်းတွေမှ မဖွင့်တာ... "

စိုးမိုးနိုင်၏ စကားကြောင့် ဦးဘာဘာ၏ ကျောကြီး မတ်ခနဲဖြစ်သွားကာ ဘီးတပ်ကုလားထိုင်၏ ကျောမှီကို မှီချလိုက်သည်။

ပြတင်းပေါက်တွင် ရပ်နေသော လေးမောင်က သူ့ရှူးဖိနပ်ခွါဖြင့် ကြမ်းပြင်ကို ဆောင့်နင်းသောအသံလည်း ထွက်လာသည်။

ဦးဘာဘာက သူ့စကားကို ပြန်၍ဆက်ပြောပြန်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ မောင်စိုးမိုးနိုင် ကျုပ်အဓိက ဆိုလိုလိုတာက အောင်ဒေဝဟိုတယ်ဟာ ကျုပ်ကိုင်တွယ်လိုက်မှ ... တန်ဘိုးအများကြီး တက်လာတာကို အဓိက ဆိုလိုတာ ..."

"ဆက်ပြောပါ ဦးဘာဘာ ... ကျွန်တော်နားထောင်နေပါတယ်"

"ဆက်ပြောစရာ စကားတော့သိပ်မကျန်တော့ဘူး... ဖြစ်ရိုးဖြစ်စဉ်ကိုပြောရရင် ... မောင်ဒေဝနဲ့ အရောင်းအဝယ်လုပ်စဉ်ကာ တန်ဘိုးငွေ တစ်သိန်းနှစ်သောင်းမို့... အခုမောင်စိုးမိုးနိုင်ကို ကျုပ်က ငွေခြောက်

www.burmeseclassic.com

www.burmeseclassic.com



သောင်း အမ်းလိုက်ရုံပေါ့။ ထက်ဝက်ရှယ်ယာခြောက်သောင်းဆိုပါတော့။ ငွေအပ်ပြီးတာနဲ့ ဒီဟိုတယ်ဟာ မောင်စိုးမိုးနိုင်နဲ့ ဘာမှမပတ်သက်တော့ဘူးပေါ့လေ"

"သြ ... သြ ... ဒီလိုလား"

စိုးမိုးနိုင်က ဒီလိုလားဟုပြောရင်း သူ့အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူကာ အေးဆေးတည်ငြိမ်စွာပင် တစ်လိပ်ကိုယူပြီး မီးညှိဖွာလိုက်သည်။

ဦးဘာဘာရော ... လေးမောင်ပါ စိုးမိုးနိုင်က ဘာဆက်ပြောမည်။ ဘယ်လိုသဘောထားမည်ဆိုသည်ကို မျှော်လင့်ကြီးစွာ နားစွင့်နေကြသည်။

စိုးမိုးနိုင်ဘာမှ ပြန်မပြောဘဲ စီးကရက်ကိုသာ ခိမ်ဆွဲရှူဖွာနေပါ၏။

မနေနိုင်တော့ ဦးဘာဘာကပင် စကားသံထွက်လာပြန်သည်။

"ဘယ်လိုလဲ မောင်စိုးမိုးနိုင်... အောင်ဒေဝဟိုတယ်ကိုစပြီး မ,တည်တုန်းက မောင်ဒေဝသုံးသောင်း... မောင်စိုးမိုးနိုင်က သုံးသောင်း ငွေခြောက်သောင်းနဲ့ ဖွင့်ခဲ့ကြတာပဲ... အခုဆိုရင်ကျုပ်ပေးတာ မောင်စိုးမိုးနိုင်ရင်းနှီးငွေရဲ့ နှစ်ဆခြောက်သောင်းတောင်ရတာပဲ... "

"အင်း ... နှစ်ဆတောင်ဖြစ်တဲ့ ငွေခြောက်သောင်းဟာ မက်မောလောက်စရာလို့တော့ ဆိုနိုင်ပါတယ်... ဒါပေမယ့် ... ဦးဘာဘာကိုယ်တိုင်ဟာ ကျွမ်းကျင်တဲ့



စီးပွားရေးသမားပဲ... ဥပမာ ဆိုကြပါစို့ ... ချောင်းထဲ မြောင်းထဲ အင်းထဲ အိုင်ထဲက ငါးကို မိဘို့လောက်ဆိုရင် ငါးစာဖြစ်တဲ့ တီကောင်နဲ့ မြှားလည်းရတာပေါ့ ဦးဘာဘာ... ဒါပေမယ့် ... ပင်လယ်ထဲက ဝေလငါးကိုဖမ်းမိဘို့ကျတော့... တီကောင်ငါးစာလောက်နဲ့ ဘယ်ရတော့မလဲ... တီကောင်နဲ့ မြှားလို့ရတဲ့ငါးမျိုးက ငါးခူ ငါးရံ့လောက်ပဲရှိတာ... ပင်လယ်ထဲက ဝေလငါးကျတော့ အကောင်ကြီးသိပ်ကြီးတယ်လေ"

ဦးဘာဘာက စိုးမိုးနိုင်၏ ဥပမာပေးပြောကြား က်ကို အရယ်အပြုံးနှင့်ပင် လက်ခံပါ၏။

"ဘာလဲ ... မောင်စိုးမိုးနိုင်လို လူကျတော့ ငွေခြောက်သောင်းလောက်နဲ့ ဘယ်ရမလဲလို့ ဆိုလိုတာလား... ဒီလိုဆိုလဲ ရှစ်သောင်းယူပါ... အခုလက်ငင်းငွေအမ်းမယ် ... အကျိုးဆောင်ရှေ့နေ ဦးမြင့်စီကို ဖုန်းဆက်ခေါ်ပြီး တရားဝင်လုပ်လိုက်ကြတာပေါ့ မောင်စိုးမိုးနိုင်... "

"မယူပါဘူး ဦးဘာဘာ... "

"ဘာလဲ ... ရှစ်သောင်းနဲ့ မကျေနပ်သေးရင်... တစ်သိန်းယူလိုက်ပါ မောင်စိုးမိုးနိုင်... "

"တစ်သိန်းလည်း မယူပါဘူး..ကျွန်တော်က ဘာမဆိုကိစ္စတစ်ခုကို ငွေနဲ့ ဆုံးဖြတ်တတ်တဲ့ လူစားမှမဟုတ်တာ... အမှန်တရားကို အမှန်အတိုင်းဖြစ်စေချင်သာ အဓိကပါ ဦးဘာဘာ... ငွေဘယ်လောက်ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကိုပေးပေး ... ကျွန်တော်က အောင်ဒေဝဟိုတယ် ထက်ဝက်ပိုင်ကို မရောင်းပါဘူး... လွှဲမပေးပါဘူး... အဲဒါကျွန်တော်ရဲ့ ဆန္ဒပဲ ဦးဘာဘာ... ”

စိုးမိုးနိုင်၏ စကားအဆုံးဝယ် လေးမောင်က ပြတင်းပေါက်မှ ခွါခဲ့ပြီး အလုပ်စားပွဲဆီသို့ လှမ်းလာသည်။

“ကျွန်တော်ပြောခဲ့သားပဲဆရာဘာဘာ... စိုးမိုးနိုင်လိုလူဟာ ဆရာဘာဘာရဲ့ နည်းနဲ့ကိုင်တွယ်လို့ မရနိုင်ပါဘူးဆိုတာ... ဒီတော့ သူ့ကိုကျွန်တော့်လက်ကိုသာ ဆရာဘာဘာက အပ်လိုက်ပါ... ဒီညမိုးမလင်းခင် အောင်ဒေဝဟိုတယ်ကို လွှဲပေးပါ့မယ်လို့... သူ့ပါးစပ်က ပြောလာစေရမယ်.. သူ့သဘောတူကြောင်း လက်မှတ်ထိုးလာစေရမယ် ဆရာဘာဘာ... ”

ဦးဘာဘာက လေးမောင်အား မျက်ခွံပင့်၍ ကြည့်ပြီး၊ ဦးခေါင်းခါပြလိုက်သည်။

စိုးမိုးနိုင် လေးမောင်ကိုလှမ်းကြည့်ပြီး ပုခုံးတွန့်ပြလိုက်သည်။ အဘက်လုပ်ပြီး စကားပြန်မပြောချင်သည့်ပုံစံဖြင့် ဘာမှမပြောဘဲ နေလိုက်သည်။ ဦးဘာဘာက ထပ်ပြောပြန်သည်။

“ဒါဖြင့် ကျုပ်ထပ်ပြီးပြောဦးမယ်... မောင်စိုးမိုးနိုင်ကို ပထမပြောခဲ့တဲ့စကားအတိုင်း ငွေခြောက်သောင်း ကျုပ်ကပေးတဲ့အပြင် အချုပ်ထဲက မောင်ဒေဝကို လွတ်အောင်လည်း ကျုပ်ကျိုးစားပေးမယ်... လွတ်ကို လွတ်စေရမယ်... အဲဒါဆိုရင် မောင်စိုးမိုးနိုင်ကြေနပ်



ရောပေါ့ ... ဟုတ်လား... ”

“မကျေနပ်ဘူး ဦးဘာဘာ... ”

“ဘာလို့... ”

“ဘာလို့လည်းဆိုတော့ ကိုဒေဝဟာ လူသတ်တရားခံ ဟုတ်ကို မဟုတ်လို့ဘဲ ... ဦးဘာဘာပဲ စဉ်းစားကြည့်ပါ... အလောင်းကို မတွေ့ဘဲနဲ့ ကိုဒေဝ ... ကိုလှိုင်ဘွားကို သတ်ပါတယ်လို့ ဘယ်လိုစွဲချက်တင်နိုင်မှာလဲ... ”

“ဘာပဲဖြစ်ဖြစ် ရဲအနေနဲ့ကတော့... လှိုင်ဘွားကို မောင်ဒေဝသတ်တယ်လို့ပဲ မြင်နေတာပဲ... ”

“တော်စမ်းပါ ... ရဲအနေနဲ့ဆိုတဲ့ စကားမျိုးမသုံးပါနဲ့ ဦးဘာဘာ... အဲ... စခန်းမှူး ဦးငွေရတစ်ယောက်တည်းက ဒီလိုမြင်နေတယ်လို့ ... ဆိုချင်တော့ ဆိုနိုင်တယ် ... ဦးငွေရ ဒီလိုမြင်ရတာလည်း ဦးဘာဘာက ဒီလို မြင်ပေးပါဆိုလို့... သူ့အနေနဲ့ မလွှဲသာ မရှောင်သာ ဒီလိုမြင်တာ ဖြစ်ချင်ဖြစ်နေမှာ မဟုတ်လား... လူတစ်ယောက်ကို ချုပ်ထားတယ်ဆိုတာ ရမန်ပတ်နဲ့ ချုပ်ရတာပါ ဦးဘာဘာ ... ရမန်ပတ် ကုန်ဆုံးသွားတဲ့ အချိန်ထိ အမှုပုဒ်မတပ်ပြီး စွဲချက်တင်ဘို့ မနိုင်လုံရင်... ချုပ်ထားတဲ့လူကို လွှတ်ပေးရမှာပဲ... ”

ဦးဘာဘာသည် သူ၏ ဗိုး(လ်)ချဲယားဘီးတပ်ကုလားထိုင်ကို မီးခံသေတ္တာကြီးရှိရာသို့ လိမ့်သွားပြီး မီးခံ

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာ၏ ခလုပ်တွေလှည့် ဘောတံထိုးဖြင့် ဖွင့်ပြလိုက်သည်။

"ဒီမှာကြည့်ပါ မောင်စိုးမိုးနိုင်... "

စိုးမိုးနိုင် မီးခံသေတ္တာထဲသို့ လှမ်းကြည့်ပေးသည်။ ငွေစက္ကူတွေ အထပ်လိုက်ရှိသည်။

ရွှေချောင်းများ စီထားသည်။

ဦးဘာဘာက ယွန်းအစ်ကလေးတစ်ခု ထုတ်ယူကာ ဖွင့်ပြပြန်သည်။ ယွန်းအစ်ထဲတွင် စိန်တွေရှိနေသည်။ အရွယ်အစားအမျိုးမျိုးဖြစ်ပါ၏။ ဖီးစေ့ရွယ်မှ မုန်ညင်းစေ့ရွယ်ထိ အကြီးအသေးအစုံရှိသည်။

"ကျုပ် ... မောင်စိုးမိုးနိုင်ကို နောက်ဆုံးစကားပြောမယ် နောက်ဆုံးအခွင့်အရေးပေးမယ်... အောင်ဒေဝဟိုတယ်ရဲ့ ထက်ဝက်ပိုင်ဆိုင်မှုကို မောင်စိုးမိုးနိုင်က ကျုပ်ကို တရားဝင်အပြီးအပိုင်းလွှဲပြောင်းပေးပါ... ရွှေကိုဖြစ်ဖြစ်၊ စိန်ကိုဖြစ်ဖြစ်၊ နှစ်သက်ရာ ငွေတစ်သိန်းဘိုးယူပါ... ဘယ်နှယ်လဲ မောင်ဒေဝလွှတ်မြောက်ရေး ကျုပ်တာဝန်ထားလိုက် ကျုပ်ဂတိပေးတယ်... အဲဒါကော ဘယ်နှယ့်လဲ... "

"ဦးဘာဘာရဲ့ မီးခံသေတ္တာထဲက ပစ္စည်းတွေကို ကျွန်တော်ကြည့်ရတာ အင်မတန်ကောင်းတဲ့ ရုပ်ရှင်ပွဲတစ်ခု ကြည့်နေရလိုပါပဲ ဦးဘာဘာ ... ကြည့်လို့လဲ အင်မတန် ကောင်းပြီး ရင်သပ်ရှုမောစရာပါပဲ... ဒါပေမယ့် ကျွန်တော်က ငွေလည်းမယူ



ဘူး... ရွှေလည်းမယူဘူး စိန်ကိုလည်းမယူပါဘူး"

"ဒါဖြင့် ကျည်ဆံကိုယူပေါ့ စိုးမိုးနိုင်... "

လေးမောင်ထံမှ တင်းမာလေသံ၊ တင်းမာသောအပြောမျိုးပြောလာရုံမက၊ လေးမောင်က စိုးမိုးနိုင်၏ ရင်ဘတ်တည့်တည့်ကို သူ့လက်ထဲမှ သေနတ်ဖြင့် ချိန်ထားလိုက်သည်ကို စိုးမိုးနိုင် မထုံတက်တေးအမူအရာဖြင့် ကြည့်ပြီး ပြန်ပြောလိုက်သည်။

"ကျည်ဆံကိုလည်း ငါမယူပါဘူး လေးမောင် ... ငါလိုချင်တာက အောင်ဒေဝဟိုတယ်ကိုပါ... မင်း ငါ့ကို သေနတ်နဲ့ ချိန်ထားပေမယ့်... ကျည်ဆံပေးလို့တော့ မရဘူးထင်တယ်လေးမောင်... ဘာလို့လဲ ဆိုတော့ အလောင်းမတွေ့လည်း ... ကိုလှိုင်ဘွားကို သတ်မှုနဲ့တောင် ကိုဒေဝကို ချုပ်ထားနိုင်သေးတာ ငါပျောက်သွားတာနဲ့ ... မင်းတို့လည်း လူသတ်မှုနဲ့ တန်းစီပြီး... အချုပ်ထဲရောက်ရုံမကဘူး စွဲချက်တင်ပြီး မော်လမြိုင် တရားရုံးကိုရောက်သွားမှာမို့ပဲ... ငါအခုလာတာ ငါက နှုတ်ထွက်စာတင်ပေမယ့် ... အထက်လူကြီးတွေက ငါ့ကို ခံစားခွင့်လေးလ အရင်ယူပြီး ခွင့်စေ့မှ ထွက်ခွင့် ပြုမပြု ဆုံးဖြတ်မယ်ဆိုတဲ့ သဘောတူညီချက်နဲ့ ငါ လာခဲ့တာပဲ ... အေးရဲ့အရာရှိတစ်ယောက် အသတ်ခံ ရတယ်ဆိုရင် ... ကျိုက္ခမိရဲတွေ၊ မော်လမြိုင် ရဲတွေသာ မကဘူး ရန်ကုန်ရဲဌာနချုပ်အထိ ပျားအုံတုတ်ထိုးသလို ...

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ လူသတ်သမားကို ဝိုင်းအုပ်မှာ သေချာလို့ပဲ အခုငါ မြိုင်သာကို ရောက်လာတာ ယုယုမြင်တယ် သိတယ်... ဦးထိန်ဝါမြင်တယ်သိတယ်... နောက်ဆုံး မင်းတာပည့်တွေဖြစ်တဲ့ အရက်ရောင်း ကြီးမြင့်နဲ့ တံခါးစောင့် ဂျော်နီလည်းသိတယ်... ရဲက ပိုက်စိတ် တိုက်လိုက်တာနဲ့ မင်းတို့ ဘယ်ပြေးလွတ်မလဲ လေးမောင်... မင်းမှာ အဲဒီလောက်အထိ လှမ်းမြင်တဲ့ အတွေးအခေါ်မရှိလို့ ငါ့ကို သေနတ်နဲ့ချိန်ရဲတာပါ... ကျားသေဆိုတာ နေရာတိုင်းမှာ အသက်မဝင် ချင်နဲ့လေးမောင်... မင်းသေနတ်ကို မင်းအိပ်ထဲပြန် ထည့်ထားရုံပဲ ကဲ ... ငါသွားမယ်... "

စိုးမိုးနိုင်ထိုင်ရာမှထပြီး တံခါးပေါက်ဆီသို့ အေးဆေးတည်ငြိမ်စွာပင် မျက်နှာမူလိုက်သည်။

လေးမောင်သည် ဖျတ်ခနဲ့ စိုးမိုးနိုင့်၏ ရှေ့ တံခါး ပေါက်ကိုပိတ်၍ ရပ်လိုက်သည်။

စိုးမိုးနိုင်ပြုံး၍ ဦးဘာဘာအား သမင်လည် ပြန်ကြည့်ကာ ပြောလိုက်သည်။

ဦးဘာဘာကို 'ကျွန်တော် သတိထားမိသမျှ တော့ ဦးဘာဘာမှာ တပည့် လူမိုက်တွေတော်တော်များ များရှိတယ်။ ဒါပေမယ့် ဦးဘာဘာရဲ့တပည့်တွေတော်တော် များများဟာ ဦးနှောက်ရှိတဲ့ လူတော်လူကောင်းတွေတော့ တော်တော်ရှားပါးပုံပဲ။

ဦးဘာဘာ၏ အမိန့်ပေးသံ ထွက်လာပါ၏။



"လမ်းဖယ်ပေးလိုက်စမ်းလေးမောင်...မင်းလက်ထဲက သေနတ်ကိုလဲပြန်သိမ်းထားလိုက် မောင်စိုးမိုးနိုင် ဟာ သူ့တိုင်ပင်သင့်တဲ့ သူတွေနဲ့ တိုင်ပင်ပါစေဦး... တိုင်ပင်ပြီးရင်တော့ ... သူဟာ ငါတို့နဲ့ ဈေးစပ်ဆွေး နွေး သဘောတူလက်ခံဘို့ မျှော်လင့်ချက်ရှိတယ်..."

ဦးဘာဘာ၏ အမိန့်ကို လေးမောင်နာခံပါ၏။ လေးမောင့်သေနတ်ကို ပြန်သိမ်းပြီး လမ်းဖယ်ပေးလိုက် သည်။ သို့တစေ သူ၏မျက်နှာမှာ မကျေနပ်သောအသွင် ရှိနေပါ၏။

စိုးမိုးနိုင်ထွက်လာခဲ့သည်။

အပေါက်ဝတွင် ဂျော်နီကို တွေ့ရပါ၏။ သူ၏ ကုလားထိုင်ပေါ်တွင် ဂျော်နီပြန်ထိုင်နေပေပြီ။ သို့သော် ခွေး ခြေပေါ်ခြေတင်ပြီး၊ ကာတွန်းရုပ်ပြကို ဖတ်နေသည့်ပုံစံမျိုး တော့ မဟုတ်တော့။ ဂျော်နီ့ကိုကြည့်ရသည်မှာ စိုးမိုးနိုင်၏ ဘယ်ပိုက်လက်သီးချက်ကြောင့် ပါးချိတ်ကြီး ယောင်နေ သည်။ ဝမ်းပိုက်ပေါ်လက်ဝါးအုပ်ထားသဖြင့်၊ စိုးမိုးနိုင်၏ ညာထောက်ဖြောင့်လက်သီးနှက်ကို ယခုထိခံစားနေရပုံရ သည်။

ဂျော်နီ၏ ရှေ့တွင်စိုးမိုးနိုင်ရပ်လိုက်သည်။

"မှတ်ထားကိုဂျော်နီ ကျုပ်နာမည်စိုးမိုးနိုင်တဲ့... ဒီ ... အောင်ဒေဝဟိုတယ်ကို မူလထဲက ကျုပ်ထက်ဝက် ပိုင်ခဲ့တာ ... ခုချိန်ကစ ဟိုတယ်ထက်ဝက်ကို ကျုပ်ပိုင် ဆိုင်နေဆဲပဲ... ဒီဟိုတယ်မှာ ဦးဘာဘာလုပ်သ

www.burmeseclassic.com

www.burmeseclassic.com



လောက် ကျူပ်လဲလုပ်ပိုင်ခွင့်ရှိတယ်... ”

ဂျော်နီသည် အင်းမလှုပ် အဲမလှုပ် ငုတ်တုတ်ပင်ထိုင်နေသည်။ သူ့ပုံစံမှာ စိုးမိုးနိုင်အား ကျိုးနွံသွားပုံရပေသည်။

စိုးမိုးနိုင်၏ သတ်ပုတ်တိုက်ခိုက်ရည်ကိုပဲ လန့်သွား၍ပေလား၊ သို့မဟုတ် စိုးမိုးနိုင်သည် ဦးဘာဘာကဲ့သို့ပင် သူ၏ဘော့(စ်)ဖြစ်မှန်းနားလည်သိရှိသွားသောကြောင့်ပေလား။

ဒါတော့ စိုးမိုးနိုင်မဝေခွဲတတ်ပေ။

စိုးမိုးနိုင်သည်. နင်းရက်စရာမရှိသည့် လှေကားကော်ဇောကြီးကို အားနာပါးနာနှင့်ပင် နင်းကာ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

✱❁✱❁✱❁✱❁



# ၅

ထားခဲ့သည့်အတိုင်း သစ်ပင်ကြီးအောက်မှာပင် မောရ(စ်)ကားလေး သူ့နဂိုအတိုင်းရှိနေပေသည်။

မော်တော်ကားတံခါးဖွင့်ပြီး၊ စိုးမိုးနိုင်ဝင်လိုက်သည်။ မိမိကားထဲတွင် သံအပ်တစ်ချောင်းပင် အပျောက်အရှမရှိသဖြင့် ဦးဘာဘာထံမှ ရွှေအပ်တစ်ချောင်း မရနိုင်တော့ပေ။

စက်နှိုးပြီး မောရစ်(စ်)ကားလေးကို မောင်းထွက်လာခဲ့သည်။ မိမိတိုက်အိမ်လေးရှိရာ ဂေါ်သဇင်လမ်းဆီသို့ ကားခေါင်းကိုဦးတည်လိုက်သည်။

“ဂေါ်သဇင်လမ်းကို ပြန်တော့မလို့လား ကိုစိုးမိုးနိုင်”

“ဗုဒ္ဓေါ... ”

ဟု ဘုရားမတာစဖူး စိုးမိုးနိုင် ဘုရားတမိသည်။ အသံလာရာ ကားနောက်ကူရှင်သို့လည်း လည်ပြန်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသောမြင်ကွင်းကြောင့် လီဗာနင်း [illegible] ခြေဖဝါးသည် ဘရိတ်ကိုနင်းပြီး ကားရပ်လိုက်မိ သည်။

"[illegible]ွားသလားကိုစိုးမိုးနိုင်... သန္တာက ... သန္တာ ပါ... ကိုစိုးမိုးနိုင်နဲ့ စကားပြောစရာရှိလို့ ... ဒီကား နောက်ခန်းဝမ်းထဲမှာ တိတ်တိတ်လေးဝင်ပြီး ပုန်းနေ တာပါ... ကားကို ရပ်မထားပါနဲ့လား ကိုစိုးမိုးနိုင်... ဦးဘဘဘက သန္တာကိုမျက်ခြေမပြတ်ခြေရာခံနေလို့ ပါ... အခု ကိုစိုးမိုးနိုင်ရောက်လာတာကို သူသိပ်အာ စိုက်နေလို့ သန္တာလစ်ကွက်လေးရပြီ... ဒီကားထဲဝင် ပုန်းနိုင်ခဲ့တာပါ... "

စိုးမိုးနိုင်သဘောပေါက်ရပါ၏။ မိမိကား၏ နောက်ကူရှင်ကြားတွင် မိမိပြန်အလာကိုစောင့်ရင်း မိမိပြန် ရောက်လာပြီး အောင်ဒေဝဟိုတယ် ပရဝုဏ်အပြင်ဘက် ရောက်မှ ကူရှင်ပေါ်တက်ထိုင်ပြီး အသံပြုသော အမျိုးသမီး သည် ဦးဘဘဘ၏ဇနီး ကိုဒေဝ၏ချစ်သူ "မသန္တာ" ဖြစ်နေ ခြင်းပါပေ။

စိုးမိုးနိုင်သည် ကားကို ဆက်မောင်းလာခဲ့ သည်။

"ဒီအချိန်ဆိုရင် မြို့စွန်က ပုဏ္ဏမိဥယျာဉ်လေးမှာ လူရှင်းတတ်ပါတယ်ကိုစိုးမိုးနိုင် ... အဲဒီကိုမောင်းပါ လားဟင်... "

ပုဏ္ဏမိဥယျာဉ်ကို စိုးမိုးနိုင် သိပြီးသားဖြစ်





သဖြင့် ထိုဥယျာဉ်သို့ ဦးတည်မောင်းခဲ့တော့သည်။

"ကျွန်တော့်ကို မသန္တာအနေနဲ့ အကြောင်းထူးပြောစရာ ရှိလို့ ... အခုလို ဝင်ပုန်းတာလား မသန္တာ... "

"သိပ်ကိုရှိနေပါတယ် ကိုစိုးမိုးနိုင်... အဓိကသန္တာ ပြောချင်တာ ကိုဒေဝအကြောင်းပါပဲ... "

"မေးပါရစေမသန္တာ ... ကိုဒေဝကို မသန္တာရင်ထဲက တကယ့် မေတ္တာစစ်မျိုးနဲ့ မေတ္တာရှိတာလား ... ဒါမှ မဟုတ် ... "

စိုးမိုးနိုင်စကားမဆုံးမီမှာပင် မသန္တာက ပျာ ပျာသလဲ ဖြတ်ပြောလိုက်ပါ၏။

"ဘယ်လိုပြောလိုက်တာလဲ ကိုစိုးမိုးနိုင်... သန္တာက ကိုဒေဝကို ရင်ထဲကတကယ်မချစ်ဘဲ... အလကား... အလကားချစ်လို့ရမှာတဲ့လား... ဦးဘဘဘဆီက စီး စိမ်ဥစ္စာကို မမက်မောတဲ့အပြင် အန္တရာယ်တွေကြား က ကိုဒေဝကိုသန္တာချစ်ရတာပါ... အဲဒါတွေ ယုယုက ကိုစိုးမိုးနိုင်ကို ပြောမပြဘူးလား... "

"ယုက ... ပြောတော့ ပြောပါတယ် ... ဒါပေမယ့်"

"ဒါပေမယ့် ... ကိုစိုးမိုးနိုင်က မယုံဘူးပေါ့... ဟုတ် လား အင်းပေါ့လေ... အခုလက်ရှိ ကိုဒေဝဖြစ်ပျက်နေ တာတွေကို ကြည့်ရင်တော့ ဒီကိစ္စတွေမှာ သန္တာက တရားခံပေါ့... သန္တာကြောင့် ကိုဒေဝဒီလိုတွေဖြစ်ရ တာလို့ ပြောချင်စရာပေါ့... ဘာပဲဖြစ်ဖြစ် ...သန္တာ ကိုဒေဝကို တကယ့်ရင်ထဲက နှစ်နှစ်ကာကာ ချစ်တာ

www.burmeseclassic.com

www.burmeseclassic.com



ပါ… ”

“ထားပါတော့လေ … မသန္တာက ကိုဒေဝကို ချစ်လှပါတယ်ဆိုတော့ကော … ဦးဘာဘာက မသန္တာကို ကွာရှင်းပေးမှာတဲ့လား… ”

“သူကတော့ ဘယ်ကွာပေးလိမ့်မလဲ… ”

“ဒါဖြင့် … ”

“နည်းလမ်း ရှာနေဆဲပဲ ကိုစိုးမိုးနိုင်… တိတ်တခိုး ရှာဖွေရတာမို့လည်း အားလုံးဟာ ပုန်းလျှိုးကွယ်လျှိုး ချည်းပဲ… အခုကိုစိုးမိုးနိုင်နဲ့ တွေ့ဖို့တောင် ဒီကားဝမ်းထဲမှာ အကြာကြီးပုန်းပြီး စောင့်ရတာကိုပဲကြည့်ပေါ့ ကိုလေးမောင်ဆိုရင်… သူ့တပည့်တွေနဲ့ သန္တာရဲ့ အသွားအလာကို မျက်ခြေပြတ်မခံ လိုက်ကြည့်နေတာ… အခု ဦးဘာဘာရော ကိုလေးမောင်ရော … ကိုစိုးမိုးနိုင်အပေါ် အာရုံသိပ်စိုက်နေလို့… သန္တာလစ်ထွက်ရပြီး ကားထဲဝင်ပုန်းနိုင်တာ… ”

“လေးမောင်ဆိုတဲ့ကောင်က ဒီလောက်တောင်နေရာတကာမှာ အရေးပါနေသလား မသန္တာ … တကယ်တော့ … လေးမောင်ဟာ ဦးဘာဘာရဲ့ ကြေးစားလက်သပ်မွေး တပည့်တစ်ယောက်ပါ… ”

သန္တာက စိုးမိုးနိုင်၏ စကားကို ဦးသွက်သွက်ခါရမ်းသည်ကို နောက်ကြည့်မှန်မှ စိုးမိုးနိုင်မြင်ရပါ၏။

“ဦးဘာဘာတို့ လုပ်ဆောင်နေသမျှဟာ ဆင်ဒီကိတ်အဖွဲ့အစည်းရဲ့ ညွှန်ကြားချက်အရပါ ကိုစိုးမိုးနိုင်



အဲဒီဆင်ဒီကိတ်အဖွဲ့ဟာ … အရှေ့ဘက်နိုင်ငံကြီးတစ်ခုကနေပြီး ကြိုးကိုင်နေတာ… အဲဒီဆင်ဒီကိတ်အဖွဲ့ကြီးကိုယ်တိုင်က နည်းအမျိုးမျိုးနဲ့ ဒုစရိုက်လုပ်ငန်းတွေ ချောင်တဲ့နေရာတိုင်း ဝင်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာအဓိကပါ… ဦးဘာဘာဟာ အဲဒီဆင်ဒီကိတ်အဖွဲ့ကြီးက မြို့သာမှာ ခြေကုတ်ယူပြီး ဦးဘာဘာကို နံပတ်တစ်ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားတဲ့ သဘောရှိတယ်… ကိုလေးမောင်ကိုတော့ ဒုတိယနေရာမှာထားတယ်… ဦးဘာဘာခြေတစ်ဘက် မပြတ်ခင်ကတော့ အရာရာတိုင်းမှာ ဦးဘာဘာ ခေါင်းဆောင်ပေါ့လေ… ကားတိုက်ပြီး ဦးဘာဘာခြေတစ်ဖက် ဖြတ်ပစ်ရပြီးတဲ့ နောက်ပိုင်းမှာတော့ ကိုလေးမောင်က ပိုပြီးစွာလာတယ်… တွင်ကျယ်လာတယ် ကိုစိုးမိုးနိုင် … ဒါပေမယ့်… ဆင်ဒီကိတ်အနေနဲ့က ဦးဘာဘာကိုပဲ ပထမခေါင်းဆောင်နေရာမှာပဲ ဆက်ထားပါတယ်… ဘာလို့လဲဆိုတော့… ဦးဘာဘာက ဘာမဆိုဦးနှောက်သုံးပြီး လုပ်နိုင်တယ်မဟုတ်လား … ကိုလေးမောင်ကတော့ မိုက်ရူးရဲ ဦးနှောက်သိပ်မသုံးတတ်လို့ … ဒုတိယနေရာမှာပဲ ထားသေးတယ်… ”

မသန္တာပြောပြမှ စိုးမိုးနိုင်ပို၍သဘောပေါက်လာတော့သည်။

ဦးဘာဘာသည် စိုးမိုးနိုင်အား မေးခံသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဖွင့်ပြခဲ့သည်။ မီးခံသေတ္တာထဲဝယ် ငွေစက္ကူအထပ်လိုက်။ ရွှေချောင်းတွေ အစီအရီနှင့် စိတ်လုံးအရွယ်မျိုးပြခဲ့သည်။ တကယ်တော့ ၎င်းပစ္စည်းတွေသည် ဆင်ဒီကိတ်ပိုင်ပစ္စည်းများ ဖြစ်ပေမည်။ ဦးဘဘဘ ဒီပစ္စည်းတွေ၏ အရှိန်အဝါ ဟိတ်ဟန်တွေပြပြီး စိုးမိုးနိုင်စိတ်အားငယ် အထိတ်တလန့်နှင့် အောင်ဒေဝဟိုတယ်အား အပြီးအပိုင် ရောင်းစေရန် သွေးဆောင်ခြင်းသာဖြစ်ကြောင်း ယခုမသန္တာပြောပြမှ ပို၍ သဘောပေါက်ရပါလေ၏။

သို့သော် ဦးဘဘဘ၏ စိတ္တဗေဒနည်းဖြင့် သွေးဆောင်ဖြားယောင်းသော်လည်း စိုးမိုးနိုင်အပေါ် အောင်မြင်ခြင်း မရရှိသွားပါလေ။

"အင်း ... ဒါဆို အောင်ဒေဝဟိုတယ်ကို အပြီးအပိုင်အားလုံးရရှိရေးအတွက် ဦးဘဘဘဆောင်ရွက်နေတာ ... လက်စသတ်တော့ ဆင်ဒီကိတ်အဖွဲ့ရဲ့ ညွှန်ကြားချက်ပေကိုး ... ဒါကြောင့် ကျွန်တော့်ကို ငွေတွေပုံပေးပြီး ကျန်တဲ့ရှယ်ယာထက်ဝက်ကို အတင်းဝယ်နေတာပေါ့လေ... ကဲ ... ကျွန်တော့်ကို မသန္တာပြောဖို့စကား ဘာရှိသေးလဲ... "

"ပထမဆုံး ... ကိုစိုးမိုးနိုင်အနေနဲ့ ကိုဒေဝကို သန္တာတကယ်ရင်ထဲက ချစ်တာပါဆိုတာကို ယုံကြည်စေချင်တယ် ကိုစိုးမိုးနိုင်... "

"ယုယုကလည်း အဲဒီလိုပဲ ကျွန်တော်ကိုပြောခဲ့ပါတယ် မသန္တာ... "



ပုဏ္ဏမီဥယျာဉ်ထဲသို့ ဝင်လမ်းအတိုင်းမောင်းင်ခဲ့ပြီး၊ လူပြတ်တိတ်ဆိတ်သော နေရာတစ်ခုတွင် စိုးမိုးနိုင် ကားရပ်လိုက်သည်။

ပြီး စိုးမိုးနိုင်သည် ရှေ့ကူရှင်မှ ကိုယ်တစ်ဆောင်းလှည့်ပြီး မသန္တာနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

စိုးမိုးနိုင်မျက်နှာချင်းဆိုင်သည်နှင့် မသန္တာကပြုံးဖြင့် ကြိုဆိုနှုတ်ဆက်ပါ၏။ သို့တစေ မသန္တာ၏ နှုတ်မ်းဒေါင့်လေးနှစ်ဘက်သည် ဆတ်ဆတ်လေး ခုန်နေသည် စိုးမိုးနိုင် သတိထားမိသည်။

မသန္တာမျော ကိုဒေဝအတွက် ရင်ထဲတွင် ာကမ်းတွေ တောက်လောင်နေသောကြောင့် ဟန်ဆောင်ရစေကာမူ အတွင်းရှိအပ မဆောင်နိုင်ဆိုသလို နှုတ်ခမ်းါင့်လေးတွေ ဆတ်ဆတ်ခုန်နေခြင်းပေလား မပြောတတ်ိုးမိုးနိုင်ကို ကိုဒေဝအကြောင်း ပြောချင်လွန်း၍သာ ယခု အလစ်ထွက်လာရသည်။ နောက်ပိုင်းမလုံဘဲ တစ်ခုခုကိုကြာက်နေသော အသွင်ရှိသည်။

မသန္တာသည် တော်တော်ချောလှသော အမျိုးတစ်ဦးဖြစ်ပါ၏။ အသက်အရွယ်ကလည်း နှစ်ဆယ်းကျင်မို့ လှချင်တိုင်းလှ ချောချင်တိုင်း ချောသောအရွယ်သည်။ ဒါကြောင့်လည်း ဦးဘဘဘက မခွဲနိုင်။ မခွာနိုင်မပေးနိုင်ခြင်းဖြစ်သည်။

ဒါမှင့်လျှင်လည်း ကိုဒေဝကို မိန်းမငှင့် ပတ်ပြီး အရိုင်းသက်သက် အရိုးသက်သက် ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



မသန္တာကို အန္တရာယ်မကြောက်၊ ဘေးမကြောက်အရှူးအမူး ဖြစ်နေခြင်း ဖြစ်လောက်သည်။

"ကိုဒေဝတစ်ယောက် အချုပ်ထဲ မြန်မြန်လွတ်ဖို့ အရေးကြီးတယ် ကိုစိုးမိုးနိုင်... "

"ကျွန်တော့်ကို မသန္တာမှန်မှန်ပြောစမ်းပါ ... ကိုဒေဝ ဟာ လိုင်ဘွားကိုတကယ်ပဲ သတ်လိုက်မိသလား"

"အို... အို...မသတ်ဘူး ထိုးရုံကျိတ်ရုံပဲဟာ... ကိုဒေဝ ရဲ့ အဖြစ်အပျက်အားလုံး ယုယုက ကိုစိုးမိုးနိုင်ကို ပြောပြပြီးသား မဟုတ်လား... "

"ယု ... ပြောပြသလောက်တော့ အားလုံးသိပါပြီ... ငွေလိုချင်လို့ ဖဲရိုက်တာကအစ နောက်ဆုံး အချုပ်ထဲ ရောက်ရပုံအထိ ယုကပြောပြပါတယ်... ယုပြောတာ ထက်ပိုပြီး မသန္တာက ပြောနိုင်တာ ရှိမလားလို့ပါ..."

"ရှိတယ်ကိုစိုးမိုးနိုင်... ဦးဘာဘာရော ကိုလေးမောင် ရော မြိုင်သာကို ကိုစိုးမိုးနိုင်ရောက်လာတဲ့အတွက် အရမ်းအစိုးရိမ် ကြီးနေကြတယ်... တကယ့်တော့ ကိုဒေဝကို အချုပ်ထဲထည့်ထားပေမယ့်... လူသတ်မှု အနနဲ့မခိုင်လုံဘူး မဟုတ်လား... ဒါပေမယ့် သူတို့ အတွက် မှုစရာမလိုဘူးလေ... အခုတော့ကိုစိုးမိုးနိုင် ရောက်လာတော့ ... ကိုဒေဝကို ဆက်ချုပ်ထားရင်း ကိုစိုးမိုးနိုင်က အမှုစစ်မြစ်ကိုလိုက်ပြီး တကယ့်ဥပဒေ ကြောင်းနဲ့ လုပ်တော့မယ်မှန်း သိပြီး သိပ်စိုးရိမ်နေ တယ်... ဒီအမှုနဲ့ပတ်သက်ပြီး မော်လမြိုင်ပြည်သူ့ရဲ့



တပ်ဖွဲ့ကြီးကြပ်ရေးမှူးရုံးအထိ ကိုစိုးမိုးနိုင်က ပေါက် ရောက်အောင် ဆောင်ရွက်မှာကိုး... ဒီကစခန်းမှူး ဦးငွေရ ကိုယ်တိုင်ကလည်း ကြောက်နေတယ်... ဒီတော့ သူတို့အနေနဲ့ ကိုဒေဝကိုအမြန်ဆုံး တစ်ခုခု လုပ်ကြလိမ့်မယ်... "

"ဘာလုပ်ကြမယ်လို့... မသန္တာ ထင်သလဲ... "

"တိတိကျကျကြီးတော့... မသန္တာမပြောနိုင်ဘူး... ဒါ ပေမယ့် ဦးဘာဘာနဲ့ ကိုလေးမောင်ကျိတ်တိုင်ပင် နေတာကို သန္တာ ခိုးနားထောင်လို့ တစ်စွန်းတစ်စ တော့ကြားမိတယ်... နက်ဖြန်ညပိုင်းမှာ ကိုဒေဝကို သူတို့တစ်ခုခုလုပ်ကြမှာ သေချာတယ်... ကိုနန္ဒအနေ နဲ့ကလည်း ကိုစိုးမိုးနိုင်ကို သူတို့ဘာမှ သူ့ကိုမလုပ် ခင် တွေ့ချင်နေတယ်... နက်ဖြန်ည မတိုင်ခင် ကိုဒေဝက ကိုစိုးမိုးနိုင်ကို တွေ့ချင်တာ... "

"နက်ဖြန်ညမှာ သူတို့က ကိုဒေဝကို ဘာလုပ်ကြမယ် လို့ မသန္တာထင်သလဲ... ထင်ကြေးလောက်ပြောနိုင် မလား... "

စိုးမိုးနိုင်သည် မသန္တာကို အကဲခတ်မိသ လောက်နက်ဖြန်ညတွင် ကိုဒေဝအား သူတို့ဘာလုပ်ကြလိမ့် မည်ကို သိထားပုံရသည်။ သို့သော် မိမိနှင့်သူမှာ ယခုမှ ပထမဆုံးမြင်ဖူး တွေ့ဖူးရုံ ရှိကြသေးသည်မို့ စကားကုန် မပြောဘဲ စကားကိုချိုး၍ပြောနေသည်ဟု ထင်သောကြောင့် တမင်အစ်၍ မေးခြင်းဖြစ်သည်။ မသန္တာသိထားသလောက်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုဒေဝလည်းသိပေမည်ထား။ ထို့ကြောင့် ကိုဒေဝနှင့် နက်ဖြန်ညမတိုင်မီတွေ့ဆုံခိုင်းခြင်းဖြစ်သည်။ ကိုဒေဝကိုယ်တိုင်မီမီကိုပြောပြခြင်းက ပိုမိုလေးနက်မည်ဟု မသန္တာယူဆပုံရပေသည်။

"ထင်ကြေးတောင် မဟုတ်ဘူး ကိုစိုးမိုးနိုင် ... ဦးဘာဘာနဲ့ ကိုလေးမောင်တိုင်ပင်နေတာ သန္တာကိုယ်တိုင်နားနဲ့ ဆတ်ဆတ်ကြားတာ... ဒါပေမယ့် သန္တာပြောရင် ကိုစိုးမိုးနိုင် မယုံကြည်မှာစိုးတယ်... ကိုဒေဝဖဲရိုက် ဖဲရှုံးနဲ့ အခုလို အချုပ်ထဲရောက်တာဟာ သန္တာကြောင့်လို့ ကိုစိုးမိုးနိုင်စိတ်ထဲက ထင်ချင်ထင်နေမှာကိုး... "

"ကိုဒေဝကို မသန္တာတကယ်ချစ်ရိုး မှန်တယ်ဆိုရင်တော့ မသန္တာနားနဲ့ဆတ်ဆတ်ကြားတာတွေ ပြောပြပေတော့မသန္တာ... ကျွန်တော်က မသန္တာရဲ့ စကားကိုယုံတာမယုံတာတွေ ထည့်မတွက်နဲ့ပေါ့... မှန်တာပြောရရင် ကျွန်တော်က မသန္တာပြောသမျှ ယုံချင်မှယုံမှာ ... အဖြစ်အပျက်နဲ့ စကားအသွားအလာကိုဆက်စပ်ချင့်ချိန်ပြီးမှ ယုံသင့်တာကိုယုံမှာပဲမသန္တာ"

"ဟုတ်ပါပြီ ... ဒါဆိုလဲ ယုံကြည်တာ မယုံကြည်တာတွေဘေးချိတ်ထား... သန္တာသိသမျှပြောပြမယ်... နက်ဖြန်ညမှာ သူတို့ကဒေဝကို သတ်ပစ်ကြလိမ့်မယ် ကိုစိုးမိုးနိုင်... "

"လွယ်လှချည်လား မသန္တာ... မြိုင်သာယာကျောင်းကျ



ပြီး နယ်စပ်နဲ့နီးလို့ အုပ်ချုပ်မှု လက်လှမ်းကွာနေတယ်ဆိုတာတော့ ကျွန်တော်လက်ခံပါတယ်... ဒါပေမယ့် မြိုင်သာယာ ကျွန်တော်တို့ အစိုးရရဲ့အုပ်ချုပ်မှုထဲမှာပဲရှိနေတာပါ... ဥပဒေအတွင်းမှာပါ စခန်းမှူးဦးငွေရဟာ ဒီလောက်အထိတော့ မမိုက်မဲဘူးထင်ပါတယ် မသန္တာ... "

"မှန်တယ် ကိုစိုးမိုးနိုင်... ဦးငွေရဟာ ဒီလောက်ထိမိုက်မဲရုံတင်မကဘူး ... ဦးဘာဘာခိုင်းတာတွေလုပ်ပေးနေတာကိုတောင် စိတ်ပျက်နေတာပါ ... ဒါပေမယ့် ဦးဘာဘာရဲ့အပေးအကမ်းရက်ရောမှုတွေအောက်မှာ မလူးသာ မလွန့်သာ ဖြစ်နေရှာတယ်... ဖြစ်နိုင်ရင် ဦးငွေရအနေနဲ့ မြိုင်သာက တစ်ခြားတစ်နေရာကိုတောင် ပြောင်းချင်နေတယ်... သူ့ခမျာဒီမှာက ရှေ့ကိုလည်း ထပ်မတိုးချင်ဘူး... နောက်ကိုလည်း မဆုတ်သာတဲ့ အခြေအနေရောက်နေတယ်လေ... "

"အဲဒီစကားသေချာရဲ့ မသန္တာ... ဦးငွေရရဲ့သဘောထားအမှန်ဟာ နောက်ကိုဆုတ်ချင်နေတယ်ဆိုတာ... အားမတန်လို့ မာန်လျှော့ထားတာပါဆိုတာရယ်လေ"

"သေချာလောက်ပါတယ် ကိုစိုးမိုးနိုင်... သူကိုယ်တိုင်သန္တာ့ကို စိတ်ပျက်လက်ပျက်နဲ့ ငြီးငြီးငွားငွား ပြောတာပဲဟာ... "

စိုးမိုးနိုင်နားလည် သဘောပေါက်စွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်မိသည်။ မြိုင်သာသည် နယ်မြေစီရင်မှုအရ သတ်မှတ်လျှင် မြို့အဆင့်မရှိသေး။ ကျေးရွာကြီးအဆင့်သာ ရှိသေးသည်။ စခန်းမှူးနှင့် ရဲအဖွဲ့ထားရှိပေးခြင်းမှာ နယ်စပ်လုံခြုံရေးအပြင် ကျေးရွာကြီးဖြစ်သောကြောင့်သာ ထားရှိပေးခြင်းဖြစ်သည်။ ဤဒေသမျိုးဝယ် ဦးငွေရကဲ့သို့ စခန်းမှူးတွင် ဤသို့သောအခက်အခဲမျိုးကို ရင်ဆိုင်ရလေမည်သာဟု စိုးမိုးနိုင် သဘောပေါက်ပေသည်။ အကယ်၍သာ မြို့ပိုင်တရားရုံး ထားရသည့်အဆင့်သာ ရောက်သွားလျှင် ယခုဦးဘာဘာလို ဆင်ဒီကိတ်အဖွဲ့လိုသည်။ အလိုလိုချုပ်ငြိမ်းသွားမည်သာ။

"နက်ဖြန်ညအကြောင်းဆက်ပြောပါ မသန္တာ..."

"သူတို့ဖန်တီးမှာကတော့ ကိုဒေဝဟာ စီးပွားလည်းပျက် အချုပ်ထဲလည်း ရောက်နေရတာမို့ ဘဝကိုစိတ်ပျက်ပြီး... သူ့ကိုယ်သူ သတ်သေတဲ့ အသွင်ကို ဖန်တီးကြမှာပဲ ကိုစိုးမိုးနိုင်..."

"ဦးငွေရက ဒီလောက်အထိ လိုက်လုပ်မတဲ့လား..."

"ဦးငွေရက ဒီလောက်အထိ လိုက်မလုပ်ချင်ဘူး... ဒါပေမယ့် ဦးဘာဘာရဲ့ အစီအစဉ်ကို ကိုလေးမောင်က လိုက်လုပ်မှာ... ဦးငွေရက သဘောမတူပေမယ့် မငြင်းဆန်နိုင်တဲ့ ... နိုင်ချက်တွေ ဦးဘာဘာတို့အကိုင်ထားတယ်..."

"ဒါဖြင့် ကိုဒေဝက ကြက်ခြင်းထဲကကြက် ကုလားလက်ထဲရောက်နေတဲ့ ကြက်ကလေးတစ်ကောင်ထဲ



သေရမှာလား..."

"အဲဒီလို မသေအောင် ဒီအတွက် မသန္တာနဲ့ ယုယုက ကြံစည်ထားတာရှိတယ် ကိုစိုးမိုးနိုင်..."

"ဘယ်လိုကြံစည်ထားလဲ..."

မသန္တာချက်ချင်း ပြန်မဖြေသေးဘဲ ပုဏ္ဏမိဉယျာဉ်တစ်ခုလုံးကို စေ့စေ့စိုက်စိုက်ကြည့်လိုက်သေးသည်။ ဘယ်သူမှဝန်းကျင်အနီးတွင် မရှိမှန်းစိတ်ချမှ ဆက်ပြောသည်။

"နက်ဖြန်ည ... ကိုးနာရီနဲ့ ဆယ်နာရီကြားမှာ ကိုဒေဝကို အချုပ်ခန်းအိပ်ဆောင်ပြောင်းစေမယ်... နောက်ပြောင်းမယ့် အိပ်ဆောင်ထဲမှာ ကိုလေးမောင်တို့က ပုန်းစောင့်နေပြီး ... ကိုဒေဝကို အဲဒီအိပ်ဆောင်မှာ ထားခဲ့တာနဲ့ သူ့ကိုယ်သူသတ်သေတဲ့အသွင် ရောက်အောင် ကိုလေးမောင်တို့က ဖန်တီးကြမယ်..."

"ဒီတော့ ... ယုနဲ့ မသန္တာတို့ ကြံစည်ထားတာက ဘယ်လိုလဲပြောပါဦး..."

"ယုနဲ့ မသန္တာက စခန်းမှူးဦးငွေရရဲ့ အကူအညီနဲ့ အိပ်ဆောင်အပြောင်း လမ်းမှာ ကိုဒေဝကို အတင်းထွက်ပြေး ခေါ်ဆောင်သွားဖို့ပဲ ကိုစိုးမိုးနိုင်... အိပ်ဆောင်တစ်ခုနဲ့တစ်ခုက ဂိုက်ငါးဆယ်လောက်ဝေးတော့ ဖြတ်ပြေးဖြတ်ခေါ်သွားလို့ရတယ်..."

"ကိုဒေဝအဲဒီလို ဖြတ်ပြေးတာမျိုးကို တာဝန်ရှိ ဦးငွေရက ဒီအတိုင်း လက်ပိုက်ကြည့်နေမလား..."

www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက် ဘေးကင်းရန်ကင်းဖြစ်အောင် ဦးငွေရ က ထွက်ပြေးတဲ့ ကိုဒေဝကိုသေနတ်နဲ့တော့ လှမ်း ပစ်မယ် ... ဒါပေမယ့် တစ်လွဲတစ်ချော်ပစ်မှာ ... ထိအောင်မပစ်ဘူးတဲ့... အဓိပ္ပာယ်ကတော့ ထွက်ပြေး တာကို သူလှမ်းပစ်တာပဲ... မထိတာတော့ မတတ်နိုင် ဘူး... ဆိုတဲ့သဘောပဲ... "

"ဦးငွေရက အဲဒီလောက်အထိတောင် မသန္တာတို့ကို ပြောထားသလား... "

သန္တာသည် သူ၏လက်ကိုင်ပိုက်ဆံအိပ်လေး ထဲမှာ သော့ချောင်းတစ်ချောင်းကို နှိုက်ယူပြီး စိုးမိုးနိုင်အား ထောင်ပြလိုက်သည်။

"ဦးငွေရက ပြောရုံမကဘူး ... ဒီသော့တူတောင်ပေး ထားသေးတယ်... "

"အဲဒါ ... ဘာသော့လဲ... "

"ကိုဒေဝကို ခတ်ထားတဲ့ လက်ထိပ်သော့လေ ... ကိုဒေဝထွက်ပြေးချိန်မှာ ယုံတ္တိရှိအောင် လက်ထိပ် တန်းလန်းပါသွားမယ်... သော့နဲ့မဖွင့်ရင် လက်ထိပ် ဖြုတ်ဖို့မလွယ်လို့ တမင်သော့တူ ပေးလိုက်တာ"

စိုးမိုးနိုင်အဖို့ ယုံရခက်ခက် မယုံရခက်ခက် တော့ စိတ်ထဲမှာ ဖြစ်ရသေးသည်။

"ဒီအတိုင်းသာ ဦးငွေရက စေတနာထားတယ် ... သဘောထားမှန်ကန်တယ်ဆိုရင်တော့ သိပ်ကောင်း တာပေါ့ မသန္တာ ... တစ်ခုစဉ်းစားဖို့က သူကိုယ်သူ



ကိုဒေဝသတ်သေ စေရမယ်ဆိုတဲ့ သတင်းလွှင့် အယုံ သွင်းထားပြီး ကိုဒေဝတကယ်ထွက်ပြေးမှ တကယ် ပစ်သတ်တာမျိုး တစ်ဘက်လှည့် အကွက်ဝင်မှာ စိုးရ တယ်... တရားခံပြေးဆိုရင် ရဲကပစ်ပိုင်ခွင့်ရှိတယ် မသန္တာ... "

"အဲဒါကို ယုရော ... သန္တာရော ကိုဒေဝကိုယ်တိုင် ကရော ထည့်စဉ်းစားပါတယ် ကိုစိုးမိုးနိုင်... နောက် ဆုံး ကိုဒေဝရဲ့သဘောက ဒီလိုထွက်မပြေးလည်း ဟို ဘက် အိပ်ဆောင်ရောက်တာနဲ့ ကိုလေးမောင်တို့ လက်ချက်နဲ့ သေရမယ့်အတူတူ အခုလိုထွက်ပြေး တာက ကိုယ်စွမ်းရှိသလောက်အားထုတ်ခွင့်ရသေး တယ် ... ဒါကြောင့် ဒီလိုပဲထွက်ပြေးဖို့ ဆုံးဖြတ် လိုက်တယ်... နောက်ပြီး ဦးငွေရကိုကြည့်ရတာ အခု ပြောတဲ့အတိုင်း လုပ်ပေးမယ်လို့ သန္တာယုံကြည် တယ်... ဦးငွေရကိုယ်တိုင်က ကိုဒေဝဟာ လူသတ်မှု ကျူးလွန်ထားတယ်လို့ ယုံကြည်ပုံမရဘူး သူ့ပါးစပ် ကကို ထုတ်ပြောတယ်... ကိုလှိုင်ဘွား အလောင်း လည်း မတွေ့... သက်သေ အထောက်အထားလည်း မခိုင်လုံဘဲ ... သူ့အထက် လူကြီးတွေက သူ့ကို ဒီလောက် ညံ့ရမလားဆိုပြီး အလုပ်တောင်ဖြုတ်ပစ် နိုင်တယ်တဲ့... အဲဒီတော့ တရားခံထွက်ပြေး လွတ် မြောက်သွားတယ် ဆိုကာက သူ့အဖို့ ... ဟိုဘက်ရော ဒီဘက်ရော သက်သာဦးမယ်... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုဒေဝနဲ့ ကိုလှိုင်ဘွားကိစ္စမှာ မသန္တာက သက်သေ ထွက်ဆိုချက် ပေးရသေးတယ် မဟုတ်လား ... "

"ဟုတ်တယ်လေ ... သန္တာထွက်ဆိုတာက ... ကိုဒေဝနဲ့ ကိုလှိုင်ဘွားဟာ ... အဲဒီတုံးက သတ်ပုတ်ကြရုံကလွဲပြီး ဘာမှမဖြစ်ဘူး... သေလည်းမသေဘူးလို့ ထွက်ဆိုတာကို ဦးဘာဘာက မကျေနပ်လို့ မသန္တာရဲ့ထွက် ဆိုချက်စာရွက်ကို ဆုတ်ဖြဲပစ်လိုက်တယ်"

"ဒါဆို ... အခု လူသတ်မှုမှာ သက်သေ လုံးဝမရှိဘူးပေါ့... "

"အဲဒီလို သက်သေမရှိလို့ ... ဦးဘာဘာတို့က သက်သေကို ဖန်တီးပြီး ထည့်ဖို့ စီစဉ်နေတုန်း ... ကိုစိုးမိုးနိုင် မြင်သာကို ရောက်လာတာပဲ... ဒါကြောင့်လဲ အလောသုံးဆယ် ကိုဒေဝကို အဲဒီနည်းနဲ့ သေစေဘို့ ဖြန်းခနဲ စီစဉ်ကြတာပဲ... သူ့ကို အဲဒီလိုစီစဉ်တာကို ဦးငွေရက သဘောမတူဘူး... ဒါကြောင့်လဲ ဦးငွေရနဲ့... ယုရယ် သန္တာရယ် ပေါင်းမိသွားတာ... တကယ်တော့ဦးငွေရက မှန်တဲ့ဘက်က ရပ်တည်ချင်တယ်... ဦးဘာဘာကိုလည်း မလွန်ဆန်နိုင်လို့ နောက်ဆုံး ကိုဒေဝကို တရားခံပြေး လုပ်ခိုင်းတာပဲ... "

စိုးမိုးနိုင် ခေါင်းညိတ်ပြလိုက်သည်။

"အခု မသန္တာ ကျွန်တော့်ကို တွေ့ချင် ပြောချင်တာတွေ ကုန်ပြီလား... "



"ဟင့်အင်း ပြောစရာအချက်နှစ်ချက် ကျန်သေးတယ် ကိုစိုးမိုးအောင်... ပထမအချက်က ကိုဒေဝဟာ နက်ဖြန် ထွက်ပြေးလွတ်မြောက်ဖို့ အလားအလာရှိပေမယ့် သူတကယ်သိချင်တာက ကိုလှိုင်ဘွားဟာ သူ့လက်ချက်ကြောင့် တကယ်သေသလား... မသေဘူးလားဆိုတာသိချင်တယ်... အဲဒါကို ကိုစိုးမိုးနိုင်က အမှန်သိရအောင် စုံစမ်းပေး စေချင်တယ်တဲ့ ... တကယ်လို့ ကိုလှိုင်ဘွားဟာ သူ့လက်ချက်ကြောင့် သေသွားရိုးမှန်ခဲ့ရင်... သူ့အနေနဲ့ မော်လမြိုင် တက်ပြီး အဖမ်းခံမယ်တဲ့... အခု မသေချာ မရေရာဘဲနဲ့တော့ လူသတ်တရားခံအဖြစ် မခံနိုင်ဘူးတဲ့... "

"အဲဒါကို ကျွန်တော် စုံစမ်းတာတော့ စုံစမ်းမှာပဲ မသန္တာ ... ဒါပေမယ့် ဘယ်လိုအချက်အလက်တွေကို အခြေခံထားပြီး စုံစမ်းရမယ်ဆိုတာ မသိသေးဘူး... ကျွန်တော်က အခုမှမြင်သာကို ပုပ္ပနွေးနွေး ရောက်ခါစ ဖြစ်နေတာကိုး... "

"ဟုတ်တယ်လေ ... ဒါကြောင့်လဲ ကိုဒေဝက ကိုစိုးမိုးနိုင်ကို သိပ်တွေ့ချင်နေတာပေါ့... ကိုစိုးမိုးနိုင်ကို သူက အခြေခံစုံစမ်းနိုင်တဲ့ အချက်အလက်တွေပြောပြချင်လို့ပဲ... "

"ကောင်းပြီလေ ... မိုးလင်းတာနဲ့ ကိုဒေဝကို ကျွန်တော်သွားတွေ့မယ်... မသန္တာအနေနဲ့ ဒုတိယ အချက်ကို ဆက်ပြောပါ... "



www.burmeseclassic.com

www.burmeseclassic.com



မသန္တာက ဒုတိယအချက်ကို ဖွင့်ပြောရန် နှုတ်လေးနေသေးသည်။ ပြီးမှ တုံ့ထွေးစွတ်မျိုချရင်း ဆက်ပြောပါ၏။

"သန္တာမှာ... လက်ဝတ်လက်စား တချို့ရှိပါတယ်... သို့ပေမယ့် ငွေသားအနေနဲ့တော့ သိပ်နည်းနေတယ်... ဦးဘဘကြာက သန္တာကို ပိုက်ဆံများများ ပေးမကိုင်ဘူး... အဲဒီတော့ နက်ဖြန် တကယ်လို့ စက်မော်တော်ကြီးနဲ့ ကိုဒေဝနဲ့ အတူပြေးကြမယ်ဆိုရင် ငွေလိုနေတယ် ... လက်ဝတ်လက်စားတွေကို ထုခွဲမှာပါ ... ဒါပေမယ့် လက်ဝတ်လက်စားကို ဖြန်းခနဲ ထုခွဲလို့မရဘူးလေ ... မြိုင်သာမှာ ထုခွဲတာနဲ့ ချက်ချင်း ဦးဘဘရဲ့နားကို ပေါက်သွားမယ်... ကိုဒေဝမှာလည်း ငွေသားမရှိတော့ဘူး ကိုစိုးမိုးနိုင်... လက်ဝတ်လက်စားတွေ မထုခွဲခင်မှာ သန္တာတို့အတွက် ခရီးလမ်းမှာ ငွေလိုမယ်... အဲဒါ ကိုစိုးမိုးနိုင်ဆီကများ... "

"ရှိတယ် မသန္တာ... ကျွန်တော့်မှာ လူပျိုကိုယ်မို့ လခထဲက ပိုတဲ့ငွေကို စုထားတာ ငွေသားရှစ်ထောင်လောက်ရှိတယ်... မသန္တာတို့ ငါးထောင်ယူသွား ကျွန်တော့်အတွက် ဒီမှာ ဆက်လုပ်ဖို့ ကိုင်ဖို့အတွက် အိပ်ဆောင် သုံးထောင်လောက်တော့ ယူထားမယ် ဒါဆိုဖြစ်တယ် မဟုတ်လား မသန္တာ... "

"ဖြစ်တယ် ကိုစိုးမိုးနိုင် လောလောဆယ်အတွက် ထားလိုက်ပါ... ကိုစိုးမိုးနိုင်ကို သန္တာတအားကြီး





ကျေးဇူးတင်တာပဲ... "

"နေဦး... မသန္တာတို့က စက်မော်တော်ကြီးနဲ့ ပင်လယ်ဘက် ထွက်မယ့်သဘောပဲ... ဘယ်အထိ သွားကြမှာလဲ... "

"မြို့ကြီးကို... "

"အင်း ... မြိုင်သာယာမြို့ကြီးကို သွားမယ်ဆိုရင်... လေးဆယ့်ရှစ်နာရီ ခရီးလောက်ရှိမယ်... နောက်ပြီး ပင်လယ်ခရီးမို့ ကြမ်းတယ် ... ကိုဒေဝနဲ့ မသန္တာ နှစ်ယောက်တည်းဖြစ်ပါ့မလား မလွယ်လှဘူးနော်"

"ဦးထိန်ဝါ ပါပါတယ် ကိုစိုးမိုးနိုင်... ဦးထိန်ဝါက ကိုဒေဝအတွက်ဆိုရင် ဘာပဲလုပ်ပေးရလုပ်ပေးရ လုပ်ပေးမတဲ့... နက်ဖြန်ညမှာ ဦးထိန်ဝါက စက်မော်တော်ကြီးပေါ်က အသင့်စောင့်နေမယ်... သန္တာတို့ ရောက်တာနဲ့ မောင်းပြေးဖို့ စက်ကိုတောင် အသင့်နှိုးထားမှာ လမ်းမှာ ဦးထိန်ဝါတစ်လှည့်... ကိုဒေဝ တစ်လှည့် စက်မော်တော်ကြီးကိုမောင်းမယ်... သန္တာကတော့ အားလုံးစားဖို့ သောက်ဖို့ ချက်ပြုတ်ပေးမယ်လေ... "

စိုးမိုးအောင် ခေါင်းညိတ်ပြပါ၏။

ဦးထိန်ဝါသည် မော်တော်လောက်မပြောနှင့် ... လှေကြီးတွေကိုပင် ပဲ့ကိုင်နိုင်အောင် ကျွမ်းကျင်ကြောင်း ... နိုင်သိထားသည်။

ကိုဒေဝကိုယ်တိုင်လည်း ရေကြောင်းနှင့်စက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းကို အထိုက်အလျောက် နားလည်သူဖြစ်ပါ၏။

မသန္တာပြောစရာ စကားကုန်ပြီဖြစ်သည်။

"ကောင်းပြီလေ ... ငွေငါးထောင်ကို ကျွန်တော်ယူ ကို ပေးထားမယ်... ယုန့် မသန္တာဆက်သွယ်ပြီး ယူ သွားပေါ့... "

ထိုမျှ ပြောကြပြီးနောက် စိုးမိုးနိုင်သည် မောရစ်(စ်)ကားလေးကို ပြန်လမ်းတိုင်း မောင်းထွက်လာ တော့သည်။

✱❁✱❁✱❁✱❁



# ၉

ယနေ့ မိုးလင်းစကတည်းက ရာသီဥတုသိပ် ကောင်းလှပေ။

လေငြိမ်လွန်းသည်။

မိုးမှာ မှိုင်းပျပျကြီး အုပ်ဆိုင်းနေသည်။

နေရသည်မှာ အိုက်စပ်စပ်ကြီးနှင့် မှိုင်းပျပျ ကြီးရှိနေပါ၏။

စိုးမိုးနိုင် နံနက်အိပ်ယာမှထပြီး ရေမိုးချိုး၊ တ်ဖီသောက်ပြီးသည်နှင့် ရင်ထဲစိတ်ထဲက တကယ်သွား ည်နေရာမှာ သုမင်္ဂလာလမ်းရှိ ယုရှိရာသို့ ဖြစ်ပါ၏။

ပူပူနွေးနွေး ချစ်စ, ခင်စ ယုအား ညကလည်း ိပ်မပျော်မိ တသသ သတိရနေမိသည်။

အိပ်ပျော်သွားတော့လည်း အိပ်မက်ထဲမှ ာက်လုံးယုကိုသာမက်သည်။ ချိုမြိန်သော အိပ်မက်များ ငါ၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်သိပ်မက်လျှင် အိပ်ရေးမဝတတ်။

အိပ်ရေးမဝရင် နေပလေ့စေ။ ယုကို အိပ်မက်ထဲတွေ့ရသည်ပင် စိတ်ပျော်သည်။ စိတ်ကြည်နူးသည်။

သိပ်ကိုချစ်ရပါသော ယုလေး။

အကယ်၍သာ စိုးမိုးနိုင်မြိုင်သာသို့ ပြန်ရောက်လာပြီး ယခုလိုပြဿနာပေါင်းစုံကိုသာ ရင်မဆိုင်ရလျှင် ယုဆီက တုန့်ပြန်အချစ်ရပြီးသည်နှင့် တရားဝင်လူကြီးစုံရာနှင့် လက်ထပ်ပစ်လိုက်မည်သာ။

ယခုမူကား

မိုးလင်းသည်နှင့် ယုထံသို့ မည်သို့ပင်သွားချင်သော ဆန္ဒပြင်းထန်စေကာမူ မသန္တာပြောကြားသော စကားများအရ ဦးစွာပထမ သွားရောက်တွေ့ဆုံရမည်သူမှာ ကိုဒေဝဖြစ်နေသည်။

လက်ဆွဲအိပ်ထဲမှာ ငွေထုတ်ကိုယူပြီး ငွေငါးထောင်ကို မသန္တာအား ပေးလိုက်ဖို့ ဖယ်ထုတ်လိုက်သည်။

ပြီးသူ၏ လိုင်စင်နှင့်ကိုင်ဆောင် သေနတ်ထဲ ကျည်ဆံများ ပြည့်မပြည့်စစ်ဆေးပြီးနောက် လက်ဆွဲအိတ်ငယ်ထဲသို့ ထည့်ယူလိုက်တော့သည်။

မြိုင်သာ ရဲစခန်းသည် မြို့၏တောင်ဘက် ယွန်းယွန်း ရွှေပြည်သာလမ်းထဲတွင် တည်ရှိသည်။

လူသွားလူလာ နည်းသောလမ်းဖြစ်ပါ၏။

ရဲစခန်းသည် တစ်ထပ် အုတ်တိုက်တန်းလျား ဖြစ်သည်။ ခြံကြီးကျယ်ပြီး လက်နက်ကိုင်ခန်း၊ အချုပ်ခန်း၊



သီးသန့်ခန်းစသဖြင့် အဆောက်ဦးငယ်များရှိပေသည်။

စခန်းမှူး ဦးငွေရကို သူ၏စခန်းမှူး အခန်းစားပွဲတွင် ရှိနေသည်ကို အသင့်တွေ့ရပါ၏။

"အား ... လာ ... လာ ... ကိုစိုးမိုးနိုင်... "

စိုးမိုးနိုင် ... ကားရပ်ပြီး သူ့အခန်းသို့ ဝင်လိုက်သည်နှင့် ဦးငွေရက ဆီးကြိုစကားဆိုပေသည်။

စိုးမိုးနိုင်အား စိုးမိုးနိုင်မှန်းမြင်ရုံနှင့် ဦးငွေရက သိထားပြီးပုံရသော်လည်း စိုးမိုးနိုင်ကတော့ ယခုမှ ပထမဆုံးအကြိမ် ... ဦးငွေရကို မြင်ဖူးတွေ့ဖူးခြင်းဖြစ်ပါ၏။ စိုးမိုးနိုင် မြိုင်သာက ထွက်ခွာသွားပြီးနောက်မှ ဦးငွေရက မြိုင်သာသို့ ရောက်လာခြင်းဖြစ်သည်။

ဦးငွေရသည် အသက်လေးဆယ့်ငါးနှင့် ငါးဆယ်ကြား ရှိနိုင်သည်။ အသားဖြူပြီး ဝန်းဝိုင်းသော မျက်နှာရှိသည်။ ကိုယ်ထည်မှာ တုတ်ခိုင်ပြီး အရပ်ငါးပေ လေးလက်မလောက်ရှိမည်။ ဖေါ်ရွေတတ်ပြီး ရဲအရည် ဝနေသူမှန်း မြင်ရုံနှင့် စိုးမိုးနိုင်အကဲခတ်မိသည်။

စိုးမိုးနိုင်က မိမိအားဆီးကြိုနှုတ်ဆက်သော ဦးငွေရအား အထိုက်အလျောက်ပြန်နှုတ်ဆက်လိုက်သည်။

"အခု ... ကိုစိုးမိုးနိုင် မြိုင်သာကို ခွင့်နဲ့ပြန်လာတာလား ... "

"ဦးငွေရအပိုတွေ မေးနေတာပဲ ... ကျွန်တော်နဲ့ ပတ်သက်သမျှ အကြောင်းတွေကို ဦးဘာဘာက ဦးငွေရကို စုံစုံစေ့စေ့ ပြောပြီးသား ဖြစ်နေမှာပါ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးငွေရကတဟဲဟဲရယ်သွမ်းသွေးလိုက်သည်။

ဦးဘာဘာထံမှ မိမိအကြောင်းတွေ သိထားသည်ဟုလည်း ဝန်မခံ၊ မသိပါဟုလည်း မငြင်းဘဲ ချော်လဲရောထိုင်ရယ်ခြင်းမျိုး ရယ်လိုက်ခြင်းသာဖြစ်ပါ၏။ ပြီးတခြားစကားသို့ ကူးပြောင်းလိုက်သည်။

"ဘယ့်နယ်လဲ ... ဦးဘာဘာနဲ့ကော ကိုစိုးမိုးနိုင်ပြေလည်ရဲ့လား... "

"ဘာကို ပြေလည်ရဲ့လား လို့ မေးတာလဲ ဦးငွေရ"

"အော် ... အောင်ဒေဝဟိုတယ် ကိစ္စပါ... ကိုစိုးမိုးနိုင်က ဦးဘာဘာအမ်းတဲ့ငွေကိုယူပြီး ဟိုတယ်ကို လွှဲပေးလိုက်သလားလို့ မေးတာပါ... "

"ဝေးသားပဲ ... ဘယ်တော့မှ ... မလွှဲဘူး... "

စိုးမိုးနိုင်က ပြတ်ပြတ်ပင် ပြောချလိုက်သည်။

"ကြိုက်ပြီ ကိုစိုးမိုးနိုင် အစတည်းက ကိုဒေဝဟာ အခုကိုစိုးမိုးနိုင်ပြတ်သားသလို ပြတ်သားခဲ့ရင် အခုလိုကိစ္စတွေပေါ်ပေါက်လာစရာတောင် မရှိဘူး... အခုတော့ ကိုဒေဝမှာ လူသတ်မှုတွေဖြစ် ဘာတွေဖြစ်နဲ့"

"လူသတ်မှုလို့ ဘယ်လို အထောက်အထားတွေရှိလို့လဲ ဦးငွေရ... ခုချိန်ထိ ကိုလှိုင်ဘွားဆိုတဲ့ လူရဲ့အလောင်းလည်း မတွေ့သေးဘူးလေ... ပြီးမျက်မြင်သက်သေလည်း မရှိဘူးလေ... "

"မြိုင်သာမြစ်ရေဟာ ပင်လယ်နဲ့ ဆက်နေတာပဲ... ဒီရေအတက်အကျရှိနေတာပဲ ပင်လယ်ထဲအထိ မျော



တဲ့ အလောင်းတစ်ခုဟာ ဘယ်တွေ့နိုင်တော့မလဲ... ကျုပ်တို့လဲ လှိုင်ဘွားအလောင်းကို ရှာနေဆဲပါ... အင်း ... တစ်ချိန်ချိန်မှာ တွေ့ချင်လဲ တွေ့လိမ့်မပေါ့လေ... "

"ဟုတ်တယ်ဦးငွေရ လှိုင်ဘွားကိုတစ်နေ့နေ့တော့ပြန်တွေ့မှာပါ... အသေပဲတွေ့မလား... အရှင်ပဲတွေ့မလား ဘယ်သူမှ မပြောနိုင်သေးပါဘူး... ကဲ ... ကျွန်တော် ကိုဒေဝနဲ့ တွေ့ချင်လို့ တွေ့ခွင့်ပေးပါဦးငွေရ... "

"ရပါတယ် ... ကိုဒေဝကို ဘယ်သူနဲ့မဆို ပေးတွေ့ပါတယ်... သူ့ကို လူသတ်တရားခံလို့ စွဲချက်မှ မတင်နိုင်သေးတာ... အချုပ်သားသက်သက်ပဲရှိသေးတာ... ကိုစိုးမိုးနိုင် သွားတွေ့နိုင်ပါတယ်... "

ဦးငွေရကိုယ်တိုင်လိုက်ပို့ပေးရန် ထိုင်ရာမှ ...လိုက်သည်။

စိုးမိုးနိုင်က သူ့တွင် အတူပါလာသည့် ...အိတ်ထဲမှ သေနတ်ကိုထုတ်ယူပြီး ဦးငွေရစားပွဲပေါ်သို့ ...င်ထားလိုက်သည်။

"ကျွန်တော့်မှာ လိုင်စင်သေနတ် ပါလာတယ် ... ဦးငွေရ ခေတ္တ အပ်ထားခဲ့ပါတယ်... "

"ရပါတယ် ... စားပွဲပေါ်မှာသာ ထားခဲ့ပါ... "

ပြီး ဦးငွေရရှေ့ဆောင်ပြီး ကိုဒေဝကို ချုပ်ထား...သည့် အချုပ်ခန်းဆီသို့ လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... စိုးမိုးနိုင်... "

ကိုဒေဝက အချုပ်ထဲမှ စိုးမိုးနိုင်လာသည်ကို တွေ့သည်နှင့် အားရပါးရကြီး လှမ်းအော်နှုတ်ဆက်ပေသည်။

"ဟုတ်ပါတယ်ကိုဒေဝ ကျွန်တော်မြိုင်သာကို ပြန်လာပါပြီ... "

အချုပ်ခန်းတံခါးဖွင့်ပေးသည်နှင့် စိုးမိုးနိုင်က အထဲသို့ ဝင်သွားရာ နှစ်ယောက်သား အားရပါးရဖက်ပြီး နှုတ်ဆက်ကြသည်။

ဦးငွေရက အချုပ်တံခါးပြန်ပိတ်ပြီး ပြန်ထွက်သွားသည်။

"မင်း ဖုန်းဆက်ကတည်းက မိယုက ငါ့ကိုပြောပြပါတယ်... မင်းမြိုင်သာကို ပြန်လာတော့မယ်တဲ့... မိယုပြောတုန်းက ငါယုံတောင်မယုံဘူး... "

"ဟုတ်တယ် ကိုဒေဝ ကျွန်တော် ရန်သူနဲ့ တိုက်ပွဲမှာ ဒဏ်ရာရခဲ့တယ်... ကျွန်တော့်ကို ဆက်ပြီးရှေ့တန်း တိုက်နိုက်ရတဲ့ နေရာတွေမှာ မထားတော့ဘူး... ရုံးထိုင် တာဝန်ပေးတယ် ... ကျွန်တော်ဆက် မလုပ်ချင်လို့ နှုတ်ထွက်လိုက်တာပဲ... "

"အေးကွာ ... မင်းပြန်လာမယ်ဆိုလဲ အခုထက် သုံးလေးလလောက်သာ စောပြီးပြန်လာပြီး ငါနဲ့အတူရှိနေရင်း ဒီအဖြစ်မျိုးတွေ ငါဖြစ်မှာ မဟုတ်ဘူး — ငါဖြစ်ပျက်သမျှအကြောင်းတွေ မိယုက မင်းကို ပြော



ပြပြီးရောပေါ့။

စိုးမိုးနိုင်က ခေါင်းညိတ်ပြသည်။ နှုတ်ဖြင့် မပြောပေ။

"မင်း ... ငါ့ကို စိတ်ဆိုးနေလားစိုးမိုးနိုင်... "

"စိတ်ဆိုးတယ်တော့ ဘယ်ဟုတ်မလဲ ကိုဒေဝ... ဒါပေမယ့် မလုပ်သင့်တာတွေလုပ်ပြီး... မဖြစ်သင့်တာတွေဖြစ်သွားတဲ့အတွက်တော့ ဘယ်စိတ်ကောင်းပါ့မလဲ... "

"အေး ... မင်း ... ငါ့ကိုစိတ်မဆိုးရင် တော်သေးတာပေါ့ကွာ... တကယ်တော့ ငါ့ကိုမင်းသိပ်စိတ်ဆိုးသင့်တယ်... ငါဟာ အတ္တသိပ်ဆန်သွားတယ်... ငါလုပ်ချင်တာနဲ့ ငါဖြစ်ချင်တာကိုသာ အဓိက ဦးစားပေးလုပ်မိလို့ ငါပိုင်ထက်ဝက်ရှယ်ယာကို ဦးဘာဘာ့လက်ထဲ ထိုးအပ်လိုက်ရတာပဲ... "

"မသန္တာဆိုတဲ့ မိန်းမလေးအတွက်ကြောင့်ပဲ ဒီလိုတွေဖြစ်ရတာ မဟုတ်လား ကိုဒေဝ... တကယ်တော့ ကိုဒေဝဟာ ဥဒေါင်းမင်းညွတ်ကွင်းမိသွားတာမျိုး မဟုတ်လား... မသန္တာက ယောင်ချောက်ဥဒေါင်းမလေးဆိုပါတော့... ကိုဒေဝဖြစ်ပုံတွေက ညွတ်ကွင်းမိတယ်... မဟာဇနက္က သဘော်ပျက်ကိန်းမျိုး ဖြစ်တယ် ဒုသနသော ဓာတ်ခင်းတယ်... "

"ပြောတော့ စိုးမိုးနိုင်... မင်းပြောသမျှ ငါခံရမှာပဲ... အေး တစ်ခုတော့ ငါပြောပါရစေ... သန္တာဟာ

www.burmeseclassic.com

www.burmeseclassic.com



ဦးဘာဘာရဲ့ ငွေနဲ့ပေါက်ပြီး မတရား သိမ်းပိုက်ခံရတဲ့ဘဝကို သူ့ ဟာသူ သတ်သေချင်လောက်အောင် စိတ်ပျက်ငြီးငွေ့နေတုန်း ငါနဲ့တွေ့ရတာပါ... ငါနဲ့သူနဲ့မေတ္တာရှိတာ တွေဟာ တကယ့်ရင်ထဲက အစစ်အမှန်တွေပါ ... ဒါမှ ဒုသနသောချင်လည်း သောပလေ့စေတော့ စိုးမိုးနိုင်ရာ... "

စိုးမိုးနိုင်သည် အချုပ်ခန်းထဲရှိ တန်းလျားပေါ်တွင် ထိုင်လိုက်သည်။ ကိုဒေဝကလည်း အတူလာထိုင်ပါ၏

"ကျွန်တော် ယုနဲ့ရော မသန္တာနဲ့ရော တွေ့ပြီးပြီမို့ အားလုံးသိပြီးပါပြီ... မသန္တာက ကျွန်တော်ကို ပြောတယ် လှိုင်ဘွားနဲ့ပတ်သက်ပြီး ကိုဒေဝက ကျွန်တော့်ကိုသာ အထူးပြောစရာစကား ရှိနေတယ်တဲ့ ... ကဲ ... ပြောကိုဒေဝ... ခင်ဗျား လှိုင်ဘွားကို တကယ်သတ်မိသလား... "

"လှိုင်ဘွားနဲ့ငါ တံတားပေါ်မှာ လုံးထွေးသတ်ပုတ်ကြတာတော့အမှန်ပဲ... ဒီတော့ လှိုင်ဘွား တံတားပေါ်မှာ လဲကျကျန်ခဲ့တယ်... "

"သေပြီး ကျန်ခဲ့တာလား ကိုဒေဝ... "

"မဟုတ်ဘူး ... ငါထွက်လာတဲ့အထိ လှိုင်ဘွားအသက်ရှူနေသေးတာ... ငါသေသေချာချာ သတိထားမိတယ်... သတိတော့ မေ့နေတယ်... ငါ့အယူအဆနဲ့ အထင်တော့ လှိုင်ဘွားဟာ ခုချိန်ထိ တစ်နေရာရာမှာ အသက်ရှင်လျက်သား ရှိနေသေးတယ်လို့ပဲ ဒီ ကောင်ကို ဦးဘာဘာဝှက်ထားပြီး သန္တာနဲ့ငါ အပြတ်ကွဲအောင် ... ငါကိုလူသတ်မှုဆင် လိုက်တာလို့ယူဆ ထင်မြင်တာပဲ စိုးမိုးနိုင်။ ဒါပေမယ့် ငါ့အမှုက ရုံးတင်တာနဲ့ ငါလွတ်မှာဆိုတာလဲ သူတို့သိထားတယ်... ဒါကြောင့် သူတို့အနေနဲ့ ကနေ့ညမှာ ငါ့ကို ကြံစည်တာပဲ စိုးမိုးနိုင်... "



"အဲဒါတွေကို မသန္တာဆီက ကျွန်တော်ကြားပြီးပါပြီ ကျွန်တော်တစ်ခုထပ်သိချင်တာက ... လှိုင်ဘွားက မြိုင်သာမှာ ဦးဘာဘာတို့နှင့် တွဲတဲ့အပြင် တခြား ဘယ်သူနဲ့ တွဲသေးသလဲဆိုတာပဲ... "

ကိုဒေဝသည် အချုပ်အပြင်ဘက် ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်ရှုအကဲခတ်ပြီး ပတ်ဝန်းကျင်တွင် ဘယ်သူမှ မရှိကြောင်းစိတ်ချမှ စိုးမိုးနိုင်၏ နားတစ်ဘက်ဆီသို့ ကပ်၍ တိုးတိုးလေး ပြောလိုက်သည်။

"ငါကတော့ သေသေချာချာမသိဘူး... ဒါပေမယ့် ဦးထိန်ဝါက ငါ့ကိုပြောတယ်... လှိုင်ဘွားဟာ မြိုင်သာမှာ မိစမ်းနဲ့တွဲတွဲပြီး အောင်ဒေဝမှာလာပြီး စားသောက်တတ်တယ်တဲ့ ငါ့လက်ထက်တုံးကတော့ အောင်ဒေဝဟိုတယ်မှာ ရှေ့ပိုင်းတာဝန်ကို ဦးထိန်ဝါက ယူထားတာကိုး၊ ဒီတော့ ဟိုတယ်ကိုခဏခဏရောက်လာတဲ့ ... လှိုင်ဘွားနဲ့ မိစမ်းကို သူမြင်နေတာပေါ့"

"မိစမ်း ... ဟုတ်လား... အဲဒီမိစမ်းဆိုတာက ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



လဲ... ဘယ်မှာနေလဲ... ဘာလုပ်လဲ... "

"မိစမ်း ဘယ်သူပါလို့ပြောမှာတော့ ခပ်ခက်ခက်ပဲ... မြို့င်သာဟာ အခုမင်းရောက်တော့ မြင်တဲ့အတိုင်းပဲလေ... ငွေရှိရင် ဘာမဆို ရတယ်ဆိုတဲ့ အကျင့်ပျက်မြို့င်သာဖြစ်နေပြီ... မိစမ်းဆိုတာကလည်း ငွေပေးရင် ဘာမဆို ရတယ်ဆိုတဲ့ မိန်းမစားလေးမျိုးပဲ... "

"ဟုတ်ပြီ ... အဲဒီမိစမ်းက ဘယ်မှာနေလဲ... "

"နဒီချောင်းထိပ်မှာ ပျဉ်ထောင်အိမ်လေးနဲ့ ... သူတစ်ယောက်တည်း သီးခြားနေတယ်တဲ့... အဲဒါလည်း ဦးထိန်ဝါ စုံစမ်းလို့ ရတဲ့သတင်းပဲ ... မိစမ်းနဲ့ လှိုင်ဘွား အကြောင်းကို ငါ ... မိယုကိုလည်း မပြောဘူး... မသန္တာကိုလည်း မပြောဘူး... လှိုင်ဘွားရဲ့ တကယ့်အဖြစ်မှန်ကို အဲဒီ မိစမ်းက သိချင်သိမယ်... မိစမ်းလို မိန်းမမျိုးကိုတော့ ဦးဘာဘာတို့အဖွဲ့က အသေးအဖွဲ့ပဲလို့ သဘောထားပြီး မိစမ်းအပေါ် သိပ်အာရုံမထားကြဘူးတဲ့ ယခုလက် ရှိအခြေအနေမှာ ဦးထိန်ဝါအနေနဲ့ မိစမ်းဆီ ကိုယ်တိုင် သွားစုံစမ်းဖို့ မလွယ်ဘူး... ဦးဘာဘာပေးထားတဲ့ စဖိုမှူး တာဝန်ကြောင့် အပြင်မထွက်နိုင် တာလည်းပါတယ်... နောက်တစ်ချက်က ဦးထိန်ဝါက မြို့င်သာဇာတိဖြစ်နေတော့ မြို့င်သာမှာ လူသိများတယ်... ကလေး လူကြီး အားလုံးလိုလို ဦးထိန်ဝါကို သိနေကြတယ်... ဒီတော့ မိစမ်းဆီကို ဦးထိန်ဝါသွားတာကို မြင်တာနဲ့



လူတွေ သိကြမယ်... ဒါကြောင့် ဦးထိန်ဝါက မိစမ်းဆီသွားပြီး လှိုင်ဘွားအကြောင်း မစုံစမ်းရဲဘူး စိုးမိုးနိုင်... အဲဒီတော့... "

"အဲဒီတော့ ... မြို့င်သာမှာ လူသိနည်းနေပြီဖြစ်တဲ့ ကျွန်တော်သာပဲ မိစမ်းဆီမှာ သွားစုံစမ်းဖို့လိုတယ် ပေါ့ ... ဟုတ်လား... "

"အေး ... ဒါကြောင့် မင်းကိုပဲ ငါတွေ့ချင်နေတာ"

စိုးမိုးနိုင်စဉ်းစားသည်။ စီးကရက်ဘူးထုတ်ယူပြီး တစ်လိပ်မီးညှိရှူဖွာသည်။ ကိုဒေဝကိုလည်း စီးကရက်ဘူး ပေးသည်။

ကိုဒေဝက ခေါင်းခါငြင်းသည်။ ကိုဒေဝသည် နဂိုကတည်းက ဆေးလိပ်မသောက်တတ်မှန်း စိုးမိုးနိုင်သတိရသည်။

ဆေးလိပ်ပင် မသောက်တတ်ဘဲ အလုပ်ကိုသာ ကျိုးစားလုပ်ကိုင်သော ကိုဒေဝသည် မသန္တာနှင့် တွေ့ဆုံ ချစ်ကျွမ်းဝင်လေမှ စီးပွားရေးကို ဖြတ်လမ်းနည်းသိုက်ခါ၊ လောင်တာစားတာတွေ အရက်သောက်တာတွေတတ် မြောက်လာခြင်းဖြစ်သည်။

ယင်းကြောင့်ပင် ယခုလိုလူသတ်မှုနှင့် အချုပ်ခံရသည်အထိ ဖြစ်လာရသည်။

"အင်း ... လှိုင်ဘွားဟာ အခုအချိန်ထိ အသက်ရှင်နေရီးမှန်တောင် မကြာခင် လှိုင်ဘွားဟာ တကယ် သေမှာပဲ ကိုဒေဝ... လှိုင်ဘွားကို ဦးဘာဘာက သေ

www.burmeseclassic.com

www.burmeseclassic.com



တွင်းပို့မှာ အမှန်ပဲ... ကိုဒေဝတာကယ်လူသတ်မှု ကျူး
လွန်တယ်ဆိုတာကို အထောက်အထား အခိုင်အလုံ
ဖြစ်စေဖို့က လိုင်ဘွားဟာ အလောင်းဘဝနဲ့ လူတွေ
မြင်မှုဖြစ်မှာကိုး... အခုဖြုန်းခနဲကျွန်တော် မြိုင်သာ
ရောက်လာတော့ ဦးဘဘတို့က ပထမဆုံး ခင်ဗျား
လွတ်သွားမှာ စိုးရိမ်ပြီး... ခင်ဗျားကို အရင်လုပ်ကြ
ဖို့ အားကျင်းစီစဉ်ပေမယ့်... ဒုတိယကတော့ လိုင်ဘွား
အလှည့်ပဲဖြစ်မှာပဲ... ဒီတော့ လိုင်ဘွားဟာ အသက်ရှင်
နေရှိးမှန်ရင် ဒီကောင်ကို အရှင်လပ်လပ် ကျွန်တော်
က ဆွဲထုတ်ပြဖို့ သိပ်လိုအပ်လာပြီ... ကဲ ကျွန်တော်
ခု မနက်ပဲ ကမ်းသာကတစ်ဆင့် နဒီချောင်း မှာရှိ
မိစမ်းဆီကို သွားလိုက်မယ်... "

"သတိဝီရိယတော့ရှိပါစေ စိုးမိုးနိုင်... ဦးဘဘာယ
ခြေတစ်ဘက် မရှိတော့ပေမယ့်... သူ့ဦးနှောက်က
တော့ နဲနဲလေးမှ လျှော့မတွက်နဲ့ ညာဏ်နီ ညာဏ်န
သိပ်များတယ်... "

စိုးမိုးနိုင် ထိုင်ရာမှထပြီး အချုပ်တံခါး
အပြင်မှ ခတ်သွားသည့် သော့ခလောက်ကြီးအား
ချောင်းချောင်းအသံမြည်အောင် ခေါက်လိုက်သည်။ မကြာ
ဦးငွေရပြန်ရောက်လာပြီး သူကိုယ်တိုင် အချုပ်တံခါး
ကို ဖွင့်ပေးသည်။

စိုးမိုးနိုင်က ကိုဒေဝကိုနှုတ်ဆက်ပြီး ...
သည်။ ဦးငွေရက စောစောက စိုးမိုးနိုင်အပ်ထားသော ...



နတ်ကို စိုးမိုးနိုင်အားပြန်ပေးသည်။

စိုးမိုးနိုင်သည် သူ၏မော်ရစ်(စ်)ကားလေးဖြင့် ယုယုရှိရာ သုမင်္ဂလာလမ်းသို့ မောင်းလာခဲ့သည်။

သုမင်္ဂလာလမ်းအိမ်ဝယ် ယုယုကိုအသင့်တွေ့ရပါ၏။ ဦးထိန်ဝါကိုမူ မတွေ့ရပေ။ ဟိုတယ်သို့ အလုပ်ဆင်းသွားလေပြီလား။ သို့မဟုတ် ညဘက်တွင် သူဆောင်ရွက်ရမည့် အလုပ်ကိုပဲ သွားရောက်ကြိုတင်စီစဉ်နေသလားတော့မသိပေ။

ဦးထိန်ဝါ၏ဇနီး ဒေါ်မေအေးကလည်း မီးဖိုထဲတွင် အလုပ်များနေဟန်တူသည်။

ဧည့်ခန်းထဲတွင် ယုယုနှင့် စိုးမိုးနိုင် နှစ်ယောက် ချင်းလွတ်လွတ်လပ်လပ်တွေ့ဆုံခွင့်ရပါလေ၏။

နှစ်ယောက်သား ပူးကပ်စွာပင်ထိုင်လိုက်ကြသည်။

"အခုပဲ ... ကိုဒေဝဆီကိုဝင်ခဲ့တယ် ယု... "

"ဟုတ်လား ... အစ်ကိုကြီးဒေဝက ဘာတွေပြောလိုက်သေးလဲ... ကနေ့ည အစီအစဉ်တွေကို ပြောပြသေးလား... "

"ပြောပြတယ်၊ ဒါပေမယ့် ... မနေ့ညကပဲ ကိုနိုင်နဲ့ မသန္တာတွေ့ပြီး မသန္တာက ဒီနေ့ညလုပ်မဲ့ အစီအစဉ်တွေကို ပြောပြထားပြီးသားပါ... "

စိုးမိုးနိုင်ဆွဲအိတ်ကို ဖွင့်သည်။

အထဲမှ ငွေငါးထောင်ထုတ်ယူပြီး ယုယု၏



www.burmeseclassic.com

www.burmeseclassic.com



ပေါင်တံလေးနှစ်သွယ်ပေါ်သို့ တင်ထားလိုက်သည်။

"အဲဒီငွေငါးထောင်ကို မသန္တာဆီယုကပဲ ပေးပို့ပေးပါယု... လမ်းခရီးအတွက် မသန္တာနဲ့ကိုဒေဝမှာ ငွေလိုနေတယ်... ကိုနိုင် ညဘက်အမီ ရောက်အောင်တော့ပြန်ခဲ့မယ်...ဒါပေမယ့် မတော်တဆ နောက်ကျနေရင် မသန္တာနဲ့ကိုဒေဝ... ငွေပါမသွားမှာစိုးလို့ ... အခု ယုဆီဝင်ပြီး ပေးထားတာ..."

"ကိုကိုနိုင်က ဘယ်သွားမှာမို့လဲ..."

"ကမ်းသာဘက်က နဒီချောင်းထိပ်အထိသွားမယ်ယု... မိစမ်းဆိုတာကို လိုက်ရှာရဦးမယ်လေ... အဲဒီမိစမ်းနဲ့ တွေ့ရင်လှိုင်ဘွားရဲ့ အဖြစ်မှန်တွေကို သိတန်သလောက်သိလာရမယ်လို့ မျှော်လင့်လို့ပဲ..."

ယုယုမျက်နှာမကောင်းပေ။ သက်ပြင်းလေးတစ်လုံးချရင်း ငြီးငြီးတွားတွားလေး ပြောလိုက်သည်။

"ကိုကိုနိုင်မလဲ ဒုက္ခပဲနော်... ယုကိုချစ်ရတာ ငရဲပန်းကို တန်ဘိုးကြီးကြီးပေးဝယ်ရသလိုဖြစ်နေပြီ... ငွေလဲကုန်သေးတယ်... ပူလောင်မှုတွေလဲ ခံစားရသေးတယ်... တကယ်တော့ ဒီငွေငါးထောင်ဟာ ကိုကိုနိုင်အလုပ်ထဲမှာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ရင်း လခထဲက ဆုဆောင်းထားတဲ့ ငွေတွေပဲ မှတ်လား — ကိုကိုနိုင်ရယ်..."

စိုးမိုးနိုင်က ယုယု၏ ပုခုံးလေးကို ကိုင်ပြီးကျန်လက်တစ်ဘက်က ငုံ့နေသည်ယု၏ မျက်နှာလေးဓော





သာစေရန် ပင့်တင်ပြီး၊ မော့မော့လေးဖြစ်စေသည်။

"ချစ်သူအတွက် ရုပ်ကြွယ်ကို ဆွတ်ခူးပေးပြီး မြင့်မိုရ်တောင်ကိုတောင် ဖြိုပေးမယ့်ချစ်သူတွေနဲ့စာရင် အခုကိုကိုနိုင် ယုအတွက်ဆောင်ရွက်ဖေးနေတာတွေဟာ မလောက်လေးမလောက်စား အသေးအဖွဲပါယု... ဘာမှ ကိုကိုနိုင်အတွက် ယုစိတ်မကောင်းမဖြစ်နဲ့ ဒီကိစ္စတွေ ရှင်းသွားတာနဲ့ ယုနဲ့လက်ထပ်ပြီး ... ဂေါ်သဇင်လမ်းက တိုက်အိမ်လေးမှာ အတူနေကြမယ်... ကဲ ... အဲဒါတွေ တွေးလိုက်ရင် ဘယ်လောက်ကြည်နူးပြီး ပျော်စရာကောင်းလဲ... ကဲ ကိုကိုနိုင့်ကို ယု ပြုံးပြစမ်း..."

သူမ၏ကိုကိုနိုင် စိတ်ချမ်းသာစေရန် ယုက ပြုံးပြရပါ၏။

စိုးမိုးနိုင်က ယု၏နဖူးပြင်လေးကို မွှေးမွှေးပေးလိုက်သည်။

"မိုးရွာလိမ့်မယ်ထင်တယ်နော် ကိုကိုနိုင်..."

"အင်း ... လေပြင်းပါ တိုက်လိမ့်မယ်ပုံသဏ္ဍာန်ပဲ"

စိုးမိုးနိုင်က ပြတင်းပေါက်မှတစ်ဆင့် မိုးဆောင်းကင်ကိုကြည့်ကာ ... ထင်မြင်ချက်ပေးလိုက်သည်။ ပြီးနောက် ... တစ်ဆက်တည်းပင် ...

"အော် ... ယု..."

"ပြော ... ကိုကိုနိုင် ယုက အမြဲ ကိုကိုနိုင်ပြောတာကို အဆင်သင့်နားစွင့် နေတာချည်းပဲဟာ..."

www.burmeseclassic.com

www.burmeseclassic.com



ယုပြောပုံလေးကို သဘောကျလွန်းသဖြင့် ယု၏ကိုယ်လုံးလေးကို စိုးမိုးနိုင်မချင့်မရဲဖျစ်ညှစ်လိုက်မိသည်။

"ကနေ့ည ... အစီအစဉ်အရ ကိုဒေဝနဲ့ မသန္တာထွက်ပြေးမယ့် စက်မော်တော်ကို ဦးထိန်ဝါက မောင်းပေးမှာနော်..."

"အဲဒါ ... ဟုတ်သားပဲ ... အဲဒီတော့ ဘာပြုလဲဟင်"

"ကိုကိုနိုင် စောစောပြန်ရောက်လာရင်တော့ ယုအတွက် ဘာအရေးလဲ... ကိုကိုနိုင်ရှိနေတာပဲ... ဒါပေမယ့် ကိုကိုနိုင် အချိန်မီပြန်မရောက်ရင် ယုအတွက် စိုးရိမ်စရာရှိနေလို့..."

"ဘယ်လိုစိုးရိမ်စရာလဲ... ပြောလေကိုကိုနိုင်..."

"ကိုဒေဝလွတ်သွားပြီး ... ဟိုတယ်မှာ ဦးထိန်ဝါလည်း ပျောက်သွားတယ်ဆိုရင် ဦးဘာဘာအဖွဲ့ဟာ ဦးထိန်ဝါရဲ့အိမ်ဖြစ်တဲ့ ... ဒီအိမ်ကို လိုက်လာမှာသေချာတယ်...သူတို့လိုက်လာပြီး ယုကိုတွေ့သွားရင် ယုသက်သာမှာ မဟုတ်ဘူး... အဲဒီတော့ ... ကိုကိုနိုင်ရဲ့ ဂေါ်သဇင်လမ်း တိုက်အိမ်လေးဟာ ကားဂိုဒေါင်သော့ ယုမှာရှိနေတယ် မဟုတ်လား..."

"ဟုတ်တယ် ... ရှိနေတယ်"

"ဒါဖြင့် ... ကိုကိုနိုင် နောက်ကျနေရင် အဲဒီ ကားဂိုဒေါင်လေးထဲမှာပဲ ယုပုန်းနေပြီး စောင့်နေနော်... သူတို့ ကိုကိုနိုင်ရဲ့ကား ... ဂိုဒေါင်ထဲမှာလည်း မတွေ့ဘူး... အိမ် တံခါးလဲ သော့ခတ်ထားတယ်



ဆိုရင် အိမ်နဲ့ကားဂိုဒေါင်ကို ဂရုမစိုက်တော့ဘဲ ကိုကိုနိုင့် ကားနဲ့ ဘယ်သွားလဲဆိုတဲ့ နောက်ကိုလိုက်ကြမှာပဲ... ဒါဆို ... ယုလွတ်သွားတာပေါ့... ယု နားလည်တယ် နော်..."

"နားလည်ပါပြီ ကိုကိုနိုင်ရဲ့..."

"ဒါဆို ကိုကိုနိုင်သွားမယ်..." ဟုပြောပြီး၊ သူ၏ နဖူးပြင်လေးကို ထပ်မွှေးရင်း ထရပ်လိုက်သည်။

"ကိုကိုနိုင် အစစအရာရာ သတိရှိပါနော် ... ကိုကိုနိုင်အတွက် ယု အရမ်းစိတ်ပူတယ်..."

"ယု ... အခုမပူနဲ့ဦးလေ ... ကိုကိုနိုင်နဲ့ ယုလက် မှ မထပ်ရသေးတာ... ကိုကိုနိုင့်ကို ဗေဒင်ဟောထားတယ်... ကိုကိုနိုင်အိမ်ထောင်ကျပြီးရင် ကလေးတစ်ဒါဇင်ရမယ်တဲ့... အဲဒီတော့ ယုနဲ့ကိုကိုနိုင်လက်ထပ်ပြီးမှ ယု ခဏခဏ ပူပေတော့ ဟုတ်လား..."

"ကြည့် ... နားရှက်စရာ ဘာတွေပြောမှန်းမသိဘူး...ယုပူတယ်ဆိုတာက စိတ်ပူတာကို ပြောတာသိလား..."

စိုးမိုးနိုင်က တဟဲဟဲရယ်ရင်း ယု၏ပါးပြင်ပြင်ကို မနာအောင်ဆွဲလိမ်ပြီး ထိုအိမ်မှ ထွက်ခွာ လာခဲ့ပေတော့သည်။

*❁*❁*❁*❁

www.burmeseclassic.com

www.burmeseclassic.com



# ၁၀

မိစမ်း၏အိမ်ကို ကမ်းသာရောက်ပြီး လူရွယ်တစ်ဦးနှစ်ဦးကို မေးလိုက်ရုံဖြင့် ကျကျနန ညွှန်ပြသဖြင့် စိုးမိုးနိုင် အခက်အခဲမရှိဘဲ ရောက်လာခဲ့ရပါ၏။

မိစမ်း၏အိမ်လေးမှာ ပျဉ်ထောင်သွပ်မိုးလေးပင် တစ်ထပ်အိမ်လေး ဖြစ်ပါ၏။

မိစမ်းအိမ်နှင့် မလှမ်းမကမ်းတွင် မော်တော်(စ်)လေးကိုရပ်ထားခဲ့ပြီး စိုးမိုးနိုင် ဆင်းလာခဲ့သည်။

အချိန်အားဖြင့် ညနေစောင်း နေမဝင်သေးချေ။ ကာမှု ရာသီဥတုက ကောင်းကင်တစ်ခုလုံး မိုးတိမ်သားတွေဖုံးနေသဖြင့် မည်းမှောင်ဘက်သို့ ကူးနေပေသည်။

မိစမ်းအိမ်ထဲသို့မသွားမီ မိစမ်းအိမ်တည်ရှိရာကို စိုးမိုးနိုင် ပထမလေ့လာသည်။

နဒီချောင်းကမ်းခြေပေါ်တွင် တည်ဆောက်ထားသည်။ ကမ်းခြေဆိုစေကာမူ ရေတက်ချိန် ဒီတက်ချိန်



အထိ မိစမ်းအိမ်ဆီသို့ နဒီချောင်းရေ ရောက်သော်လည်း ရေကျသွားချိန်၌မူ မိစမ်းအိမ်နောက်ဖေးပိုင်းဝယ် ကျယ်ပြောသော လတာနုံးပြင်ကြီး ကျန်ခဲ့သည်သာ။ ရေကျချိန်ဆိုလျှင် နဒီချောင်းရေသည် မိစမ်းအိမ်နှင့် ခပ်လှမ်းလှမ်း၌သာ ရှိနေပေသည်။

မိစမ်းအိမ်တွင် ခြံစည်းရိုးနှင့် ခြံတံခါးရှိသည်ဆိုခြင်းကလည်း မည်ကာမတ္တမျှသာဖြစ်သည်။ ခနော်ခနဲ့ ဝါးခြမ်းများ ဝါးတိုင်စိုက် ကာရံထားသော ခြံစည်းရိုးသာဖြစ်သည်။ ခြံတံခါးမှလည်း ဝါးဘိုးတိုင် အပေါက်ဖေါက် ဝါးလုံးကန့်ကန့်အပေါက်စွပ် တံခါးမျိုးသာဖြစ်သည်။ ကျွဲနွားခွေးဝက်တိရစ္ဆာန်ကို မဝင်နိုင်ရုံမျှသာ ကာရံထားခြင်းမျိုးဖြစ်ပါ၏။

လွယ်ကူစွာပင် စိုးမိုးနိုင် မိစမ်းအိမ်အတွင်း တံခါးဆီသို့ ရောက်လာသည်။ အိမ်ဝင်ပေါက် တံခါးဆီသို့ ရောက်လာသည်။ အိမ်ဝင်ပေါက်တံခါးမှာ ပိတ်ထားပါ၏။ နံရံပျဉ်စပ်ကြားမှ အထဲတွင် ထွန်းထားသည့် မီးရောင်တချို့ထွက်နေသည်။ ဖယောင်းတိုင်မီး သို့မဟုတ် ရေနံဆီမီးအိမ်မှ မီးရောင်ဖြစ်ပေသည်။

"ခေါက် ... ခေါက် ... ခေါက်... "

စိုးမိုးနိုင် အိမ်တံခါးခေါက်သည်။

"ဘယ်သူလဲ... "ဟု အထဲမှ အမျိုးသမီးတစ်ဦး ပြန်မေးသံကို ကြားရသည်။

"ငါပါမိစမ်း ... တံခါးဖွင့်စမ်းပါ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကငါလဲ ... မသိဘူး ... သွား... "

မိစမ်းအဖို့ စိုးမိုးနိုင်၏အသံလည်း သူမ၏ဖေါက်သည်အသံမျိုးထဲက မဟုတ်ဘဲ အသံစိမ်းတစ်ခုမှန်း ကျက်မိလေသလား မပြောတတ် တံခါးဖွင့်မပေးဘဲ နှင်ထုတ်နေပေသည်။ တံခါးလုံးဝ ဖွင့်မပေးပေ။

ဒါမှမဟုတ်။

မိစမ်းသည် သူမထံသို့ စိုးမိုးနိုင်လိုက်လာမည်မှန်း တစ်နည်းနည်းဖြင့် ကြိုတင်သိထားသဖြင့် ဖွတ်နှင်ထုတ်ခြင်းပေလား မပြောတတ်။

ပျဉ်ချပ်နံရံကပ်ပြီး စိုးမိုးနိုင် နားထောင်ကြည့်သည်။ အထဲမှ စကားပြောသံ ကြားရသည်။ ယောကျ်ားတစ်ဦးအသံနှင့် မိန်းမတစ်ဦး အသံဖြစ်သည်။ စကားလုံးကိုတော့ သဲကွဲစွာ ကြားရသည် မဟုတ်။

"ငါထပ်ပြောမယ် မိစမ်း တံခါးဖွင့်မလား မဖွင့်ဘူးလား ... ဒါပဲ... "

"မဖွင့်တော့ ဘာလုပ်ချင်လို့လဲ... "

စိုးမိုးနိုင်သည် အကြမ်းဖက် ရတော့သည်။ တံခါးကို သူ့အင်အား သူ့ဗလဖြင့် ပခုံးစောင်းတိုက်ဖွင့်ရာ သုံးကြိမ် တိုက်လိုက်သည်နှင့် ဂုန်းခနဲ တံခါးပွင့်သွားတော့သည်။

ပွင့်သွားသောတံခါးမှ စိုးမိုးနိုင်ဝင်ရောက်လိုက်သည်။ ကြေးနန်းကြိုးဖြင့် ဆွဲချိတ်ထားသည့် ရေနံဆီမှန်အိမ် မီးရောင်ဖြင့်ပင် အားလုံးကို စိုးမိုးနိုင်မြင်တွေ့ရ



ပါ၏။

အိမ်၏ဧည့်ခန်းတွင် မိစမ်းတစ်ယောက်တည်းကိုသာ တွေ့ရသည်။ မိစမ်းသည် အသက်နှစ်ဆယ့်သုံးလေးအရွယ်ခန့်ရှိသည်။ ရုပ်မဆိုးပေ။ အခြယ်အသ အဖီးအလိမ်းကြောင့် လှသည်ဟုပင် ဆိုနိုင်လောက်သည်။ အထူးသဖြင့် သူမ၏ အရှိတွေကို ပေါ်လွင်စေရန် ပါးလှစ်သောအင်္ကျီနှင့် အသားပျော့သော ထမီမျိုးကို ဝတ်ဆင်ထားပါ၏။ ဤသို့ဖီးလိမ်းခြယ်သ ဝတ်စားခြင်းမျိုးကပင် သူမ၏ စီးပွားရေးအသက်မွေးဝမ်းကြောင်း ဖြစ်ပေမည်။

"ရှင် ... ထွက်သွား ရှင်ဟာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မ, မလိုချင်ဘူး... ကျွန်မအိမ်တံခါးကို ဖွတ်ဖွင့်ဝင်တဲ့လူကို ကျွန်မ မုန်းတယ်... "

"အေး ... ကျုပ်ကလည်း မင်းရဲ့ဖောက်သည် လူစားမျိုး မဟုတ်ဘူး... မင်းနဲ့ စကားပြောစရာရှိလို့ လာတာပဲ မိစမ်း... "

စိုးမိုးနိုင်က စကားပြောရင်း ကြမ်းပြင်တွင်ချိမ့်နေသော တုံးလုံးလဲ အရက်ပုလင်းကို တွေ့သဖြင့် ကောက်ယူပြီး၊ ပုလင်းဝကို နမ်းကြည့်သည်။ အပေါ်စားအရက်မျိုးအနံ့ပါ၏။ ပုလင်းကို စားပွဲပေါ်တင်လိုက်ရင်း စားပွဲပေါ်တွင် ယောကျ်ားဆောင်း ကောက်ရိုးဦးထုပ်တစ်လုံးနှင့် သောက်လက်စ အရက်ဖန်ခွက်ကိုပါ တွေ့ရပြန်သည်။

ဤအိမ်ထဲတွင် လှိုင်ဘွားနေခဲ့သည်မှာ အမှန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ ယခုလည်း မိမိအထဲသို့ အတင်းဝင်လာသည်နှင့် လှိုင်ဘွား ကမန်းကတန်း မိစမ်း၏အခန်းထဲဖြစ်စေ နောက်ဖေးခန်းကိုဖြစ်စေ ဝင်ပြေးသွားသဖြင့် အရပ်ပုလင်းလဲပြီး လိမ့်ကျန်ခဲ့သည် ဖြစ်နိုင်သည်။

မိစမ်းသည် စိုးမိုးနိုင်အား အလွန်စက်ဆုပ်မုန်းတီးသော အကြည့်ဖြင့် ကြည့်နေသည်ကို စိုးမိုးနိုင်က ပြန်ကြည့်လိုက်သည်။

"ငါနာမည် ... စိုးမိုးနိုင်တဲ့... "

"ရှင်နာမည် စိုးမိုးနိုင်လို့ ပြောလိုက်တာနဲ့ ကျွန်မက ရှင့်ကို ထိုင်ရှိခိုးရမှာလား... "

"ငါ ... နင့်ကိုလာတွေ့တာ ... လှိုင်ဘွားအကြောင်း ပြောစရာရှိလို့ လာတာ မေးစရာလဲရှိလို့... "

"အဲဒါဆိုရင်တော့ ရှင်ဖျက်ပြီးဝင်တဲ့ တံခါးပေါက်ကပဲ ပြန်ထွက်သွားတော့... ကျွန်မ ဘာလှိုင်ဘွားမှ မသိဘူး ... တကယ်လို့ သိတောင်မှ ရှင်းလိုလူကို ဘာမှ မပြောဘူးမှတ်... "

"နင်များနေပြီ မိစမ်း ... ငါလာတာကိုက လှိုင်ဘွားရဲ့ စေတနာနဲ့ ကူညီချင်လို့လာခဲ့တာ... လှိုင်ဘွားဟာ တကယ့် အကျပ်အတည်းထဲ ရောက်နေတယ်... "

မိစမ်းက ပျက်ရယ်ပြုံးရယ်သံမျိုး ရယ်ပြလိုက်သေးသည်။

"ရှင် ... ရူးနေသလား ကိုစိုးမိုးနိုင်... ကိုလှိုင်ဘွားဟာ သေသွားပြီပဲဟာ... သေပြီးတဲ့လူများ ဘာများအကျပ်



အတည်းရှိမှာလဲ... "

"လှိုင်ဘွားဟာ မသေပါဘူးမိစမ်း ... သူဒီမှာ လာခိုအောင်းနေတာ ငါသိထားတယ်... "

"အို ... မဟုတ်က ... ဟုတ်ကတွေ... "

မိစမ်းသည် အိမ်တံခါးပေါက်ရှိရာသို့ နောက်ဆုတ်သွားသည်။ ထွက်ပြေးရန် ကြံစည်ခြင်းဖြစ်သည်။

စိုးမိုးနိုင်က ရှေ့သို့တစ်လှမ်းချင်း တိုးလိုက်သွားသည်။

"ငါဟာ ... လွန်ခဲ့တဲ့ငါးနှစ်လောက်က မြို့သာက ထွက်သွားပြီး... ရဲအဖွဲ့မှာ ရဲအရာရှိလုပ်ခဲ့တယ်... အောင်ဒေဝဆိုတယ်ကို ငါနဲ့ ကိုဒေဝစပ်တူရှယ်ယာ ထောင်ခဲ့တယ်ဆိုတာ နင်ကြားဖူးထားမှာပါ... "

"ဩ ... ဩ ... ရှင်က ကိုဒေဝရဲ့ပါတနာကြီးကိုး... အဲဒီကိုဒေဝကပဲ ကိုလှိုင်ဘွားကို သတ်ခဲ့တာ သွား သွား ... ကိုဒေဝကိုလည်း မုန်းတယ်... ကိုဒေဝရဲ့ မိတ်ဆွေ ပါတနာရှင်ကိုလည်း မုန်းတယ် ... ခု ချက်ချင်းဒီအိမ်က ထွက်သွား... "

"စိတ်ချ... ငါက နင့်ဆီ အပျော်လာတာလည်း မဟုတ်ဘူး... အလည်လာတာလည်း မဟုတ်ဘူး... နင့်အိပ်ခန်းထဲ ငါဝင်ရှာကြည့်ဦးမယ်... နင့်နောက်ဘက် မီးဖိုခန်းကိုလည်း ငါ ရှာကြည့်ဦးမယ်... "

စိုးမိုးနိုင်သည် ခန်းဆီးချထားသော မိစမ်း၏ အိပ်ခန်းထဲသို့ ဝင်ရန် ခြေလှမ်းစဉ်မှာပင် မိစမ်းသည် သူမ

www.burmeseclassic.com

www.burmeseclassic.com



၏ ထမိကိုဒူးဆစ်အထက် ရောက်အောင် မ,တင်လိုက်ပြီး ဒူးဆစ်အထက်တွင် ကပ်ချိထားသော ခါးမြောင်ကို ဆွဲယူလိုက်သည်။

သူမလက်ထဲသို့ ခါးမြောင် ကိုင်မိသည်နှင့် သူမသည် စိုးမိုးနိုင်၏ ရင်ဘတ်ဆီသို့ ထိုးစိုက်လိုက်သည်။

မလွယ်ကြော။

စိုးမိုးနိုင်တစ်ယောက်ချင်းသာဆိုပါက သူနှင့် ဗလတူ အမောင်းတူ မဆိုထားလင့် သူထက်ဗလကြီး အမောင်းကြီးသူကိုပင် သူ့အကွက်နှင့်သူ ယှဉ်ပြိုင်ပြီး အပြတ်လှဲနိုင်သူ ဖြစ်ပါ၏။

မိစမ်းခါးမြောင်အစိုက်မှာပင် မိစမ်း၏ ခါးမြောင်ကိုင်လက်, လက်ကောက်ဝတ်ကို အလွယ်တကူ မိအောင်ဖမ်းဆုပ်ပြီး နောက်ပြန်လိမ်ချိုး ထားလိုက်သည်။

"အား ... အား ... ရှင်လွှတ်... ကျွန်မလက်သိပ်နာနေပြီ ... လွှတ် ... လွှတ်..."

"နင့်လက်ထဲက ခါးမြောင်ကို အရင်လွှတ်ချလိုက် မိစမ်း ... နို့မို့ရင် နင့်လက်ကို ငါချိုးပစ်မယ်..."

ပြောရင်းပို၍ လိမ်အားပေးလိုက်ရာ မိစမ်းမှာ တအားအားငြီးတွားရင်း ခါးမြောင်ကို လွှတ်ချလိုက်တော့သည်။

ခါးမြောင်လွှတ်ချမှ စိုးမိုးနိုင်က မိစမ်းကို ရှေ့သို့ဆောင့်တွန်းလိုက်သည်။ မိစမ်း ဟပ်ထိုးဟပ်ထိုးနှင့် ရှေ့ဆိုက်သွားပြီး ချက်ချင်းပင် လှစ်ခနဲ တံခါးပေါက်မှ အပြင်



သို့ ထွက်ပြေးသွားတော့သည်။

စိုးမိုးနိုင်သည် မိစမ်းအပေါက်ဝမှ ထွက်ပြေးသည်နှင့် အိမ်ခန်းထဲဆီမှ တရှပ်ရှပ် အသံကြားရသဖြင့် မိစမ်း ထွက်ပြေးရာသို့ အာရုံမစိုက်တော့ဘဲ။ ခြေသံကြားရာ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

ယောကျ်ားတစ်ယောက် အိပ်ခန်းပြတင်းပေါက်မှ ခုန်ချထွက်ပြေး သွားသည်ကို တွေ့ရသည်။ လှိုင်ဘွားကလွဲပြီး အခြားဘယ်သူမှ မဖြစ်နိုင်။

လှိုင်ဘွားသည် အိပ်ခန်းပြတင်းပေါက်မှ ခုန်ချလိုက်သည်နှင့် လတာပြင်ပေါ်ရောက်သွားကာ လတာပြင်ထဲမှာပင် ရှေ့သို့ ဆက်ပြေးပြန်သည်။

"ဟေ့ ... ရပ် ... ဒိုင်း..."

စိုးမိုးနိုင်သည် သေနတ်ထုတ်ခါ အပေါ်မြှောက်ပြီး သေနတ်သံပေးရင်း ရပ်ခိုင်းသည်။

"ရပ်နေနော် ... ဆက်ပြေးရင် ထိအောင်ပစ်တော့မယ်..."

ထွက်ပြေးသူသည် ချက်ချင်း နေရာမှာပင် ဘုန်းခနဲ ရပ်လိုက်သည်။

စိုးမိုးနိုင် အိပ်ခန်းပြတင်းပေါက်မှ လတာပြင်သို့ဆက်ပြီး ခုန်ချရင်း သေနတ်နှင့် မပြတ်ချိန်ကာ ထိုလူဆီသို့ သွားတော့သည်။

"ကျွန်တော့်ကို မပစ်ပါနဲ့ ... ကျွန်တော့်ကို မသတ်ပါနဲ့..."

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်မိသည်နှင့် ထိုလူက ဖွတ်တောင်းပန်နေသည်ကို မြင်ရကြားရသည်။

"မင်း ... လှိုင်ဘွား ... မဟုတ်လား... "

"ဟုတ်ပါတယ် ... ကျွန်တော်လှိုင်ဘွားပါ ... ဩ... ဩ ... ခင်ဗျားက ကိုစိုးမိုးနိုင်ဆိုတဲ့ လူကိုး... "

"မင်း ... ဘာဖြစ်တာလဲ လှိုင်ဘွား ငါရောက်လာတာနဲ့ မင်းထွက်ပြေးတယ်... မင်းကို မသတ်ပါနဲ့လို့လည်း တောင်းပန်းတယ်... ငါမှန်း မင်းမသိလို့ ပစ်သတ်မှာကို အတင်းတောင်းပန်တာ မဟုတ် လား..."

"မှန်တယ် ကိုစိုးမိုးနိုင် ခင်ဗျားမှန်းသိရင်ကျွန်တော် ဘယ်ထွက်ပြေးပါ့မလဲ... ခင်ဗျားက ကျွန်တော့်ကို အရှင်လိုချင်နေမှန်း ကျွန်တော်သိနေတာပဲ... ကျွန်တော့်ကို အရှင်ဖမ်းသွားပြီး ဟောဒီမှာ လှိုင်ဘွားပါလို့ ဦးငွေရလက်ထဲအပ်မယ်မှန်း ကျွန်တော်ရိပ်မိထားတယ်လေ... ဒါမှ ကိုဒေဝလူသတ်မှုနဲ့ ချုပ်ထားရာက ဦးငွေရက လွတ်ပေးမှာကိုး... "

"ဒါဆို ... မင်းက ငါ့ကို ဘယ်သူမှတ်လို့ ထွက်ပြေးတာလဲ မင်းကိုမသတ်ပါနဲ့လို့ ဘာလို့တောင်းပန်တာလဲ... "

လှိုင်ဘွားက ဖြည်းဖြည်းလေးလေး ပင်ပြောကြားသည်။

"ဦးဘာဘာလွှတ်လိုက်တဲ့ သူ့တပည့်လက်မရွံ့သားတစ်ယောက်လို့ ယူဆပြီးထွက်ပြေးတာ တောင်းပန်



ပါတယ် ကိုစိုးမိုးနိုင်... "

"မင်းကို သူတို့ကပဲ မိစမ်းဆီမှာ ဝှက်ပို့ထားတာ မဟုတ်လား... ငွေကြေးလည်း မင်းကိုပေးထားတယ် မဟုတ်လား... "

"ပထမ အစီအစဉ်ကတော့ အဲဒီအတိုင်းပါပဲဗျာ ... ကျွန်တော့်ကို ဒီမှာခဏဝှက်ထားပြီး နောက်မှ ဝေးလံတဲ့ ရှမ်းပြည်ဘက်တို့ ဘာတို့ ပို့ပေးမယ် ... ကျွန်တော်က အဲဒီမှာ လူသစ်နာမည်သစ်နဲ့ သွားနေရမယ် ... ဒါပေမယ့် ဒီကြားထဲ မမျှော်လင့်ဘဲ ကိုစိုးမိုးနိုင် ဖြုန်းခနဲ ရောက်လာတယ်... ပြီး ... ကိုစိုးမိုးနိုင်က ဦးဘာဘာ သိမ်းသွင်းတာလက်မခံတဲ့ ဆန့်ကျင်ဘက်... နောက်ပြီး ခုချိန်ထိ လှိုင်ဘွား အလောင်းမတွေ့သေးဘဲနဲ့ ကိုဒေဝ ရဲ့ လူသတ်မှုဟာ လူသတ်မှု မမြောက်ဘူးဆိုတဲ့ စကားတွေထွက်လာတော့ သူတို့သိပ်ပျာယာခတ် သွားတယ်... ဒီကြားထဲ ကျွန်တော်ကလည်း သူတို့အပေါ် တစ်ချက် တွန့်လိုက်မိတယ်... "

"မင်းက ... ဘာတစ်ချက် တွန့်လိုက်လို့လဲ... "

စိုးမိုးနိုင်သည် ယခုအထိ လှိုင်ဘွားကို သေနတ်နှင့်ချိန်ထားဆဲဖြစ်ပြီး မျက်စေ့အစုံကလည်း လှိုင်ဘွားထံ အလစ်မပေးသလို မိစမ်း၏ အိမ်လေးဆီသို့လည်း ဖြတ်လှမ်းကြည့်လေသည်။ မိစမ်း၏ အရိပ်အရောင်ကို ပင်မမြင်ရသေးပေ။ မိစမ်းသည် ဘယ်အထိထွက်ပြေးလေ

www.burmeseclassic.com

www.burmeseclassic.com



သနည်း။ ကမ်းသာကိုမျှားပြေးသလား။

"ကျွန်တော်ကွန့်မိတာက ဦးဘာဘာဆီက နောက်ထပ်ငွေတစ်သောင်းတောင်းမိတာပဲ... သူတို့က ကျွန်တော့်ကို လုပ်ငန်းအတွက် ငါးထောင်နဲ့ငှားခဲ့ပေမယ့် ရှမ်းပြည်နယ်လို တခြားပြည်နယ်မှာ နာမည်သစ် လူသစ်အနေနဲ့ သွားနေဖို့အတွက် မလုံလောက်လို့ နောက်ထပ် တစ်သောင်းတောင်းတာပါ... "

"သူတို့က ဘာတဲ့လဲ... "

"အင်တင်တင်ပဲ ဒါကြောင့် ကျွန်တော်က ငွေတစ်သောင်းထပ်မပေးရင် အဲဒီပြည်နယ်မှာ သွားမနေဘူးလို့ ငြင်းလိုက်မိတယ်... ကျွန်တော်ရဲ့ ပြောကွက်ကို ဦးဘာဘာက သိပ်မနှစ်သက်လှဘူးပေါ့ဗျာ... ဒါပေမယ့် ကျွန်တော်က အချိန်ရှိသလောက် အရက်သောက်ပြီး မူးဟန်ဆောင်နေတော့ ... ကျွန်တော့်ကို ဒီကောင်အလကားကောင်ပါ ... အရက်တိုက်ထားရင်ပြီးတာပဲ... ပါမွှားဆိုပြီး သိပ်အာရုံမထားကြဘူး— နောက်ပြီး ကိုဒေဝကို တရားရုံးက လူသတ်မှုအပြစ်ဒဏ်စီရင်ချက်ချပြီးတာနဲ့ ... ကျွန်တော့်ဖါသာ ဘယ်မှာနေနေ အရေးမဟုတ်တော့ဘူးလို့လဲ — သူတို့က ယူဆပုံရတယ်... ဒါပေမယ့် ..."

"ဒါပေမယ့် ... ဘာဖြစ်လဲ လှိုင်ဘွား... "

"မနေ့က ခင်ဗျားမြို့သာကိုရောက်လာပြီး ခင်ဗျားရဲ့ တင်းမာမှုတွေကြောင့် သူတို့က ကျွန်တော်ကို ပြန်



စဉ်းစားလာတယ်... ခင်ဗျား ခေါင်းမာပုံ ဦးနှောက်ကောင်းပုံ သတ္တိရှိပုံ အစွမ်းရှိပုံတွေကို သူတို့လန့်လာတယ်... ကျွန်တော်လှိုင်ဘွားကိုသာ ခင်ဗျားက အရှင်လတ်လတ်ပြန်တွေ့သွားရင် ကိုဒေဝ အမှုဟာ အလကားဖြစ်သွားတော့မှာ သူတို့စိုးရိမ် တယ်... ဒီတော့ ကျွန်တော်ဟာ တကယ်သေရမယ့် လူဖြစ်သွားပြီပေါ့ ကိုစိုးမိုးနိုင်... ဒီတော့ ... ကျွန်တော် ဒီနေရာက ထွက်ပြေးချင်တယ်... ဒါပေမယ့် ... ထွက်ပြေးဖို့ ကျွန်တော့်မှာ ငွေမရှိဘူး စရိတ်မရှိဘူး"

"သူတို့က မင်းကို ငွေငါးထောင်ပေးခဲ့တယ်ဆို... "

"ကုန်ပြီပေါ့ဗျာ ... ငွေငါးထောင်ဟာ တကယ်သုံးတော့ ဘာသုံးရတာမှတ်လို့... မိစမ်းကိုတောင် ရွှေတစ်ဆင်စာ မဝယ်ပေးနိုင်ဘူး... "

လှိုင်ဘွား၏ စကားကို စိုးမိုးနိုင်ယုံကြည်မိသည်။ လှိုင်ဘွားသည် ကြေးကြီးမိစမ်းကို ဤမျှလောက်တွဲပြီး အောင်ဒေဝဟိုတယ်တွင် စားစားသောက်သောက်နေသည်နှင့် ဤငွေငါးထောင် ဘယ်လောက်ကြာကြာသုံးရပေသည်နည်း။

စိုးမိုးနိုင်သည် မိစမ်းအိမ်လေးဆီသို့ လှမ်းကြည့်ပြန်သည်။ မိစမ်း၏ အရိပ်အယောင်ကို လုံးဝမမြင်ရ။ မိစမ်းသည် မိမိကိုကြောက်ရွံ့ပြီး ပြေးခြင်းလား။ သို့မဟုတ် တခြားအကြံအစည် တစ်ခုခုသွားလုပ်ခြင်းပေလော။

"မိစမ်း ဘယ်ထွက်ပြေးမယ်လို့ မင်းထင်သလဲ



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွား... "

"ခင်ဗျားကို ကြောက်လို့ တစ်ချိုးတည်း လစ်ပြေးတာ နေမှာပေါ့"

"ဒီပြင်တစ်နည်းကော မစဉ်းစားနိုင်ဘူးလားကွာ... ကမ်းသာက ဒီကနေဆို နီးနီးလေး... ကမ်းသာသွားပြီး တယ်လီဖုန်းနဲ့ ငါဒီကိုရောက်နေပြီ... ကိုလှိုင်ဘွားနဲ့တွေ့တော့မယ်လို့ ဦးဘဘတို့ဆီလှမ်းအကြောင်းကြားတာကော မဖြစ်နိုင်ဘူးလား... "

"မဖြစ်နိုင်ဘူး... မိစမ်းဟာ ကျွန်တော့်အမျိုးသမီးပါ... သူ့ခမျာ ဝမ်းရေးအတွက် ဒီအလုပ် လုပ်ပေမယ့်... ကျွန်တော့်ကို သူချစ်ပါတယ်... "

"မိစမ်းလို မိန်းမတစ်ယောက်က မင်းကို ပိုက်ဆံထက် ပိုမချစ်နိုင်ပါဘူးလှိုင်ဘွား... မိစမ်းဟာ ဦးဘဘရဲ့ လက်သပ်မွေး ကြေးစားတစ်ယောက်ကော မဖြစ်နိုင်ဘူးလား... "

"မဖြစ်နိုင်ပါဘူးဗျာ... ဦးဘဘတို့ကို သူကြောက်လို့ ဇလိုက်ဇယော နေရတာပါ... သူတကယ်ချစ်တာက ကျွန်တော်ကိုပါ... "

စိုးမိုးနိုင် စဉ်းစားရပြီ။

လတာနန်းသဲတွင် လှိုင်ဘွားနှင့် ရပ်စကားပြောသည်မှာလည်း ကြာသွားပြီ။ လှိုင်ဘွားထံမှ သူသိချင်သမျှလည်း သိရပြီးပြီ။ ယခုနေ လှိုင်ဘွားကို အရှင်ခေါ်သွားပြီး ဦးငွေရလက်သို့ အပ်လိုက်ပါက ကိုဒေဝအနေနှင့်





ထွက်ပြေး စရာလည်း မလိုတော့ပြီ။ လှိုင်ဘွားမသေဘဲ တွေ့ရှိသည်နှင့် ကိုဒေဝကို လူသတ်မှု စွဲစရာလုံးဝမလိုဘဲ လွတ်ရမည်သာ။

"ကဲ ... လှိုင်ဘွား ... မင်းငါနဲ့ လိုက်ခဲ့... "

"ဘယ်ကို လိုက်ရမှာလဲ... "

"မြိုင်သာရဲ့စခန်းက စခန်းမှူးဦးငွေရလက်ကို မင်းကို ငါအပ်ပေးမယ်... "

လှိုင်ဘွားသွက်သွက်ခါ ခေါင်းရမ်းပြီး ငြင်းနေပါ၏။

"ဟာ ... ဘယ်ဖြစ်မလဲ... ကိုယ့်မသာ ကိုယ်ထမ်းဖို့ သလိုဖြစ်သွားမှာပေါ့... ကျွန်တော်မြိုင်သာထဲ ဝင်တာနဲ့ ဦးဘဘတို့အဖွဲ့က ကျွန်တော့်ကို သတ်ပစ်မှာပေါ့... "

"အေး ... မြိုင်သာမှာဖြစ်ဖြစ် ဒီမှာပဲဖြစ်ဖြစ် အခု လက်ရှိအခြေအနေအရ ဦးဘဘအဖွဲ့က မင်းကို သတ်မှာပဲ... မင်းအသက်ရှင်နေသရွေ့ ... ကိုဒေဝကို သူတို့ဘာမှမလုပ်နိုင်ဘူး... ဒီတော့ မင်းကိုသတ်ပစ်ရမှာပဲ...မင်းအတွက် အခုအခါမှာ အလုံခြုံဆုံးက တရားဥပဒေ အတွင်းမှာ မင်းနေဖို့ပဲ...မင်းကိုမြိုင်သာရဲ့စခန်း အချုပ်ထဲမှာ ထည့်ထားရင် ဦးဘဘတို့ မင်းကို သတ်ဖို့ဘယ်လိုမှ မလွယ်တော့ဘူး ... ငါလည်း မော်လမြိုင်ကိုသွားမယ်... ရဲအဖွဲ့ကြီးကြပ်ရေးမှူးနဲ့ရော ... တရားရုံးက သက်ဆိုင်ရာလူကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ရော ကိုယ်တိုင်တွေ့ပြီး ... တကယ့်မြင်သာ
အဖြစ်မှန်တွေ ပြောပြမှာ ... မင်းဘာမှမစိုးရိမ်
လောလောဆယ် ဦးငွေရရဲ့အချုပ်ခန်းဟာ မင်း
အသက်အန္တရာယ်အတွက် အလုံခြုံဆုံးပဲ ငါပြောတာ
သဘောပေါက်ရဲ့လား လှိုင်ဘွား..."

လှိုင်ဘွား သဘောပေါက်သလား မပေါက်
သလားတော့မသိ။ လှိုင်ဘွားဘာမှ ပြန်၍အဖြေမပေးရသေး
မီမှာပင်။ "ဖန်း"ခနဲခနိုတောဘက်ဆီမှ လှမ်းပစ်သော သေ
နတ်သံတစ်ချက် ထွက်ပေါ်လာသည်။ လုံးဝမမျှော်လင့်ထား
သော သေနတ်ပစ်ချက်ဖြစ်သည်။

"အား"ခနဲ လှိုင်ဘွားအော်ကာ သူ၏ပုခုံး
လက်ဝါးဖြင့် အုပ်လိုက်သည်။

အလေ့အကျင့်ရှိပြီးသား စိုးမိုးနိုင်သည် လတာ
ပြင်တွင် ချက်ချင်းမှောက်ချလိုက်သည်။

"ဖန်း"

နောက်တစ်ချက် သေနတ်သံထွက်လာပြန်
သည်။

လှိုင်ဘွား ဗုံးဗုံးလဲကျပါတော့၏

စိုးမိုးနိုင်သည် သူ့လက်ထဲမှ သေနတ်ဖြင့်
သေနတ် လှမ်းပစ်ချက်တွင် ပေါ်ထွက်လာသည့် လီ
ရောင်မီးပွင့်ထွက်ရာ ခနိုတောဘက်သို့ ဆက်တိုက်ပြန်
ပစ်တော့သည်။

တစ်ဘက်ခနိုတောဘက်မှ ထပ်မံပစ်ခတ်ခြင်း



ရှိတော့ပေ။

လှိုင်ဘွား လဲကျသည်ကို စိုးမိုးနိုင်မှောက်
ရာက်မှ လှမ်းကြည့်သည်။

လှိုင်ဘွားစန့်စန့်ကြီးပက်လက်လဲကျနေပါ၏။
သို့စေကာမူ စိုးမိုးနိုင်မတ်တပ်မရပ်ရဲ။ လှိုင်ဘွားကို သွား
ကြည့်ရဲသေး။ မတ်တပ်ရပ်သည်နှင့် ခနိုတောထဲက ပစ်
သော ကျည်ဆံထိမှာ စိုးရသည်။

ထိုစဉ်မှာပင်...

နဒီချောင်း၏ ချောင်းရိုးအတိုင်း ပဲ့ချိတ်စက်
ာက်တော်တစ်စီး မောင်းသွားသည်ကို လှမ်းမြင်သဖြင့်
ကြည့်လိုက်ရာ လေးမောင်နှင့် မိစမ်း အမိုးမပါသည့် ပဲ့ချိတ်
ထောင်ပေါ်တွင် စိုးမိုးနိုင်လှမ်းမြင်ရသည်။

လက်ထဲမှ သေနတ်နှင့် ပဲ့ချိတ်ကိုလှမ်းပြီး
ဆက်တိုက်ပစ်သည်။ ထိဖို့မလွယ်မှန်းသိပါ၏။ ပဲ့ချိတ်မော်
တော်ကို ပိုမိုပြင်းသော အရှိန်ဖြင့်စက်ကိုမြှင့်ကာ ဆက်
မောင်းသွားတော့သည်။ မျက်စေ့အောက်မှပျောက်သွားတော့
မှ စိုးမိုးနိုင်ထကာ လှိုင်ဘွားဆီသို့သွားသည်။

သွားပြီ။ လှိုင်ဘွားကြွသွားပြီ။

ပုခုံးတွင်တစ်ချက် ဝမ်းဗိုက်တွင်တစ်ချက်
ထိ၍ သေဆုံးသွားခြင်း ဖြစ်ပါ၏။

လှိုင်ဘွားအသတ်ခံ သေဆုံးသွားရခြင်းမှာ
စိုးမိုးနိုင်အတွက် မကောင်းသော နိမိတ်ဆိုး ဖြစ်ပါ၏။
... မိစမ်းအိမ်တံခါးကို ဖွင့်ဖျက်ဝင်ကာ လှိုင်ဘွားကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့ ကြိုးစားကြောင်း၊ မိစမ်းက အနိုင်သမား မျက်ဖြ
သက်သေ ကိုယ်တွေ့သက်သေအဖြစ် ထွက်ဆိုတော့မည်
မလွဲ။

လှိုင်ဘွား ထင်ကရ ယခုမှအသတ်ခံရသ
အတွက် ကိုဒေဝအတွက်တော့ လူသတ်မှုမှ လုံးဝလွတ်သွ
ပြီ။

သို့သော် ယခုလှိုင်ဘွားအသတ်ခံရမှုအတွ
မိမိအပေါ်ပုံကျနေပေပြီ။ တကယ်တော့ လှိုင်ဘွားအား မိ
အိမ်တွင် ဝှက်ထားသည်မှာ ဦးဘာဘာတို့အနေနှင့် မိမိ
အကွက်ဆင် ထောင်ချောက်ဆင် လိုက်ခြင်းပေလားဟု
ချင်စရာဖြစ်လာသည်။

ဦးထိန်ဝါနှင့် ကိုဒေဝမှတစ်ဆင့် မိစမ်း
လှိုင်ဘွားတွဲသည်ကို မိမိကြားသိရသည်နှင့် လှိုင်ဘွား
သို့ မုချမသွေ မိမိသွားချေမည်ကို သူတို့တွက်ပြီးသားဖြ
သည်။

အောင်ဒေဝဟိုတယ်အား အပြီးအပိုင်လိုချ
သော ဦးဘာဘာတို့၏ ဆင်ဒီကိတ်သည် စိုးမိုးနိုင်က
ဝက်ရှယ်ယာကို မရောင်းတော့မှန်း သိသည်နှင့် စိုးမိုး
သာမရှိတော့လျှင် အောင်ဒေဝဟိုတယ်ကို သူတို့အပိုင်စီး
မည်ဟု တွက်ဆလာပုံရသည်။

ယင်းသို့ဆိုလျှင် စိုးမိုးနိုင်အပျောက်ရှ
မည်။ လိမ္မာပါးနပ်သော ဆင်ဒီကိတ်သည် စိုးမိုးနိုင်ကို
ရာ၌ ပြောင်ပြောင်ကြီးရှင်း၍ မဖြစ်မှန်း နားလည်သ



ပေါက်သည်။

ထို့ကြောင့် လှိုင်ဘွားကို အယောင်ပြပြီး၊ မိမိ လှိုင်ဘွားကို သတ်မှုအနေနှင့် အကွက်ဆင် ဖန်တီးခြင်းဖြစ်သည်။

မိမိအနေနှင့်လည်း သူတို့ဆင်သော အကွက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ဝင်သွားပါ၏။ မိမိလူသတ်မှုဖြင့် နှစ်ရှည်ထောင်ကျသည်ဖြစ်စေ၊ ကျွန်းဒဏ်ကြီးဒဏ်ကျသည်ဖြစ်စေ ဆင်ဒီကိတ်အနေနှင့် အောင်ဒေဝဟိုတယ်အား အပိုင်စီးခွင့် အများကြီး ရသွားလေမည်သာ။

တစ်ခုတော့ ဆက်စပ်ပြီး တွေးကြည့်စရာရှိနေပါသေး၏။

လှိုင်ဘွားကို မိမိသတ်သည်ဟု စွဲချက်တင်သည်နှင့် ကိုဒေဝသည် အလိုလိုလွတ်သွားပြီမှန်း ဦးဘာဘာ မသိနားမလည်ဘဲ နေမည်တဲ့လား။ ကိုဒေဝလွတ်လပ်စွာရှိနေလေ မသန္တာသည် ကိုဒေဝကိုသာ ချစ်ခင်စွဲလမ်းလေဖြစ်မည်ကိုလည်း ဦးဘာဘာ သဘောပေါက်မည်သာ။ ဦးဘာဘာအနေနှင့် သူ့ဇနီး သူ့ဆီပြန်လာရေးအတွက် ကိုဒေဝအား သေစေချင်သည်မှာ အမှန်။

ဒါဆိုလျှင် လှိုင်ဘွားသတ်မှုတွင် ကိုဒေဝသာလျှင် တရားခံဖြစ်စေချင်သည်မှာ အမှန်။

သို့ပါလျှက်ယခု လှိုင်ဘွားသတ်မှု၌ ကိုဒေဝကိုလွတ်စေပြီး မိမိကိုအဘယ်ကြောင့် ဦးဘာဘာက လူသတ်တရားခံဖြစ်အောင် အကွက်ဆင် ထောင်ချောက်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ပေးသနည်း။

ဒါဆိုလျှင် မိမိကို လူသတ်တရားခံဖြစ်အောင် ဖန်တီးခြင်းမှာ ဦးဘာဘာ၏ ပယောဂမဟုတ်နိုင်ဘဲ။ ဆင်ဒီကိတ်၏ ညာဏ်နီညာဏ်နက်တွေသာဖြစ်ရမည်။ မသန္တာ၏ စကားအရ ဦးဘာဘာသည် ဆင်ဒီကိတ်က ခန့်ထားသည့် နံပတ်တစ်ခေါင်းဆောင်ဖြစ်ပြီး၊ လေးမောင်က နံပါတ်နှစ် ခေါင်းဆောင်ဖြစ်သည်ဟု ဆိုသည်။ ဒါဆိုလျှင် အောင်ဒေဝ နှင့် ပတ်သက်ပြီး လုပ်ဆောင်သမျှသည် ဦးဘာဘာအား ဆင်ဒီကိတ်က ညွှန်ကြားချက်တွေပေးပြီး လုပ်ဆောင်ခြင်း သာဖြစ်ရမည်။

ဆင်ဒီကိတ်အဖွဲ့ခေါင်းဆောင်ရှိရဦးမည်။

ထိုဆင်ဒီကိတ် ခေါင်းဆောင်ကြီးကပင် ဘာ လုပ်လိုက်ညာလုပ်လိုက်နှင့် ဦးဘာဘာအား ညွှန်ကြား သဖြင့် နံပတ်တစ်ခေါင်းဆောင် ဦးဘာဘာက လုပ်ဆောင် ရခြင်းဖြစ်ပေမည်။

ယင်းဆင်ဒီကိတ်ခေါင်းဆောင်သည် မည်သူ ပေနည်း။ ယင်းဆင်ဒီကိတ် ခေါင်းဆောင်ကြီးဆိုသူကို သူဝှက်ထားကာ အောင်ဒေဝဟိုတယ်ကိစ္စ မှန်သဖြင့် ဝေဟင် အထက်မှ လင်းယုန်ငှက်ကဲ့သို့ လယ်ကွင်းထဲမှ ကြွက်က အစာမြင်နိုင်စွမ်း ရှိသူဖြစ်ပေမည်။

ထားတော့။ စိုးမိုးနိုင်အဖို့ ဤမျှဆက်စပ်ကြည့် ပြီး ဆင်ဒီကိတ်ခေါင်းဆောင်ကြီး မည်သူမည်ဝါ မှန်းသိ အောင် ဆက်၍ကြိုးစားရပေဦးမည်။



ယခု လတ်တလောကိစ္စမှာ လှိုင်ဘွား၏ အလောင်းကြီးကို ဘယ်လိုဝှက်ခဲ့ရမည်နည်း ဆိုသည်ကို စိုးမိုးနိုင်အရေးပေါ် ဆောင်ရွက်ဖို့က ပို၍ အရေးကြီးနေ သည်။

လှိုင်ဘွား၏ အလောင်းကြီးကို ချီမပြီး ပုခုံး ထက်တွင် ထမ်းလိုက်ပြီး မိစမ်း၏ အိမ်ဘက်သို့ ပြန်လာခဲ့ သည်။

လတာနန်းကိုရှန်းပြီး ပခုံးထက်သယ်ရသည် မှာ မလွယ်လှ။ စိုးမိုးနိုင်သည် ခွန်အားကောင်းသူမို့သာ လုပ် ဆောင်နိုင်ခြင်းဖြစ်ပါ၏။ လှိုင်ဘွားအလောင်းမှ သွေးတွေ သည် စိုးမိုးနိုင်၏ အကျီသို့ စီးဆင်းစွန်းထင်သွားတော့ သည်။

မိစမ်း၏ အိမ်ခြံဒေါင့်တစ်နေရာတွင် ရေတွင်း ပျက်ကြီးတစ်ခုတွေ့ရသည်။ ရေတွင်းထဲတွင် ရေလည်းရှိ သည်။ ရေတွင်းက တော်တော်လည်း နက်ပေသည်။တခြား ဘာမှ စဉ်းစားမနေနိုင်တော့ဘဲ လှိုင်ဘွား၏ အလောင်းကို ရေတွင်းပျက်ကြီးသို့ ပစ်ချလိုက်တော့သည်။

ထို့နောက် သူ၏ မောရစ်(စ်)ကားရပ်ထား ရာသို့ ပြန်လာကာ ကားလေးကိုမောင်းပြီး မြို့သာသို့ ပြန်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၁

မြင်သာ ဂေါ်သဖင်လမ်းရှိ မိမိတိုက်အိမ်လေး ဆီသို့ပဲ တန်းမောင်းလာခဲ့သည်။

နဒီချောင်း မိစမ်းထဲမသွားမီ ယုယုအား မိမိ အိမ် ကားဂိုဒေါင်လေးထဲတွင် ပုန်းအောင်းနေရန်လည်း မှာ ကြားထားသည်မို့ အိမ်သို့တန်းတန်းမတ်မတ် မောင်းလာ ခြင်း ဖြစ်ပေသည်။

မိမိကား ခြံထဲဝင်လာသော်လည်း ယုယု ထွက်မလာသဖြင့် စိတ်ပူစိုးရိမ်စွာဖြင့် ဂိုဒေါင်သို့ပြေးကာ ခေါ်မိသည်။

"ယု... ဟေး... ယု..."

"ကိုကိုနိုင်လား ဟင်..."

ယုယုသည် ကားဂိုဒေါင်ထဲမှ ထွက်လာပါ လေတော့သည်။

ယုယုကိုတွေ့သည်နှင့် ပွေ့ပိုက်ထားမိသည်။



ကားဂိုဒေါင်ဘက်တွင် မီးမထွန်းထားသဖြင့် အတန်ငယ် မှောင်နေပါ၏။

"ဒုက္ခပါပဲ ကိုကိုနိုင်ရယ် ... ပြဿနာတွေတော့ ကြီးသည်ထက် ပိုကြီးကုန်ပြီ ကိုကြီးဒေဝနဲ့ မသန္တာ တို့ပေါ့..."

စိုးမိုးနိုင်က မှောင်ထဲမှာပင် ယုယု၏ ပါးစပ် လေးကို သူ၏လက်ဝါးဖြင့် အုပ်လိုက်ပြီး လေသံဖြင့် တိုး တိုးလေး ပြောလိုက်သည်။

"တိုးတိုးပြောယု... ပြဿနာတွေတော့ အများကြီးပဲ ကိုကိုနိုင်လည်း ပြဿနာဖြစ်လာတယ်... ဒါပေမယ့် ကိုဒေဝနဲ့ မသန္တာရဲ့ ပြဿနာကို ယု အရင်ပြော ကိုဒေဝ လွတ်သွားရဲ့လားဟင်..."

"အစ်ကိုကြီး ဒေဝရော မသန္တာရော ဦးထိန်ဝါ မောင်း ပေးတဲ့ စက်မော်တော်ကြီး မောင်းပြေးတာ လွတ်သွား ပါတယ် ကိုကိုနိုင် ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲယု..."

"မသန္တာလုပ်သွားပုံက ဦးဘာဘာမကဘူး... သူတို့ တစ်ဖွဲ့လုံး မခံမရပ်နိုင်တာမျိုးကို လုပ်သွားတယ် ကိုကိုနိုင်..."

"မသန္တာက ဘာလုပ်သွားလို့လဲ..."

"ဦးဘာဘာအခန်းမီးခံသေတ္တာထဲက စိန်တွေသည့် ထားတဲ့ ယွန်းအစ်တစ်ခုလုံး မသန္တာယူသွားတယ် ကိုကိုနိုင်... တန်ဖိုးသိန်းအများကြီးတန်တယ်တဲ့...

www.burmeseclassic.com



ဒီစိန်တွေဟာ ဦးဘာဘာ တစ်ဦးတည်းပိုင် စိန်တွေလည်း မဟုတ်ဘူးတဲ့ … ဆင်ဒီကိတ်က စိန်တွေ ဦးဘာဘာကို ယာယီ သိမ်းဆည်းခိုင်းထားတာဆိုပဲ…”

သတင်းစကားအတွက် စိုးမိုးနိုင် စိတ်ပျက်လက်ပျက် ဖြစ်ရပါ၏။ မသန္တာအနေနှင့် ဆင်ဒီကိတ် တစ်ဖွဲ့လုံးအား စိန်ခေါ်သလို ဖြစ်သွားပေပြီ။ ထုခွဲရောင်းချရန်လည်း လွယ်ကူသော ပစ္စည်းတွေ မဟုတ်ပါလေ။

အပြင်တွင် မိုးသည် သည်းထန်စွာ ရွာနေပေပြီ။

“ကိုကိုနိုင် ပေးခဲ့တဲ့ ငွေငါးထောင်ကော မသန္တာကို ပေးလိုက်ဖြစ်လား ယု…”

“ပေးလိုက်ပါတယ်… ယုယုကိုယ်တိုင် မသန္တာလက်ထဲထည့်ပေးလိုက်ပါတယ်…”

“ဒါနဲ့များတောင် မသန္တာက စိန်တွေဘာလို့ ယူသွားတာတဲ့လဲ… အင်း… မြွေပွေးကို ခေါင်းပုတ်သလိုတော့ ဖြစ်ကုန်ပြီ… သူတို့စက်မော်တော်ကြီးကော ထွက်သွားပြီလား…”

“ထွက်သွားပြီ… တော်တော်တောင် ကြာသွားပြီ… တစ်နာရီမကတော့ဘူး… ကိုကိုဒေဝ ထွက်ပြေးလွတ်မြောက်သွားတာ လွယ်လွယ်ကူကူပါပဲ… ဦးငွေရက သေနတ်နဲ့တော့ လူကြားကောင်းအောင် ပစ်တယ်… ဒါပေမယ့် အစ်ကိုကြီးဒေဝကို လုံးဝ မထိပါဘူး…”



“လေးမောင်တို့က ပြောင်းချုပ်မယ့်… အချုပ်ထောင်က စောင့်နေတယ်လား… ကိုဒေဝထွက်ပြေးတော့ လေးမောင်က ဘာတွေဝင်လုပ်သလဲ…”

“အစ်ကိုကြီးဒေဝ ထွက်ပြေးတဲ့အချိန်မှာ ကိုလေးမောင် မရှိဘူး ကိုကိုနိုင်… သူရှိရင် အစ်ကိုကြီးဒေဝ ထွက်ပြေးဖို့ အခုလောက် လွယ်ချင်မှ လွယ်မှာ… ယုယုကြားတာတော့ ကိုလေးမောင်ဟာ အဲဒီအချိန်မှာ တခြားထွက်သွားတယ်တဲ့… ကိုဂျော်နီဆိုတဲ့လူကို ထားခဲ့တယ်… ကိုဂျော်နီက အလကားလူပဲဟာ ဟိတ်ဟန်များပြီး အစွမ်းရှိတဲ့လူမှ မဟုတ်တာ…”

စိုးမိုးနိုင် ဆက်စပ်တွေးမိပါ၏။

ဆင်ဒီကိတ်သည် ကိုဒေဝအပေါ် အာရုံသိပ်မထားတော့ဘဲ မိမိအပေါ်တွင် ပိုမိုအာရုံစိုက်ထားသည်မှာ သေချာပြီ။ ထို့ကြောင့် မိစမ်းထံမှ သတင်းရသည်နှင့် ကိုဒေဝကိစ္စကို ဂျော်နီနှင့် လွှဲခဲ့ကာ လေးမောင် ကမ်းသာနဒီချောင်းသို့ ချက်ချင်းလိုက်လာခဲ့ခြင်း ဖြစ်မည်။

စိုးမိုးနိုင်သည် မိမိဘာဆက်လုပ်ရမည်ကို တစ်ချက်တည်းသာ တွေးမိတော့သည်။

မော်လမြိုင်သို့ မိမိ အမြန်ဆုံး လိုက်သွားပြီး အဖြစ်အပျက်အမှန်အကန် အားလုံးကို ရဲအဖွဲ့ကြီးကြပ်ရေးမှူးထံ-တင်ပြ ပြောပြဖို့သာရှိတော့သည်။ ထိုသို့ ရှင်းပြလျှင်ကပင် လှိုင်ဘွားအသတ်ခံရမှု၌ မိမိတွင် အပြစ်ရှိသည်ဟု သဆံပါကလည်း တရားဥပဒေ၏ အဆုံးအဖြတ်ကိုသာ မိမိ

www.burmeseclassic.com



နာခံတော့မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

ညတွင်းချင်း မောရစ်(စ်)ကားလေးနှင့်ပင် ယုကိုခေါ်ပြီး ချောင်းနှစ်ခွသို့သွားမည်။ ချောင်းနှစ်ခွ ရောက်ပါက ယုက ဒီကားကို မောင်းပြီး မြို့သာသို့ ပြန်စေမည်။ မိမိက ချောင်းနှစ်ခွမှ မော်တော်ငှားကာ မော်လမြိုင်သို့ ဆက်သွားမည်။

"ကဲ... ယု... ကိုကိုနိုင်တို့ အိမ်ပေါ်တက်ကြဦးစို့... ကိုကိုနိုင်တစ်ကိုယ်လုံး ပေကျံနေတယ်... ရေချိုး သန့်စင်ပြီး အဝတ်လဲဦးမှ..."

နှစ်ဦးသား လက်တွဲပြီး အိမ်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။

"ဟင်... ကိုကိုနိုင်... ဖိုနံးမှာရော ရင်ပတ်မှာရော ကျောမှာရော သွေးတွေနဲ့..."

"ကိုကိုနိုင်ဘာမှမဖြစ်ပါဘူး... ဒီသွေးတွေက လှိုင်ဘွား အလောင်းကို ထမ်းခဲ့လို့ လှိုင်ဘွားဒဏ်ရာတွေက ကျတဲ့သွေးတွေ ပေကျံနေတာပါ..."

"ကိုလှိုင်ဘွားရဲ့အလောင်း ဟုတ်လား... ဒါဆို ကိုလှိုင်ဘွားဟာ တကယ်မသေဘဲ အခုတကယ် သေပြီပေါ့ ဟုတ်လား..."

ယုယု၏ တကယ်မသေဘဲ အခုတကယ်သေပြီပေါ့ဟု ပြောလိုက်သောစကားကို စိုးမိုးနိုင်က ပြုံးရယ်လိုက်ပေသည်။

စိုးမိုးနိုင်က အကျႌချွတ်ရင်း ဖြစ်ခဲ့သမျှ ယုယုကို ပြောပြရင်း ရေချိုးခန်းသို့ဝင်သည်။ ယုယုနှင့် စကားဆက်ပြောနေသောကြောင့် ရေလဲလုံချည်နှင့်ပင် ရေချိုးခန်းတံခါးဖွင့်ချိုးသည်။ ရေချိုးရင်း ဆက်၍ပြောပြသည်။

ယုယုက အကျႌချွတ် အပေါ်ပိုင်းတုံးလုံးသူမ၏ ချစ်သူကို ငေးကြည့်ကာ ယောကျာ်းပီသလှသည်မို့ ကျေနပ်မိသည်။

ပြီး... ချစ်သော ကိုကိုနိုင်၏ စွန့်စားခဲ့ရပုံကို ငင်လေးဖိုလိုက် အသည်းလေး ထိတ်လိုက်ဖြင့် နားထောင်နေသည်။

သို့ဖြင့်ပင် ရေချိုးခြင်း အဝတ်လဲခြင်းကို ပြီးသွားသည်။ အပြင်သွားဖို့ မိုးကာအကျႌလှမ်းယူသည်။

"မိုးတွေ ဒီအတိုင်းဖွင့်ထားခဲ့မလို့လား ကိုကိုနိုင်..."

"တမင်ဖွင့်ထားတာယု... မိုးရောင်တွေမြင်ရင် ဦးဘာဘာတို့ အပြင်က ချောင်းနေတဲ့ အချိန် ကိုကိုနိုင်က လုပ်စရာရှိတာ လုပ်လို့ရတာပေါ့..."

"အခုဘယ်သွားကြမလဲဟင်..."

"ရှေ့နေ ဦးမြင့်စီဆီကို သွားမယ်ယု..."

ယုယုက မျက်ခုံးလေးအစုံပင့်လိုက်ပါ၏။

"သူ့ဆီသွားလို့ ဘာထူးမှာလဲ... သူကဦးဘာဘာတို့ရဲ့ လူပဲဟာ... ကိုလှိုင်ဘွားအသတ်ခံရတာကို သွားပြောမလို့လား..."

"တခြားကိစ္စနဲ့ သွားမှာပါ... လှိုင်ဘွားကိစ္စအတွက် ဦးမြင့်စီဆီသွားလည်း ဘာမှ ထူးခြားလာမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မှန်း ကိုကိုနိုင် တွက်မိပါတယ်..."

မိုးကာကို နှစ်ယောက်အတူ လွှမ်းခြုံကာ မောရစ်(စ်) ကားလေးထဲသို့ ဝင်ရောက်ကြသည်။

ယုယု၏ ပခုန်းကို တစ်ဖက်မှ ပိုက်ထားရင်း လက်တစ်ဖက်တည်းဖြင့် စတီးယာရင်ကိုကိုင်ကာ မိုးထဲလေထဲမှာပင် မောင်းထွက်လာခဲ့တော့သည်။

✳❁✳❁✳❁✳❁



၁၂

ဦးမြင့်စီ၏ အိမ်ရှေ့သို့ ရောက်လာသည်။ ခြံတံခါးပိတ်ထားပြီး ၎င်းတံခါးမှ တစ်ကိုယ်စာ ငုံ့ဝင်တံခါးသေးလေးသာဖွင့်ထားသဖြင့် မောရစ်(စ်)ကားလေးကို ခြံပြင်၌ ရပ်ထားခဲ့ပြီး... စိုးမိုးနိုင် တစ်ယောက်သာ ကားပေါ်မှ ဆင်းခဲ့သည်။

ယုယုအား မိုးထဲလေထဲ မဆင်းစေဘဲ ကားပေါ်မှ စောင့်နေရစ်စေသည်။

စိုးမိုးနိုင်၏ ဂျာကင်အောက်တွင် သေနတ်ခါးကြားထိုးပါလာပါ၏။ ယခုလိုအချိန်နှင့် ယခုလိုအခြေအနေမျိုးဝယ် သေနတ်နှင့်ကိုယ် အမြဲအတူရှိနေရမည်သာ။

"ခေါက်... ခေါက်... ခေါက်..."

"ဘယ်သူလဲ ဒီအချိန်နဲ့ မိုးထဲလေထဲမှာ..."

စိုးမိုးနိုင် တံခါးခေါက်သည်ကို အထဲမှ မလိုလား မနှစ်သက်အသံဖြင့် ပြန်ပြောသော ဦးမြင့်စီ၏အသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်။

"စိုးမိုးနိုင်ပါ ကျွန်တော်စိုးမိုးနိုင်ပါ ဦးမြင့်စီ..."

"ဒီအချိန်နဲ့ ဒီလောက် မိုးလေပြင်းထန်တဲ့အချိန်မှာ ဘာအရေးကြီးလာလို့လဲ မောင်စိုးမိုးနိုင်... မနက်မှ လာခဲ့ပါလားကွာ... ဘာကိစ္စပဲဖြစ်ဖြစ် အခုအချိန်မျိုးမှာ လုပ်လို့မှမရနိုင်တာ..."

တံခါးဖွင့်မပေးသေးဘဲ အထဲမှ ပြန်ပြောနေခြင်းဖြစ်ပေသည်။ တံခါးပေါက်နားအထိတော့ ဦးမြင့်စီ လာရပ်နေမှန်း သိသာသည်။

"ခဏလေးပါ ဦးမြင့်စီ... ညကြီးမင်းကြီး မိုးထဲလေထဲမှာ ဘာမှလုပ်လို့မရနိုင်ပေမယ့် အရေးကြီးတဲ့ စကားတော့ ပြောလို့ရပါတယ်...ကျွန်တော် ဦးမြင့်စီကို စကားတစ်ခွန်းနှစ်ခွန်းလောက် အရေးတကြီး ပြောချင်လို့ပါ..."

စိုးမိုးနိုင်ပြောသံမှာ တောင်းပန်သံပါသည်။ ခယညွှတ်တွားသော လေသံလည်းပါသည်။ တကယ်တော့ မိဘများ လက်ထက်ကတည်းက ရင်းနှီးလာသူမို့ ဤမျှလောက် မစိမ်းသင့်ဟု ဦးမြင့်စီ ယူဆနိုင်ပါ၏။

"အင်း... ခက်တော့ခက်သားပဲ... အေးလေ... ခဏတစ်ဖြုတ်လောက် စကားပြောဖို့ အရေးသိပ်ကြီးတယ်ဆိုလည်း နားထောင်ကြည့်ရမှာပေါ့..."

ဦးမြင့်စီ တံခါးဖွင့်ပေးပါ၏။ တံခါးဖွင့်ပေးရင်း ခြံပြင်တွင် ရပ်ထားသည့် စိုးမိုးနိုင်၏ မောရစ်(စ်) ကား





းပေါ်တွင် ယုယုထိုင်နေသည်ကို ဦးမြင့်စီ လှမ်းကြည့်က်သေးသည်။

တံခါးဖွင့်ပေးသည်နှင့် စိုးမိုးနိုင်အထဲသို့ ဝင်က်သည်။ ဦးမြင့်စီက တံခါးကို ပြန်ပိတ်လိုက်သည်။

"ဆို... မောင်စိုးမိုးနိုင်..."

"ကျွန်တော်...ဦးမြင့်စီဆီက အကူအညီတစ်ခုလိုချင်လို့ပါ..."

ဘာအကူအညီဟု မပြောရသေးဘဲ လျှက်ြင့်စီက ဦးခေါင်းကို ခါရမ်းပြလိုက်သည်။

"မင်းအတွက်ပဲဖြစ်ဖြစ် မောင်ဒေဝအတွက်ပဲဖြစ်ဖြစ် ဟိုတုန်းက ငါတတ်နိုင်သလောက် လုပ်ပေးခဲ့ပြီးပြီပဲ မောင်စိုးမိုးနိုင် အခုတော့ ဆောရီးပဲကွာ... မင်းတို့အတွက် ငါဘာမှ လုပ်မပေးနိုင်ပါဘူး... ဝမ်းနည်းပါတယ်ကွာ..."

"ဘာလဲ ဦးမြင့်စီ ဦးဘာဘာအတွက် ဘာမဆိုလုပ်ပေးနေရလို့ ကျွန်တော်တို့အတွက် ဦးမြင့်စီ လုပ်မပေးနိုင်တော့တာလား..."

ပြောရင်း စိုးမိုးနိုင်သည် ဦးမြင့်စီ၏ အိမ်တစ်သုံးကို ဝေ့ဝိုက်ကြည့်လိုက်သည်။ ယခင်ကနှင့် ကွာခြားင်း ကွာခြားနေပေပြီ။ အိမ်ထောင်ပရိဘောဂတွေ အိမ်ည်းတွေမှာ အဖိုးထိုက်အဖိုးတန်တွေချည်း ရှိနေပါ၏။ သတ္တာကြီးမှာလည်း မကြာသေးမီကပင် ဝယ်ထားည်။ သစ်လွင်ကောင်းမွန်လှပါ၏။ အိမ်မှာလည်း မှန်

www.burmeseclassic.com



လုံဖြင့် လေအေးစက် တပ်ဆင်ထားသေးသည်။ ဦးဘာဘာ
သည် ဦးမြင့်စီအား ငွေကြေးကောင်းကောင်းပေးကာ ကောင်
ကောင်းကြီး မွေးထားလေပြီ။

"အကျိုးဆောင် ရှေ့နေဆိုတာ အမှုလိုက်ခများများ
ပေးနိုင်တဲ့သူရဲ့ အကျိုးဆောင်ပဲ စိုးမိုးနိုင်... ထား
လေ... ဒါတွေက အရေးတကြီးမဟုတ်ပါဘူး
ငါ့အနေနဲ့ မင်းတို့မိဘတွေနဲ့ ခင်မင်ရင်းနှီးခဲ့တာ
အကြောင်းပြုပြီး မင်းကိုသတိပေးလိုက်ပါရစေ
မင်းတို့ဟာ သိပ်မှားနေပြီ... မောင်ဒေဝဟာ အချုပ်
ထွက်ပြေးတယ်... သန္တာကိုခိုးပြေးရုံမကဘူး ဦးဘာ
ဘာရဲ့ မီးခံသေတ္တာထဲက စိန်တွေပါ သန္တာယူသွား
စေတယ်... ထွက်ပြေးတာကလည်း ဦးဘာဘာ ပိုင်
ဆိုင်တဲ့ စက်မော်တော်နဲ့ ထွက်ပြေးတယ်..."

စိုးမိုးနိုင်သည် လွှားကနဲပင် ဦးမြင့်စီဆီသို့
ရောက်သွားပြီး ဦးမြင့်စီ ဝတ်ထားသည့် ညဝတ်အကျီ
လာစကို ဆွဲဆုပ် ကိုင်ကာ ဦးမြင့်စီအား သူ့မျက်နှာနှင့် ထ
အောင် ဆွဲယူလိုက်သည်။

"ခင်ဗျားကြီး သိလွန်းလှချည်လား ဦးမြင့်စီ...
လောကတိုတောင်းလှတဲ့ အချိန်လေးအတွင်းမှာ
အားလုံးသိနေတယ်... ပြောစမ်းပါအုံး ခင်ဗျားက
တွေကို ချက်ချင်းလက်ငင်း ဘယ်ပုံဘယ်နည်းနဲ့
သလဲဆိုတာ... အိမ်ထဲက အိမ်ပြင်မထွက်ဘဲ ဘာ
လို ဒိဗ္ဗစက္ခု ဘယ်လို ဒိဗ္ဗသောတတွေနဲ့ သိ



လဲ..."

"ဘာခက်လဲ... ဦးဘာဘာက ငါ့ဆီဖုန်းဆက်ပြော
လို့ပဲပေါ့ကွ... အခု ဦးဘာဘာက မောင်ဒေဝနောက်
ကို သိပ်လိုက်ချင်နေတယ်... သူ့ဇနီး သန္တာကိုရော
ပါသွားတဲ့ စိန်တွေကိုရော ပြန်ပြီးသိပ်လိုချင်နေ
တယ်... ဒါပေမယ့် ဘယ်ကိုလိုက်ရမယ်မှန်း မသိ
ဘူး... မောင်ဒေဝနဲ့ သန္တာတို့ အတူထွက်ပြေးမယ့်
နေရာကို မောင်စိုးမိုးနိုင်ကတော့ သိမှာပဲလို့ သူထင်
ပြီး မင်းကို ဦးဘာဘာက သိပ်တွေ့ချင်နေတယ်...
မေးချင်နေတယ်... အဲဒါတွေ ငါ့ဆီဖုန်းဆက်လို့ ငါ
သိထားတာ..."

"ဒါဆို... ခင်ဗျား ဦးဘာဘာဆီကို ခင်ဗျား ဖုန်းဆက်
လိုက်လေဗျာ... ကျုပ်အခု ခင်ဗျားဆီ ရောက်နေပြီ
လို့..."

တမင်ပင် စိုးမိုးနိုင်က ငေါ့ပြောမှန်းသိသဖြင့်
မြင့်စီသည် ဘာမှ ပြန်မပြောဘဲ ဦးခေါင်းငုံ့ထားပါ၏။

"တကယ်ဆို ခင်ဗျားဟာ ဥပဒေသမား တစ်ယောက်
ပါ ဦးမြင့်စီ... ဥပဒေကို ရိုသေပြီး ဥပဒေရဲ့ မျက်နှာ
ကို ထောက်သင့်ပါတယ်... ခင်ဗျားတကယ်လုပ်သင့်
တာက မြိုင်သာမှာ ဦးဘာဘာရဲ့ ဆင်ဒီကိတ်အဖွဲ့
ကြီးက တဖြည်းဖြည်းကြီးစိုး လွှမ်းမိုးလာတာကို
မော်လမြိုင်က သက်ဆိုင်ရာ ဥပဒေပိုင်းဆိုင်ရာ
ပုဂ္ဂိုလ်ကြီးတွေဆီ အကြောင်းကြားသင့်တယ်... အခု

www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်ဗျားကိုယ်တိုင် ငွေနောက်ကိုလိုက်ပါ
ဆင်ဒီကိတ်ရဲ့ ခါးပိုက်ထဲ ရောက်နေတယ်... တ
ဥပဒေနဲ့ မကောင်းတဲ့အလုပ်တွေကို ခင်ဗျားအလို
အလိုပါ ဥပဒေကို အလွဲသုံးစားလုပ်ပြီး အကာ
ပေးနေတယ်..."

"ဒါတော့ မတတ်နိုင်ဘူး မောင်စိုးမိုးနိုင်... ဘယ်
ရာမဆို ရေများရေနိုင် မီးများမီးနိုင် ဖြစ်တာ ဓ
ပဲ..."

"တော်စမ်းပါ... ခင်ဗျားကြီး..."

ဟု ပြောရင်း ဒေါသဖြင့် ဦးမြင့်စီကို န
သို့ ဆောင့်တွန်းလိုက်သည်။ သူ၏ ခါးကြားမှ သေနတ်
လည်း ထုတ်ယူလိုက်သည်။ ဦးမြင့်စီသည် ဦးဘာဘာတို့
ဘက်တော်သားဖြစ်မှတော့ စိုးမိုးနိုင်အဖို့ တန်ပြန် သေ
ကိုင်ရင်း ဆက်ဆံရတော့မည်သာ ဖြစ်ပါ၏။

"ကျုပ်ကိုယ်တိုင် မော်လမြိုင်ကို သွားမယ်... သ
ဆိုင်ရာတွေမှာ အားလုံး တင်ပြမယ်... ကဲ... ခင်
ကြီးရဲ့ မီးခံသေတ္တာကို ဖွင့်စမ်း..."

"မင်းက ငါ့မီးခံသေတ္တာကို ဘာလို့ဖွင့်ခိုင်းတာ
မောင်စိုးမိုးနိုင်..."

တကယ်တန်းကျတော့ ဦးမြင့်စီသည် စိုး
နိုင်အား အကြောင်းသိမို့ လန့်ပေသည်။

"စိတ်ချ... ခင်ဗျားမီးခံသေတ္တာထဲမှာ ရွှေတွေ၊ ငွေ
စိန်တွေ ဘယ်လောက်ရှိရှိ ကျုပ်လက်ဖျားနဲ့တော



မတို့ဘူး... ကျုပ်က သူခိုးဓါးပြမဟုတ်ဘူး... ကိုဒေဝ
နဲ့ ဦးဘာဘာတို့နှစ်ယောက် အောင်ဒေဝဟိုတယ်
အရောင်းအဝယ်လုပ်ခဲ့တုန်းက ခင်ဗျားက အကျိုး
တော်ဆောင် ရှေ့နေလုပ်ခဲ့တာပဲ... အဲဒီအရောင်း
အဝယ် စာချုပ်စာတမ်း စာရင်းဇယားတွေကို ကျုပ်
လိုချင်လို့ ခင်ဗျားကြီးရဲ့ မီးခံသေတ္တာကို ဖွင့်ခိုင်း
တာ..."

"ဟာ... ဘယ်ဖြစ်မလဲ..."

စိုးမိုးနိုင်က သေနတ်မောင်းကို ဂလောက်ခနဲ
ဆွဲတင်လိုက်သည်။ ဦးမြင့်စီ မျက်လုံးဝိုင်းပြီး ပါးစပ်ပြဲ
သွားပါ၏။

"ဖြစ်ကိုဖြစ်ရမယ် ဦးမြင့်စီ... ကျွန်တော်တို့ အပေါ်မှာ
မှ မညာတာရုံမကဘူး ခင်ဗျားသစ္စာမဲ့ခဲ့တာ ခင်ဗျား
ကို ကျုပ်က ဘာမှ ညာတာနေစရာ မလိုတော့ဘူး...
ကျုပ်အခြေအနေက ကျုပ်မှာကျလာသမျှကိစ္စတွေ
အတွက် ဥပဒေကို ရင်ဆိုင်ဘို့ အသင့်ဖြစ်နေပြီ...
အခုလည်း ခင်ဗျားကို ကျုပ်မညာဘူး အသေတော့
မလုပ်ဘူး... မှတ်လောက်သားလောက် ဖြစ်အောင်
တော့ လုပ်မှာ..."

"မင်း သိပ်မှားနေပြန်ပြီ မောင်စိုးမိုးနိုင် အခုဆို မင်း
ကို လိုင်ဘွားကိစ္စနဲ့ပတ်သက်ပြီး အလိုရှိနေတာ ငါ့
ကို မင်းထပ်လုပ်ရင် မင်းအတွက်ထပ်ပြီး အမှုကြီး
သွားမယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဩ... ဩ... လှိုင်ဘွားကိစ္စကိုတောင် ခင်ဗျားက အိမ်ထဲက အိမ်ပြင်မထွက်ဘဲ သိနေပြန်သတဲ့လား..."

"မီစမ်းက ဦးဘာဘာဆီ ဖုန်းဆက်ပြောတယ်လို့ ... ဦးဘာဘာက ငါ့ကိုဖုန်းဆက်တုန်းက ပြောပြလို့ ငါ သိနေတာပါ..."

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ... လှိုင်ဘွားကို ကျုပ်သတ်တာ မဟုတ်ဘူး... ဒီအတွက် ကျုပ်ကိုယ်တိုင် မော်လမြိုင်မှာ သွားရှင်းမှာ... ကျုပ် ရှင်းပြ ပြောပြတာတွေကို သက်ဆိုင်ရာ လူကြီးတွေက မယုံကြည်လို့ ကျုပ်ကို ဥပဒေအရ အပြစ်ပေးမယ်ဆိုလည်း ကျုပ်ခံမယ်လို့ ဆုံးဖြတ်ပြီးသား... ကဲ... မီးခံသေတ္တာကို ဖွင့်စမ်းပါ..."

စိုးမိုးနိုင်၏ အမူအရာမှာ တကယ်ပင် တင်းမာပြီး တကယ်လုပ်မည့် ပုံစံတွေ ရှိနေသဖြင့် ဦးမြင့်စီသည် မငြင်းရဲတော့ဘဲ မီးခံသေတ္တာကို ဖွင့်ပေးလိုက်တော့သည်။

မီးခံသေတ္တာထဲတွင် ငွေစက္ကူတွေ အထပ်လိုက်ရှိသည်ကို တွေ့ရသည်။ ငွေစက္ကူများကို လက်ဖျားနှင့်ပင်မတို့ဘဲ စိုးမိုးနိုင်သည် အောင်ဒေဝဟိုတယ်နှင့် ပတ်သက်သည့် စာချုပ်စာတမ်း၊ စာရင်းအင်းစာအုပ်၊ လယ်ဂျာစာအုပ် စသည်တို့ကိုသာ စစ်ဆေးယူငင်လိုက်သည်။

"ကျွန်တော်သွားတာနဲ့ ဦးဘာဘာဆီကို ခင်ဗျားကြီး ဖုန်းဆက်မှာပဲ မဟုတ်လား... ကြိုက်သလိုသာ ဆက်ပေတော့..."



စိုးမိုးနိုင် ပြန်ထွက်လာခဲ့သည်။ စာချုပ်စာတမ်းဖိုင် လယ်ဂျာစာအုပ် စသည်တို့ကို မိုးကာတွင် ချိုင်းကြားညှပ်ခဲ့သည်။

အပြင်ဘက်တွင် မိုးလေးသဲတုန်းပင်။

ယုယုရှိရာ မောရစ်(စ်)ကားလေးဆီသို့ စိုးမိုးနိုင် အပြေးကလေးလာခဲ့သည်။

မော်တော်ကားအနီးသို့ ရောက်သည်နှင့် မိမိအား အမိန့်ပေးလိုက်သော လေးမောင်၏ အသံကို စိုးမိုးနိုင် ကြားလိုက်ရတော့သည်။

"ငြိမ်ငြိမ်လေး ရပ်နေပါ စိုးမိုးနိုင်... မင်းရဲ့လက်နှစ်ဘက်လုံး လုံးဝ မလှုပ်ရှားပါနဲ့ ငါနဲ့ကျော်နီက မင်းကို သေနတ်နှစ်ဘက်နဲ့ အသင့်ချိန်ထားပြီးသားပဲ..."

လေးမောင်၏အသံကိုသာ ကြားရပြီး လေးမောင်ကို မမြင်ရသေးပေ... သို့တစေ လေးမောင်ပြောသည့်အတိုင်းပင် စိုးမိုးနိုင် ငြိမ်ငြိမ်လေး နေလိုက်ပါ၏။

စိုးမိုးနိုင် ချက်ချင်းသဘောပေါက်သည်။ မိမိ ဦးမြင့်စီအိမ်ပေါ်သို့ တက်ရောက်နေစဉ်အတွင်း လေးမောင်သည် မောရစ်(စ်)ကားပေါ်မှ ယုယုကို စီးမိထားပေပြီ။ မိမိ လှုပ်လှုပ်ရွရွတန်ပြန်သည်နှင့် သူတို့လက်ထဲရောက်နေသည့် ယုအား တစ်ခုခုလုပ်မည်စိုးရိမ်သောကြောင့် စိုးမိုးနိုင် ငြိမ်ငြိမ်လေး နေလိုက်ရခြင်း ဖြစ်ပါ၏။

ယုယုကိုသာ သူတို့စီးမိမထားလျှင် စိုးမိုးနိုင်သည် ဤမိုးလေသဲသဲထဲဝယ် ချက်ချင်းဝမ်းလျှားမှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခါးထဲမှ သေနတ်နှင့် လေးမောင်တို့ကို ယှဉ်ပြိုင်ပစ်ခတ်ရပါ၏။

သို့သော် ယခုမတာတ်နိုင်ပြီ။

မိမိထင်ထားသည်မှာ မိမိထွက်သွားမှ ဦးမြင့်စိက ဦးဘာဘာကို ဖုန်းဆက်အကြောင်းကြားမည်ဟု ထင်ခဲ့သည်။

ယခု လေးမောင်က ဦးမြင့်စီ ဖုန်းမဆက်မီ မိမိကို ခြေရာခံမိပြီး အပြင်ဘက်တွင် ယုယုကိုစီးကာ စောင့်နေခြင်းဖြစ်ပုံရပါ၏။

"မင်း ဘာလိုချင်လဲ လေးမောင်..."

"ယုယုက ကားမောင်း... မင်းက ရှေ့ကူရှင် ယုယုဘေးမှာထိုင်... ငါနဲ့ဂျော်နီက နောက်ကူရှင်မှာထိုင်ပြီး မင်းကိုသေနတ်နှစ်ဘက်နဲ့ ချိန်ထားမယ်..."

ပြောပြောဆိုဆိုပင် လေးမောင်နှင့် ဂျော်နီသည် သေနတ်ကိုယ်စီဖြင့် ကား၏ယာဘက် အကွယ်ခြမ်းမှ ထွက်လာပေသည်။

ယုခမျာ မျက်နှာလေး ဖြူဖပ်ဖြူရော်ပင် ဖြစ်နေရှာပါ၏။

လေးမောင်က ဦးစွာ စိုးမိုးနိုင်၏ ခါးကြားမှ သေနတ်ကို ယူလိုက်သည်။

ပြီး ချိုင်းကြားထဲမှ ဖိုင်တွဲတွေ လယ်ဂျာစာအုပ်တွေကို ယူလိုက်ပြန်သည်။

"အလှဲ့ အောင်ဒေဝဟိုတယ်ရဲ့ စာချုပ်စာတမ်းဖိုင်တွဲ



တွေပါလား... ဒါကြောင့် ဆရာဦးဘာဘာကပြောတာ... စိုးမိုးနိုင်ဟာ ဘယ်နည်းနဲ့မဆို ဦးမြင့်စီဆီကို သွားလိမ့်မယ်တဲ့... ဒါကြောင့် ငါနဲ့ ဂျော်နီကို အမိုင်စီးဖို့ လွှတ်လိုက်တာ... ဆရာဦးဘာဘာက ခြေတစ်ဘက်သာမရှိတာ... ဦးနှောက်အတွေးအခေါ်ကတော့ တော်တော်ကောင်းတယ်ကွ... မဟုတ်ဘူးလား ဂျော်နီ..."

"ဟာ... သိပ်ဟုတ်တာပေါ့ ဆရာလေးမောင်..."

ထို့နောက် စိုးမိုးနိုင်ကို ကားရှေ့တွင် ထိုင်စေပြီး ယုယုကို ကားမောင်းစေသည်။ သူတို့နှစ်ယောက်က နောက်ကူရှင်တွင် ဝင်ထိုင်လိုက်သည်။

"မောင်းတော့... ယုယု... အောင်ဒေဝဟိုတယ်ကိုပဲမောင်း... အဲဒီမှာ ဆရာဦးဘာဘာစောင့်နေတယ်..."

ယုယုက ကားစက်မနှိုးသေးဘဲ သူမ၏ ကိုကိုနိုင်ကို သူတို့ခိုင်းတဲ့အတိုင်း မောင်းရမလားဟု မေးမြန်းသည့် မျက်လုံးများဖြင့် ကြည့်သည်။ စိုးမိုးနိုင်က ခေါင်းညိတ်ပြလိုက်မှ ကားကို စက်နှိုး ဂီယာသွင်းမောင်းထွက်လာသည်။

"ယုကို စိတ်ဆိုးသွားလား ကိုကိုနိုင်... သူတို့က ယုဘယ်လိုမှ မျှော်လင့်မထားတုန်း အလစ်မှာ ယုကို တိတ်တိတ်လေး စီးမိသွားတယ် ... ယု လုံးဝ မကြောက်ပါဘူး... ဒါပေမယ့် သူတို့ကပြောတယ် ကိုကိုနိုင် ထွက်လာလို့ ယုယုက လှမ်းအော်သတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်ဆိုရင် ကိုကိုနိုင်ကို အဲဒီမှာတင် အသေပစ်သတ်မယ်လို့ ပြောထားလို့ ယုယုမြဲပြီး နေလိုက်တာပါ..."

"ယုကို ကိုကိုနိုင်က ဘာလို့ စိတ်ဆိုးရမှာလဲ ယု... ဒီအခြေအနေမှာ ဒီလိုပဲလုပ်ရမှာပေါ့... ယု မှန်ပါတယ်..."

လေးမောင်က စကားဝင်ဖြတ်ပြီး စိုးမိုးနိုင်ကို နောက်မှ လှမ်း၍ မေးခွန်းထုတ်လိုက်သည်။

"ဒီမှာ စိုးမိုးနိုင် လှိုင်ဘွားရဲ့အလောင်း မင်းဘယ်မှာထားခဲ့သလဲ..."

"လှိုင်ဘွားကို မင်းပဲသတ်လိုက်တာပဲ မဟုတ်လားလေးမောင်..."

"လှိုင်ဘွားကို ဘယ်သူသတ်တယ်ဆိုတာ ငါ အငြင်းမပွားပါဘူး စိုးမိုးနိုင်... ဒီလူသတ်မှုကို တရားဥပဒေက ဆုံးဖြတ်လိမ့်မယ်..."

"ဘာလဲ မင်းက မိစမ်းကို မျက်မြင်ကိုယ်တွေ့ သက်သေထားမယ့်အားကိုးနဲ့ ဥပဒေစကားတွေ ဘာတွေ ပြောနေတာလား လေးမောင်..."

လေးမောင်၏ မြင်းဟီးသလို ရယ်သံကြီး နောက်မှ ထွက်ပေါ်လာသည်။

"ဟဲ... ဟဲ... မိစမ်းဟာ သိပ်ကို ခိုင်မာတဲ့သက်သေပဲလေကွာ... ဟဲ... ဟဲ ဆရာဦးဘာဘာ အင်မတန် ဦးနှောက်ကောင်းပြီး လျှင်မြန်း မင်းလက်တွေ့ သင်



ခန်းစာရပြီမဟုတ်လား... မင်းလိုကောင်ကိုတော့ ဆရာဦးဘာဘာက ထောင်ချောက်ဆင်ပြီး ကွိခနဲ လူသတ်မှု တရားခံဖြစ်အောင် ဖန်တီးလိုက်တယ်လေကွာ..."

"အေး ... ငါ့ကို လှိုင်ဘွားသတ်မှုနဲ့ စွပ်စွဲတာနဲ့ ကိုဒေဝဟာ အလိုလို အခုလူသတ်မှုက လွတ်မြောက်သွားတာပဲ မဟုတ်လား... လေးမောင်..."

"ကိုဒေဝ လွတ်သွားတော့ ဘာအရေးလဲ... ကိုဒေဝဆီက သူ့ရှယ်ယာအားလုံး ငါတို့က အနိုင်အမာ ဝယ်ထားပြီးသားပဲ... အခု ကျုပ်တို့ ဆင်ဒီကိတ်အတွက် သိပ်အရေးကြီးတာက အောင်ဒေဝဟိုတယ်ရဲ့ ကျန်သေးတဲ့ မင်းဆီက ထက်ဝက်ပိုင်ဆိုင်မှုကို ရဖို့ပဲ..."

"အင်း... မင်းရဲ့ ဆရာကြီးဦးဘာဘာဟာ ငါ့ဆီက ထက်ဝက်ရှယ်ယာကို သိပ်မက်မောသလို သူ့ဇနီးချော မသန္တာကိုလည်း အင်မတိအင်မတန် စုံမက်တာပဲ မဟုတ်လား လေးမောင်... အဲဒီတော့ အခု ကိုဒေဝလက်ထဲပါသွားတဲ့ မသန္တာကို မင်းရဲ့ဆရာကြီး ဦးဘာဘာက သွားပလေ့စေပေါ့လို့ ဥပက္ခာထားပါ့မလား လေးမောင်... တကယ်တော့ မသန္တာ ကိုဒေဝနောက်လိုက်သွားတာဟာ ဦးဘာဘာရဲ့ အသည်းတစ်ခြမ်း ပဲ့သွားစေတာပဲ မဟုတ်လား... မင်းတို့ သူတို့နောက်ကို လိုက်ကြမှာပဲ မဟုတ်လား..."

ထွီခနဲ လေးမောင်က တံတွေးမပါဘဲ ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်သော ထွေးသံထွက်လာသည်။

"ထားလိုက်စမ်းပါ... ဒီဒုက္ခိတ ခြေကျိုးကြီး ဦးဘာဘာကို... ဒီလူကြီး ကိုယ့်သမီးအရွယ် မယားငယ်ငယ်လေးကိုယူပြီး နှာဘူးတာနဲ့ ဆင်ဒီကိတ်က စိန်တွေပါသွားတယ်... ဒီအတွက် ဆင်ဒီကိတ်က ဆရာကြီးက ဒီခြေကျိုးကြီးကို အပြစ်ပေးဒဏ်ခတ်ဦးမှာပါ"

လေးမောင်စကားအရ ဆင်ဒီကိတ်ဆရာကြီး ရှိနေကြောင်း သေချာသွားပေပြီ... ၎င်းဆင်ဒီကိတ်ဆရာကြီးကပင် ဦးဘာဘာကို နံပါတ်တစ်ခေါင်းဆောင်၊ လေးမောင်ကို နံပါတ်နှစ်ခေါင်းဆောင် ခန့်အပ်ထားခြင်း ဖြစ်ပေမည်။

"ဟ... လေးမောင်ရ... မင်းတို့ရဲ့ ဆရာကြီးဟာ ဦးဘာဘာပဲ မဟုတ်လား... မင်းတို့ကို အရာရာ အစီအစဉ်တွေချပေးပြီး ဘာလုပ်လိုက် ညာလုပ်လိုက် အမိန့်တွေပေးနေတာ ဦးဘာဘာပဲဟာ..."

"ထပ်တရီး... ဒီဒုက္ခိတကြီးက ဆရာကြီးဖြစ်မတဲ့လား... သူ့ကို နံပါတ်တစ်ခေါင်းဆောင်အဖြစ် ခန့်ထားလို့ ငါ့ထက် တစ်ဆင့်ပိုမြင့်ရုံပဲရှိတယ်... သူကိုယ်တိုင်လည်း ဆရာကြီးပေးတဲ့ အမိန့်အတိုင်း လိုက်နာ လုပ်ကိုင်နေရတာ..."

"ဒါဆို... မင်းတို့ရဲ့ ဆင်ဒီကိတ်ဆရာကြီး အစစ်က ဘယ်သူလဲ လေးမောင်..."

စိုးမိုးနိုင်က ထိုမေးခွန်းမေးလိုက်မှ လေးမောင်သည် အထိတ်တလန့် ပျာပျာသလဲ ဖြစ်သွားပါ၏။



"အားပါးပါး... မင်းမို့ ဒီမေးခွန်းမေးရက်တယ် စိုးမိုးနိုင်... ဆရာကြီးဟာ ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှ မသိဘူး... ငါလည်းမသိဘူး... ဦးဘာဘာလည်း မသိဘူး... သိဖို့လည်း ဘယ်သူမှ မကြိုးစားရဲဘူး... ဆရာကြီး ဘယ်သူဘယ်ဝါဖြစ်တယ်လို့ အမှတ်တမဲ့သိသွားတဲ့သူတောင် မိနစ်ပိုင်းအတွင်းမှာ အသေဆိုးနဲ့ သေသွားရင်သေသွား ဒါမှမဟုတ် အဲဒီလူဟာ မြေလျှိုးသွားသလား မိုးပျံသွားသလား ဘယ်သူမှ မသိလိုက်ဘဲ ပျောက်သွားတယ်... မင်းလည်း ဆရာကြီး ဘယ်သူဘယ်ဝါဆိုတာ သိဖို့မကြိုးစားနဲ့ စိုးမိုးနိုင်... မင်းအသက်ငယ်ငယ် ရုပ်ချောချောလေးနဲ့ စောစောစီးစီး မသာပေါ်သွားမယ်... ငါတို့ကော ဆရာကြီး နိုင်းသမျှ တသွေမတိမ်းလုပ်တယ်... ဒါပေမယ့် ဆရာကြီး ဘယ်သူဘယ်ဝါဆိုတာသိဖို့ လုံးဝ မကြိုးစားဘူး..."

"ဒါဖြင့် သူ့ကိုမှမသိတာ သူခိုင်းတာတွေ မင်းတို့ ဘယ်လိုလုပ်ရမလဲ... သူက မင်းတို့ကို ဘယ်လို ခိုင်းမလဲ..."

"ဒါကျတော့ ဆင်ဒီကိတ်ဆရာကြီးက စည်းကမ်းထားတယ်... သူလုပ်ချင်တဲ့ ညွှန်ကြားချက်ကို ဖုန်းနဲ့ဘန်တဲ့ ညွှန်ကြားချက်ဆိုရင် နံပါတ်တစ်ခေါင်းဆောင်ဖြစ်တဲ့ ဦးဘာဘာဆီကို ဖုန်းဆက်တယ်... ဦးဘာဘာက ဒါဟာ ဆရာကြီးရဲ့ ညွှန်ကြားချက်အမိန့်

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောရင် ငါတို့မငြင်းရဲဘူး… ဦးဘာဘာကိုယ်တိုင်ကလည်း ဒါဟာ ဆရာကြီးရဲ့ အမိန့်ညွှန်ကြားချက်လို့ ငါတို့ကို လိမ်ညာမပြောရဲဘူး… ဘာလို့လည်းဆိုတော့ ဆရာကြီးက အပေါ်စီးက လင်းယုန်ငှက်လို အောက်ကို အားလုံးမြင်တယ်… ဦးဘာဘာနံပါတ်တစ်ခေါင်းဆောင် အလွဲသုံးစားလုပ်မိရင်လည်း ဦးဘာဘာ ကားခနဲ ကြွသွားမှာပဲ… အဲ… နံပါတ်တစ်ခေါင်းဆောင်က တစ်ဆင့်ညွှန်ကြားချက်မျိုးမဟုတ်ဘဲ အားလုံးအဖွဲ့သားတွေ သိစေချင်တဲ့ညွှန်ကြားချက်မျိုးကျတော့ ဆရာကြီးက စာတစ်စောင်မှာ လက်နှိပ်စက်ရိုက်ပြီး ဆရာကြီးရဲ့ ကိုယ်ပိုင်တံဆိပ် စာရွက်ပေါ်မှာ နှိပ်ပေးတယ်… ဆရာကြီးရဲ့ လက်မှတ်လည်း ရေးထိုးတယ်…"

"အဲဒီ ကိုယ်ပိုင်တံဆိပ်နဲ့လက်မှတ်က ဘာတဲ့လည်း လေးမောင်…"

"တော်ပြီ… မင်းကို အာချောင်မိတာနဲ့ ငါပါ မသွားပေါ်သွားဦးမယ်… ကဲ… ငါတို့ရဲ့ ဆင်ဒီကိတ်ကြီး ဘယ်လောက်ကြီးထွားတယ်ဆိုတာ မင်းသိစေချင်လို့ ငါအရိပ်အမြွက်ပြောပြီးပြီ… ငါမေးတာကို မင်းမဖြေသေးဘူး …လှိုင်ဘွားအလောင်း မင်းဘယ်မှာထားလဲ စိုးမိုးနိုင်…"

စိုးမိုးနိုင်သည် လှမ်းပြီးမြင်နေရပြီဖြစ်သည့် အောင်ဒေဝဟိုတယ်၏ နီယွန်မီးချောင်းဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်သည်။ အောင်ဒေဝဟိုတယ်သို့ ရောက်တော့မည်။



"မင်း ပြောခဲ့သလောက်ဆိုရင် မင်းရဲ့ဆင်ဒီကိတ် ဆရာကြီးက လင်းယုန်မျက်စေ့လို အပေါ်စီးက ဘာမဆို လှမ်းမြင်နေတာပဲ လေးမောင် … လှိုင်ဘွားအလောင်း ငါဘယ်မှာ ဝှက်ထားခဲ့တယ်ဆိုတာ သူ့ရဲ့လင်းယုန်အပေါ်စီး မျက်စေ့နဲ့မြင်ပြီးသား ဖြစ်မှာပေါ့ကွာ… လှိုင်ဘွားအလောင်း ဘယ်မှာလည်းဆိုတာ မင်းတို့ဆရာကြီးကိုပဲ ပြန်မေးကြည့်ပေတော့ လေးမောင်…"

✳❁✳❁✳❁✳❁



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

တူဖြစ်စဉ်ကထုပြီး ပေဖြစ်လာသောအခါ ခံ ပေတော့။

ယခု သူတို့အုပ်စုကြားတွင် စိုးမိုးနိုင် ခံရပေ ပြီ။

ကုလားထိုင်တွင် ထိုင်စေပြီး ခြေနှစ်ဘက် လက်နှစ်ဘက်ကို ကုလားထိုင်နှင့်တွဲကာ စိုးမိုးနိုင်အား မလှုပ်သာမယှက်သာ ကြိုးဖြင့်တုတ်ထားသည်။

စိုးမိုးနိုင်ရှေ့တွင် လေးမောင်က မားမားကြီး ရပ်နေသည်။

ဦးဘာဘာက ဘီးတပ်ကုလားထိုင်တွင် စိတ်ပျက်လက်ပျက် အမူအယာဖြင့် မျက်စေ့ပျက် မျက်နှာပျက် ထိုင်နေသည်။

ကျော်နီက အပေါက်ဝတွင် တံခါးကိုမှီရပ်ရင်း သေနတ်ကိုင်ထားသည်။





မနှင်းဆီက သူမ၏ အစ်ကိုကြီး ဦးဘာဘာ-ဘေးတွင် ထိုင်နေသည်။

ကြိုးတုတ်ထားသည့် စိုးမိုးနိုင်နှင့် မနီးမဝေး ကုလားထိုင်တစ်လုံးတွင် ယုယုခမျာ မျက်စေ့ပျက် မျက်နှာပျက်ဖြင့် ငိုကာထိုင်နေသည်။

"ကဲ... ပြော... အသားမနာချင်ရင်..."

"ငါက ဘာပြောရမှာလဲ လေးမောင်..."

"ကိုဒေဝတို့ ဘယ်ကိုသွားကြတာလဲ..."

"မသိဘူး..."

"ဖျန်း..."

ဦးဘာဘာတို့ လေးမောင်တို့အဖို့ စက်မော်တော်ဖြင့် ပင်လယ်ထဲထွက်သွားပြီဖြစ်သည်။ ကိုဒေဝနှင့် မသန္တာ ဘယ်ကို သွားမည်မှန်း လုံးဝ မခန့်မှန်းနိုင်ပေ။ ပင်လယ်မှတစ်ဆင့် သွားနိုင်စရာတွေ အများကြီးရှိသည်။

ထို့ကြောင့် တိတိကျကျသိစေရန် စိုးမိုးနိုင်ကို ပထမဦးစွာ ကြိုးတုတ်ပြီး ပါးရိုက်စစ်မေးခြင်း ဖြစ်သည်။ ကိုဒေဝနှင့် မသန္တာဘယ်သွားမှန်း တိတိကျကျ မသိဘဲ၊ နောက်မှလိုက်သွားလျှင် လိုက်သည့်နေရာဒေသ မမှန်ကန်ပါက ကြာလေဝေးလေ ဖြစ်သွားနိုင်သောကြောင့် တိတိကျကျ သိလိုခြင်း ဖြစ်ပါ၏။

လေးမောင်၏ လက်ဝါးဖြင့် ပါးရိုက်ချက်ကြောင့် စိုးမိုးနိုင် နှုတ်ခမ်းဒေါင့်မှ သွေးများစီးကျလာသည်ကို ယုယု တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ပါ ကိုကိုနိုင်... ပြောလိုက်ပါ... ကိုကိုနိုင် ပါးစပ်က သွေးတွေကျလာပြီ..."

"ဒီတစ်ခါတော့ လက်သီးပဲ စိုးမိုးနိုင်... ကဲ... ပြော ကိုဒေဝနဲ့ မသန္တာဘယ်ကို မောင်းသွားကြသလဲ..."

"မသိဘူး..."

"ခွပ်..."

လေးမောင်၏ လက်သီးချက်ကြောင့် စိုးမိုးနိုင်မှာ ဟူရော... ကုလားထိုင်ပါ နောက်လန်ကျသွားသည်။

စိုးမိုးနိုင် လဲကျသွားသည်ကို လေးမောင်က ပင် ကြမ်းကြမ်းတမ်းတမ်း ကုလားထိုင်ကို ပြန်မတ်စေ သည်။

"လုပ်ဦးပေါ့... လေးမောင်... ဒီတစ်ခါ မင်းအလှည့် ဖြစ်သွားတာကိုး..."

"မင်းအလှည့်နောက်ထပ် ဘယ်တော့မှ မရှိတော့ဘူး စိုးမိုးနိုင်... မင်းဆီက ငါတို့သိချင်တာတွေ သိရပြီး တဲ့နောက် မင်းကို လူသတ်မှုနဲ့ ဦးငွေရလက်ထဲ အပ် လိုက်ရုံပဲ..."

ဦးဘာဘာက လေးမောင်ကို လှမ်းပြီးဟန့် တားသောအသံဖြင့် ပြောလိုက်သည်။

"လိုတာကိုပဲပြော... လေးမောင်... မင်းက တစ်ခါ တလေ အင်မတန် အာချောင်ချင်တယ်... အပိုတွေ ပြောမနေနဲ့...ငါ့မှာ စိုးမိုးနိုင်နဲ့ပတ်သက်ပြီး ရှေ့ဆက် လုပ်စရာတွေ ကျန်သေးတယ်... မင်းမေးဖို့က ဒေဝ



နဲ့ သန္တာ ဘယ်သွားသလဲ... စိန်တွေသူတို့နဲ့ ပါသွား သလား... ဒါမှမဟုတ် တစ်နေရာရာမှာ ဝှက်ထား ခဲ့သလားဆိုတာကိုပဲ ရအောင်မေး..."

လေးမောင်က သူ့အား အမိန့်ပေးလိုက်သော ဦးဘာဘာကို ပြန်၍ ဘုကြည့်, လှမ်းကြည့်ပြီး တစ်စုံတစ်ခု ပြန်ပြောမည်ပြုစဉ်မှာပင် မနှင်းဆီက ကြားဖြတ်ပြီး ဝင်ပြော သံ ထွက်လာပေသည်။

"အစ်ကိုကြီး ဘာဘာရော... ကိုလေးမောင်ရော အလ ကား အချိန်တွေ ဖြုန်းနေကြတာကိုး... ကိုစိုး အ ကြောင်းလည်း သိကြသားနဲ့... နှင်းဆီကဆို ကိုစိုး အကြောင်းကို အသိဆုံး... ကိုစိုးဟာ သိပ်ခေါင်းမာ တယ်... သိပ်ခံနိုင်ရည်ရှိတယ်... အင်မတန် သတ္တိ ကောင်းတယ်... ဗိုးဆို ဖရုံသီးတဲ့လူ မဟုတ်ဘူး... ကိုစိုး မြိုင်သာကို ပြန်ရောက်လာကတည်းက သူ တစ်ယောက်တည်းနဲ့ လုပ်ဆောင်သွားချက်တွေကိုပဲ အကဲခတ်ကြည့်ပေါ့... ဒီမှာ... ကိုလေးမောင်... ကိုစိုးကို ရှင် လက်ဝါးစွမ်း, လက်သီးစွမ်းတွေ ဘယ်လောက်ပြပြီး မေးမေး မသိဘူးကလွဲပြီး ဘာမှ ထူးခြားလာမှာ မဟုတ်ဘူး... အသေခံသွားမယ်... အဖြေမှန်တော့ရမှာမဟုတ်ဘူး... ဒီလို... ကိုစိုးကို မေးနေတာကြာလေ... ကိုဒေဝ မသန္တာနဲ့ စိန်တွေပါ ဝေးသည်ထက်ဝေးရာကို ရောက်သွားလေဖြစ်မှာပဲ..."

မနှင်းဆီသည် ပြောရင်းမှပင် ငိုရှိုက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ယုယုအား မေးဆတ်ပြလိုက်သည်။

"မှတ်ထား ကိုလေးမောင်... အသီးကိုလိုချင်ရင် တံချူနဲ့ အသီးကို ဘယ်လိုပုတ်ပုတ် အသီးကြွေကျမလာဘူး... အသီးရဲ့အညှာကို မီအောင်ဆွဲဖြုတ်လိုက်တာနဲ့ အသီးကြွေလာမှာ... ဟိုမှာ ကြည့်ပါလား... ယုယုက အသီးရဲ့အညှာလေ... ရုပ်လေးကလည်း ချောမှချော... လှမှလှ... အသားလေးတွေဆိုရင် ဝင်းနေတာပဲ... အားနဲ့တဲ့မိန်းမသားလေးလည်း ဖြစ်ရာတယ်... ယုယုရဲ့ အလှအချောလေးတွေ ပျက်စီးသွားမှာကို ယုယု ကိုယ်တိုင်ကလည်း လိုလားမှာမဟုတ်ဘူး..."

မနှင်းဆီသည် ယုယုကို ကြည့်ပြီးပြောနေရင်းမှ စိုးမိုးနိုင်ဘက်သို့ ပြန်လှည့်ကြည့်ပြီး ဆက်ပြောပြန်သည်။

"ပြီးတော့... ယုယုရဲ့ ချစ်သူကလည်း ယုယု အလှပျက် အနာတရ ဖြစ်သွားမှာကို ဘယ်လိုမှ လိုလားမှာမဟုတ်ဘူး... ဒီမှာ ကိုလေးမောင် ရှင့်ရဲ့ လက်ဝါးကြမ်းကြီးနဲ့ဖြစ်ဖြစ်... လက်သီးကြမ်းကြီးနဲ့ ဖြစ်ဖြစ် တစ်ချက်တလေလောက် ယုယုရဲ့ မျက်နှာချောချောလှလှလေးကို စားမြည်းကြည့်စမ်းပါလား..."

"ဟုတ်တယ်... မနှင်းဆီပြောတာ သဘာဝကျတယ် ဆရာဘာဘာ... ကျုပ်... ယုယု မျက်နှာလေးကို စားမြည်းကြည့်လိုက်မယ်..."

လေးမောင်သည် ယုယုရှိရာသို့ တိုးကပ်သွား



သည်။ သူ၏ ညာလက်သီးဆုပ်ကို သူ၏ဘယ်လက်ဝါးတွင် တစ်ဖတ်ဖတ်ထိုးပြရင်း တိုးကပ်ခြေလှမ်းသွားခြင်းဖြစ်သည်။

ယုယုရှေ့တွင် လေးမောင် မားမားကြီး ရပ်လိုက်သည်။

"ကိုဒေဝနဲ့ မသန္တာ ဘယ်သွားကြသလဲ ယုယု..."

"မသိဘူး..."

လေးမောင်က သူ၏လက်သီးကို မြှောက်လိုက်သည်နှင့် စိုးမိုးနိုင်ထံမှ ရှူးရှူးဝါးဝါးအသံထွက်လာတော့သည်။

"ဟေ့ကောင်... လေးမောင်... ယုကို လက်ဖျားနဲ့တောင်မထိနဲ့... ငါသိသလောက် ပြောမယ်... ကိုဒေဝနဲ့ မသန္တာတို့သွားကြတာ မြို့ကြီးကို သွားတာပဲ..."

ယုယုထံမှ ငိုသံလေးနှင့် ပြောလိုက်သံ ထွက်လာပေသည်။

"အို... ကိုကိုနိုင်ရယ်..."

ပြောပြောဆိုဆို စိုးနိုင်ရှိရာသို့ ယုယုထလာပြီး စိုးမိုးနိုင်၏ ကုလားထိုင်ရင်းတွင် ထိုင်ချကာ သူမ၏ မျက်နှာကို စိုးမိုးနိုင်၏ ပေါင်နှစ်ဘက်ပေါ်သို့ အပ်ရင်း ငိုချလိုက်တော့သည်။ သူမ၏ ကိုကိုနိုင်သည် သူ့ဟာသူတော့ ကြိတ်မှိတ်အနာခံကာ မေးသမျှ "ဘူး"ခံနေလျက်က ယုယုကို ထိပါးမှာကျတော့ အလွယ်နှင့်ပင် အဖြေပေးလိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ယုယုအပေါ်ဘယ်မျှ ချစ်ကြောင်း သိသာလွန်းသဖြင့် ယုမှ စိတ်မကောင်းဖြစ်ရပါ၏။

အဖြေရပြီမို့ လေးမောင်က တဟဲဟဲရယ်ရင်း ဦးဘာဘာကို လှမ်းကြည့်လိုက်သည်။

"ဒါပဲပေါ့... ဆရာဘာဘာ... အဖြေဟာဒါပဲပေါ့..."

"အဖြေဟာ... ဒါပဲမဟုတ်သေးဘူး လေးမောင် ဆင်ဒီကိတ်ပိုင် စိန်တွေ ဘယ်မှာလည်းဆိုတာ ဆက်မေးဦးလေ..."

လေးမောင်က လက်သီးပြန်ဆုပ်သည်။

ယုယုကို ဒုတိယအကြိမ်ကြည့်လိုက်ပြန်သည်။ သူ၏အကြည့်မှာ စိန်တွေကကော ဘယ်မှာလည်းဟု မေးသည့်အကြည့်ပင် ဖြစ်တော့သည်။

ယုယုက ဘာမှမပြောသေးဘဲ မျက်ရည်အရွှဲသားနှင့် သူမ၏ကိုကိုနိုင်ကို မော့ကြည့်လိုက်သည်။ ဆက်ပြောရမလားဟု ခွင့်တောင်းသည့်သဘော ဖြစ်ပါ၏။

"ပြောသာပြောလိုက်တော့ယု... စိန်တွေဟာ မသန္တာနဲ့အတူတူ စက်မော်တော်ပေါ်မှာ ပါသွားတယ်ဆို... ပြောလိုက်လို့ သူတို့သိသွားရော ဒီအချိန်မှာ သူတို့ မသန္တာနဲ့ ကိုဒေဝနောက်ကို လိုက်လို့မမီနိုင်တော့ပါဘူး... အပြင်မှာ ရာသီဥတုက အရမ်းဆိုးနေတယ်၊ မိုးတွေတအားရွာနေတယ်... လေပြင်းတွေ တအားတိုက်နေတယ်... အချိန်ကလည်း ညကြီးသန်းခေါင်ကြီး... ပင်လယ်မှာ လှိုင်းလေတွေ အရမ်းကြီးနေမှာ



သူတို့ဘယ်လိုမှ လိုက်မမီနိုင်ဘူး..."

ယုယုက လေးမောင်ကို မျက်နှာထား တင်းတင်းနှင့်ပင် ပြန်ပြောလိုက်သည်။

"ဟုတ်တယ်... မသန္တာမော်တော်ပေါ်ဆင်းတဲ့အထိ စိန်တွေထည့်ထားတဲ့ယွန်းအစ်ကိုပိုက်ပြီး ဆင်းသွားတာ... ကျွန်မကိုယ်တိုင်မြင်တယ်..."

ယုယု၏စကားအဆုံးတွင် ဦးဘာဘာ လှုပ်လှုပ်ရှရှဖြစ်လာသည်။

"ဟုတ်ပြီ... ဒါဆို သန္တာနဲ့အတူ စိန်တွေပါသွားတာ၊ သေချာသွားပြီ... ကဲ... လေးမောင်... အခုညတွင်းချင်းပဲ... ငါတို့မြို့ကြီးကို လိုက်မယ်... အဲဒါ အားလုံး မင်းစီစဉ်ပေတော့ လေးမောင်..."

"အို... ဘယ်ဖြစ်မလဲ ဆရာဘာဘာ..."

"ဘာလို့မဖြစ်ရမှာလဲ..."

"ဟာ... ဒီလောက်မိုးတွေရွာ... လေပြင်းတွေတိုက် ရာသီဥတုဆိုးကြီးလည်းဖြစ်တယ်... ညဉ့်နက်သန်းခေါင်ကြီးလည်း ဖြစ်တယ်... ပင်လယ်ကို ဘယ်သူထွက်ရဲမလဲ... ထွက်တာနဲ့အားလုံးသေကုန်မယ်..."

"မသေနိုင်ပါဘူး... လေးမောင်... ရှေ့နေဦးမြင့်စိုးဆီမှာ ပါဝင်ဂျာဆွဲနေတဲ့ တစ်ထပ်သင်္ဘောတစ်စင်း ရှိတယ်... အဲဒီသင်္ဘောကို ငါတို့သုံးမယ်... စက်အင်ဂျင်သိပ်ကောင်းတဲ့ သင်္ဘောလေးမှန်း ငါသိတယ်... တစ်ယောက်မောင်းသင်္ဘောပဲ... စိတ်ချရတယ်...

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မြို့ကြီးဆိုရင် ကမ်းဘက်ကပ်ပြီးမောင်းသွားရင်ရတယ်... နှင်းဆီက သင်္ဘောကောင်းကောင်းမောင်းနိုင်တယ်..."

"အဲမှာ... နှင်းဆီမောင်းမှာဆိုရင် ပိုတောင် ကျွန်တော်ကြောက်သေး... ဆရာဘာဘာလည်း ကိုယ့်ညီမ နှင်းဆီအကြောင်းသိသားနဲ့... စိတ်နဲ့မလိုရင် ပရမ်းပတာလုပ်ပစ်တာ... ရာသီဥတု သာသာယာယာနဲ့ လင်းလင်းချင်းချင်းဆို တော်သေးတယ်... ဒီလောက် သန်းခေါင်ကြီးလေတွေ မိုးတွေကြားမှာ တစ်ခုခု ချို့ယွင်းသွားရင် ဒုက္ခ... ကျွန်တော်က ရေလုံး၀ ကူးတတ်တာမဟုတ်ဘူး...ရေထဲကျသွားတာနဲ့ ကျောက်ခဲလို မြုပ်သွားမှာ... မနက်မိုးလင်းမှ ရာသီဥတု လေမိုး အခြေအနေကိုကြည့်ပြီး လိုက်ကြတာပေါ့ဗျာ... အခုလောလောဆယ် ဒီကောင် စိုးမိုးနိုင်ကိုလည်း ဦးငွေရ လက်ထဲအပ်ရဦးမယ်..."

လေးမောင် ရေကို ကြောက်ပုံရသည်။ လုံး၀ ရေမကူးတတ်သောကြောင့် ရေကို အထိတ်တလန့် ကြောက်ရွံ့ခြင်း ဖြစ်နိုင်သည်။ တချို့တော်ရုံတန်ရုံ ရေကူးတတ်သူပင် ပင်လယ်ကမ်းစပ်တွင် ရေဆင်းမကူးရဲ။

စိတ်နှင့်ပတ်သက်ပြီးလူတချို့တွင်အကြောက် အမျိုးမျိုးရှိသည်။ တချို့သည် မြွေကို မကြောက်သော်လည်း တီကောင်တွေ့လျှင် ထွက်ပြေးသည်။ တချို့က ကြွက်တို့ ဖားပြုတ်တို့ကို ကြောက်ကြသည်။ တချို့ကျတော့ အမြင့်ကို



ကြောက်ကြသည်။ အိမ်ခေါင်မိုးပေါ် သစ်ပင်ပေါ်ပင်မတက်ရဲကြ။ လေယာဉ်စီးဖို့ဆိုလျှင် ဝေလာဝေး။

ယခု လေးမောင်ကျတော့ ရေကိုကြောက်သည်။ ဒါကို စိုးမိုးနိုင်က ဦးနှောက်ထဲတွင် မှတ်မှတ်သားသားထားလိုက်ပါ၏။

ထို့ပြင် လေးမောင်၏ တကယ်အာသီသမှာ ကိုဒေဝတို့နောက်ကိုလိုက်ဖို့ထက် စိုးမိုးနိုင်ကို လူသတ်မှုဖြင့် စခန်းမှူးဦးငွေရထံ မြန်မြန်အပ်ချင်သောဆန္ဒရှိနေပုံရသည်။ စိုးမိုးနိုင်အပြင်တွင် လွတ်နေသရွေ့ သူတို့အတွက် အန္တရာယ်ရှိသည်ဟု လေးမောင် ယူဆထားသောကြောင့်ပါပေ။

"စိုးမိုးနိုင်ကို ဦးငွေရလက်ထဲအပ်လို့ မဖြစ်သေးဘူး လေးမောင်... စိုးမိုးနိုင်ဟာ ဆယ်တန်းကျောင်းသားဘ၀ကတည်းက အပျော်တမ်းသင်္ဘောမောင်းနေတာ ငါသိခဲ့တယ်... အခု ဦးမြင့်စီရဲ့ တစ်ယောက်မောင်းသင်္ဘောကို သူ့ကိုပဲမောင်းခိုင်းရမယ်... နောက်ပြီး ဒီကောင်က ပင်လယ်ရေကြောင်းကိုလည်း နားလည်တယ်... ငါ့ညီမ နှင်းဆီတောင် သူ့လောက် သင်္ဘောမောင်းမကျွမ်းဘူး... နောက်တစ်ချက်ရှိသေးတာက ဒေဝတို့သန္တာတို့ဟာ စိန်တွေပြန်ပေးဖို့ ခဲရာခဲဆစ်ဖြစ်နေရင် ဒေဝသိပ်သံယောဇဉ်ရှိတဲ့ ယုယုနဲ့ စိုးမိုးနိုင်ကို စိန်တွေနဲ့ ဖလှယ်ပြီး အလဲအလှယ်လုပ်ချင်လုပ်ရမယ်... ဒါကြောင့် စိုးမိုးနိုင်နဲ့ ယုယုကိုပါ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



သဘော်နဲ့ ခေါ်သွားရမယ်..."

"အိုဗျာ... ခင်ဗျားဟာသာ အခုအချိန်မျိုးကြီးမှာ လိုက်ချင်လိုက် သွားချင်သွား... ကျုပ်ကတော့ မလိုက်ဘူး... မသွားဘူးဘဲ... ခင်ဗျားကြီး သဏ္ဍာန်ဘောကပ်ပြီး ထင်ရာလုပ်ရဲပေမယ့် ကျုပ်ကတော့ ဒီအချိန်နဲ့ ဒီရာသီဥတုမှာ ပင်လယ်ကို မထွက်ရဲဘူးဘဲ..."

"မင်းတကယ် မလိုက်ဘူးလား လေးမောင်..."

ဦးဘာဘာက အေးစက်မာကျောသောအသံဖြင့် လေးမောင်ကို စူးစူးဝါးဝါးကြည့်ကာ မေးမြန်းလိုက်သည်။ သူ့အား အမြဲတန်း ဆရာဘာဘာဟု ခေါ်နေရာမှ ယခုလေးမောင်သည် ခင်ဗျားတွေ ကျုပ်တွေနှင့် ပြန်ပြောလာသည်ကိုလည်း ဦးဘာဘာ ရင်ထဲက ခံပြင်းပါ၏။

"အခု ငါပြောနေတာတွေဟာ ငါ့သဘောနဲ့ငါ ပြောနေလုပ်နေတာမဟုတ်ဘူး... ဆရာကြီးဆီက ဖုန်းနဲ့ဆက်ပြီး အခုငါပြောသွားတဲ့ အစီအစဉ်အတိုင်း လုပ်ဖို့ အမိန့်ပေးညွှန်ကြားတာ... ဒါမှ မင်းငြင်းချင်လည်း ငြင်းပေါ့ လေးမောင်..."

"မဟုတ်နိုင်ဘူး... မဖြစ်နိုင်ဘူး... ဆရာကြီးဆီက ညွှန်ကြားချက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး... စိုးမိုးနိုင်ကို ဦးမြင့်စီ အိမ်ကအထွက် ဘယ်အချိန်က ကျွန်တော် ဖမ်းမိလာတယ်ဆိုတာ ဆရာကြီးမသိဘူး... ဒီတော့ ညတွင်းချင်း ပင်လယ်ထွက်ပြီး လိုက်မယ်ဆိုတာ ဆရာကြီးရဲ့ ညွှန်ကြားချက်အမိန့် မဖြစ်နိုင်



ဘူး..."

"ဒီမှာ လေးမောင် မင်းကို ရှင်းပြတာနဲ့ သဏ္ဍာန်တို့နောက်ကို လိုက်ဖို့ အချိန်တွေ ပိုပြီးနောက်ကျနေပြီ။ ဦးမြင့်စီအိမ်ပေါ်က စိုးမိုးနိုင်ဆင်းလာလို့ မင်းသူ့ကို ဖမ်းမိတာနဲ့ ဆရာကြီးဆီက ဖုန်းချက်ချင်းလာတာ ဒီတော့ မင်းမလိုက်ချင်လည်းနေ... ငါကတော့..."

ဦးဘာဘာ၏ စကားမဆုံးမီမှာပင် တယ်လီဖုန်းသံထွက်ပေါ်လာတော့သည်။ ဦးဘာဘာကပင် ကောက်ယူနားထောင်ပြီး ခွန်းတုန့်ပြန်စကားပြောပါ၏။

"အော်... ဆရာကြီးလား... ဟုတ်ကဲ့... အခုပဲ ဆရာကြီးညွှန်ကြားချက်အတိုင်း ဦးမြင့်စီရဲ့ သဘော်လေးနဲ့ ပင်လယ်ကို ထွက်လိုက်တော့မှာပါ... လေးမောင်ကို ရှင်းပြနေတာနဲ့ ကြာသွားတာပါ... ဟုတ်ကဲ့... သူတို့ဖော်ပါတယ်... ဒေဝနဲ့သဏ္ဍာန်ဟာ မြို့ကြီးကို သွားတာတဲ့... အဲဒါတွေကို လေးမောင်က ဆရာကြီးအမိန့်မဟုတ်ဘူးဆိုပြီး မယုံကြည်ဘူး... သူမလိုက်ဘူးလို့ ပြောနေပါတယ်..."

လေးမောင်သည် ဦးဘာဘာဖုန်းပြောရာသို့ အပြေးအလွှားရောက်လာသည်။ ကိုယ်ဟန်အမူအရာဖြင့် ဆရာကြီးဆီ သူကိုယ်တိုင်ဖုန်းပြောလိုကြောင်း ဦးဘာဘာအားပြသည်။

"ဆရာကြီး... လေးမောင်က ဆရာကြီးနဲ့ သူဖုန်းပြောချင်လို့တဲ့... သူ့ကို ဖုန်းပေးလိုက်ရမလား ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီး..."

ဆရာကြီးဆိုသူထံမှ လေးမောင်ကို ဖုန်းပေးရန် ပြောသည်ထင်။ ဦးဘာဘာက ဖုန်းကိုလေးမောင် အား ပေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာကြီး... ကျွန်တော် လေးမောင်ပါ..."

"အေး... ဒါဆိုနားထောင် လေးမောင် **ရှာတဲ့မိုး ထိုးတဲ့ဆင်** တဲ့... ဒါဆိုမင်း သဘောပေါက် လေးမောင် မင်းနားလည်ပါတယ်နော်... ဦးဘာဘာလုပ်ဆောင်ချက်တွေဟာ ငါ့ရဲ့အမိန့်နဲ့ ညွှန်ကြားချက်တွေပဲ..."

"ဟုတ်... ဟုတ်ကဲ့ပါ ဆရာကြီး... ကျွန်တော် နားလည်သဘောပေါက်ပါပြီ..."

လေးမောင်ခမျာ ပျာပျာသလဲကြီးကိုပင် နားလည်သဘောပေါက်သွားပါ၏။

သူတို့၏ ဆင်ဒီကိတ်ဆရာကြီးသည် တစ်ခါတစ်ရံ (၃)ရက်တစ်ကြိမ် တစ်ပတ်တစ်ကြိမ် သူနှင့်ဆက်သွယ်ရသော နံပါတ်တစ်ခေါင်းဆောင် ဦးဘာဘာနှင့် နံပါတ်နှစ်ခေါင်းဆောင် လေးမောင်တို့အား ယခု **ရှာတဲ့မိုး ထိုးတဲ့ဆင်** ကဲ့သို့ အလားတူ ဆောင်ပုဒ် လျှို့ဝှက်သင်္ကေတစကားပေးထားသည်။ သူ့ထံ ဆက်သွယ်လျှင်လည်းကောင်း သူက ဆက်သွယ်လျှင်လည်းကောင်း ပထမဆုံး နောက်ဆုံးပေးထားသည့် လျှို့ဝှက်သင်္ကေတစကားကို ထုတ်ပြောသည်။ ဒါမှသာလျှင် ဆရာကြီးနှင့် ဆက်သွယ်ရေး အ... အကန့် ဖြစ်စေသောကြောင့်ပင်။



"**ရှာတဲ့မိုး ထိုးတဲ့ဆင်** လျှို့ဝှက်သင်္ကေတမှာ ယနေ့ မနက်ပိုင်းကမှ ဆရာကြီးပေးထားသော လျှို့ဝှက်သင်္ကေတ ပူပူနွေးနွေးအသစ်ဖြစ်သည်။

ထို့ကြောင့် ဆရာကြီး၏ အမိန့်ညွှန်ကြားချက်မှန်း လေးမောင်အဖို့ သေချာသွားသဖြင့် ဆရာကြီးဆိုသူအား ပျာပျာသလဲ ပြန်ပြောနေခြင်း ဖြစ်တော့သည်။

ဤလျှို့ဝှက်သင်္ကေတကို ဦးဘာဘာနှင့် လေးမောင်သာ သိရပြီး ကျော်နီတို့လို နှင်းဆီတို့လို အဆင့်ငယ်များ မသိရပေ။

"မင်း... နားလည်သဘောပေါက်တယ်ဆိုရင် လုပ်စရာတွေကို ဆက်လုပ် လေးမောင်... မင်းကို ငါ တစ်ဆင့်ထပ်တက်ပေးဖို့ စဉ်းစားနေတယ်... ကြိုးစား ကြိုးစား... ဒါပဲ..."

"ဟုတ်ကဲ့ပါ ဆရာကြီး... အခုချက်ချင်းဆရာကြီး အမိန့်ပေး ညွှန်ကြားချက်အတိုင်း ကျွန်တော်လုပ်ပါ့မယ်..."

ဒီနောက်မှာတော့ လေးမောင် သွက်သွက်ကြီး လှုပ်ရှားပေတော့သည်။

စိုးမိုးနိုင်ကို ချည်နှောင်ထားသော ကြိုးများကို လျင်မြန်စွာ ဓါးဖြင့် ဖြတ်ပေးသည်။

ကျော်နီမောင်းသော မော်တော်ကားကြီးပေါ်သို့ ဦးဘာဘာ၏ ဘီးတပ်ကုလားထိုင်တင်ပြီး ဦးဘာဘာကို တင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်စီနှင့် ဆက်သွယ်ခါ တစ်ထပ်သဘော်လေး ယူသွားမည့်အကြောင်း ဖုန်းဆက်ပြောသည်။

ပြီး... သဘော်လေးဆိုက်ကပ်ထားရာ ကမ်းသို့ ကားမောင်းထွက်ခဲ့တော့သည်။

ကားပေါ်တွင် ယုယုသည် သူမ၏ ချစ်လှစွာသော ကိုကိုနိုင်၏ နှုတ်ခမ်းမှ သွေးစများကို သူမ၏ လက်ကိုင်ပုဝါလေးနှင့် သုတ်ပေးနေသည်။ ကြင်နာပါပေ၏။

ယုယု၏ အကြင်နာကိုပင် စိုးမိုးနိုင်သည် မခံစားနိုင်ဘဲ ဦးဘာဘာနှင့် လေးမောင်တို့၏ ဆင်ဒီကိတ်ဆရာကြီး ဆိုသူ၏ အကြောင်းကို တွေးနေမိသည်။

ဦးမြင့်စီအိမ်မှ မိမိထွက်လာစဉ် လေးမောင်နှင့်ဂျော်နီက ယုယုကို အလျင်စီးထားမိပြီးသည်နှင့် ဆင်ဒီကိတ်ဆရာကြီးက ဦးဘာဘာထံသို့ ပင်လယ်ထွက်ပြီး ကိုဒေဝတို့နောက်သို့ မိမိနှင့်ယုယုပါ ခေါ်ဆောင်ပြီးသွားရန် ညွှန်ကြားချက်ပေးသည်ဟု ဆိုသည်။

ဆရာကြီးဆိုသူသည် ဒိဗ္ဗစက္ခုဉာဏ် ရနေသော သူတော်မဟုတ်တန်ရာ။ သူ့ကိုယ်သူ လျှို့ဝှက်ထားသဖြင့် ယင်းဆရာကြီးသည် ဘယ်သူဘယ်ဝါမှန်း မည်သူမျှ မသိနိုင်ကြသေး။

ဆင်ဒီကိတ်ဆရာကြီးဆိုသူမှာ ယခုလက်ရှိ ဦးဘာဘာတို့ အသိုင်းအဝိုင်းထဲမှ လူတစ်ယောက်ယောက်ဖြစ်ခြိမ့်မည်။

ဒါကြောင့်လည်း ဦးဘာဘာတို့ လှုပ်ရှားသမျှ



ဖြစ်နေသမျှ ပျက်နေသမျှကို ထိုဆရာကြီးက အတွင်းကျကျသိနေခြင်း ဖြစ်ရမည်။

ဥပမာဆိုလျှင် ဆရာကြီးဆိုသူက သူ့ကိုယ်သူမှောင်ထဲတွင် ပုန်းကွယ်ပြီး အလင်းတွင် ဦးဘာဘာတို့ လှုပ်ရှားနေသမျှ မှန်ဘီလူးဖြင့်ကြည့်ပြီး သူကဘာမဆို မြင်ခြင်း သိခြင်းဖြစ်စေကာမူ ဦးဘာဘာတို့ လေးမောင်တို့က မှောင်ထဲမှ မှန်ဘီလူးဆရာကြီးအား မမြင်မသိဖြစ်နေခြင်းမျိုး ဖြစ်နိုင်သည်။

ယနေ့ည ဖြစ်ပျက်ခဲ့သမျှပေါ် မူတည်ပြီး ဆရာကြီးဆိုသူမှာ မည်သူမည်ဝါ ဖြစ်အံ့သည်ဟု အဖြစ်အပျက်လေးတွေ ဆက်စပ်ခါ စိုးမိုးနိုင် ခန့်မှန်းကြည့်သည်။

စိုးမိုးနိုင်၏စိတ်ထဲတွင် အဆက်အစပ်တွေကို ဆက်စပ်ကြည့်ပြီး ဆင်ဒီကိတ်ဆရာကြီးဆိုသူမှာ ရှေ့နေဦးမြင့်စီဟူ၍ ခန့်မှန်းလိုက်မိသည်။

ဦးမြင့်စီသည် ဥပဒေရေးရာတွင် ကျွမ်းကျင်သည်။ မြင်သာဇာတိမို့ မြင်သာနှင့် အနီးတစ်ဝိုက်တွင် အပ်ကျသည်ကစပြီး သိရှိသည်။ ရှေးဖြစ်နောက်ဖြစ်တွေကိုလည်း သိရှိထားသည်ပင်။ ကိုဒေဝ၏ မိဘများနှင့်လည်း ရင်းနှီးသိကျွမ်းခဲ့ပြီး ကိုဒေဝနှင့်စိုးမိုးနိုင် အောင်ဒေဝဟိုတယ် ထောင်ခဲ့သည်မှအစ ယနေ့အောင်ဒေဝဟိုတယ်၏ အခြေနေမှန်တွေကိုလည်း ဦးမြင့်စီ သိထားသည်ပင်။

ကိုဒေဝ, ယုယုနှင့် မိမိတို့၏ အရည်အသွေးကိုလည်း ဦးမြင့်စီက ဘယ်သူသည် ဘယ်လိုဆိုသည်များ



www.burmeseclassic.com

www.burmeseclassic.com



သိထားပြီး ဖြစ်သည်။

သားကောင်၏ ခြေလှမ်းစရိုက်နှင့် အရည်အသွေးကို သိထားပြီးသောကျားသည် မည်သည့်သားကောင်ကို မည်သို့ ခုန်အုပ် ဖမ်းဆီးရမည့် အထာတွေကို သိနားလည်ပြီး ဖြစ်နေသည်သာ။

ယခုလည်းကြည့်။

တခြား ချော်တွေးစရာမလို။

စိုးမိုးနိုင်အနေနှင့် မြင့်သာရောက်ပြီးသည်နှင့် အကျဉ်းအကြပ် ပြဿနာအမျိုးမျိုး တွေ့လာသည်ကို မိမိကိုယ်အား မော်လမြိုင်ရှိ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေလက်တွင် အပ်ပြီး မြင့်သာ၏ အဖြစ်မှန်တွေ တင်ပြတော့မည်မှန်း ဦးမြင့်စိ သိရှိသည်။

ထိုရောအခါ - အောင်ဒေဝဟိုတယ်၏ ဇစ်မြစ်တည်ထောင်ခဲ့ပုံနှင့် နောက်ပိုင်း ဦးဘာဘာတို့ တဖြည်းဖြည်း အပိုင်စီးပုံတွေကို သက်ဆိုင်ရာတွေထံ တင်ပြနိုင်ရေးအတွက် အထောက်အထား စာချုပ်စာတမ်း စာရင်းအင်း သက်သေများနှင့်တကွ တင်ပြရမည်မှန်း ဦးမြင့်စိသိသည်။ ထို စာရွက်စာတမ်းတွေ ရရှိဖို့အတွက် စိုးမိုးနိုင်သည် သူ့ထံသို့ ရောက်လာမည်ကိုလည်း ဦးမြင့်စိ တင်ကြိုတွက်ပေမည်။

သူ့ဆီရောက်လာပြီး ပြန်ထွက်သွားသည်နှင့် လေးမောင်ကို လက်ထဲသို့ ပြန်မိသွားစေရန်လည်း ဦးမြင့်စိ စီစဉ်နိုင်ခဲ့သည်။ ထို့ကြောင့် ဦးဘာဘာထံလှမ်း၍ ဖုန်းဆက်





ိုင်သည်ပဲ ဖြစ်ရမည်။

မဟုတ်မှလွဲရော...

ဆင်ဒီကိတ်အဖွဲ့၏ ဆရာကြီး ဆိုသူမှာ ဦးမြင့်စိ"ပင် ဖြစ်ရပါလေမည်သာ။

စိုးမိုးနိုင်တွေးရင်း မိမိမျက်နှာတွင် လေးမောင်၏ လက်ဝါးချက်၊ လက်သီးချက်များဖြင့် ဖူးယောင် ညိုမည်းနေသည်များကို ကြင်နာယုယစွာ အာငွေ့ဖြင့် ကျပ်ပူတိုက်ပေးနေသည့် ယုယု၏ လက်လေးကို ညင်သာစွာကိုင်ဆိုက်ပြီး တိုးတိုးလေး ယုယုအား ပြောလိုက်သည်။

"အခု ကိုကိုနိုင်တို့ ကိုဒေဝတို့ ဖြစ်ပျက်ခံစားနေရတဲ့ ပြဿနာတွေမှာ ဦးဘာဘာနဲ့ လေးမောင်က အဓိက မဟုတ်ဘူးယု... အဓိကပုဂ္ဂိုလ်ဟာ ဦးဘာဘာနဲ့ လေးမောင် သိပ်ကြောက်ရွံ့ရိုသေနေရတဲ့ "ဆရာကြီး" ဆိုတဲ့လူပဲ... အဲဒီဆရာကြီးဆိုတဲ့လူကို ကိုကိုနိုင်တို့က အပြတ်လှဲနိုင်မှ ပြဿနာတွေ ပြီးစီးအေးငြိမ်းမယ် ယု..."

"ဒါဆို... အဲဒီဆရာကြီးက ဘယ်သူလဲဟင်..."

အဲဒီဆရာကြီး ဘယ်သူဆိုသည်ကို စိုးမိုးနိုင် ဆက်စပ်တွေးဆထားမိသော်လည်း ယု၏မေးခွန်းကို မဖြေပါလေ။

အကြောင်းမှု မိမိယုအား ပြောပြနေသည်ကို ဦးဘာဘာရော၊ နှင်းဆီရော၊ လေးမောင်ရော နားစွင့်နေမှန်း စိုးမိုးနိုင် ရိပ်မိသောကြောင့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လေးမောင်က ပြောဖူးပါ၏။

ဆရာကြီးဆိုသူမှာ ဘယ်သူဘယ်ဝါမှန်း သိအောင် မကြိုးစားလေနှင့် စိုးမိုးနိုင် အသက်ငယ်ငယ် ရုပ်ချောချောနှင့် မသာပေါ်သွားမည်။ ဆရာကြီးကို ဘယ်သူဘယ်ဝါမှန်း သိသွားတဲ့သူဟာ မိနစ်ပိုင်း နာရီပိုင်းအတွင်းမှာပင် မြေလျှိုးမိုးပျံသလား ထင်မှတ်ရအောင် ပျောက်သွားတတ်သည်ဟူ၍။

လေးမောင်ပြောခဲ့သော စကားကို ပြန်တွေးရင်း စိုးမိုးနိုင် ပြုံးမိပါ၏။ ပြီး ယုယုမေးသည်ကို ဖြေကြားလိုက်သည်။ ဦးဘာဘာတို့ လေးမောင်တို့ ကြားလောက်စေသော အသံဖြင့်ပင် ဖြေကြားခြင်း ဖြစ်ပါ၏။

"အဲဒီ ဆရာကြီးဆိုတာ ဘယ်သူဘယ်ဝါမှန်း ကိုကိုနိုင် မသိသေးဘူး ယု... ဒါပေမယ့် ကိုကိုနိုင့် အနေနဲ့ ယုကို ခိုင်ခိုင်မာမာ တစ်ချက်တော့ ပြောလိုက်ပါ့မယ် အဲဒီဆရာကြီးဟာ ဘယ်သူဘယ်ဝါရယ်လို့ ကိုကိုနိုင်သိတဲ့နေ့ဟာ ကိုကိုနိုင်သေသွား ပျောက်ကွယ်တဲ့နေ့ဖြစ်သွားမလား..."

စိုးမိုးနိုင်က ဆက်မပြောသေးဘဲ စကားတို တစ်ထောက်နားကာ ဦးဘာဘာ, လေးမောင်နှင့် နှင်းဆီတို့ကို တစ်ယောက်စီ လိုက်ကြည့်လိုက်သည်။ သူတို့ (၃)ဦးစလုံး တောက်ပသော မျက်လုံးများဖြင့် စိုးမိုးနိုင်ဆက်ပြောမည့် စကားကို နားစွင့်နေမှန်း သေချာကြောင်း စိုးမိုးနိုင် အကဲခတ်မိသည်။ သူတို့အနေနှင့်ကတော့ ဘာတစ်ခွန်းမျှ



ဝင်မပြောဘဲ စိုးမိုးနိုင် ဆက်ပြောမည်ကိုသာ စိတ်ဝင်တစား နားစွင့်နေကြခြင်း ဖြစ်ပါ၏။

စိုးမိုးနိုင်က ဆက်ပြောသည်။

"အဲဒီဆရာကြီးကို ဘယ်သူဘယ်ဝါရယ်လို့ သိတဲ့နေ့မှာ ကိုကိုနိုင် မသေမပျောက်ဘူးဆိုရင်တော့ အဲဒီဆရာကြီးဟာပဲ သေဆုံးတဲ့ နေ့ဖြစ်ရမယ်... ဒါမှမဟုတ် အဲဒီ ဆရာကြီးဆိုတဲ့လူကို ပြစ်မှုတွေတစ်သီကြီးနဲ့ သက်ဆိုင်ရာက ဖမ်းဆီးတဲ့နေ့ ဖြစ်သွားမယ် ယု... သူတို့တည်ထောင်ထားတဲ့ ဆင်ဒီကိတ်အဖွဲ့ကြီးလည်း လုံးဝပြိုကွဲပျက်သုန်းတဲ့နေ့ ဖြစ်ရမယ်..."

"ထို..."

စိုးမိုးနိုင်၏ စကားအဆုံးဝယ် လေးမောင်ထံမှ တံတွေးမပါသော ထွေးလိုက်သည့် အသံဆတ်ဆတ်ကို ကြားလိုက်ရပါ၏။

✳❁✳❁✳❁✳❁

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဂျော်နီသည် ကမ်းနားရှိ တစ်ထပ်သင်္ဘော
လေးဆီသို့ ရောက်ပြီးသည်နှင့် ကားကိုပြန်မောင်းထွက်
သွားသည်။ ဤပင်လယ်ခရီးလမ်းသို့ ဂျော်နီကိုမခေါ်
ထားခဲ့သည်။

အောင်ဒေဝဟိုတယ်တွင် ဦးဘာဘာလည်း
မရှိ၊ လေးမောင်လည်း မရှိချိန်တွင် နေ့စဉ်ဟိုတယ်
နိုင်ရေးအတွက် ဂျော်နီက စီမံကွပ်ကဲရမည် ဖြစ်သည်။

အားလုံး ဦးဘာဘာ၊ မနှင်းဆီ၊ လေးမော
စိုးမိုးနိုင်၊ ယုယုတို့ ငါးယောက် ဦးမြင့်စီ၏ တစ်
သင်္ဘောပေါ်သို့ရောက်ကြပြီ။

ဦးဘာဘာက ခေါင်းဆောင်ကြီးပီပီ သေ
မကိုင်ပေ။ လိုအပ်လျှင် တပည့် သေနတ်ကိုင်တွေရှိ
စေခိုင်းသူမို့ သေနတ်မကိုင်ခြင်း ဖြစ်သည်။

လေးမောင်လက်ထဲတွင် သေနတ် (



ပင်ရှိနေပါ၏။ သူ့ကိုယ်ပိုင်တစ်လက်နှင့် စိုးမိုးနိုင်ထံမှ
သိမ်းထားသော သေနတ် စုစုပေါင်းနှစ်လက်ဖြစ်နေသည်။

ဆိုးဆိုးဝါးဝါး ရာသီဥတုထဲမှာပင် စိုးမိုးနိုင်
က တစ်ယောက်မောင်း တစ်ထပ်သင်္ဘောလေးကို မောင်း
ကာ ကမ်းမှခွာခဲ့သည်။

ဦးဘာဘာက ဘီးတပ်ကုလားထိုင်ပေါ်မှာပင်
ထိုင်၍ လိုက်ပါလာသည်။

မနှင်းဆီကတော့ သူမဖာသာ သင်္ဘော သီး
သန့်ခန်းထဲ ဝင်နေသည်။

လေးမောင်ကတော့ သေနတ်နှစ်လက် ခါး
ကြားထိုးပြီး ဟိုနေရာထိုင်လိုက် ဒီနေရာထိုင်လိုက် လမ်း
လျှောက်လိုက် ဖြစ်နေသည်။

ယုယုက ပဲ့ကိုင်ကွင်းကိုကိုင်၍မောင်းနေသည့်
သူမ၏ ကိုကိုနိုင်ဘေးတွင် ကပ်ထိုင်နေရှာပေသည်။

"ယု... သိပ်ပင်ပန်းနေပြီ... တစ်ရေးလောက်မှေးလိုက်
ပါလားယု... စိတ်ပင်ပန်းလူပင်ပန်းကြားထဲက အိပ်
ရေးပျက်ပြီး ယု နေထိုင်မကောင်းဖြစ်နေဦးမယ်..."

"ဟင့်အင်း... ကိုကိုနိုင်အိပ်မှ ယုယုလည်း အိပ်မှာ
ပေါ့..."

"အော်... ယုလေးရယ်..."

စိုးမိုးနိုင်က ယု၏ ပခုံးလေးကို ညင်သာစွာ
လက်တစ်ဘက်ဖြင့် ပွေ့လိုက်ရင်း သင်္ဘောပဲ့ကိုင်ကွင်းကို
ဘယ်ဘက်မှ ကိုင်ရင်းမောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုယုက သူမကိုကိုနိုင်၏ ပုခုံးတစ်ဘက်တွင် သူမ၏ ဦးခေါင်းလေးကို မှေးတင်ရင်း မေးမြန်းလိုက်သည်။

"ယုတို့ အခုဘာဆက်လုပ်ကြမလဲ ကိုကိုနိုင်..."

"အဲဒါကိုပဲ ကိုကိုနိုင်လည်း စဉ်းစားနေတယ်... အခု လက်ရှိ အခြေအနေမှာ အန္တရာယ် အကြီးဆုံးက လေးမောင်ပဲ... သူ့လက်ထဲမှာ သေနတ်နှစ်လက်ရှိနေတယ်... ကိုကိုနိုင်က မိုက်မိုက်ကန်းကန်းလုပ်ဆို လုပ်လို့ရတယ်... ဒီသင်္ဘောကို ကျောက်ဆောင် တစ်ခုနဲ့ ထိုးတိုက်ပြီး သင်္ဘောပေါ်က ခုန်ချပြီး ကမ်းဘက်ကို ကိုကိုနိုင် ကူးသွားနိုင်တယ်... ဒါပေမယ့် ယုပါ ပါနေတော့ ကိုကိုနိုင် အဲဒီလိုလုပ်ရင် ကိုကိုနိုင်အတွက် မထောင်းတာပေမယ့် ယုအတွက် စိုးရိမ်စရာဖြစ်နေတယ်... ယုကိုထားခဲ့ပြီး ကိုကိုနိုင်ဘယ် လွတ်ရန်းသွားနိုင်မှာလဲ ယု..."

"ဟုတ်တယ်နော်... ယုယုဟာ ကိုကိုနိုင့်အတွက် တကယ့်ဂြိုလ်ဆိုးမလေးပဲ... ဟိုတယ်ပေါ်မှာ တုန်းကလည်း ကိုလေးမောင်က ကိုကိုနိုင့်ကို ထိုးကျိတ်ပြီး မေးတာကို လုံးဝမဖြေဘဲ တောင့်ခံထားတယ်။ ကိုလေးမောင်က ယုကို ထိုးမယ်နက်မယ် လုပ်တာနဲ့ ကိုကိုနိုင်က အစ်ကိုဒေဝနဲ့ မသန္တာတို့ မြို့ကြီးသွားမှာကို ဖော်ပေးလိုက်တယ်။ ယုယုကို ဒီလောက်ကြီးတောင် ငဲ့ညှာကြင်နာရသလား ကိုကိုနိုင်ရယ်..."



"သိပ်ချစ်တာကိုး သိပ်ကြင်နာတာပေါ့... ယုကကော ကိုကိုနိုင့်ကို တအားပြန်ချစ်ရဲ့လားဟင်..."

"အင်း... ကိုကိုနိုင်ကလည်း..."

"အင်းတွေ... အက်တွေ လုပ်မနေနဲ့... ကိုကိုနိုင်မေးတာသာဖြေပါ ဒီလောက်ချစ်ကြမှတော့ ရှက်တာတွေ ဘာတွေ မရှိနဲ့တော့..."

"ချစ်တာပေါ့... ကိုကိုနိုင့်ကို ယုယုတစ်အားကြီး အရမ်းကြီးကို ချစ်တာပေါ့... ယုတစ်သက်မှာ ကိုကိုနိုင် တစ်ယောက်ကိုသာ အဲဒီလောက်ကြီး ချစ်ဖူးတာ ဟိုတုန်းက ကိုကိုနိုင်အဝေးရောက်နေပြီး စာအဆက်အသွယ်နဲ့တုန်းက စိတ်ကူးနဲ့မှန်းပြီး ကိုကိုနိုင့်ကို ချစ်ရတာ... အခု ကိုကိုနိုင်နဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့ရုံမကဘူး... ကိုကိုနိုင်က ယုယုကို သိပ်ကြင်နာမှန်း သိပ်ချစ်မှန်း သိရလေ ယုယုက ပြန်ပြီး ကိုကိုနိုင့်ကို ချစ်ရလေပေါ့ ကိုကိုနိုင်..."

စိုးမိုးနိုင်က ယုယုအား တင်းတင်းကျပ်ကျပ် ...းပင် ဖက်ထားလိုက်မိပြန်သည်။ ပါးချင်းလည်း ကပ် ...သားပါ၏။

ယုယုကလည်း သူမ၏ လက်တစ်ဘက်ဖြင့် ...ိုးနိုင်၏ ကျောပြင်ကျယ်ကြီးကို မမိမကမ်း ပြန်ဖက်ထား ...သည်။

"ကိုကိုနိုင် တစ်ခုသတိထားမိလားဟင်..."

"ဘာကို သတိထားမိရမှာလဲ ယု..."

www.burmeseclassic.com

www.burmeseclassic.com



"ဦးဘာဘာနဲ့ ကိုလေးမောင်ရဲ့ ဆက်ဆံရေးကို
အစ်ကိုကြီးဒေဝနဲ့ မသန္တာတို့ ထွက်ပြေးသွားပြီး
သူတို့ဆရာတပည့်ဆက်ဆံရေးဟာ တင်းမာလာ
ပုံပဲ။ မသန္တာလက်ထဲကို သူတို့အဖွဲ့ပိုင်စိန်တွေ
သွားတာကို ကိုလေးမောင်က တော်တော် မ
မနပ် ဖြစ်နေတဲ့ပုံပဲ..."

ဂင်းအခြေအနေကို စိုးမိုးနိုင်ကိုယ်တိုင်လည်း
အကဲခတ်မိပါ၏။ လေးမောင်သည် ဦးဘာဘာအား ယ
ကလို လေးစားမှုမရှိတော့။ ဆင်ဒီကိတ်ဆရာကြီးက
တွေပါသွားပြီးနောက် ဦးဘာဘာထက် ကိုလေးမောင်ကို
အရေးပေးသောကြောင့် လေးမောင်က ဦးဘာဘာကို
လေးစားတွေ ဖြစ်လာသည်ဟု စိုးမိုးနိုင် ထင်မိသည်။

"ဟုတ်တယ် ယု... အဲဒါ ကိုကိုနိုင်လည်း အကဲ
မိတယ်... ကောင်းတယ်... သူတို့နှစ်ယောက်
အခြေအနေဖြစ်လာတာ ကိုကိုနိုင်တို့ လွတ်မြော
ရာဖို့အတွက် ပိုကောင်းတယ်..."

"ယုယုတော့ မထင်ဘူး ကိုကိုနိုင် သူတို့ချင်း
မြတ်တာက တခြား... ကိုကိုနိုင်နဲ့ ယုယုတို့ကို
ခြေမပြတ် ဂရုစိုက်ကြည့်နေတာက တခြားပဲ
ထူးသဖြင့် ကိုလေးမောင်က ပိုပြီးတောင် ယု
နှစ်ယောက်ကို မျက်ခြေမပြတ်ကြည့်နေသေးတယ်
ယုယုတော့ တွေးမိတယ်... ကိုကိုနိုင်..."

"ယုက ဘယ်လိုတွေးမိတာလဲ..."



"စဉ်းစားကြည့်လေ ကိုကိုနိုင်... ဆင်ဒီကိတ်ရဲ့ အကွက်ချပုံက ဒီညမှာပဲ အစ်ကိုကြီးဒေဝကို သူ့ကိုယ်သူ သတ်သေတဲ့ ပုံစံဖြစ်အောင် ဖန်တီးတယ်... နောက်ထပ် ကိုကိုနိုင့်ကို ကိုလှိုင်ဘွား သတ်မှုနဲ့ ဦးငွေရလက်ကိုအပ်ဖို့ အကွက်ချခဲ့ပြန်တယ်။ အခုတစ်ခါ ကိုကိုနိုင့်ကို ဦးငွေရလက်ထဲ မအပ်ဘဲ သဘောမောင်းဖို့ရော ဘာရောနဲ့ ယုယုကိုပါကိုကိုနိုင်နဲ့အတူ ခေါ်လာတယ်... ဆင်ဒီကိတ်ရဲ့ သဘောက တစ်ကွက်ပြီးတစ်ကွက် အကွက်ပြောင်းပစ်တယ်... ယုယုစိတ်ထင်တော့ မသန္တာနဲ့အစ်ကိုကြီးဒေဝဆီက စိန်တွေ လွယ်လွယ်ကူကူ ပြန်မရရင် ယုနဲ့ကိုကိုနိုင်ကို ဓားစာခံလုပ်ပြီး စိန်တွေနဲ့ ဖလှယ်ဖို့ ထပ်ဆင့်အကွက်ချပြီး ယုယုတို့နှစ်ယောက်ကို အပါခေါ်လာတာဖြစ်မယ်... ဆင်ဒီကိတ်အနေနဲ့ မြင်သာမှာသာတွင်ကျယ်မီးသေတာ မြို့ကြီးကျတော့ ဦးဘာဘာရော ဆင်ဒီကိတ်ရော မြင်သာမှာလို မီးသေတာမှ မဟုတ်တာ..."

မှန်၏။ ယု၏ အတွေးအခေါ် မှန်သည်ဟု စိုးမိုးနိုင် ယူဆပါ၏။ အကယ်၍သာ ကိုဒေဝနှင့် မသန္တာလက်ထဲသို့ သူတို့အဖွဲ့ပိုင် စိန်တွေသာ မပါသွားပါက ဆင်ဒီကိတ်သည် ကိုဒေဝတို့နောက်သို့ မလိုက်စေတော့ဘဲ မိမိစိုးမိုးနိုင်ကိုသာ လှိုင်ဘွားသတ်မှုဖြင့် ဦးငွေရလက်ထဲအပ်မည်မှာ သေချာသည်။ မိမိအပြင်တွင် လွတ်လွတ်လပ်လပ်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသရွေ့ အောင်ဒေဝဟိုတယ်ကို အပိုင်ရရှိရေးတွင်လည်းကောင်း၊ အောင်ဒေဝဟိုတယ် ဆက်လက်ဖွင့်ထားခြင်းတွင် မိမိက အမျိုးမျိုး အနှောင့်အယှက် ပေးနိုင်သောကြောင့်လည်းကောင်း၊ လူသတ်မှုဖြင့် မိမိကို ဖမ်းဆီးစေမည်သာ ဖြစ်ပါ၏။

"မသန္တာရဲ့ ပထမအစီအစဉ်မှာ ဆင်ဒီကိတ်က စိန်တွေကို ခိုးယူသွားဖို့ အစီအစဉ်မပါဘူး ယူ... ဒါကြောင့် ကိုကိုနိုင်ဆီက ငွေငါးထောင်ကော လောလောဆည် စရိတ်အတွက် သူတောင်းခဲ့သေးတာပဲ။ သူ့လက်ဝတ်ရတနာတွေတောင် ဖြုန်းခနဲ ထုခွဲရမှာ ခက်မှန်းသိထားတဲ့ မသန္တာက အင်မတန် ထုခွဲဖို့ ခက်ခဲတဲ့ စိန်တွေကို ဘယ်လိုစိတ်ကူးထပ်ပေါက်ပြီး ယူသွားတာလဲ..."

"အစ်ကိုကြီးဒေဝနဲ့ မသန္တာကို စိန်တွေခိုးယူခဲ့ဖို့ အခါပေး ဦးပုညလုပ်လိုက်တာက ဦးထိန်ဝါကြီးပဲ ကိုကိုနိုင်... မသန္တာက ရိုးရိုးအေးအေးလေးပဲဟာ... ဒီလိုလုပ်ရဲတဲ့အထိ သတ္တိမရှိပါဘူး..."

"ဟုတ်လား... ဦးထိန်ဝါက ဘယ်လိုဦးပုညလုပ်လိုက်တာလဲယု..."

"အောင်ဒေဝဟိုတယ်ကို အစ်ကိုကြီးဒေဝဆီက အပိုင်ဝယ်ပြီးတာနဲ့ ဦးထိန်ဝါကြီးလည်း ရာထူးကျသွားတယ်ဆိုပါတော့... ဟိုတုန်းကတော့ အစ်ကိုကြီးဒေဝက ဦးထိန်ဝါကို ဟိုတယ်ရှေ့ပိုင်းမှာ အစ်ကိုကြီးဒေဝ



ရဲ့ လက်ထောက်အနေနဲ့ နေရာပေးထားတယ်... ဦးဘာဘာက အစ်ကိုကြီးဒေဝဆီက ရှယ်ယာကိုဝယ်ပြီးတာနဲ့ အောင်ဒေဝဟိုတယ်ကို သူတို့ဝင်ကိုင်ပြီး ဦးထိန်ဝါကို နောက်ပိုင်းစဖိုမှူးနေရာကို ပို့လိုက်တယ်လေ... အဲဒီထဲက ဦးထိန်ဝါရဲ့ရင်ထဲမှာ မကျေမနပ်ဖြစ်ခဲ့လို့ နေမှာပေါ့... နောက်ပြီး ဦးထိန်ဝါက အောင်ဒေဝဟိုတယ်ကြီးတစ်ခုလုံးကို အသေးစိတ်သိထားတဲ့သူပဲ... ဦးဘာဘာဟာ အရင်တုန်းက အစ်ကိုကြီးဒေဝသုံးခဲ့တဲ့ ဟိုတယ်ပိုင် မီးခံသေတ္တာကိုပဲ ပြန်သုံးတယ်... ဒီတော့ ဒီမီးခံသေတ္တာသော့အကြောင်း ဦးထိန်ဝါက သိနေတယ်... သော့တူလုပ်ပြီး မသန္တာကိုပေးတယ်... မသန္တာက သွားခါနီး ဦးဘာဘာအလစ်မှာ မီးခံသေတ္တာသော့ဖွင့်ပြီး စိန်တွေကို ယူလိုက်တာပဲ... နောက်ပြီး အစ်ကိုကြီးဒေဝနဲ့ မသန္တာကို မြို့ကြီးကတစ်ဆင့် အရှေ့ဘက် တခြားနိုင်ငံအထိ ကူးသွားပြီးသွားနေဖို့ တိုက်တွန်းတယ်... ဒီပြည်ထဲမှာပဲဆက်နေရင် ဦးဘာဘာတို့ လေးမောင်တို့ ရန်က မအေးဘူးမဟုတ်လား... ဒီတော့ မီးခံသေတ္တာထဲက မြန်မာငွေစက္ကူတွေကလည်း ဒီပြင်နိုင်ငံမှာ မလွယ်ဘူး... ရွှေချောင်းတွေကလည်း လေးလံလို့ မသန္တာ မသယ်နိုင်ဘူး... ဒါကြောင့် အဖိုးတန်ပြီး ဝန်ပေါ့တဲ့ စိန်တွေကို ယူခိုင်းတာ... တခြားနိုင်ငံရောက်သွားရင် စိန်တွေထုခွဲဖို့လည်း မခက်ခဲတော့ဘူးတဲ့လေ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်..."

"မသန္တာက ယုကို အဲဒီအတိုင်း ပြောပြသလား..."

"ဟုတ်တယ်... မသန္တာက ယုယုကို အဲဒီအတိုင်း ပြောပြခဲ့တယ်... သူ့ဖာသာ အလိုအလျောက်ပြောတာတော့ မဟုတ်ဘူး... သူ့လက်ထဲမှာ စိန်ထည့်တဲ့ယွန်းသေတ္တာလေးကို ပိုက်ထားတာ ယုတွေ့လို့ သူကဖွင့်ပြောတာ..."

စိုးမိုးနိုင်သည် ယုယုပြောသည်ကို အလေးအနက် စဉ်းစားတော့သည်။ စဉ်းစားပြီး စောဒကတစ်ခုလည်း တက်ချင်မိသည်။ ဦးထိန်ဝါသည် သူ၏လက်ထဲတွင် မီးခံသေတ္တာသော့တူ အတုရှိနေပါလျက် သူ့အတွက်တော့ စိန်တွေကိုဖွင့်မယူဘဲ မသန္တာကို သော့တူပေးကာ အဘယ်ကြောင့် မသန္တာအတွက် ယူစေခဲ့သနည်း။

"ကိုကိုနိုင် စဉ်းစားနေတယ်... ဦးထိန်ဝါဟာ သူကိုယ်တိုင် ဦးဘာဘာတို့ လေးမောင်တို့ကို မကျေနပ်နေတဲ့လူပဲ... သူ့ဟာသူတော့ စိန်တွေကိုမယူဘဲ မသန္တာကို ဘာလို့သော့တူပေးပြီး ယူစေတာလည်းဆိုတာ စဉ်းစားပြီး ဘဝင်မကျချင်ဘူး ယု..."

ယုယုက လွယ်လွယ်ကူကူပင် ဖြေပါ၏။

"ဒါတော့ ဦးထိန်ဝါလို နောက်ဘက်စားဖိုဆောင်မှာ ထားတဲ့လူတစ်ယောက်အတွက် ဦးဘာဘာရဲ့အခန်းထဲကို ဘယ်လိုဝင်ခွင့်ရမှာလည်း ကိုကိုနိုင်... ကိုကျော်နီက ဦးဘာဘာရဲ့ အခန်းတံခါးဝမှာ ဆည်ဝက မှိုင်း



တစ်ကောင်လို အမြဲစောင့်နေတာ... အဲ... မသန္တာကျတော့ ဦးဘာဘာအခန်းထဲကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်... ကိုကျော်နီ ဘာပြောရဲမှာလဲ၊ မသန္တာကို ဦးဘာဘာက သိပ်အရေးပေးထားမှန်း ကိုကျော်နီတို့ သိနေကြတာပဲ... ဒါကြောင့် ဦးထိန်ဝါက မသန္တာကို ယူစေဖို့ အကြံပေးပြီး သော့ပေးတာပေါ့... ဦးထိန်ဝါအနေနဲ့ သူ့အတွက်ရတာ မရတာ ပဓါန မဟုတ်ဘဲ ဦးဘာဘာတို့ အကျိုးထိခိုက်ရင် တော်ပြီဆိုတဲ့သဘောရှိချင် ရှိနေမှာပေါ့ ကိုကိုနိုင်။ အခုလည်း ဦးထိန်ဝါတွက်တဲ့အတိုင်း ဆင်ဒီကိတ်က စိန်တွေပါသွားတဲ့အတွက် ဦးဘာဘာအပေါ်မှာ ကျေနပ်ပုံမရဘူး... ဒါကြောင့် စိန်တွေပြန်ပြီး ရရှိရေးမှ ဆင်ဒီကိတ်က ကိုလေးမောင်ကို မြှောက်စားလိုက်ပြီး ဦးဘာဘာကို နှိမ်လိုက်သလားမှ မသိတာ... ဒါကြောင့် ကိုလေးမောင်ဟာ ချုံကြွနေတာ ဖြစ်မှာပေါ့ ကိုကိုနိုင်..."

"ဘယ်ဆိုးလို့လဲ... ယု... ယူဆတာတွေဟာ မှန်လောက်ပါတယ်... ကိုကိုနိုင်လည်း အဲဒီလိုပဲ တွေးကြည့်နေမိတယ်... ဒါပေမယ့် တချို့နေရာလေးတွေမှာတော့ ဘဝင်သိပ်မကျချင်တာလေးတွေတော့ ရှိတယ်..."

ချစ်သူနှစ်ဦး စကားပြောရင်း စိုးမိုးနိုင် မောင်းသည့် သဘော်လေးမှာ ရေ့သို့ တစ်ရိပ်ရိပ်ပြေးနေပါ

www.burmeseclassic.com

www.burmeseclassic.com



၏။ သဘော်၏ ရှေ့မီးကြီးကိုလည်း ထွန်းထားသည်။ သဘော်ပေါ်ရှိ အခန်းတိုင်းကိုလည်း မီးထွန်းထားသည်။

ရာသီဥတုကလည်း တဖြည်းဖြည်း မိုးရွာ ငြိမ်သက် ကောင်းမွန်လာပြီ ဖြစ်ပါ၏။ မိုးလေငြိမ်သက် သောကြောင့် လှိုင်းတံပိုးလည်း မကြီးလှတော့သဖြင့် စိုးမိုး နိုင်အတွက် မောင်းရသည်မှာ သက်တောင့်သက်သာဖြစ်လာ ပေသည်။

ကိုကိုနိုင်အိပ်မှ အိပ်မယ်ဟု ချစ်ဇော်ဟုန်လေး နှင့် ပြောစေကာမှ ငယ်ရွယ်ပြီး သွေးသားကောင်းသူမလေး ပီပီ ယုယုမှာ စိုးမိုးနိုင်၏ ပုခုန်းထက်တွင် ဦးခေါင်းမှေးပြီး ငိုက်မြည်းနေရှာပေသည်။

အရှေ့ဘက်မှ ရောင်နီပင် ပျိုးတက်လာပေပြီ။ စိုးမိုးနိုင်ကိုယ်တိုင်လည်း သဘော်မောင်းရင်းပင် သမ်းဝေ လာတော့သည်။

စိုးမိုးနိုင်သည် ကျန်းမာရေး အလွန်ကောင်းပြီး ကာယအလေ့အကျင့်များကြောင့် အင်မတန် တောင့်တင်း ခိုင်မာပြီး သူများထက် ပိုမိုခံနိုင်ရည် ရှိစေကာမူ မြို့င်သာသို့ ရောက်သည့်အချိန်မှစပြီး ခန္ဓာကိုယ်၏ပင်ပန်းခြင်းများစွာ တွေ့ရင်ဆိုင်ခဲ့ရသည်။ စိတ်၏ ပင်ပန်းနွမ်းနယ်မှုတွေလည်း ခံစားရသည်။

ယခုဆိုလျှင် စိုးမိုးနိုင်အဖို့ ဆာလောင်ခြင်း လည်း ဖြစ်လာသည်။ မနေ့ညနေပိုင်းက မိစမ်းအိမ်တွင် ပြဿနာတွေရှုတ်ပြီး လှိုင်ဘွားကိစ္စကြောင့် ညစာပင်မစား



ရသေးခဲ့ပေ။ ဒီကြားထဲ လေးမောင်၏ အထိုးအကျိတ် အရိုက်အပုတ်ကို ငုတ်တုတ်ခံရသေးသည်။

သက်ရှိသတ္တဝါဟူသမျှတွင် ဆာလောင်မွတ် သိပ်မှုလွန်ကဲလာလျှင်လည်းကောင်း၊ အလွန်အမင်း အိပ်စက် ချင်လာပြီဆိုလျှင်လည်းကောင်း၊ အင်မတန် ပင်ပန်းလာပြီ ဆိုလျှင် လည်းကောင်း၊ ကိုယ့်စိတ်ကို ကိုယ်မထိန်းချင် တော့။ ဖြစ်ချစ်ရာဖြစ်ဟု တဇောက်ကန်း လုပ်ပစ်လိုစိတ် တွေ သက်ရောက်လာတတ်စမြဲ ဖြစ်သည်။

အကယ်၍သာ ဒုက္ခအမျိုးမျိုး အဖုံဖုံ တွေ့ကြုံ ရှာပြီး မိမိသာလျှင် သူမ၏ အားကိုးအားထားဖွယ်ရာဖြစ် နေရှာသည်။ သူသိပ်ချစ်ရသော ယုသာ ယခုအတူပါရှိလာ သည်မဟုတ်ဘဲ ငွဲညာစရာမလိုလျှင် ဤပွဲသည် စိုးမိုးနိုင် အတွက် ပွဲကြီးပွဲကောင်း ဖြစ်သွားခြိမ့်မည်သာတည်း။

ဦးမြင့်စီ၏ တစ်ထပ်သဘော်လေးကိုကျောက် ဆောင်တစ်ခုခုနှင့် ထိုးတိုက်ချလိုက်ပြီး သဘော်ထက်ခြမ်း ခွဲကာ နှစ်မြှုပ်ပစ်လိုက်မည်သာဖြစ်သည်။ မိမိအတွက် ဘာ ရေးနည်း။ သူတို့က ဦးဘာဘာ၊ မနှင်းဆီနှင့် လေးမောင် တို့အသက် (၃)သက်ဖြစ်သည်။ မိမိအနေနှင့် ကောင်းစွာ ကူးရေငုပ် ကျွမ်းကျင်ပြီးသား ဖြစ်သည်။ ကမ်းဘက်သို့ ကူးသွားငုတ်သွားနိုင်လောက်သည်။ အကယ်၍ မကူးနိုင်၍ အသက်ဆုံးရှုံးရသည်ပဲထား သူတို့က (၃)သက် ကိုယ်က တစ်သက်တည်း လဲပစ်လိုက်ချင်မိသည်။

ယခုမူ



www.burmeseclassic.com

www.burmeseclassic.com



ယုလေးပါလာသဖြင့် မိမိ၏ တဓောက်ကန်းကြောင့် ယုလေးအသက်အန္တရာယ် မဖြစ်စေလို။ ယုလေးကို မသေစေလိုသဖြင့် စိတ်ကို ဖွတ်ထိန်းထားရပါ၏။

"အာယိုယို... နှစ်ယောက်သား ဖက်လို့ သိပ်ကို ကြည်နူးနေကြသကိုး... ကဲ ယုယု... အနှောင့်အယှက်ပေးတယ်လို့လည်း မအောက်မေ့နဲ့ပေါ့... ဒီသင်္ဘောရဲ့ ပွဲပိုင်း စတိုခန်းထဲမှာ အားလုံး ရိက္ခာအပြည့်အစုံ ပါပါတယ် ... ငါတို့အားလုံးအတွက် စားစရာ သောက်စရာလေး စီစဉ်ပေးပါ ယုယု..."

လေးမောင်ရောက်လာပြီး ယုယုအား စားသောက်ဖွယ်ရာ တစ်ခုခုပြုလုပ်ပေးရန် စေခိုင်းခြင်း ဖြစ်ပါ၏။

ယုယုက လေးမောင်ခိုင်းသည့်အတိုင်း ပြုလုပ်ပေးရန် ထိုင်ရာမှ ထဖို့ဟန်ပြင်သည်ကို စိုးမိုးနိုင်က အထမခံဘဲ ယုယု၏ ပခုံးလေးကို ဖိထားကာ ထိုင်မြဲထိုင်စေသည်။

"ဒီမယ်... လေးမောင်... ငါနဲ့ယုဟာ မင်းတို့ရဲ့ အကျဉ်းသား ဖြစ်နေတာတော့ မှန်တယ်... ဒါပေမယ့် ငါတို့နှစ်ယောက်လုံးဟာ မင်းတို့ရဲ့ အခိုင်းအစေတော့ မဟုတ်ဘူး... ဒါကိုမင်းနားလည်ထားပါ လေးမောင်..."

"မှန်တယ်... မှန်တယ်... ကိုစိုးဟာ ဒီအပေါက်မျိုး ပြောမယ်မှန်း ကြိုတင်သိထားလို့ နှင်းဆီအား





လုပ်ကိုင်ဆောင်ရွက်ပြီး လာပို့ပေးပါသတဲ့ရှင်..."

မနှင်းဆီသည် ဘီစကွတ်မုန့်များ ထည့်ထားသော လင်ပန်းတစ်ချပ်နှင့် ကော်ဖီကရား ကော်ဖီပန်းကန်များဖြင့် ရောက်ရှိလာပေသည်။

မနှင်းဆီ၏ နောက်မှာပင် ဦးဘာဘာသည် ဘီးတပ်ကုလားထိုင်ကို လှိမ့်ကာ ရောက်ရှိလာပြန်သည်။

"ကဲ... ကိုစိုးနဲ့ ယုယုတို့ ကော်ဖီသောက် မုန့်စားကြ... သင်္ဘောပဲ့ကိုင်ကွင်းကို နှင်းဆီ ထိန်းကိုင်ပေးထားမယ်..."

လေးမောင်က ပျာပျာသလဲဝင်ဟန့်တားသည်။

"အို... ဘယ်ဖြစ်မလဲ... သင်္ဘောကို စိုးမိုးနိုင်ပဲမောင်းမောင်းရင်းစားသောက်လို့လည်း ရသားပဲဟာ..."

"အေး..., အဲဒီလို စားရင်းသောက်ရင်း မောင်းလို့ဖြစ်တယ်ပဲထား... အခု ငါ ဆက်မမောင်းဘူး... မင်းနားလည်ထားဖို့က ဘယ်လိုသက်ရှိသတ္တဝါမဆို သူ့အချိန်နဲ့သူ စားချိန် အိပ်ချိန်ဆိုတာ ရှိရတယ်... ငါ့အတွက် အိပ်ချိန်လည်းလိုတယ်... စားချိန်လည်း လိုတယ်... အခု မိုးလင်းသွားပြီ... ငါ တစ်ရေးမှ မအိပ်ရသေးဘူး... အဲဒီတော့ အခု ငါ ကော်ဖီသောက်မယ်... ဘီစကစ်စားမယ်... နောက်ပြီး တရေးတမော အိပ်မယ်... မနှင်းဆီ မောင်းတာကို မင်းမစိုးရိမ်ဘူးဆိုရင် အခု ငါ သင်္ဘောကို ကမ်းကပ်ဆိုက်ပေးထားမယ်... ငါ တရေးတမော အိပ်ပြီးမှ ပြန်မောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမလဲ စိုးမိုးနိုင်… အဲဒီလို ဘယ်ဖြစ်မလဲ… မင်း အိပ်နေပြီး သင်္ဘောကမ်းမှာ ဆိုက်ထားတဲ့ အချိန်တွေမှာ ကိုဒေဝနဲ့မသန္တာတို့ ဝေးသည်ထက် ပိုဝေးသွားမှာပေါ့… သူတို့ကိုထပ်ပြီး အချိန်တွေပေးလို့ မရတော့ဘူးဆိုတာ မင်းနားလည်ပါ စိုးမိုးနိုင်"

ပြောပြောဆိုဆိုပင် လေးမောင်သည် ခါးကြားထဲမှ သေနတ်တစ်လက် ထုတ်ယူပြီး စိုးမိုးနိုင်ကို ချိန်ထားလိုက်သည်။

စိုးမိုးနိုင်က လေးမောင်၏ သေနတ်ချိန်ထားမှုကို လုံးဝဂရုမစိုက်ဘဲ သင်္ဘောလက်ကိုင်ဘီးကို ဒီအတိုင်းထားလိုက်ခါ ကော်ဖီဗန်းရှိရာတွင် ဝင်ရောက်ထိုင်လိုက်သည်။

"လာ… ယူ… ကော်ဖီသောက်မယ်… မုန့်စားမယ်"

သူမ၏ကိုကိုနိုင်ခေါ်သည့်အတိုင်းကိုလေးမောင် သေနတ်နှင့် ချိန်ထားသည်ကို ကိုကိုနိုင်ကဲ့သို့ပင် ဂရုမထားဘဲ သူမကိုကိုနိုင်၏ဘေးတွင် ဝင်ထိုင်ပြီး ကော်ဖီသောက် မုန့်စားလိုက်ပေသည်။

လေးမောင်၏ အဟာန့်အတားကြောင့် မနှင်းဆီကလည်း သင်္ဘော၏ လက်ကိုင်ကွင်းကို ဝင်၍ မထိန်း ဝင်၍မကိုင်ပေ။

အထိန်းအကွပ် မရှိတော့သော သင်္ဘောဦးသို့ တစ်ခဏသာ ရှေ့သို့တည့်တည့်သွားပြီးအတော်ကြာလေးမှာပင် ဘယ်ယိမ်းမလိုလို ညာယိမ်းမလိုလို ဖြစ်လာတော့



သည်။

"ဟော့ စိုးမိုးနိုင်… သင်္ဘော ခေါင်းရမ်းနေပြီ… ထလုပ်ဦးလေ… "

"မနှင်းဆီကို ကိုင်ခိုင်း… လေးမောင်… "

"အို… မလိုချင်ဘူး… မင်းပဲထ, ကိုင်… "

"ငါက ထပြီး မကိုင်ဘူး မမောင်းဘူးဆိုရင်ကောကွာ"

လေးမောင်က သေနတ်ကို အပေါ်ထောင်ပြီး ဒိုင်းခနဲတစ်ချက် သေနတ်သံ ပေးလိုက်သည်။ ပြီး စိုးမိုးနိုင်ကို ပြန်ချိန်ထားလိုက်သည်။

"မင်း… မမောင်းရင် မင်းကို ငါပစ်မယ်… "

စိုးမိုးနိုင်က ကော်ဖီသောက်ရင်း မုန့်စားရင်းမှပင် တဟဲဟဲ ရယ်ပြလိုက်သည်။

"မင်း… ငါ့ကို တကယ်မပစ်ရဲပါဘူး လေးမောင်… အေး… ငါ့ကို ကြောက်လို့တော့ မဟုတ်ဘူးပေါ့ကွာ မင်း ငါ့ကို ပစ်လိုက်တာနဲ့ မင်းတို့ဆင်ဒီကိတ်က စိန်တွေ ပြန်ရဖို့လမ်း ဘယ်ရှိတော့မလဲ … ငါ့ကို မလိုအပ်သေးဘဲသေနတ်နဲ့ပစ်လို့ ရှေ့ကို ခရီးမဆက်နိုင်တော့ဘဲ စိန်တွေ ဆုံးရှုံးသွားမယ်ဆိုရင် မင်း ဆင်ဒီကိတ်ဆရာကြီးတွေက မင်းကို မမြှောက်စားတဲ့ အပြင် ပြင်းထန်တဲ့ဒဏ်ခတ် အပြစ်ပေးတာကို မင်းခံရမှာပေါ့ လေးမောင်… ငါ့အဖို့တော့ မင်းပစ်လို့ သေသွားကော ဘာထူးမှာလဲ… မင်းတို့ကိစ္စတွေ ပြီးတာနဲ့ ငါ့ကို လူသတ်မှုနဲ့ မင်းတို့ အကွက်ဆင်မှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ်လို့ အခုချက်ချင်းပဲ မင်းက ငါ့ကို ပစ်သတ်လည်း ဘာအရေးလဲဆိုရင်တော့ ပစ်လေကွာ လေးမောင်... ပစ်လိုက်... ”

တကယ်တန်း၌မူကား

လေးမောင်သည် စိုးမိုးနိုင်ကို မပစ်ရဲပါပေ။ ယင်းသို့ တကယ်တန်း မပစ်ရဲမှန်း အတတ်သိသောကြောင့်လည်း စိုးမိုးနိုင်ကတင်းမာစွာပြောပြီးနေလိုက်ခြင်းဖြစ်ပါ၏။

လေးမောင်အနေနှင့် မျက်မြင်သက်သေ လုံးဝမရှိသောနေရာမျိုးတွင် ဒေါသအလျောက် စိုးမိုးနိုင်ကို ပစ်သတ်ချင် ပစ်သတ်မည် ဖြစ်သော်လည်း ယခု မျက်မြင်သက်သေတွေ ဦးဘာဘာ၊ မနှင်းဆီနှင့် ယုယုတို့ ရှိနေကြသည်။ ဦးဘာဘာနှင့် မနှင်းဆီကလည်း ယခုမူ သူ၏ဘက်တော်သား မဟုတ်ရုံမက သူ့အား မလိုလား၊ မကျေနပ်မှန်း လေးမောင် သိထားသည်။

ယင်းအခြေအနေတွေကြောင့်လည်းလေးမောင် မပစ်ရဲပေ။

ဦးဘာဘာက လူကြီးဆန်ဆန် ခေါင်းဆောင်တစ်ယောက်အနေနှင့် လေအေးဖြင့် လေးမောင်ကို ပြောပြလိုက်သည်။

“စိုးမိုးနိုင် ပြောတာမှန်တယ် လေးမောင်... စိုးမိုးနိုင်နဲ့ ယုယုဟာ ငါတို့ သေနတ်အောက်မှာ ငါတို့ရဲ့ အကျဉ်းသားဆိုပေမယ့် အခုလုပ်ရပ်က စိုးမိုးနိုင်က ငါတို့ကို ကူညီရာရောက်နေတယ်... သူ့ခမျာတစ်ဘ



လုံး မိုးလင်း မောင်းလာခဲ့ရတော့ အိပ်ချင်မှာပဲ... သူတို့နှစ်ယောက် တရေးတမော အိပ်ပါစေ... သင်္ဘောကို နှင်းဆီတစ်လှည့် ငါတစ်လှည့် မောင်းသွားမယ်... ဒီလိုရာသီဥတု သာယာတဲ့အခါမျိုး သင်္ဘောမောင်းရတာ အခက်အခဲမရှိဘူးလေကွာ”

“တော်စမ်းပါ... ဆရာဘာဘာရဲ့ ပျားရည်နဲ့ဝမ်းချတာတွေ ရိုးနေပြီ... ခင်ဗျားအမိန့်တွေ ဆက်ပေးချင်မနေနဲ့တော့... ”

ဦးဘာဘာသည် သူ၏ဘီးတပ်ကုလားထိုင်ကို ကျွမ်းကျင်စွာလှည့်ပြီး လေးမောင်ကို တည့်တည့်ကြီးပင် မျက်နှာချင်းဆိုင်ကာ တင်းမာစွာ ပြန်ပြောလိုက်ပါ၏။

“မင်းက ဘာတော်စမ်းပါလို့ ပြောတာလဲ လေးမောင် ဆရာကြီးက မင်းကို ဘာတွေဘယ်လောက်ပဲ ပြောပြပြ ခုချိန်ထိ ငါဟာ မင်းကို အမိန့်ပေးနိုင်တဲ့ မင်းရဲ့ ခေါင်းဆောင်ပဲ... ငါက မင်းလို သေနတ်မကိုင်ပေမယ့် သေနတ်ကိုင်တဲ့မင်းကို ငါက အမိန့်ပေးနိုင်တုန်းပဲ ရှိသေးတယ် ... အေး... နောင်အခါကျမှ ဆရာကြီးရဲ့ အဆုံးအဖြတ်နဲ့ ငါ့ဟာ ဘာကြီးပဲဖြစ်သွားသွား အခုလောလောဆယ်မှာတော့ ငါ အမိန့်ပေးတာ မင်းလုပ်ရမှာပဲ... အဲဒါကို မင်း ပြတ်ပြတ်သားသား ငြင်းရဲရင် ငြင်းလိုက်လေ... ”

လေးမောင် ဘာတစ်ခွန်းမျှ ပြန်မပြောတော့ဘဲ ငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သဘော်ာမှာလည်း ပဲ့ကိုင်မည့်သူ မရှိသဖြင့် တစ်ပတ်လည်သွားပေပြီ။ အင်ဂျင်စက်က ခုတ်မြဲခုတ်နေသည်မို့ သဘော်ာဦးသည် မြို့ကြီးဘက်သို့ ဦးတည်သွားသည်မဟုတ်တော့ဘဲ မြိုင်သာဆီသို့သာ ဦးတည်ပြန်သွားနေပါလေ၏။

သဘော်ာပတ်လည်ပြီး သွားချင်ရာ သွားနေသည်ကို လေးမောင် ကြောက်လန့်ပြီး ဟိုကြည့်ဒီကြည့်ကြည့်နေရာမှ မနှင်းဆီကို လှမ်းပြောလိုက်သည်။

“ဒါဆိုလည်း မနှင်းဆီပဲ မောင်းတော့ဗျာ... နောက်ပြီး မြို့ကြီးရောက်တဲ့အထိလည်း ဆရာဘာဘာပြောတဲ့အတိုင်းသာ လိုက်နာလုပ်ကိုင်ကြပေတော့။

ထိုအခါမှ မနှင်းဆီသည် ပဲ့ကိုင်ကွင်းဆီသွားကာ သဘော်ာကို ပြန်လည်ပြီး တစ်ပတ်လှည့်ကွေ့ယူကာ မြို့ကြီးဘက်သို့ ဆက်မောင်းခဲ့သည်။

ထို့နောက် မနှင်းဆီက စိုးမိုးနိုင်နှင့် ယု ထိုင်နေရာသို့ လှမ်းကြည့်ပြုံးပြရင်း ပြောလိုက်သည်။

“လေငြိမ်ငြိမ်နဲ့ ရာသီဥတုမျိုးဆိုရင် နှင်းဆီ ဒီသဘော်ာကို ကောင်းကောင်းမောင်းနိုင်မှာပါ။ နှင်းဆီနဲ့ အစ်ကိုကြီးဘာဘာက အိပ်ရေးဝထားကြပြီ။ နှင်းဆီတို့ အိပ်ခဲ့တဲ့ သီးသန့်ခန်းလေးထဲမှာပဲ ကိုစိုးတို့ သွားအိပ်ကြလေ... အဲဒီမှာအိပ်ယာ ခေါင်းအုံး စောင်အားလုံးရှိတယ်... နှစ်ယောက်အိပ်ဖို့ဆိုရင်တော့ ကျဉ်းကျဉ်းကျပ်ကျပ် ကပ်ကပ်သပ်သပ်ပဲ... အဲ...



မနှင်းဆီက အဲ ဟုပြောပြီး စကားကို တစ်ထောက်နားပြီးမှ မရှိုးမရှဉ်မျက်နှာပေးဖြင့် ဆက်ပြောပေသည်။

“အခု ပင်လယ်ခရီးဟာ ကိုစိုးနဲ့ယုယုတို့ရဲ့ မင်္ဂလာဟန်နီးမွန်းဖြစ်သွားတာပေါ့... ”

ယုယု ရှက်သဖြင့် ခေါင်းငုံ့နေရှာပေသည်။ စိုးမိုးနိုင်က မပြုံးမရယ် တည်ကြည်သော လေသံဖြင့် ပြန်ပြောလိုက်ပါ၏။

“ဒီမှာ မနှင်းဆီ ကျွန်တော်ဟာ ယုယုကို သိပ်တန်ဖိုးထားပါတယ်... အခုလို ဗရုတ်သုတ်ခ အခြေအနေမျိုးမှာ ကျွန်တော်နဲ့ယုအတွက် မင်္ဂလာဦးလည်း မဖြစ်စေရဘူး... ဟန်းနီးမွန်းလည်း မဖြစ်စေရဘူး... အားလုံးကိစ္စတွေပြီးစီးမှ ပန်းမွှေးယာ ရွှေကော်ဇောနဲ့ ကျွန်တော်က ယုကို လက်ထပ်မှာ... ”

မနှင်းဆီ ပါးစပ်အဟောင်းသားလေး ဖြစ်သွားရပါ၏။

“လာ... ယု... ကိုကိုနိုင်နဲ့ ယု အနားယူကြစို့... တရေးတမောအိပ်ကြစို့... ”

ယုယုကို လက်ဆွဲပြီး စိုးမိုးနိုင် ခေါ်ခဲ့ပါ၏။

သီးသန့်ခန်းထဲ၀ယ် မနှင်းဆီ ပြောသလို အိပ်စက်ရန် အပြည့်အစုံရှိနေပါ၏။

နှစ်ဦးသား အတူယှဉ်တွဲပြီး အိပ်စက်ကြသည်မှာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ…

နှစ်ယောက်စလုံးသည် ဒီအခြေအနေတွင် ဒုက္ခတွေ ပင်လယ်ဝေနေသည့် အချိန်မျိုးတွင် မရှောင်သာသည့်ကြောင်လိမ်ကြား မောင်နှင့်မယ်တို့ညား ဆိုတာမျိုး အဖြစ်မခံလိုကြပေ။

တစ်ဦးကိုတစ်ဦး ကျောပေးကာ ဘာမှမဖြစ်အောင် ထိန်းသိမ်းပြီး အိပ်စက်ခြင်းသို့ ရောက်သွားကြလေတော့သည်။

✳❁✳❁✳❁✳❁



# ၁၅

အိပ်စက်လျက်ကပင် မိမိရင်ပတ်ပေါ်သို့ ထွေးထွေးအိအိလေး လာဖိသည့် အတွေ့ထူးကြောင့် အအိပ်ဆတ်သော စိုးမိုးနိုင် မျက်စေ့နှစ်လုံး မဖွင့်ရသေးစေကာမူ သူ၏ ရင်ဘတ်ပေါ်သို့ ယုလေးတစ်ယောက် ပူးပူးကပ်ကပ် ရောက်ရှိလာသည်ဟုပင် ထင်လိုက်မိသည်။

နှစ်ဦးစလုံးသည် လက်မထပ်မိစပ်ကြား ထိန်းသိမ်းပြီးနေကြစေကာမူ ချစ်သူနှစ်ဦး၏ဘာဝ ပွေ့ခြင်း ဖိုက်ခြင်း နမ်းခြင်းမျိုးလောက်တော့ ရှိနေသည်မို့ ယုက လာရောက်ပူးကပ်ခြင်းမှာ သာမညသာ ဖြစ်ပါလေ၏။

စိုးမိုးနိုင်က မျက်စေ့ကို မှိတ်ထားလျက်ကပင် ယု၏ ခန္ဓာကိုယ်လေးကို သူ၏လက်နှစ်ဖက်ဖြင့် ပြန်လည်ဖက်သိုင်းလိုက်မိရင်း…

"ယု… တစ်ရေးနိုးပြီလား အိပ်ရေးကော ဝရဲ့လား ဟင်…"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်မေးလိုက်သည်။

"အဲတော့... ကိုစိုးလူမှားနေပြီ။ နာမည်တတ်မခေါ် ခင် မျက်လုံးကိုပဲ အရင်ဖွင့်ကြည့်ပါအုံးလား... ကို စိုးရယ်..."

ယု၏ အသံမဟုတ်။

မနှင်းဆီ၏အသံမှန်း စိုးမိုးနိုင် ချက်ချင်း သိ လိုက်သည်နှင့် မျက်လုံးစုံကို ကပျာကယာ ကသောကမျော ဖွင့် ကြည့်လိုက်သည်။

မိမိအား ရင်ဘတ်ခြင်းဖိကပ်ထားသူမှာ မနှင်း ဆီဖြစ်နေကြောင်း စိုးမိုးနိုင်တွေ့ရှိတော့သည်။

အံ့သြစရာပင်။

ယုက ဘယ်ရောက်သွားပြီ ဒီကောဘင်ခန်းထဲ သို့ မနှင်းဆီက ဘယ်လိုရောက်လာပေသနည်း။ မည်သို့ သော အကြံအစည်ဖြင့် မနှင်းဆီသည် ဤပုံစံမျိုးဖြင့် မိမိ ထံသို့ ချဉ်းကပ်လာခြင်းပေနည်း။

ယခုသဘော်ကိုကော မည်သူမောင်းနေ သနည်း။

စိုးမိုးနိုင် လူးလဲထသည်ကို မနှင်းဆီက အထ မခံဘဲ အပေါ်မှ ဖိအားလေးဖြင့် ဖိထားသည်။ သို့သော် စိုးမိုး နိုင်က အနည်းငယ်အားစိုက်ပြီး မနှင်းဆီကို ဗွတ်ပင်တွန်း ဖယ်လိုက်မှ မနှင်းဆီဘေးသို့ လိမ့်သွားသည်။

စိုးမိုးနိုင်ထထိုင်သည်။

"ဒီလိုမလုပ်နဲ့ မနှင်းဆီ... လေးမောင်ပဲဖြစ်ဖြစ် ယု



ဖြစ်ဖြစ် ဒီပုံစံနဲ့တွေ့သွားရင် အထင်လွဲကုန်မယ်..."

မနှင်းဆီကလည်း အလားတူပွေးကပ်ထိုင်ပြီး စိုးမိုးနိုင်အား ဖက်ထားပြန်သည်။

"ယုလည်း အပြင်ထွက်သွားတယ်... ကိုလေးမောင် လည်း ကိုစိုးအိပ်နေတာကို စိတ်ချလို့ထင်ပါရဲ့ စတို ခန်းထဲမှာ ဝင်ပြီးအနားယူနေတယ်... အစ်ကိုကြီး ဘာဘာက သဘော်မောင်းပေးထားတယ်... ကိုစိုးမိုး နိုင်ကို နှင်းဆီစကားပြောချင်လို့ တမင်လာတာ..."

"စကားပြောချင်လည်း ပြောဗျာ... လူချင်းတော့ ဒီလိုပူးကပ်ဖက်ထားတာမျိုး မလုပ်ပါနဲ့... အသက်ရှူ ကျပ်လွန်းလို့..."

"အံမာလေး... ဆန်ကြမ်းကြီးက စီးနေလိုက်တာ ယုယုနဲ့ကျတော့ သဘော်မောင်းရင်းတောင် ဖက်ထား လိုက်တာ စေ့စေ့ပါနေတာ... အသက်ရှူ မကျပ်တဲ့ အတိုင်းဘဲ..."

"အို... ဘာဆိုင်လဲ... ယုကယုပဲ... ကဲ... ခင်ဗျား အကြောင်းတစ်ခုခုရှိလို့ ဒီပုံစံနဲ့ ကျုပ်ကိုချဉ်းကပ်တာ ပြောချင်တဲ့အကြောင်းကိစ္စကိုသာ ပြောပေတော့..."

မနှင်းဆီက အကပ်မခံမှန်း သေချာသဖြင့် ချင်းခွာပြီးထိုင်လိုက်သည်။ စိုးမိုးနိုင်သည် ဖြားယောင်း မှန်း နားလည်လိုက်သည်။

"ပြောမယ်ကိုစိုး... အခုနှင်းဆီပြောပြမှာတွေက ကိုစိုး အတွက်ရော အစ်ကိုကြီးဘာဘာအတွက်ရောပါ။ မြို့

www.burmeseclassic.com

www.burmeseclassic.com



ကြီးရောက်ပြီးတဲ့နောက် မသန္တာဆီကစိန်တွေ ပြန်ရပြီးတာနဲ့ ကိုလေးမောင်က ကိုစိုးကို လိုင်ဘွားသတ်မှုနဲ့ မိစမ်းကိုရော တခြားဖန်တီးထားတဲ့သက်သေ အထောက်အထားတွေရော အခိုင်အမာပြပြီး ကိုစိုးကို လူသတ်မှုနဲ့ ရဲအဖွဲ့လက်ကိုအပ်မှာသေချာတယ်..."

"ဒါတော့... ဦးဘာဘာကလည်း ကျုပ်ကိုဒီလိုပဲ လုပ်မှာပဲ မဟုတ်လား မနှင်းဆီ..."

"မသန္တာ ကိုဒေဝနဲ့ ထွက်မပြေးခင်ကတော့ အစ်ကိုကြီးဘာဘာကလည်း ဒီအတိုင်းလုပ်မှာမှန်တယ်... ဒါပေမယ့်... မသန္တာက ကိုကြီးဘာဘာလက်ကကိုဒေဝနဲ့ အတူ ထွက်ပြေးရုံမကဘူး ဆင်ဒီကိတ်ပိုင်စိန်တွေကိုပါ ယူသွားတဲ့နောက်... ဆင်ဒီကိတ်က ကိုကြီးဘာဘာကို တအားစိတ်ဆိုးတယ်... ကိုကြီးဘာဘာက မိန်းမငယ်ငယ်ချောချောလေး ယူထားပြီး အလိုလိုက်လွန်းလို့ ဒီအဖြစ်မျိုး ဖြစ်တာလို့လည်း အပြစ်တင်တယ်...ကိုကြီးဘာဘာက ခြေတစ်ဘက်လည်း မရှိတော့တာမို့ နံပါတ်တစ်ခေါင်းဆောင်နေရာနဲ့ မထိုက်တန်တော့ဘူးလို့... ဆင်ဒီကိတ်ဆရာကြီးက အတိအလင်း ပြောလာတယ်..."

"အဲဒီဆရာကြီးဆိုတာက ဘယ်သူလဲမနှင်းဆီ..."

စိုးမိုးနိုင်က အလှစ်တွင် အငိုက်ဖမ်းကာမေးလိုက်ခြင်း ဖြစ်သည်။

"အဲဒါတော့ နှင်းဆီမသိရိုး အမှန်ပဲကိုစိုး ဆရာကြီးဘယ်သူဘယ်ဝါဆိုတာ နှင်းဆီမဆိုထားနဲ့ ကိုကြီးဘာဘာကိုယ်တိုင် မသိဘူး... ကိုလေးမောင်လည်း မသိဘူး...အဲဒီလို ဘယ်သူဘယ်ဝါမှန်းမသိလို့လည်း မတော်လှန်ရဲတာပေါ့...ဆရာကြီးက မြို့ငသာမှာ ထစ်ခနဲ လှုပ်လှုပ်ဖြစ်တာနဲ့သူက မှောင်ထဲကနေပြီး သိနေပြီ...သူကသာ အားလုံးအကြောင်းတွေကို သိတာ။ သူ့အကြောင်းကိုတော့ ဘယ်သူဆို ဘယ်သူမှ မသိကြဘူး ကိုစိုး။ ဒါကြောင့်လဲ ကြောက်နေရတာပေါ့..."

"ထားပါတော့လေ ဆရာကြီးက ရှိန်းဆာယာပိုခောက်လို့ ကိုယ်ပျောက်ပြီး မိုးပျံမြေလျှိုးန်းပါစေ တစ်နေ့နေ့တော့ ဘွားခနဲပေါ်လာရမှာပေါ့... ပြောစရာရှိတာဆက်ပြောပါ မနှင်းဆီ..."

မနှင်းဆီသည် စိုးမိုးနိုင်၏ နားတစ်ဖက်သို့ သူမ၏မျက်နှာလေး တိုးကပ်ခါ လေသံ့တိုးတိုးလေးဖြင့် ပြောလိုက်သည်။

"နှင်းဆီတို့မောင်နှစ်မနဲ့ ကိုစိုးပူးပေါင်းပြီး ကိုလေးမောင်ကို ဒီသင်္ဘောပေါ်မှာပဲ သတ်ပစ်လိုက်ကြစို့လား ကိုစိုး..."

ကြားလိုက်ရသော မနှင်းဆီ၏ စကားကြောင့် စိုးမိုးနိုင်သည်ပင်လျှင် တုန်လှုပ်သွားရပါ၏။

မနှင်းဆီသည် ရုပ်ရည်လေး ချောမောပါ၏။ သို့စေကာမူ စိတ်ဓါတ်အားဖြင့် ကြမ်းလွန်း၊ ရက်စက်လွန်းသည်ဟု စိုးမိုးနိုင် ရင်ထဲက မှတ်ချက်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးနိုင်အဖို့ ရင်ဆိုင်တိုက်ပွဲတွင် သူသေကိုယ်သေ တိုက်ခိုက်သတ်ဖြတ်ရန် ဝန်မလေးသော်လည်း တရားဥပဒေမဲ့ ဘလာချီ သက်သက်ကြီး လူသတ်ရမည်ကိုတော့ မပြုလုပ်လိုပေ။ လေးမောင်ကို စိုးမိုးနိုင်မနှစ်သက်သည်မှာ မှန်ပါ၏။ လေးမောင်လို လူတစ်ယောက် လူ့ပြည်မှ ပျောက်ကွယ်သွားပါက အဆိပ်ပြင်းသော မြွေဆိုးတစ်ကောင် ပျောက်ကွယ်သွားသလို ရှိမှန်းလည်း သဘောပေါက်ပါ၏။

သို့သော် တရားဥပဒေကို ဆန့်ကျင်ပြီး လူသတ်ရသော အလုပ်မျိုး စိုးမိုးနိုင် မလုပ်နိုင်ပေ။ လေးမောင်အား တရားဥပဒေကသာလျှင် ထိုက်တန်သော အပြစ်ပေးခံရခြင်းမျိုးကိုသာ စိုးမိုးနိုင်လိုလားသည်။

မည်သို့ဆိုစေ ယခုအခွင့်သင့်နေစဉ် ဦးဘာဘာနှင့် မနှင်းဆီမောင်နှမက အဘယ်ကြောင့် လေးမောင်ကို သတ်ပစ်လိုကြောင်း ပြန်မေးရင် သူတို့၏ အရှုပ်အထွေးကို သိစေရန် တီးခေါက်ကြည့်မည်ဟုတော့ စိုးမိုးနိုင် စိတ်ကူးမိလိုက်ပါ၏။

"ကျုပ်က မနှင်းဆီ, ဦးဘာဘာတို့နဲ့ ပူးပေါင်းပြီး လေးမောင်ကို သတ်လိုက်သည်ပဲ ထားပါတော့— ဦးဘာဘာအနေနဲ့ ကျုပ်ကို လှိုင်ဘွားသတ်မှုရော— လေးမောင်သတ်မှုရော... တစ်ချိန်ချိန်မှာပြန်ပြီး သတ်ဆိုင်ရာကို မတိုင်ကြားပါဘူးလို့ ကျုပ်ကဘယ်လိုယုံကြည်ရမှာလဲ မနှင်းဆီ..."

"ဟုတ်တယ်... ဒါဟာ ကိုစိုးဘက်က ပြန်ပြီးမေးသင့်



မေးထိုက်တဲ့မေးခွန်းပဲ... ဒီလို ကိုစိုး ဦးနှောက်က ပြန်မေးလိမ့်မယ်မှန်း အစ်ကိုကြီး ဦးဘာဘာက တင်ကြိုတွက်မိလို့လည်း အစ်ကိုကြီးနဲ့နှင်းဆီ တင်ကြိုပြီး တိုင်ပင်ထားတာ ရှိပါတယ် ကိုစိုး..."

"ဘယ်လိုတိုင်ပင်ထားလို့လဲ..."

"အစ်ကိုကြီး ဦးဘာဘာကိုယ်တိုင် လက်ရေးနဲ့ရေးတဲ့ စာတစ်စောင်ရေးပေးမယ်။ အဲဒီစာထဲမှာ လှိုင်ဘွားကို ကိုလေးမောင်ကိုယ်တိုင် ပစ်သတ်ခဲ့တဲ့ အဖြစ်မှန်ကိုလည်းဖော်ပြမယ်... နောက်ပြီး ကိုလေးမောင်ကို အစ်ကိုကြီး ဦးဘာဘာရယ်... နှင်းဆီရယ်... ကိုစိုးရယ်က သည်းမခံနိုင်တော့လွန်းလို့ လက်လွန်ခြေလွန် သတ်ပစ်လိုက်မိတယ်ဆိုတဲ့အကြောင်းလည်း ဖော်ပြမယ် အဲဒီစာမှာ ကိုကြီးဘာဘာကိုယ်တိုင် လက်မှတ်ရေးထိုးမယ်...နှင်းဆီလည်း လက်မှတ်ရေးထိုးမယ်... အဲဒီစာကို ကိုစိုးလက်ထဲမှာ ပေးထားမယ်... အသိသက်သေအဖြစ် ယုက စာရွက်ပေါ်မှာ ထပ်ဆင့်လက်မှတ်ထိုးပေါ့..."

"အင်း... မဆိုးပါဘူး... ဒါဆို ကျုပ်ဘက်က ခိုင်လုံသွားပဲ... ကဲ... ဒီစာအရပဲဖြစ်ဖြစ် ဦးဘာဘာကိုယ်တိုင်က လှိုင်ဘွားကို လေးမောင်သတ်ကြောင်း သက်ဆိုင်ရာမှာ ထွက်ဆိုပေးချက်အရဖြစ်ဖြစ် ကျုပ်အဖို့တော့ လှိုင်ဘွားကိုသတ်မှုက လွတ်သွားတာမို့ ကျုပ်အတွက် အကျိုးရှိတယ် ထားပါတော့... ဦးဘာဘာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မနှင်းဆီအတွက် လေးမောင်ကို သတ်ပစ်လို့ ဘယ်လိုအကျိုးသက်ရောက်စေမှာလဲ..."

"ရှင်းပြမယ် ကိုစိုး... ဆရာကြီးရဲ့ မူလအစီအစဉ်က ကိုစိုး မိစမ်းအိမ်ကိုသွားပြီး လှိုင်ဘွားအိမ်ကိုသွားပြီ ဆိုကတည်းက ချက်ချင်းသိတယ်..."

"အား... တယ်သိတဲ့ဆရာကြီးပါလား... ဘာမဆို သူက သိနှင့်တာချည်းပါပဲလား..."

"ဟုတ်တယ် ကိုစိုး... ဆရာကြီးက ဘာမဆိုထစ်ခနဲ သိတယ်... ဒီတော့ ပထမမူလအစီအစဉ်မှာ ဆရာကြီး စီစဉ်ထားတာက ကိုဒေဝကို အချုပ်ခန်းအပြောင်းမှာ ကိုလေးမောင်နဲ့ဂျော်နီက သတ်ပစ်ပြီး... ကိုဒေဝ သူ့ကိုယ်သူသတ်သေတဲ့ အနေအထားကို ဖန်တီးထားတာပဲ... ဒါပေမယ့် ကိုစိုးက မိစမ်းဆီကို သွားပြီဆိုတာသိတာနဲ့ ချက်ချင်း အစီအစဉ်ပြောင်းတယ်... ကိုဒေဝကိုသတ်ဖို့အတွက် ဂျော်နီ့ကို တာဝန်ပေးခဲ့ပြီး ကိုလေးမောင်က ပုံချိတ်မော်ဇတ်နဲ့ ကမ်းသာနဒီချောင်းကိုလိုက်သွားပြီး လှိုင်ဘွားကို အသေပစ်သတ်ဖို့ တာဝန်ပေးလိုက်တယ်... အဲဒီအချိန်မှာပဲ မိစမ်းကလည်း ကမ်းသာကနေပြီးအစ်ကိုကြီးဦးဘာဘာဆီကို ကိုစိုး သူ့အိမ်ထဲမှာ ကျန်ခဲ့ကြောင်း ဖုန်းဆက်တယ်... ဆရာကြီးအနေနဲ့က ကိုစိုးကို ပိုပြီးဒုက္ခရောက်စေချင်တယ်... ဒါမှ အောင်ဒေဝဟိုတယ်ကို ဆင်ဒီကိတ်က အပြီးအပိုင်သိမ်းယူနိုင်မှာကိုး..."





"အင်း... သဘောပေါက်ပါတယ်... ဆက်ပြောပါ... မနှင်းဆီ..."

"ဒါပေမယ့်... ကိစ္စတွေက တလွဲတချော်တွေ ဖြစ်ကုန်တယ်... ကိုဒေဝကို ဂျော်နီကမသတ်နိုင်ရုံမကဘူး... ထွက်ပြေးလွတ်မြောက်သွားရာမှာ မသန္တာပါ ပါသွားပြီး မသန္တာရဲ့လက်ထဲမှာလည်း ဆင်ဒီကိတ်က သိပ်တန်ဖိုးကြီးမားတဲ့ စိန်တွေပါသွားတော့တာကိုး... အဲဒီမှာတင် ဆရာကြီး အရမ်းစိတ်ဆိုးတာပဲ... စိန်တွေပါသွားတာဟာ အစ်ကိုကြီးဘာဘာ ညံ့ဖျင်းလို့ ကိုဒေဝ လွတ်သွားတာဟာ အစ်ကိုကြီးဘာဘာ အသုံး မကျလို့ဆိုတဲ့ ပြစ်တင်သံတွေပြောလာတယ်။ အဲဒီညက လေးမောင်ကတော့ ဆရာကြီးပေးတဲ့ တာဝန်အတိုင်း လှိုင်ဘွားကိုသတ်နိုင်ခဲ့တာမို့ တာဝန်ကျေပြွန်တယ်လို့ ချီးမွမ်းတယ်... ဒါကြောင့် အစ်ကိုကြီးဘာဘာကို နံပါတ်တစ်ခေါင်းဆောင်နေရာက နံပါတ်နှစ်ခေါင်းဆောင်နေရာကို ရာထူးချပြီး လေးမောင်ကို နံပါတ်တစ်ခေါင်းဆောင်ခန့်မယ်ဆိုတဲ့ အသံတွေ ထွက်လာတယ်..."

"ဒါကြောင့် မနှင်းဆီတို့မောင်နှမက လေးမောင်ကို ရှင်းပစ်ချင်တာလား... ဒါဆို တကယ်လို့ ဘာမဆို သိနေတဲ့ ဆရာကြီးက ဦးဘာဘာက လေးမောင်ကို သတ်ပစ်မှန်းသိရင် ဦးဘာဘာကို ခွင့်လွှတ်မတော့ဘူးလား ဦးဘာဘာကိုပိုပြီး စိတ်ဆိုးမှာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"အိုး... ကိုစိုးကလည်း ကိုလေးမောင်ကို နှင်းဆီတို့ မောင်နှမက သတ်ပစ်တာလို့ ဆရာကြီး ဘယ်သိစေမလဲ ကိုလေးမောင်မှာ အဓိကပျော့ကွက်တစ်ကွက် ရှိနေတာပဲ... ကိုလေးမောင်ဟာ ရေကိုသိပ်ကြောက်တဲ့ ပျော့ကွက်ပဲ... ပင်လယ်ရေနဲ့ ပင်လယ်ပြင်ကို ပိုပြီးတောင် ကြောက်သေးတယ်... ရေကို သူလုံးဝ မကျွမ်းကျင်ဘူး... အခုတောင် လှိုင်းမူးပြီး စတိုခန်းထဲဝင်နေတာကြည့်ပေါ့... ဆရာကြီးက သူ့တပည့်တွေရဲ့ပျော့ကွက်မှန်သရွေ့သိထားတယ်...ကိုလေးမောင် ရေကို သိပ်ကြောက်တဲ့ပျော့ကွက်လည်း သိထားတယ်... အစ်ကိုကြီးဘာဘာ သန္တာကို မရမကယူပြီး သန္တာနဲ့ ပတ်သက်လာရင် အစ်ကိုကြီးဘာဘာမှာ ပျော့ကွက်ရှိမှန်းလည်း ဆရာကြီးက သိနေတာပဲ... အဲဒီတော့ ကိုလေးမောင်ဟာ အကြောက်လွန်ပြီး ပင်လယ်ထဲ မတော်တဆ လိမ့်ကျသွားတယ်... ကိုကြီးဘာဘာ အနေနဲ့ ခြေတစ်ဘက်ချို့ယွင်းနေတာမို့ ကိုလေးမောင်ကို ဘယ်လိုမှ ပြန်မကယ်နိုင်ဘူး... ရာသီဥတုကလည်း အရမ်းဆိုးပြီး ပင်လယ်လှိုင်းကြောင့် သင်္ဘောအလူးမှာ သင်္ဘောလက်ရမ်းမှီရပ်နေတဲ့ ကိုလေးမောင် ပြုတ်ကျသွားတာပဲ... ကိုစိုး အနေနဲ့ကလည်း သင်္ဘောကိုငြိမ်အောင် မမှောက်အောင် အရမ်းထိန်းနေရလို့ ကိုလေးမောင်ကို ဆင်းကယ်ဖို့ အစ်ကိုကြီးက အချိန်ပေးလို့မဖြစ်ဘူး



ဆိုတဲ့အကြောင်းတွေ ပြောပြရမှာပေါ့... ဒါကြောင့် မြို့ကြီးကိုမရောက်ခင် ကိုလေးမောင်ကို အပြတ်ရှင်းရမယ် ကိုစိုး..."

"စဉ်းစားဦးနော် မနှင်းဆီ... လေးမောင်မရှိလည်း နံပတ်တစ် ခေါင်းဆောင်နေရာမှာ တခြားတစ်ယောက်ကို ဆွင်ဒီကိတ်က ခန့်နိုင်တာပဲ... ဥပမာ ဂျော်နီကိုပဲ ဖြစ်ဖြစ်ပေါ့..."

"ဝေးပါသေးရဲ့ ကိုစိုး... ပထမအချက်က ဆင်ဒီကိတ်ရဲ့ သတ်မှတ်တဲ့စည်းကမ်းကိုက သူ့ဒေသမှာ ဇာတိဖြစ်တဲ့သူကိုသာ ခေါင်းဆောင်ခန့်ရမယ် မြင့်သာမှာဆိုရင် မြင့်သာဇာတိကိုသာ ခန့်ရမယ်... နောက်တစ်ချက်က ဂျော်နီဟာ ခေါင်းဆောင်ခန့်နိုင်တဲ့ အရည်အချင်း လုံးဝမှ မရှိတာ... အခုတောင် ဂျော်နီဟာ အစ်ကိုကြီးရဲ့ တပည့်အဖြစ်သာရှိတာ။ ဆင်ဒီကိတ်အဖွဲ့ထဲ လုံးဝ ဝင်ခွင့်မရသေးတဲ့ ဘာအဆင့်မှ မရှိတဲ့လူပဲ..."

စိုးမိုးနိုင်သိသင့်သလောက် သိရပေပြီ မည်သို့ပင်ဖြစ်စေ လေးမောင်အား အသားလွတ်ကြီး သတ်ပစ်ဖို့ အတွက် စိုးမိုးနိုင်၏ စိတ်ရင်းက လုံးဝမလိုက်လျောနိုင်ပေ။ လေးမောင်သည် ဒုစရိုက်ကောင် စိတ်ဓါတ်ညံ့ဖျင်းပြီး ရက်စက်ယုတ်မာသူတစ်ဦးဖြစ်မှန်း စိုးမိုးနိုင်သိပါ၏။

သို့သော် ဥပဒေက ဘယ်လိုလူကိုမဆိုဖြစ် သတ်ခွင့်မပေးပေ။ လူကိုသတ်မိလျှင် လူသတ်မှုဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ လမ်းပေါ်တွင် လူရူးတစ်ယောက်အား မလွဲနိုင်မရှောင်နိုင်သဖြင့် ကားမောင်းသူက တိုက်မိပြီး ထိုအရူးသေသွားလျှင်ပင် မောင်းသူဒရိုင်ဘာတွင် ဥပဒေက ထိုက်တန်သောအပြစ်ပေးမည်သာ။

သို့တစေ။

ယခုလက်ငင်းအခြေအနေတွင် စိုးမိုးနိုင်အဖို့ အလိမ္မာဘက်ရမည့် အခြေအနေဖြစ်နေသည်။ သူမတို့၏ အကြံအစည်ကို လုံးဝဥဿုံဖွင့်ပြောပြီးကာမှ မိမိကငြင်းဆန်လိုက်လျှင် ဦးဘာဘာမောင်နှမသည် လုံးဝကျေနပ်တော့မည်မဟုတ်ဘဲ မိမိနှင့်ယုယုကို တစ်နည်းမဟုတ်တစ်နည်းရန်လုပ်အန္တရာယ်ပေးတော့မည်မှာ သေချာသည်။

မိမိအတွက် အရေးမကြီး။ ယုလေးအတွက် အများကြီးစဉ်းစားရသည်။ ယုလေးက ရိုးသည်။ အ,သည်။ မနှင်းဆီက မှတ်နေအောင်လည်ပြီး စိတ်ထားဆိုးသည်။ ခံစရာရှိလျှင် ယုလေးခမျာ ဘာမသိညာမသိခံသွားရမည်။

"ဘယ်လိုလဲ ကိုစိုး… နှင်းဆီတို့နဲ့ ကိုစိုးပူးပေါင်းမယ်မှတ်လား…"

"ပူးပေါင်းတာကတော့ လွယ်ပါတယ်… ခက်နေတာက လေးမောင်ဆီမှာ သေနတ်နှစ်လက်တောင် ရှိနေတယ် မနှင်းဆီ… လွယ်မယ်တော့မထင်ဘူး…"

နှင်းဆီသံမှ တဟားဟားရယ်သွမ်းသွေးသံထွက်လာပြီးနောက် စိုးမိုးနိုင်၏ လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲကာ သူမ၏ ပေါင်ရင်းတစ်ဘက်ကို အုပ်ကိုင်စေ



သည်။

"ဒီမှာ ကိုစိုးစမ်းကိုင်ကြည့်လေ…"

"ဟာဗျာ…"

"မဟုတ်ပါဘူး ကိုစိုးရဲ့ တကတည်းဖြစ်နေလိုက်တာ နှင်းဆီရဲ့ပေါင်သားကို ကိုင်ခိုင်းတာ မဟုတ်ပါဘူး နှင်းဆီရဲ့ပေါင်မှာ ဘာပစ္စည်း ကပ်ချိထားလဲဆိုတာ သိအောင် စမ်းကြည့်ခိုင်းတာပါ… ဟွန်း ဖြစ်နေလိုက်တာ သဲကိုသဲတယ်… နှင်းဆီက မစားကောင်းတဲ့ အသီးကျနေတာပဲ… ဒီမှာ စမ်းကြည့်လေ…"

စိုးမိုးနိုင် မနေသာတော့ပဲ စမ်းကြည့်ရတော့သည်။

စိုးမိုးနိုင် ချက်ချင်းသိပါ၏။ မနှင်းဆီ၏ ပေါင်ရင်းတွင် မိန်းမကိုင် သေနတ်အသေးစားတစ်လက် ကပ်ချိထားသည်ကို စမ်းတွေ့ရပေသည်။

"ဒီမှာကိုစိုးရဲ့ သေနတ်ဆိုတာ တစ်လက်ပဲဖြစ်ဖြစ် နှစ်လက်ပဲဖြစ်ဖြစ် တစ်ချက်ပစ်ရင် ကျည်ဆံတစ်တောင့်ပဲထွက်တာပါ… တစ်ဘက်လူက သေနတ်နှစ်လက်ကိုင်ထားလည်းမှုစရာမလိုပါဘူး ပြီးတော့ ပစ်တဲ့နေရာမှာ ချက်ကောင်းကို ထိအောင်ပစ်နိုင်ဖို့သာ အဓိကပါ… ဘာမှမစိုးရိမ်နဲ့ ကိုစိုး… နှင်းဆီက ရယ်ဒီခိုလိုက်တာနဲ့ ကိုစိုး ဂိုးလိုက်ဖို့ပဲ…"

စိုးမိုးနိုင် ခေါင်းညိတ်ရတော့သည်။

"ကဲ… မနှင်းဆီ ပြန်ထွက်သွားပေတော့… သိပ်ကြာ

www.burmeseclassic.com

www.burmeseclassic.com



ရှင် လေးမောင်က မနှင်းဆီကို တစ်မျိုးတွက်လိမ့်မယ်..."

"တွက်... တွက် ကိုစိုးနဲ့ နှင်းဆီဒီအခန်းထဲမှာ ညားနေပြီလို့တွက်ရော ဘာအရေးလဲ..."

"ဟာ... အဲဒီလို တွက်တာကို ပြောတာမဟုတ်ဘူး... မနှင်းဆီနဲ့ ကျုပ်နဲ့ပူးပေါင်းပြီး တစ်ခုခုမကောင်းကြံတော့မယ်လို့ လေးမောင်တွက်မိသွားမှာကို စိုးရိမ်လို့ပြောတာ..."

"ဒါတော့ ဟုတ်တယ်... ကဲ... နှင်းဆီသွားမယ်..."

ပြောပြောဆိုဆို နှင်းဆီထရပ်ပြီး ဘာမပြောညာမပြော စိုးမိုးနိုင်၏ ပါးပြင်တစ်ဖက်ကို ရှုတ်ခနဲ နမ်းပြီးမှ ထွက်သွားတော့သည်။

နှင်းဆီ၏ အနမ်းသည် လေးမောင်ကိုသတ်ဖို့အတွက် ဖြားယောင်းသောအနမ်းလား။

သို့မဟုတ်

ဟိုက်စကူး ကျောင်းသူကျောင်းသား ဘဝထဲက မိမိအပေါ် သူမဖာသာ ချစ်ခင်နေခဲ့သည့် အနမ်းပေလား။

✳❁✳❁✳❁✳❁



၁၆

လူတစ်ယောက်ကို လုပ်ကြံရသည်ဆိုခြင်းမှာ လွယ်ကူသောအရာမဟုတ်။

အထူးသဖြင့် လေးမောင်လိုလူကို ကြံစည်ရသည်မှာ ခက်ခက်ခဲခဲရှိလှသည်။

မနှင်းဆီသည် တစ်ချိန်လုံး လေးမောင်ကို သုတ်သင်ဖို့ အလစ်ချောင်းနေပါ၏။ တစ်ချက်မှ လစ်ကွက်မရသေးပေ။

လေးမောင်သည် အမြဲတန်း လူလေးယောက်စလုံးအား ပစ်ခတ်နိုင်သော ပစ်ကွင်းနေရာမျိုးကိုယူထားသည်။

သင်္ဘောဒုတိယထပ်ပိုင်းဦးခန်းတွင် စိုးမိုးနိုင်က သင်္ဘောမောင်းပြီး ယုကဘေးမှာထိုင်နေစဉ် ဦးဘာဘာနှင့် မနှင်းဆီက ပဲ့ပိုင်းတွင် ရှိနေသည်ဆိုလျှင် လေးမောင်က အလယ်ဗဟို ငါးပိုင်းတွင် နေရာယူထားသည်။ သူ့သေနတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှေ့ကိုလည်း ပစ်လို့ရသည်။ နောက်ကိုလည်း ပစ်လို့ ရသည်။

လေးဦးစလုံး သဘော်ဦးပိုင်းမှာရှိနေလျှင် လေးမောင်က ပဲ့ပိုင်းအမြင့်ရှင်းပစ်ကွင်းကောင်းသည့်နေရာမျိုးတွင် ယူထားတတ်သည်။

လေးမောင်၏ သေနတ်ပစ်သော လက်ကို လျှော့တွက်၍မရ။ ကမ်းသာနဒီချောင်း မိစမ်းအိမ်၏လတာထဲတွင် လေးမောင်က ခနီတောထဲမှနေပြီး လှိုင်ဘွားကို မှောင်မှောင်ရီရီထဲမှာပင် ထိအောင်သေအောင် ပစ်နိုင်ခဲ့သည်မှာ လက်တွေ့။

ထို့ပြင်

လေးမောင်က သေနတ်နှစ်လက်ကို ခါးကြားထိုး အဆင်သင့်မို့ တကယ်တမ်းပစ်ခတ်မည်ဆိုလျှင် သေနတ်ကို အလွယ်တကူ ထုတ်ယူနိုင်သည်။

မနှင်းဆီအဖို့ မလွယ်ပေ။ အဆင်သင့် မဖြစ်ပေ။ ပေါင်ရင်းတွင် ကပ်ချီထားသည့် သေနတ်ကို အချိန်ယူဖြုတ်ရပေဦးမည်။

ယုယုသည် သူမ၏ ကိုကိုနိုင်ဘေးတွင် အတူယှဉ်တွဲထိုင်နေသော်လည်း မျက်စေ့မျက်နှာမကောင်းလှဘဲ သုန်သုန်မှုန်မှုန်လေးဖြင့် ငြိမ်ချက်သားကောင်းလှပေသည်။

စိုးမိုးနိုင်ကတော့ သဘော်ကို မောင်းမြဲမောင်းနေသည်။

"ယု... ငြိမ်လှချည့်လား... ဘာတွေများတွေးပြီး ဒီ



လောက်ငြိမ်နေတာလဲ..."

"ယုယုရင်ထဲ အသည်းထဲက လက်မခံနိုင်တဲ့ အတွေးမျိုးတွေ တွေးနေလို့ပါ..."

"အဲ... ယုစကားက အဆန်းပါလား... ဘယ်လိုရင်ထဲက လက်မခံနိုင်တာကို တွေးနေမိလို့လဲ ပြောပါဦး..."

ယုယုက ဖြုန်းကနဲ မဖြေသေးဘဲ သက်ပြင်းလေးတစ်လုံးကို လေးလေးတွဲ့တွဲ့ ဖြည်းညင်းစွာ ချလိုက်သေးသည်။

"ကိုကိုနိုင်နဲ့ မနှင်းဆီအကြောင်းတွေးနေမိလို့ပဲ ကိုကိုနိုင်..."

"ဟာ... ယု ဘာတွေပြောနေတာလဲ တောက်တီးတောက်တဲ့တွေ..."

"မတောက်တီးမတောက်တဲ့နဲ့ ကိုကိုနိုင်... မနှင်းဆီက ရုပ်လဲချောတယ်၊ ကိုယ်လုံးကိုယ်ထည်ကလည်း တောင့်တင်းတယ်... အပြုအမူနဲ့ အပြောအဆိုလည်း သွက်လက်တယ်... သတ္တိလည်း ရှိတယ်၊ ကောဘင်ခန်းထဲမှာ ကိုကိုနိုင်အိပ်ပျော်နေတုန်း မနှင်းဆီ ရောက်လာတယ်... ယုကို မနက်စာအတွက် ချက်ပြုတ်ပေးပါလို့ တာဝန်ပေးတယ်၊ ယုမငြင်းရဲဘူး၊ ကောဘင်ခန်းထဲက ယုထွက်ခဲ့တော့ သူနဲ့ကိုကိုနိုင်ပဲ ကျန်ခဲ့တယ်... ကျန်ခဲ့တာမှ အကြာကြီးပဲ... ယု ထမင်းအိုးတစ်လုံးချက်ပြီး ကျက်ပြီးတဲ့နောက်မှ သူပြန်ထွက်လာတာတွေ့တယ်၊ သူထွက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏလောက်ကြာတော့ မနှင်းဆီဟာ စာရွက်တစ်ရွက်ကိုင်ပြီး ယုယုဆီကိုလာတယ်... ကိုကိုနိုင် အဲဒီစာရွက်ကစာမှာ ယုယုက သက်သေအဖြစ် လက်မှတ်ထိုးပေးထားပါတဲ့... ဦးဘဝံဘာနဲ့ မနှင်းဆီလည်း လက်မှတ်ထိုးထားတယ်..."

"စာထဲမှာ ဘာအကြောင်းတွေ ရေးထားလဲ ယု..."

"ကိုလှိုင်ဘွားကို ကိုကိုနိုင်သတ်တာမဟုတ်ဘဲ တကယ်သတ်တဲ့သူဟာ ကိုလေးမောင်သာဖြစ်တယ်ဆိုတာတွေရေးထားတယ်... အဲဒီစာကို ယု ဖတ်ပြီး သူတို့မောင်နှမဟာ ဘာဖြစ်လို့ စိတ်ပြောင်းသွားပါလိမ့်လို့ ယုယု စဉ်းစားကြည့်တယ်... ကိုကိုနိုင်နဲ့ မနှင်းဆီတို့ ပြေလည်သွားကြသလားဟင်... ယုယုကလေးဘဝသာသာမှ ကိုကိုနိုင်နဲ့ မနှင်းဆီက မြင်သာဟိုက်စကူးမှာ ကျောင်းနေဘက်ဖြစ်တဲ့အပြင် မနှင်းဆီက ကိုကိုနိုင်ကို တစ်ဖက်သတ် မေတ္တာရှိနေတယ်လို့ ယုယုကြားထားတာတွေ မှန်နေပြီလားဟင် ကိုကိုနိုင်..."

"တော်တော့ယု... လက်စသတ်တော့ ကိုကိုနိုင့်ကို မနှင်းဆီနဲ့အထင်လွဲပြီး ယု စိတ်မချမ်းမသာနဲ့ ငြိမ်နေတာကိုး... ကဲ... နားထောင် အဲဒီကိစ္စတွေ ကိုကိုနိုင် ရှင်းပြမယ်... "

စိုးမိုးနိုင်က ကောဘင်ထဲသို့ မနှင်းဆီရောက်လာပုံနှင့် မိမိကိုဆက်ဆံဖြားယောင်းပုံမှအစ လေးမောင်တို့



မြို့ကြီးမရောက်မီ လုပ်ကြံဖို့ တိုင်ပင်တာတွေအားလုံး အစအဆုံး တစ်လုံးမကျန် ယုယုအား ရှင်းပြပြောပြလိုက်တော့သည်။

စိုးမိုးနိုင်၏ စကားဆုံးသွားမှ ယုယု၏ မျက်နှာလေး ပြန်လည်ကြည်လင်ပြီး ပြုံးရွှင်လာသည်။

"ဒါဆို ကိုကိုနိုင်က သူတို့နဲ့မူးပေါင်းပြီး ကိုလေးမောင်ကို သတ်ဖို့သဘောတူလိုက်လို့ မနှင်းဆီက ဒီစာမှာ ယုယုကိုလက်မှတ်ထိုးခိုင်းတာပေါ့ ဟုတ်လား..."

"မနှင်းဆီအနေနဲ့ကတော့ ကိုကိုနိုင်က ဒီကိစ္စကို သဘောတူလိုက်တယ်လို့ ယူဆသွားချင် ယူဆသွားမှာပေါ့ယု... ဒါပေမယ့် ကိုကိုနိုင်ရဲ့ တကယ့် သဘောထားအမှန်က သူ့အသက်ကိုယ့်အသက်လုပြီး သတ်ပုတ်ပစ်ခတ်လို့ မလွှဲသာဘဲ သတ်ဖြတ်ပစ်တာမျိုးကလွဲပြီး ဘယ်သူ့ကိုမှ တမင်တကာ ကြံစည်ပြီး ဇလာချီသတ်တာမျိုးကို မလိုလားဘူး ယု..."

"အဲဒါပဲ ကောင်းပါတယ် ကိုကိုနိုင်... ဒီပယောဂထဲမှာ ကိုကိုနိုင် ကိုယ်ထိလက်ရောက် ဝင်မပါဖို့ အရေးကြီးပါတယ်..."

စိုးမိုးနိုင်က ယုယုအား ကြင်နာစွာဖြင့် ပုခုံးဖက်သိုင်းထားလိုက်ပေသည်။

"မြို့ကြီးကိုရောက်ဖို့ တော်တော်လိုသေးလား ကိုကိုနိုင်..."

www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် သုံးနာရီလောက် မောင်းရဦးမယ်လို့ ခန့်မှန်းတယ် ယု..."

"မြို့ကြီးရောက်ရင် ဘာတွေ ဆက်ဖြစ်ကြဦးမလဲ မသိဘူးနော် ကိုကိုနိုင်... အိုး... ဘာကြီးပဲဖြစ်ဖြစ် ဖြစ်ချင်တာဖြစ်ပါစေ... ယုယုအဖို့ကတော့ ကိုကိုနိုင်နဲ့ လက်တွဲမဖြုတ်ဘဲ သေပွဲကို ဝင်ရဲပါတယ်..."

စိုးမိုးနိုင်က ယုယုပြောပုံလေးကို နားထောင်ပြီး မချင့်မရဲဖြင့် သူမ၏ ပုခုံးလေးကို ဖျစ်ညှစ်လိုက်မိပါ၏။

"သေပွဲဝင်စရာမလိုပါဘူး ယုရယ်... စိတ်ကို မာမာလေး တင်းထားစမ်းပါ... ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချတင်းမာထားမှုဟာ အောင်မြင်ခြင်းထက်ဝက်ကို အလိုလိုရပြီးသား ဖြစ်တတ်ပါတယ်... ကိုကိုနိုင်လည်း အခြေအနေကို မျက်ခြေမပြတ် အကဲခတ်နေတာပါ။ လစ်ရင်လစ်သလို ယုကိုလက်တွဲခေါ်ပြီး ထွက်ပြေးတာပေါ့။ အခုတော့ ပင်လယ်ထဲ သင်္ဘောလေးပေါ်မှာဆိုတော့ မပြေးသာ မလှုပ်သာသေးလို့ပေါ့ယု... စိတ်ချ ကိုကိုနိုင်နဲ့ ယုမပေါင်းရသေးဘဲ သေကိုမသေဘူး။ ဗေဒင်ကဟောထားပြီးသား ယုနဲ့ ကိုကိုနိုင်ညားပြီး ကလေးတစ်ဒါဇင်တောင် ရဦးမှာတဲ့..."

"တော်ပါ... ယုနားရှက်ပါတယ်... ကိုကိုနိုင်က ဒါကိုပဲ ပြောချင်နေတယ်..."



ဒီလိုကျမှပင် ယုယုလေးသည် နဂိုအတိုင်း မျက်နှာလေး ကြည်ကြည်လင်လင်နှင့် ပြုံးပြုံးရယ်ရယ်လေး ဖြစ်လာပြီး စိုးမိုးနိုင်၏ ကျောပြင်ကြီးကို သူမ၏ လက်သီးဆုပ်နုနုလေးနှင့် ထုနှက်ပေတော့သည်။

ဦးပိုင်းတွင် ယုနှင့်စိုးမိုးနိုင်တို့ ကြည်နူးနေစဉ်၌ ပဲ့ပိုင်းတွင် ဦးဘာဘာနှင့် မနင်းဆီမောင်နှမ ရှိနေကြသည်။

ဦးဘာဘာက ဝမ်းပိုင်းအလယ်တွင်ရှိနေသော လေးမောင်ထံသို့ သူ၏ ဘီးတပ်ကုလားထိုင်ကို လိမ့်လာစေပြီး လေးမောင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"လေးမောင် မင်းမှာ သေနတ်နှစ်လက်တောင်ရှိနေတာ ငါ့ကိုတစ်လက်ပေးထားစမ်း..."

လေးမောင်အား ဆရာသမားအမိန့်မျိုးနှင့်ပင် ဦးဘာဘာက ပြောသော်လည်း လေးမောင်က လိုက်လိုက်လျောလျောမရှိပေ။

"သေနတ်ကို ဘာလုပ်ဖို့လဲ ဆရာဘာဘာ..."

"ဟာ... သေနတ်ဆိုတာ အန္တရာယ်ဖြစ်လာရင် ကာကွယ်ဖို့ပစ်ဖို့ပေါ့ကွာ... ငါတို့မကြာခင်မြို့ကြီးရောက်တော့မယ်... ဟိုရောက်ရင် ဒေဝနဲ့ရင်ဆိုင်ရတော့မယ် ဒေဝနဲ့ထိန်ဝါဟာ တို့ကိုရင်ဆိုင်ဖို့ ဘယ်လောက်အဆင်သင့်ဖြစ်နေမှန်းမှ မသိတာ... ငါ့အတွက် သေနတ်တစ်လက်တော့ လိုလိုမယ်မယ် ဆောင်ထားမှပေါ့ လေးမောင်..."

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဗျာ... အမိကရင်ဆိုင်ဖို့လိုအပ်တာက မသန္တာနဲ့ပါ။ မသန္တာဆီမှာ စိန့်တွေပါသွားတာပဲ ဟာ..."

"အေး... သန္တာနဲ့ရင်ဆိုင်လည်း အခုအခြေအနေမှာ ဒေဝနဲ့ထိန်ဝါဟာ သန္တာနဲ့ပူးပေါင်းနေတဲ့သူတွေပဲ ငါ့ အတွက်တင်မကဘူး... နှင်းဆီအတွက်တောင် သေနတ် နောက်ထပ်တစ်လက်လိုဦးမယ်..."

ဦးဘာဘာပြောသည်မှာ လေးမောင်ထံမှ သေနတ်တစ်လက်ရလို့ရဗြားတောင်းသည့်သဘောအပြင် သူတို့မောင်နှမတွင် ဘာသေနတ်တစ်လက်မှ မရှိကြောင်း လေးမောင်အား အယုံသွင်းသည်မျိုးလည်း ဖြစ်နိုင်ပေသည်။

"မလိုပါဘူး...ဆရာဘာဘာနဲ့ မနှင်းဆီတို့ရဲ့ အသက်အန္တရာယ်ကို ကျုပ်လိုဂျော်နီလိုကောင်တွေက ကာကွယ်ပေးရမယ်လို့ ဆရာကြီးက ညွှန်ကြားထားတာပဲ... ဘယ်တုန်းကကော ဆရာဘာဘာ သေနတ် ကိုင်ခဲ့ဘူးလို့လဲ... ချစရာရှိကျုပ်တို့ပဲချတယ်... ပစ်စရာရှိ ကျုပ်တို့ပဲပစ်တယ်... ခံစရာရှိလည်း ကျုပ်တို့ပဲခံရမှာပဲ... ကျုပ်တို့က ဆရာဘာဘာရဲ့ လက်ပါးစေပဲ ဟာ..."

"အဲဒါက မြင်သာမှာသာ မဟုတ်လား ကိုလေးမောင်..."

ဟု မနှင်းဆီက ရှေ့တိုးလာပြီး ဝင်ရောက်ပြောဆိုလိုက်ပါ၏။



"အခုမကြာခင်ရောက်တော့မှာက မြို့ကြီးပဲ။ မြို့ကြီးမှာ နှင်းဆီတို့ မကျွမ်းကျင်ဘူး အုပ်ချုပ်ရေးပိုင်းနဲ့လည်းအဆက်အစပ်မရှိဘူး...မြို့ကြီးရဲ့အုပ်ချုပ်ရေးပိုင်းဟာ မြင်သာထက်လည်း ပိုပြီးစနစ်ကျတယ်..."

"ဘာပဲဖြစ်ဖြစ်ပေါ့ မနှင်းဆီ ကျုပ်လက်ထဲမှာ သေနတ်နှစ်လက်ကိုင်ထားတာဟာ ဆရာဘာဘာကို တစ်လက်ပေးထားတာထက် ပိုပြီးစိတ်ချရပါတယ်... တကယ့်အရေးအကြောင်းဆိုရင် ဆရာဘာဘာက သေနတ်ကိုင်ထားကော ဘာလုပ်နိုင်မှာမှတ်လို့ ခြေတစ်ဘက်မှ မရှိတာ..."

"ဘာကွ လေးမောင်... တောက်..."

ဦးဘာဘာသည် လေးမောင်၏စကားကို နာကျဉ်းစွာ ပြင်းထန်သော တောက်ခေါက်မှု ပြုလိုက်သည်။

မသန္တာသည်ပင်လျှင် မိမိယခုလို ခြေတစ်ဘက်မရှိတော့သောကြောင့် စွန့်ပြေးကာ ကိုဒေဝနောက်သို့ လိုက်သွားတာဟု ဦးဘာဘာယူဆထားသဖြင့် လေးမောင်၏ ကားကို ပို၍ နာကျည်းရပါ၏။

နှင်းဆီသည် သူမ၏အစ်ကို ဦးဘာဘာအား ချိုးချိုးနှိမ်နှိမ်ပြောလာသော လေးမောင်ကို မီးတောက်မတတ် မျက်လုံးစုံဖြင့် စိုက်ကြည့်နေပါ၏။

"ရှင် တော်တော် ချိုကြွနေပါလား ကိုလေးမောင်... ဆရာကြီးက မြှောက်စားမယ့်စကား အရိပ်အမြွက်လေး ပြောရုံနဲ့ ရှင်က အစ်ကိုကြီးဘာဘာကို ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကန်တာလား...”

လေးမောင်က နှင်းဆီကိုတော့ ဘာမှ ပြန်မချေပဘဲ သူ၏ ပုခုံး ကြီးကိုသာ တွန့်ပြလိုက်ပါလေ၏။

“ရှင်... ကောင်းကောင်းသတိထားပါ ကိုလေးမောင် ရှင့်မှာ ခြေနှစ်ဘက်လက်နှစ်ဘက် အပြည့်အစုံ ရှိပေမယ့် ရှင်ဆောင်ရွက်ခဲ့သမျှဟာ အစ်ကိုကြီးဘာဘာရဲ့ ဦးဆောက်နဲ့ပါ။ ရှင့်ကိုရှင် သိပ်လည်း အထင်ကြီးမနေနဲ့...”

ပြောပြောဆိုဆို မနှင်းဆီသည် ခြေဆောင့်ကာ ထွက်သွားပေတော့သည်။

✻❁✻❁✻❁✻❁





## ၁၇

မှောင်နေသေးသည်မို့ ဟိုးအဝေးမှပင် မြို့ကြီးမြို့တွင် ထွန်းထားသော မီးရောင်များကို လှမ်းမြင်ရပေပြီ။

မြို့ကြီးမှ မီးရောင်များကို လှမ်းမြင်ရပြီဆိုသည်နှင့် ဦးဘာဘာ မနှင်းဆီနှင့် လေးမောင်တို့ သင်္ဘောဦးပိုင်းသို့ ရောက်လာကြသည်။

ဦးဘာဘာက သင်္ဘောမောင်းနေသည့် စိုးမိုးနိုင်အား လှမ်းပြောသည်။

“မြို့ကြီးရဲ့ဒီဘက် တစ်မိုင်လောက်အကွာမှာ ကမ်းကွေ့တစ်ခုရှိတယ်... မောင်စိုးမိုးနိုင်... “ဂ”ငယ်လိုကွေ့ဝိုက်ဝင်သွားတယ်... ဂငယ်ကွေ့, ကွေ့အဝင်မှာ ကျောက်ဆောင်တွေတော့ ရှိတယ်... ဒါပေမယ့် ဒီတစ်ထပ်သင်္ဘောလေးလောက်တော့ ချောင်ချောင်ချိချိ ဝင်နိုင်ပါတယ်...”

လေးမောင်က တဖန်စိုးမိုးနိုင်ကို မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြန်သည်။

"ဒီမယ် စိုးမိုးနိုင် ကိုဒေဝတို့ဟာ မြို့ကြီးကိုသွားတာ လို့သာ မင်းပြောသေးတယ်… သူတို့မြို့ကြီးရောက်ရင် ဘယ်မှာတည်းခို နေကြမယ်ဆိုတာ မင်းမပြောသေးဘူး…"

"ဒါတော့… ငါမသိဘူး…"

"ဘာ… မသိဘူးဟုတ်လား…"

လေးမောင်က မေးရင်း ခါးကြားမှ သေနတ်ကို ထုတ်ယူပြန်သည်။ သေနတ်ပြောင်းကို စိုးမိုးနိုင်အား ချိန်ရင်း "ဘာ" ဟု မကျေနပ်သော အာခေါင်သံနှင့် ပြန်မေးလိုက်သည်။

ဒီတစ်ခါတော့ လေးမောင်၏ အမူအရာမှာ စိုးမိုးနိုင်ကို တကယ်ပစ်မည့် မျက်နှာအမူအရာပေါ်နေသည်။

လမ်းတစ်လျှောက်လုံး ပင်လယ်ခရီးတွင် သူတော်မောင်းမည့်သူ မရှိသောကြောင့် တကယ်မပစ်သော်လည်း ယခု မြို့ကြီးကိုမြင်နေရပြီမို့ တကယ်ပစ်ကောင်းပစ်လိုက်မည်ဖြစ်သည်။ သေအောင်မပစ်တောင် အနာတရဖြစ်သွားအောင်တော့ ပစ်လိမ့်မည် ထင်ပါ၏။

ဒါကိုရိပ်စားမိသော ယုယုက ကြားဝင်ပြီး ပြောလိုက်သည်။

"ကိုကိုနိုင် တကယ်မသိတာ ကိုလေးမောင် အစ်ကိုဒေဝက ယုယုကိုတောင် မြို့ကြီးရောက်ရင် ဘယ်မှာတည်းမယ်ဆိုတာ ပြောမသွားဘူး… သူတို့အနေနဲ့



ပြောစရာလည်း မလိုဘူး… ယုယုတို့က သူတို့နောက်ကို လိုက်လာစရာအကြောင်းမှ မရှိတာ… ဒါပေမယ့်…"

"ဒါပေမယ့် ဘာဖြစ်လဲဆက်ပြောပါ မယုယု…"

"ဟိုးအရင် အောင်ဒေဝဟိုတယ်ကို အစ်ကိုဒေဝ လုပ်ကိုင်နေတုန်းက ဦးထိန်ဝါနဲ့အတူတူ ဟိုတယ်အတွက် လိုအပ်တဲ့ပစ္စည်းတွေ မော်လမြိုင် သွားမဝယ်တဲ့အခါ မြို့ကြီးမှာ လာဝယ်တတ်တယ်… အဲဒီ မြို့ကြီးကိုလာပြီး ဝယ်တဲ့အခါဆိုရင် ဦးထိန်ဝါနဲ့ အစ်ကိုဒေဝဟာ ဒေါ်သူဇာရဲ့ ဗိုလ်တဲမှာ အခပေးပြီး တည်းမှန်းတော့ ကျွန်မသိတယ် ကိုလေးမောင်…"

လေးမောင်သည် ယုယုပြောပြသည်မို့ ယုံကြည်သည့်သဘောရှိသည်။ သေနတ်ကို ခါးကြားပြန်ထိုးရင်း ဦးဘာဘာကိုဆက်၍ပြောသည်။

"ကျုပ်တို့ အဲဒီဒေါ်သူဇာရဲ့ ဗိုလ်တဲဆိပ်ကမ်းမှာပဲ သင်္ဘောကပ်မယ်…"

"မင်းရူးနေသလား လေးမောင်… ဒီသင်္ဘောဟာ ဦးမြင့်စီရဲ့ သင်္ဘောမှန်း ဒေဝရော ထိန်ဝါရော သန္တာရော သိနေတယ်… ဒီသင်္ဘောဆိပ်ကမ်းလာကပ်မှာကို ဗိုလ်တဲပေါ်က သူတို့က အရင်ဦးမြင့်သွားတာနဲ့ တစ်ချိုးတည်း တခြားကိုလစ်ပြေးကြမှာပေါ့… ငါ အမိန့်ပေးတယ် လေးမောင်… ခုချိန်ထိ ငါဟာ အမိန့်ပေးနိုင်တဲ့ နံပါတ်တစ် ခေါင်းဆောင်ပဲ …

www.burmeseclassic.com

www.burmeseclassic.com



ဒီသဘောကို ဒေဝတို့ လှမ်းမမြင်နိုင်တဲ့ ဂငယ်ကွေ့ ဆိပ်ကမ်းမှာပဲ ကပ်မယ်... အဲဒီကမှ တစ်ဆင့် တိတ်တိတ်ခိုးပြီး ဒေါ်သူဇာ ဗိုလ်တဲကို သွားကြမယ်... ဒါငါ့အမိန့်ပဲ..."

"ဒါတော့ သဘောပဲပေါ့ဗျာ... ကျုပ်က ဒေါ်သူဇာ ဗိုလ်တဲနဲ့ အဝေးကြီးနေရာမှာ သဘောကပ်ထားရင် ခြေတစ်ဘက်မရှိတဲ့ ခင်ဗျားအတွက် အဝေးကြီးသွားရမှာ ခက်မှာစိုးလို့ပြောတာ..."

"တော်... တိတ်... မင်းပါးစပ်ပိတ်ထား..."

လေးမောင်က ဘာမှထပ်မပြောတော့ဘဲ မထိလေးစားအသွင် သရော်ပြုံးပြုံးကာ သဘော၏ ပဲ့ပိုင်းဆီသို့ လျှောက်သွားတော့သည်။

မောင်းလာရင်းပင် သဘောလေးသည် ဦးဘာဘာပြောသည့် ဂငယ်ကွေ့ပေါက်သို့ ရောက်လာသည်။

ဂငယ်ကွေ့ပေါက်အဝင်တွင် ကျောက်စွန်းကျောက်စွယ် ကျောက်ဆောင်များ ပိုမိုထူထပ်လာသည်။

စိုးမိုးနိုင်အဖို့ သဘောကို ကျောက်စွန်းကျောက်စွယ် ကျောက်ဆောင် တစ်ခုခုနှင့် မငြိမတိုက်အောင် ပိုမိုဂရုစိုက် မောင်းနေရပါ၏။

ဂငယ်ပေါက် အဝင်မှာပင် လေးမောင် သတိတစ်ချက်လစ်လေပြီ။ သူက နဂိုတည်းက ရေကြောက်သူပီပီ ကျောက်စွန်း ကျောက်စွယ် ကျောက်ဆောင်များဖြင့် သဘောလေးတိုက်မိမည်ကို အစိုးရိမ်လွန်ပြီး ကျောက်ဆောင်ကြီး



များကို တစ္ဆေ သရဲတွေအလား ထိတ်လန့်စိတ်ဖြင့် အာရုံစိုက်ကြည့်နေလိုက်မိသည်။

"ဖန်း... ဖန်း..."

"အား..."

မနှင်းဆီအတွက် ပေါင်တွင်ချိတ်ထားသော သေနတ်လေးကို ထုတ်ယူခွင့် အချိန်ရသွားသည်။ သူမဘက်ကို ကျောပေးပြီး သဘောလက်တန်းကိုင် ငေးနေသော လေးမောင်၏ ကျောပြင်ကို မနှင်းဆီက နှစ်ချက်ဆင့် ပစ်လိုက်ပေတော့သည်။

လေးမောင်မှာ နောက်မှဆောင့်တွန်းလိုက်သလား အောက်မေ့ရအောင် လက်ရမ်းမှတစ်ဆင့် သဘောပေါ်မှ ရေထဲသို့ ကျသွားပါလေတော့သတည်း။

ဤဖြစ်ရပ်ကို စိုးမိုးနိုင်ရော ယုယုပါ မြင်တွေ့လိုက်ရပါ၏။

"တွေ့လား ကိုကိုနိုင်... မနှင်းဆီသေနတ်နဲ့ ပစ်လိုက်တာ ကိုလေးမောင် ရေထဲကျသွားပြီ..."

"တွေ့တယ်ယု... ဒါပေမယ့် သဘောကို ရပ်လို့မရဘူး... သူ့အရှိန်နဲ့သူ ပွတ်ကာသီကာ ကျောက်စွန်းကျောက်စွယ်တွေ လွတ်အောင် မနည်းမောင်းနေရတယ်... ဒါပေမယ့်-ယုကို ကိုကိုနိုင်ပြောထားမယ် ယုအသင့်ပြင်ထား... ကမ်းကပ်မိတာနဲ့ ကိုကိုနိုင်နဲ့ယု ထွက်ပြေးကြမယ်... မနှင်းဆီကို ယု အထူးသတိထားနော်..."

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်များမှ လွတ်ကင်းသည်နှင့် ဂငယ်ကွေ့ကမ်းပါးသို့ သင်္ဘောရောက်လာပေပြီ။

စိုးမိုးနိုင်သည် ကမ်းကိုကြည့်ပြီး အတော်အတန် ဆင်ခြေလျှောကမ်းပြန့်ကို တွေ့သည်။ သင်္ဘောဦးကို အရှိန်ဖြင့် ကမ်းပြန့်ဆင်ခြေလျှောပေါ်သို့ ထိုးတင်လိုက်တော့သည်။ သင်္ဘောဦးမော့ပြီး ကမ်းပေါ်ဆင်ခြေလျှောအတိုင်းတက်သွားပြီးသည်နှင့် စိုးမိုးနိုင် သင်္ဘောအင်ဂျင်စက်ကို ရပ်လိုက်သည်။

"ဟ... ဟ... ညီမလေး နှင်းဆီ ငါ့ကိုလုပ်ပါဦး..."

ဦးဘဘာ၏အထိတ်တလန့်အော်သံနှင့်အတူ သူ၏ ဘီးတပ်ကုလားထိုင်မှာ သင်္ဘော၏ ဆင်ခြေလျှောအတိုင်း ပုံပိုင်းသို့ လိမ့်သွားသောကြောင့် ဖြစ်ပါ၏။

မနှင်းဆီသည် သူမ၏အစ်ကို ဦးဘဘာနောက်သို့ ပြေးလိုက်သွားပေသည်။

"လာ... လာ... ယု... ဒါအခွင့်အရေးပဲ... ကိုကိုနိုင်တို့ ပြေးကြစို့..."

နှစ်ယောက်သား လက်တွဲကာ တစ်ထပ်သင်္ဘောပေါ်မှ အောက်ကမ်းခြေသို့ ခုန်ချလိုက်ကြသည်။ ကမ်းစပ်မြေတွင် ဗွက်ပေါက်နေသဖြင့် ဗွက်ထဲမှာဝင်ပြေးကာ ကုန်းပေါ်အရောက် ပြေးတက်ခဲ့ကြသည်။ တစ်ခဏအတွင်းမှာပင် သစ်ပင်အုပ်ကောင်းသော လမ်းမပေါ်သို့ ရောက်သွားကြသည်။

"ဒေါ်သူဇာရဲ့ ဗိုလ်တဲကို ယုသိတယ်နော်..."



"သိတယ်... ကိုကိုနိုင်... ယုကိုယ်တိုင် အစ်ကိုအောနဲ့လိုက်ပြီး နှစ်ခေါက်ရောက်ဖူးတယ်..."

နှစ်ဦးသားဆက်ပြေးခဲ့ရာ တောအုပ်လမ်းကျော်မိသည်နှင့် ကတ္တရာခင်း မော်တော်ကားလမ်းပေါ်သို့ ရောက်သွားသည်။

အငှားဂျစ်ကားတစ်စီး တိုက်တိုက်ဆိုင်ဆိုင်တွေ့သည်နှင့် ဂျစ်ကားကိုငှားကာ ဒေါ်သူဇာဗိုလ်တဲသို့ မောင်းနိုင်းတော့သည်။

✳❁✳❁✳❁✳❁

www.burmeseclassic.com

www.burmeseclassic.com



# ၁၈

"ဟော... စိုးမိုးနိုင်နဲ့ ယုယုတို့ပါလား... ကြည့်စမ်း တစ်ကိုယ်လုံးလည်း ရွှံ့တွေပေလို့ ယုယုမှာ ဖိနပ် တောင် စီးမထားပါလား... ဘယ်လိုဖြစ်လာကြတာ လဲ..."

ဗိုလ်တဲရှေ့သို့ ကားရပ်သည်နှင့် ကိုဒေဝနှင့် တန်းတွေ့ကာ ကိုဒေဝက တအံ့တသြကြီး ညီမငယ်ယုယုနှင့် စိုးမိုးနိုင်ကို နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါ၏။

"ဖြစ်လာတာတွေတော့ အစုံပဲကိုဒေဝ..."

ဟု ပြန်ပြောရင်း စကားမဆက်အားသေးဘဲ အငှားလိုက်ဂျစ်ကားဆရာအား ကျသင့်ငွေ ရှင်းပေးသည်။ ဂျစ်ကား ဆရာသည် စိုးမိုးနိုင်နှင့် ယုယုအား သေချာကြည့် ပြီးမှ ရယ်ကျဲကျဲဖြင့် ထွက်သွားပေတော့သည်။

ဂျစ်ကားဆရာ၏ စိတ်ထဲတွင် ယုယုနှင့် စိုးမိုး နိုင်သည် မိန်းမခိုးလာပြီး လွတ်အောင် ထွက်ပြေးလာ



ကြသော မောင်နှံနှစ်ဦးဟု အထင်ရှိသွားဟန်တူပါ၏။

ထိုစဉ်မှာပင် ဦးထိန်ဝါနှင့် မသန္တာတို့ပါ ထွက် လာပြီး စိုးမိုးနိုင်တို့စုံတွဲအား လိုက်လံကြိုဆိုကြပေတော့ သည်။

မသန္တာက ယုအား ပွေ့ပိုက်ရင်း ပြောလိုက် သည်။

"ကဲ... ဖြစ်ကြောင်းကုန်စင်တွေကို ဖြေးဖြေးဆေးဆေး ပြောကြတာပေါ့... ခုလောလောဆည် ယုယုရော ကို စိုးမိုးနိုင်ရော ရေမိုးချိုး အဝတ်အစားလဲလိုက်ဦး နှစ်ယောက်လုံး ပေကျံနေတာ ... သန္တာရဲ့အင်္ကျီနဲ့ ယုယုဝတ်လို့ရမှာပါ... ကိုစိုးမိုးနိုင်က ကိုကိုဒေဝရဲ့ အဝတ်အစားဝတ်ပေါ့..."

ကိုယ်ပေါ်ဝတ် အဝတ်အစားနှင့် လိုက်လာကြ ရသော စိုးမိုးနိုင်နှင့် ယုယုမှာ ဗိုလ်တဲမှာပင် ရေမိုးချိုးသန့် စင်ပြီး စိုးမိုးနိုင်က ကိုဒေဝ၏ စပို့ရှပ်နှင့် ချည်ချောလုံချည် ကို ဝတ်သည်။

ယုက မသန္တာ၏ ဘလောက်(စ်) အင်္ကျီနှင့် ထမီကို ဝတ်ဆင်လိုက်ကြသည်။

"ဦးထိန်ဝါရေ... ကျွန်တော်တို့အားလုံး စားရင်း သောက်ရင်း ပြောစရာတွေ ပြောကြတာပေါ့ စိုးမိုးနိုင် နဲ့ ညီမလေး ယုယုတို့ဆာလောင်လာကြမှာ... ဦးထိန် ဝါပဲ စားဖို့သောက်ဖို့ စီစဉ်ပေးဗျာ..."

နာရီဝက်အတွင်းမှာပင်—ဦးထိန်ဝါ စီစဉ်ပေး

www.burmeseclassic.com

www.burmeseclassic.com



သည့် စားသောက်ဝိုင်းကလေးဖြစ်သွားကာ စားသောက်ကြရင်း စကားပြောကြသည်။

စိုးမိုးနိုင်က ဖြစ်ကြောင်းကုန်စင်တွေကို ပြောပြတော့သည်။

ကမ်းသာနဒီချောင်းထိပ်ရှိ မိစမ်းအိမ်တွင် လှိုင်ဘွားနှင့် ဖြစ်ပျက်ခဲ့သမျှတွေ...

ကိုဒေဝနှင့် မသန္တာထွက်ပြေးရာလမ်းကြောင်းသို့ ဆင်ဒီကိတ်အဖွဲ့ ဆရာကြီးဆိုသူ၏ အမိန့်အတိုင်း ဦးမြင့်စီ၏ တစ်ထပ်သင်္ဘောလေးဖြင့် လိုက်လာခဲ့ပုံတွေ...

သင်္ဘောပေါ်တွင် ဖြစ်ပျက်ပုံတွေ နောက်ဆုံး မိမိတို့နှစ်ယောက် အခွင့်အရေးရသည်နှင့် သင်္ဘောပေါ်မှ ခုန်ဆင်းပြေးခဲ့ရပုံတွေအားလုံး ပြောပြလိုက်ပေတော့သည်။

"ဒါဖြင့် လေးမောင်တစ်ကောင် ဂငယ်ကွေ့ထဲမှာပဲ သေပြီး ကျန်ခဲ့ပြီပေါ့ ဟုတ်လား.. မောင်စိုးမိုးနိုင်—"

ဦးထိန်ဝါက ပြောပြသမျှကို စိတ်ဝင်စားစွာ နားထောင်ပြီး အဆုံးတွင် မေးလိုက်ခြင်း ဖြစ်ပါ၏။

"ကိုလေးမောင်ဟာ မနှင်းဆီပစ်လိုက်တဲ့ သေနတ် ဒဏ်ရာကြောင့် ရေထဲကို ဖောက်ထိုးကျသွားတာ တော့ တွေ့လိုက်တယ် ဦးထိန်ဝါ... ဒီကောင်က ရေလည်းမကူးတတ်... ဒဏ်ရာလည်း ရသွားတယ် ဆိုတော့... မျှော်လင့်ချက် သိပ်နည်းသွားတာတော့ အမှန်ပဲ..."

ထိုစဉ်မှာပင်...



"ငါမသေဘူး စိုးမိုးနိုင်... ငါ့ကိုမင်းတို့ မျှော်လင့်နိုင်ပါသေးတယ်ကွ ... ငါ ရေမကူးတတ်ပေမယ့် ကျောက်ဆောင်တွေကို ဖက်တွယ်ထားနိုင်လို့ ငါမသေဘူးလေကွာ... အဲဒီမှာပဲ တံငါလှေတစ်စင်းနဲ့ တွေ့ပြီး တံငါလှေက ငါ့ကိုကယ်လိုက်တယ်... အဲဒီ တံငါလှေကလူကို ငါက ငွေငါးဆယ်ပေးလိုက်လို့ ကျေးဇူးတင်စွာနဲ့ ဒေါ်သူဇာ့ ဗိုလ်တဲထိပ်အထိ ပို့လို့ ငါရောက်လာပြီလေကွာ..."

လေးမောင်မှ... လေးမောင် အစစ်ပါပေ။

သူ၏ လက်နှစ်ဘက်စလုံးတွင် သေနတ်တစ်လက်စီကိုင်ထားပြီးသား ဖြစ်နေပါ၏။ သေနတ်နှစ်လက်စလုံးဖြင့် စုဝေးထိုင်နေသည့် စားသောက်ဝိုင်းကို ချိန်ထားပေသည်။

လေးမောင်၏ ပုခုံးစွန်းတစ်ဘက် အကျႌတွင် နီရဲသောသွေးများ ပေကျံနေသည်ကို တွေ့ရသည်။

မနှင်းဆီနောက်ကျောဘက်မှ ပစ်လိုက်သော နှစ်ချက်အနက် တစ်ချက်သည် လေးမောင်၏ ပခုံးကို ထိမှန်ပြီး ထိထိချင်း သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ရေထဲသို့ ထိုးကျသွားခြင်း ဖြစ်ပေမည်။ မနှင်းဆီပေါင်တွင် ကပ်ချိထားသော သေနတ်ကိုက ယမ်းအားပြင်းသော ဒဿမ လေးငါး သို့မဟုတ် ဒဿမ သုံးရှစ်သေနတ်မျိုးမဟုတ်ဘဲ ဒိန်းမကိုင် ဒဿမ နှစ်ငါး သေနတ်လောက်သာမို့ လေး

www.burmeseclassic.com

www.burmeseclassic.com



မောင် ဒဏ်ရာ မပြင်းထန်ခြင်းဖြစ်နိုင်ပေသည်။ မနှင်းဆီအနေနှင့်လည်း ပေါင်တွင်ကပ်ချိရသည်မို့ သေနတ်အကြီးစား ချိ၍ မဖြစ်သောကြောင့် အသေးစားကိုသာ ဝှက်ချိယူဆောင်ရခြင်း ဖြစ်ပေမည်။

အားလုံးသည် အံ့ဩစွာနှင့်ပင် လေးမောင်ကို ကြည့်နေစဉ်မှာပင် ဦးထိန်ဝါသည် အိန္ဒြေရရ မျက်နှာ တည်သောအသံဖြင့်

"ဟော့ လေးမောင်... ရှာတဲ့မိုး ထိုးတဲ့ဆင် လေကွာ..."

ဟု ပြောလိုက်ပေတော့သည်။

လေးမောင်သည် ဦးထိန်ဝါအား အလွန် အံ့ဩပြီး မယုံကြည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

"အဲဒါ... ဆရာကြီးရဲ့ လျှို့ဝှက်သင်္ကေတ စကားပဲ..."

"အေး... မှန်တယ်... အဲဒီဆရာကြီးဆိုတာ ငါပဲ လေးမောင်..."

"ဆရာကြီးဆိုတာ ဦးထိန်ဝါဟုတ်လား မဖြစ်နိုင်ဘူး ကျုပ်မြိုင်သာက နောက်ဆုံးထွက်ခါနီးမှာတောင် ဆရာကြီးနဲ့ ကျုပ်ဖုန်းပြောခဲ့သေးတယ်... အဲဒီ အချိန်မှာ ဦးထိန်ဝါက ဒေဝတို့နဲ့အတူ ထွက်ပြေးသွားပြီး ပင်လယ်ထဲရောက်နေပြီ..."

"မင်း တော်တော်လျှာရှည်ပါလား လေးမောင် ... ရှေ့နေ ဦးမြင့်စီကို မင်းကထည့်မတွက်တော့ဘူး



လား... ငါက ဒေဝတို့နဲ့ ပင်လယ်ကို မထွက်ခင်ကတည်းက ဘာဖြစ်လာရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ငါ့ကိုယ်စားလုပ်ဖို့ ဦးမြင့်စီကို အားလုံးမှာထားခဲ့တယ်... အေး... မင်းဒီလိုသေချာအောင် စီစစ် မေးမြန်းတာ တစ်နည်းတော့ ကောင်းတယ်... ငါတို့ ဆင်ဒီကိတ်အတွက် အမှားအယွင်း မရှိစေနိုင်ဘူးပေါ့... ကဲ... ငါဟာ မင်းတို့ဆရာကြီးဖြစ်မှန်း မင်းစိတ်ထဲ သံသယရှင်းပြီး ယုံကြည်ကျေနပ်သွားအောင် ဟောဒီ စိုးမိုးနိုင် မြိုင်သာကို မရောက်လာခင် တစ်ရက်က ငါပေးထားတဲ့ လျှို့ဝှက်သင်္ကေတ စကားကို ငါပြန်ပြောပြမယ်..."

ဦးထိန်ဝါသည် ထိုင်ရာမှထသည်။ ပြီး လေးမောင်မျက်နှာကို စူးရှသောအကြည့်ဖြင့် ကြည့်လိုက်ခါ ရွတ်ဆိုပြလိုက်သည်။

"မြိုင်သာမှာ သာသာယာယာ...
ဆင်ဒီကိတ်မှာ ထိန်ထိန်ဝါဝါ..."

"အဲဒီ သင်္ကေတ လျှို့ဝှက်မှန်ရဲ့လား လေးမောင်..."

"ဟာ... ဟုတ်... ဟုတ်ပါတယ် ဆရာကြီး... အဲဒီတုန်းက ဆင်ဒီကိတ်မှာ ထိန်ထိန်ဝါဝါဆိုတဲ့ သင်္ကေတ စကားနဲ့ပဲ အောင်ဒေဝဟိုတယ်က ဦးထိန်ဝါဟာ ဆရာကြီးမှန်း ကျွန်တော်ရိပ်မိဖို့ ကောင်းတယ်... ဒါပေမယ့်... ကျွန်တော် လုံးဝမထင်ဘူး ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ဦးထိန်ဝါဟာ အောင်ဒေဝဟိုတယ်ရဲ့ စားဖိုဆောင်မှာ အမြဲအရက်မူးနေတဲ့လူကြီးဆိုတော့ ဆရာကြီးနဲ့ ဘယ်လိုမှ ဆက်စပ်ပြီး မရိပ်မိ မစဉ်းစားမိဘူး ဆရာကြီး..."

"အေး... အောင်ဒေဝဟိုတယ်ကို စိုးမိုးနိုင်လက်ထဲက အပြီးအပိုင် မရသေးခင်အတွင်း ငါ့ကို ဖတ်မြင်နေရမယ်လို့ ဆင်ဒီကိတ်အဖွဲ့ကြီးက ညွှန်ကြားထားတာမို့ ငါဟာ အမြဲမူးနေတဲ့ စဖိုမှူးထိန်ဝါဘဝကို ခံယူထားရတာပဲ လေးမောင်... အခုတော့ငါက ငါ့ကိုယ်ငါ ဆင်ဒီကိတ်ဆရာကြီးအဖြစ် ဖော်ပြီးပြီလေ။ ဘာလို့လဲဆိုတော့ လောကကြီးမှာ သေဆုံးသွားတဲ့ လူဟာစကားလည်း မပြောနိုင်တော့ဘူး... သူ့ရဲ့ ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့လည်း ဘယ်လိုမှ ဆောဒကမတက်နိုင်တော့ဘူး... ဟုတ်ရဲ့လား လေးမောင်..."

ကိုဒေဝ... မသန္တာ စိုးမိုးနိုင်နှင့် ယုယုတို့သည် ဦးထိန်ဝါအား ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိကြသည်။ သူတို့အားလုံး ယုံကြည် စွဲမှတ်ထားသည်မှာ ဦးထိန်ဝါသည် သူတို့၏ ဘက်တော်သား စစ်စစ် သူတို့ယုံကြည်စိတ်ချရသူဟု စွဲမှတ်ယုံကြည်ထားသောကြောင့် ဖြစ်ပါ၏။

ဦးထိန်ဝါလိုလူသည် ဘယ်လိုမှ ဆင်ဒီကိတ်နှင့် မပတ်သက်မည်ဟု စပ်ဟပ်စရာအကြောင်း မရှိပါလေခဲ့။



ဦးထိန်ဝါက ကိုဒေဝနှင့် ယုယုဘက်သို့လှည့်ကာ စကားဆက်ပြောသည်။

"ငါ့မှာ နင်တို့မိဘလက်ထက်ကတည်းက အောက်ခြေသိမ်းလုပ်ပေးခဲ့တယ်... ဒါပေမယ့် လခရတာကလွဲပြီး ငါ့မှာ ဘာအကျိုးကျေးဇူးမှ မရှိခဲ့ဘူး... အေးစိုးမိုးနိုင် ရဲ့အဖွဲ့ထဲဝင်သွားပြီး အောင်ဒေဝဟိုတယ်ကိုဒေဝ ဦးစီးပြီးလုပ်တဲ့အချိန်မှာပဲ ဆင်ဒီကိတ်က ငါ့ကိုဆက်သွယ်လာတယ်... ဆင်ဒီကိတ်အဖွဲ့ဟာ ဆင်ဒီကိတ်လုပ်ငန်းတွေလုပ်ဖို့ မြို့သာကိုလည်း သဘောကျတယ်... မြို့သာက အောင်ဒေဝဟိုတယ်ကိုလည်း သဘောကျတယ်... မြို့သာဟာ ခေါင်တယ်... အုပ်ချုပ်မှုအပိုင်း ရှောရဲတယ် ပင်လယ်နဲ့ လည်းနီးတယ် နယ်စပ်နဲ့လည်း မဝေးဘူး... အောင်ဒေဝဟိုတယ်ရဲ့ မူရင်းအဆောက်အဦးကလည်း ကောင်းနေတယ်... ဒါကြောင့် ဆင်ဒီကိတ်ရဲ့ လုပ်ငန်းတွေ မြို့သာ အောင်ဒေဝဟိုတယ်မှာ အခြေချနိုင်ဖို့ ငါ့ကို လာဆက်သွယ်တာပဲ... ငါ့ကို မြို့သာရဲ့ ဆင်ဒီကိတ်အဖွဲ့ခေါင်းဆောင် ဆရာကြီးနေရာမှာ ထားခဲ့တယ် အဲဒီအချိန်ကစပြီး ငါက ဆရာကြီးဖြစ်လာတာပဲ နောက်ပြီး ငါ့ရဲ့ထောက်ခံချက်နဲ့ပဲ လေးမောင်ကို နံပါတ်နှစ်ခေါင်းဆောင်နေရာကို ဆင်ဒီကိတ်က လက်ခံတယ်... ဦးဘာဘာကိုတော့ ဆင်ဒီကိတ်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ရွေးပြီး နံပါတ်တစ်ခေါင်းဆောင်နေရာမှာ ထားခဲ့တယ်... ရှေ့နေ ဦးမြင့်စီကိုတော့ ရိုးရိုးဆင်ဒီကိတ်အဖွဲ့ဝင်အဖြစ် သတ်မှတ်တယ်... အောင်ဒေဝဟိုတယ်ကို အပိုင်သိမ်းပြီးတဲ့နောက် ဘိန်းဖြူလုပ်ငန်း၊ ရွှေချောင်းလုပ်ငန်း၊ စိန်နဲ့ အဖိုးတန်ကျောက်မျက်ရတနာလုပ်ငန်းတွေကို ဆင်ဒီကိတ်က လုပ်ဖို့ပဲ တကယ်လို့သာ စိုးမိုးနိုင်ဟာ မြင့်သာကို ပြန်မလာရင် အကြောင်းမဟုတ်ဘူး... အခုတော့ စိုးမိုးနိုင် မြင့်သာကို အလုပ်ထွက်ပြီး ပြန်လာတယ်... သူ့ကို အောင်ဒေဝဟိုတယ် လက်ကျန်ထက်ဝက်၊ ဆင်ဒီကိတ်ကို အပြတ်ရောင်းဖို့ ချော့ပြောတယ်... မရဘူး မရရှိမကာဘူး... စိုးမိုးနိုင်က ဦးဘာဘာကိုရော ဆင်ဒီကိတ်ကိုရော ဖြိုဖို့ ကြိုးစားတယ်... ဆင်ဒီကိတ်ဆရာကြီး ဘယ်သူလဲဆိုတာ သိဖို့လည်း ကြိုးစားတယ်... ဒါကြောင့် စိုးမိုးနိုင်ကို လူသတ်မှုဖြစ်အောင် ငါ ဖန်တီးလိုက်တာပဲ..."

ဦးထိန်ဝါသည် ပြောပြရင်း လေးမောင်အနီးသို့ တိုးကပ်သွားသည်။

"ငါ့ကို သေနတ်တစ်လက်ပေးစမ်း လေးမောင်..."

လေးမောင်က ချက်ချင်းမပေးသေးဘဲ မေးခွန်းများ ဆက်၍မေးလိုက်ပြန်သည်။

"ကျွန်တော်သိချင်တာလေးတွေ ဆက်ပြီးမေးခွင့်ပြု





ပါ ဆရာကြီး..."

"မေးလေ..."

"ကိုဒေဝဟာ ထောင်က လွတ်ထွက်ပြေးပြီး မြို့ကြီးကို သွားမယ်မှန်း ဦးထိန်ဝါ စားဖိုမှူးဘဝနဲ့ ဆရာကြီး သိရှိမကာဘူး... ကိုယ်တိုင် ဒေဝနဲ့ ကျွန်တော်တို့အနေနဲ့ စိုးမိုးနိုင်နဲ့ ယုယုကို အမိဖမ်းပြီးမှ ကိုဒေဝ ဘယ်သွားသလဲဆိုတာ စစ်ရမေးရပြီးမှ လိုက်လာရတယ်... အစကတည်းက မင်းတို့မြို့ကြီးကို လိုက်ခဲ့ကြလို့ ကျွန်တော်တို့ကို အမိန့်ပေးမှဲရင် ရသွားရဲ့..."

"အေး... ငါကိုယ်တိုင် ဒေဝဟာ မြို့ကြီးကိုသွားမယ်ဆိုတာ သိပေမယ့် ဒေဝပြောတိုင်း ငါက တစ်ထစ်ချ ယုံကြည်ပြီး မင်းတို့မြို့ကြီးကို လိုက်ခဲ့လို့ အမိန့်မပေးခဲ့ရဲဘူး... ဘာလို့လဲဆိုတော့ ဒေဝဟာ မင်းလယ်ထဲရောက်ပြီးမှ မြို့ကြီးကိုမသွားဘူး... တခြားတစ်နေရာရာကိုသွားမယ်လို့ အပြောင်းအလဲဖြစ်လာရင် မင်းတို့မြို့ကြီးကို လိုက်လာလည်း လွဲကုန်ကြမှာ မဟုတ်လား... ဒါပေမယ့် သူသွားမယ့်နေရာကို သူ့ညီမ ယုယုကိုတော့ အမှန်အကန်ပြောခဲ့မှာ သေချာတယ်လို့ ငါတွက်တယ်... အဲဒါကြောင့် ယုယုကို မေးပြီးမှ လိုက်လာဖို့ ငါဖန်တီးခဲ့ရတာ... နောက်တစ်ချက်က ငါက မြို့ကြီးကို လိုက်ခဲ့လို့ မှာခဲ့ရင် မင်းတို့က စိုးမိုးနိုင်နဲ့ယုယုကိုပါ မခေါ်တော့ဘဲ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာမှာ ငါမလိုလားဘူး... စိုးမိုးနိုင်နဲ့ ယုယုပါ မင်းတို့နဲ့အတူ တစ်ပါတည်း ပါလာစေချင်လို့ပဲ... ကဲ...ငါ့ကို သေနတ်တစ်လက်ပေးစမ်း လေးမောင်..."

လေးမောင်က စိုးမိုးနိုင်ထံမှ သိမ်းယူထားသည့် သေနတ်ကို ဆရာကြီးဦးထိန်ဝါလက်သို့ ပေးလိုက်သည်။

ယင်းအချိန်မှာပင်...

ဒေါ်သူဇာ၏ ဗိုလ်တဲရှိရာသို့ မေးမြန်းပြီး မနှင်းဆီသည် အပြင်ဘက် မှောင်ထဲတွင် ရောက်လာပြီ ဖြစ်တော့သည်။

ဗိုလ်တဲသို့ မှောင်ရိပ်ခိုရောက်လာပြီး အလင်းရောင်မီးထွန်းထားသည့် ဗိုလ်တဲအတွင်းသို့ လှမ်းကြည့်ရာ လေးမောင်က အားလုံးကို သေနတ်နှင့် ချိန်ထားပြီး ဦးထိန်ဝါနှင့် လေးမောင်စကားပြောနေသည်ကို အမှောင်ထဲမှ မနှင်းဆီက လှမ်းမြင်တွေ့နေရသည်။ ပထမဗိုလ်တဲသို့ မနှင်းဆီ လိုက်လာပြီး အားလုံးနှင့်တွေ့ဖို့ဖြစ်သော်လည်း လေးမောင်က ရေထဲကျမသေရုံမက အားလုံးကို သေနတ်နှင့် ချိန်ထားသည်ကို လှမ်းမြင်ရသောကြောင့် အပြင်မှောင်ထဲမှ ရပ်ကြည့်နေခြင်း ဖြစ်ပါ၏။

ဦးထိန်ဝါက အကျိုးအကြောင်းတွေ လေးမောင်ကို ပြောပြပြီး လေးမောင်ဆီမှ သေနတ်တစ်လက်ယူကာ ကိုဒေဝတို့အားလုံးကို သေနတ်နှင့်ချိန်လိုက်စဉ်မှာပင် စိုးမိုးနိုင်က ဦးထိန်ဝါအား မေးခွန်းတစ်ခု မေးလိုက်သည်။



"ဩ... ဩ... လက်စသတ်တော့ ဦးထိန်ဝါက ဆင်ဒီကိတ်က ဆရာကြီးပေးကိုး... ဒါနဲ့များတောင်ဗျာ မသန္တာကို စိန်တွေ သော့တူပေးပြီး ခိုးခိုင်းသေးတယ်... ဘာသဘောနဲ့အဲဒီကို မသန္တာကို စိန်တွေ ခိုးခိုင်းတာလဲ ဦးထိန်ဝါ..."

"ဟဲ... ဟဲ... ဟဲ..."

ဦးထိန်ဝါက မပြောမီ တဟဲဟဲရယ်လိုက်သေးသည်။ ပြီးမှ သူ၏ အားနေသောလက်မှ လက်ညိုးလက်ခလယ် နှစ်ချောင်း ထောင်ပြလိုက်သည်။

"လှည့်ကွက် နှစ်ကွက်ကြောင့်ပဲ စိုးမိုးနိုင် ပထမအကွက်က ဦးဘာဘာကို ငါဆင်ဒီကိတ်ဆရာကြီးအနေနဲ့ဆက်ပြီး မသုံးချင်တော့ဘူး... ဦးဘာဘာဟာ ဦးနှောက်တော့ ကောင်းပါရဲ့... ခြေထောက်တစ်ဘက် မရှိတော့တဲ့အတွက် တကယ့်အရေးအကြောင်းဖြစ်လာရင် အားကိုးလို့မရတော့ဘူး... အခုပဲကြည့်လေ သူမြို့ကြီးကိုလိုက်လာပေမယ့်... သင်္ဘောပေါ်က ဆင်းလာနိုင်တာမှ မဟုတ်တာ... သူ့ကိုဘာလုပ်တော့မလဲ... အေး... ဆင်ဒီကိတ်အဖွဲ့ကြီးတစ်ခုလုံးကို ခေါင်းဆောင်နေတဲ့ တကယ့်ဆရာကြီးက စည်းကမ်းသိပ်ကြီးတယ်... လူတစ်ယောက်ကို ခေါင်းဆောင်ခန့်ဖို့ကိစ္စမှာရော ဖြုတ်ဖို့ကိစ္စမှာရော အကြောင်းအချက်တွေ ခိုင်လုံရတယ်... ငါ့အနေနဲ့ ဦး

www.burmeseclassic.com

www.burmeseclassic.com



ဘာဘာကို လက်ရှိခေါင်းဆောင်တစ်နေရာကချပြီး လေးမောင်ကို တိုးမြှင့်တင်ချင်တယ်... ဒါကြောင့် ဦးဘာဘာ တာဝန်ယူ ထိန်းသိမ်းထားရတဲ့ စိန်တွေဟာ ဦးဘာဘာရဲ့ ပေါ့လျော့မှုကြောင့် အခိုးခံရတယ် ဆိုတဲ့ ခိုင်လုံတဲ့ အကြောင်းအချက် ပြချင်လို့ သန္တာကို ယူခိုင်းလိုက်တာ... ဘယ်လိုပဲဖြစ်ဖြစ် လမ်းတစ်လျှောက်လုံး ငါကိုယ်တိုင်ပါနေတာပဲဟာ... ဒီစိန်တွေ ဘယ်ထွက်ပြေးစရာရှိမလဲ..."

စိုးမိုးနိုင်က နှုတ်ခမ်းမဲ့ပြလိုက်သည်။

"ခင်ဗျားလှည့်ကွက်က မရက်စက်လွန်းဘူးလား ဦးထိန်ဝါ..."

"ဟာ... ဆင်ဒီကိတ်အဖွဲ့ကြီးတစ်ခုလုံးက ဘုရားဒကာအဖွဲ့မှ မဟုတ်တာ... ဆင်ဒီကိတ်အတွက် အကျိုးရှိဖို့ လုပ်တဲ့နေရာမှာ ဘယ်သူသေသေ ငတေမာရင် ပြီးရော လုပ်ကြရတဲ့အဖွဲ့ပဲ စိုးမိုးနိုင်..."

"ထားပါတော့ ဒုတိယအချက်ကကော ဘာတဲ့လဲ ဦးထိန်ဝါ..."

"ဒုတိယအချက်က ဆင်ဒီကိတ်အဖွဲ့ပိုင်စိန်တွေ ပါသွားတဲ့အတွက် ဦးဘာဘာဟာ သူကိုယ်တိုင် စိန်တွေနောက်ကို တာဝန်ရှိသူပီပီ လိုက်လာစေရမယ်... သူနဲ့အတူ မင်းလည်းပါလာစေရဖို့ ငါအမိန့်ပေးခဲ့တယ်... အခုငါလိုချင်တဲ့ လူတွေအားလုံး ငါဖန်တီး



ခဲ့တဲ့ အကွက်အတိုင်း အားလုံး ပါလာကြရမယ် မဟုတ်လား... ဒီလူတွေအားလုံးကို ငါ့အနေနဲ့ မြိုင်သာမှာ ပါးစပ်ပိတ်ပစ်ဖို့ မလွယ်ဘူးလေကွာ... ဒီလူတွေဟာ မြိုင်သာရဲ့ ဇာတိတွေဖြစ်နေလို့ မြိုင်သာမှာလုပ်လိုက်ရင် အစွန်းအစတွေ ထွက်လာရင် အမှုတွေ ရှုပ်ကုန်မယ်... ဒါကြောင့် ငါက မင်းရော ဒေဝရော ပြစ်မှုတွေ အသီးသီးရှိအောင် ဖန်တီးပြီး မြို့ကြီးပင်လယ်ပြင်မှာ ပါးစပ်တွေ ပိတ်ပစ်လိုက်ဖို့ ဆုံးဖြတ်တယ်... မြိုင်သာကနေ မင်းတို့ ဒေဝတို့ ပျောက်သွားတာနဲ့ မြိုင်သာက လူတွေက မင်းတို့ဟာ မင်းတို့အကြောင်းနဲ့ မင်းတို့ မြိုင်သာက တခြားကို လစ်ပြေးကြတာလို့ ထင်ကြစေမယ်... အဲဒီလို ထင်အောင်လည်း ငါက မြိုင်သာမှာ သတင်းလွှင့်မယ်... ဒေဝနဲ့ သန္တာ ပျောက်သွားတာဟာ စိန်တွေခိုးပြီး တခြားနိုင်ငံဘက် ထွက်ပြေးကြတာလို့ ယူမှတ်ကြစေရမယ်..."

"မင်း, စိုးမိုးနိုင်နဲ့ ယုယု မြိုင်သာက ပျောက်သွားတာလည်း မင်းဟာ လိုင်ဘွားကိုသတ်ပြီး ယုယုနဲ့ မြိုင်သာက တခြားကို ထွက်ပြေးတိမ်းရှောင်သွားတာလို့ ယူဆစေရမယ်... ဦးဘာဘာနဲ့ မနှင်းဆီ ပျောက်သွားအောင်လည်း ငါလုပ်ရဦးမယ်... သူတို့မောင်နှစ်မဟာ စိန်တွေကို အလျော်မပေးနိုင်လို့ မြိုင်သာ

www.burmeseclassic.com

www.burmeseclassic.com



ကနေပြီး တခြားထွက်ပြေးတာလို့ သတင်းလွှင့်မယ် အားလုံးက အဲဒီလိုယူဆစေရမယ်... မဟုတ်ဘူးလား လေးမောင် အဲဒီလို သိပ်မကောင်းဘူးလား..."

"ဟာ... သိပ်ဟုတ်ပြီ သိပ်ကောင်းပေါ့ ဆရာကြီး..."

စိုးမိုးနိုင်က ထပ်၍ မေးပြန်သည်။

သိချင်သောကြောင့် မေးမြန်းခြင်းဖြစ်သလို တမင်တကာ အချိန်ဆွဲချင်သောကြောင့်လည်း ဖြစ်သည်။ မိမိအနေနှင့် အသက်ရှိနေအောင် အချိန်ဆွဲနိုင်သရွေ့ လွတ်ပေါက်တစ်ခုခုကို ဖန်တီးလုပ်ဆောင်ခွင့်ကိုလည်း စဉ်းစားရှာကြံလို၍ မေးခွန်းတွေ ဆက်မေးနေခြင်း ဖြစ်ပါ၏။

"ဒါဆို ကျုပ်တို့အားလုံးကို ဦးထိန်ဝါက အသေသတ်ဖျောက်ဖျက်ပြီး ကိုယ့်အပြစ်နဲ့ကိုယ် မြို့သာက ပျောက်သွားကြတဲ့ သဘောမျိုးပေါ့ ဟုတ်လား..."

"အေးလေကွာ စိုးမိုးနိုင်... ငါပြောခဲ့ပြီပဲ... သေသွားတဲ့လူဟာ ဘာစကားတစ်ခွန်းမှ ထောက်မပြောနိုင်တော့သလို သူ့မှာ ပိုင်ဆိုင်ခွင့်တွေလည်း ဘာမှမရှိတော့ဘူးလေ... အဲဒီအချိန်မှာ ငါတို့ဆင်ဒီကိတ်အဖွဲ့ကြီးက အောင်ဒေဝဟိုတယ်ကြီး တစ်ခုလုံးကို အပြီးအပိုင် သိမ်းယူလိုက်ပြီး ဒီထက်ကြီးမားတဲ့ အလုပ်ကြီးတွေ ဆက်လုပ်ဖို့ပဲလေကွာ..."

စိုးမိုးနိုင်က ဦးခေါင်း တညိတ်ညိတ်လုပ်ပြရင်း လက်ရှိအခြေအနေအားလုံးကို ခြုံငုံပြီး အကဲခတ်နေပါ



၏။

စနကန်ဦး ဝိုင်းထိုင်ကြစဉ်ကပင် စားပွဲဟိုဘက်တွင် ကိုဒေဝနှင့် မသန္တာစုံတွဲ၊ ဒီဘက်တွင် စိုးမိုးနိုင်နှင့် ယုယုစုံတွဲ၊ စိုးမိုးနိုင်တို့ဘက်မှာ လေးမောင်ဝင်လာသည့် တံခါးပေါက်ဖြစ်ပေသည်။ ယခုအချိန် လေးမောင်နှင့်မလှမ်းမကမ်းတွင် ဦးထိန်ဝါ ရပ်နေသည်မို့ စိုးမိုးနိုင်၏ ကျောဘက်တွင် နီးကပ်စွာ ရှိနေကြသည်။

စိုးမိုးနိုင်မှာ ဦးထိန်ဝါကို စကားပြောတိုင်း သမင်လည်ပြန်လှည့်၍ ပြောနေရပေသည်။ ထို့ကြောင့်လည်း သေနတ်ကိုင်ထားသည့် ဦးထိန်ဝါနှင့် လေးမောင်သည် မိမိနှင့် မည်မျှအကွာအဝေးတွင် ရှိကြောင်း မြင်တွေ့သိရှိ သတိထားမိပါ၏။

"ကိစ္စမရှိပါဘူး ဦးထိန်ဝါ ကျုပ်အဖို့တော့ အသားထဲက လောက်ထွက်ခံရပြီမို့ ဦးထိန်ဝါလက်ထဲမှာ ကျုပ်အသက်ဟာ ဟင်းရွက်ကစွန်းလို တန်ဖိုးမရှိဘဲ စွန့်လိုက်ရတယ်လို့ပဲ အောက်မေ့ရတော့မှာပေါ့ အဲ... နောက်ထပ်တစ်ခု သိချင်တာက မြို့သာမှာတုန်းက ကျုပ် မိစမ်းနဲ့ လှိုင်ဘွားဆီကို သွားမယ်ဆိုတာ ယုယုကလွဲပြီး ဘယ်သူ့ကိုမှ မပြောခဲ့ဘူး ... အဲဒါကို ဦးထိန်ဝါက ဘယ်လိုသိသွားတာလဲ..."

"မင်း ... မြို့သာကို ရောက်တဲ့ အချိန်ကပြီး လှိုင်ဘွားဟာ တကယ်မသေးဘူးလို့ ယူဆနေမှန်း

www.burmeseclassic.com

www.burmeseclassic.com



ငါသိတယ်လေ… မင်း လှိုင်ဘွားကို မရမက ရှာတော့ မယ်မှန်းလည်း ငါအကဲခတ်မိတယ်… မင်းယုယုကို ပြောတာ ဘယ်နေရာမှာ ပြောခဲ့လဲဆိုတာ ပြန်စဉ်း စားကြည့်ပေါ့… သုမင်္ဂလာလမ်းက ငါ့အိမ်မှာ ပြော ခဲ့တယ်လေ… မင်းနဲ့ယုယု ပြောကြတာက စည့်ခန်း မှာ… ငါ့အဖွားကြီးက မီးဖိုခန်းထဲမှာ ရှိနေပေမယ့် မင်းနဲ့ယုယုပြောတာတွေ နားစွင့်ထားပြီး ငါ့ကိုပြန် ပြောပြလို့ ငါသိတာပဲ စိုးမိုးနိုင်…”

စိုးမိုးနိုင် သဘောပေါက်ရပေတော့သည်။

“အင်း… ဒီလိုပဲ ဖြစ်မှာပေါ့လေ…”

ငြီးငြီးတွားတွား စိုးမိုးနိုင် ပြောလိုက်စဉ်မှာပင်

“ဖန်း… ဖန်း…”

သေနတ်သံနှစ်ချက် ဆင့်ကဲဆင့်ကဲ ပေါ်ထွက် လာပေသည်။

သေနတ်သံနှင့်အတူ လေးမောင်မှာ ငါးကျီး ခြောက် မီးဖုတ်သည့်နယ် ကိုယ်လုံးကြီး ကွေးကောက်တွန့် လိမ်သွားပေသည်။ သူ့လက်ထဲတွင် ကိုင်ထားသော သေ နတ်လည်း လွတ်ကျသွားပါလေ၏။

မနှင်းဆီ၏ လက်ချက်ပင်ဖြစ်တော့သည်။ သူမ၏ သေနတ်လေးဖြင့် လေးမောင်အား နောက်ကျော အနီးကပ် တော့ဖြုတ်လိုက်ခြင်း ဖြစ်တော့သည်။ ဒီတစ်ခါ တော့ မနှင်းဆီ၏ ပစ်ချက်မှန်ကန်ပြီး လေးမောင် အထိနာ



ပေပြီ။

စိုးမိုးနိုင်သည် ရုတ်ချည်းအခြေအနေတွင် အခွင့်အရေးအရ ယူလိုက်သည်။

သူ့ကိုယ်ကို ဒိုင်ဗင်ထိုး မှောက်ချလိုက်ခါ လူး လမ့်သွားရင်း ဦးထိန်ဝါ ရပ်နေရာသို့ စက္ကန့်အတွင်း ရောက် သွားစေသည်။

ရောက်သည်နှင့် စိုးမိုးနိုင်၏ လက်နှစ်ဘက် သည် ရပ်နေသည့် ဦးထိန်ဝါ၏ ခြေနှစ်ဘက်ကို ဆွဲကိုင်ထော လှဲချလိုက်သည်။

ဦးထိန်ဝါ ပက်လက်ကြီး လဲကျလာသည်နှင့် ဦးထိန်ဝါ သေနတ်ကိုင်ထားသည့်လက်ကို စိုးမိုးနိုင်က ဒူး ဆစ်နှင့် ဖိထားကာ ဦးထိန်ဝါ၏ ရင်ဘတ်ကို ခွထိုင်ဖိထား ရင်း ဦးထိန်ဝါ၏ မျက်နှာကို ဘယ်လက်သီး ညာလက်သီး ဆက်တိုက်ဝင်လိုက်တော့သည်။

ထိုစဉ်မှာပင်

အောင်မြင်သော အမိန့်သံနှင့်အတူ ခွာမာ ဖိနပ်များ နင်းဝင်လာသည့် အသံတွေကြားရသည်။

“ဟေ့ … အားလုံးငြိမ်… လက်နက်တွေချလိုက်… ဗိုလ်တဲတစ်ခုလုံး မြို့ကြီးရဲအဖွဲ့က ဝိုင်းထားပြီ…”

လုံခြုံရေးမှူးခေါင်းဆောင်သည့် ရဲကြပ်ရဲသား ဖုစုပေါင်း ခြောက်ယောက်သည် စတင်းဂန်း ကိုင်သူကိုင် ရိုင်ဖယ်ကိုင်သူကိုင်ဖြင့် ဝင်ရောက်လာကြပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထိန်ဝါမှာ အားမတန်မာန်လျှော့ရလေပြီ။ စိုးမိုးနိုင်၏ ဒူးဆစ်ဖြင့် ဖိထားသော လက်တွင် ကိုင်ထားသည့် သေနတ်ကို ကြမ်းပေါ်သို့ လွှတ်ချလိုက်ပါတော့၏။

တစ်ခဏအတွင်းမှာပင် ရဲတပ်ဖွဲ့သည် လေးမောင်နှင့် ဦးထိန်ဝါ သေနတ်ကိုင်သမားနှစ်ယောက်၏ သေနတ်များကိုသိမ်းယူပြီး လက်ထိပ်ကိုယ်စီ ခတ်လိုက်တော့သည်။

ရဲအဖွဲ့နှင့်အတူပါလာသည့် ရီကျဲကျဲ ဂျစ်ကားဒရိုင်ဘာက စိုးမိုးနိုင်နှင့် ယုယုအား ရီကျဲကျဲပင် ရယ်ပြလိုက်လေသည်။ ပြီး စိုးမိုးနိုင်ကို ဂျစ်ကားဆရာက ပြောပြသည်။

"ဆရာကို စုံတွဲ ဂငယ်ကွေ့ ဆိပ်ကမ်းလမ်းပေါ်မှာ ကျုပ်ကားကို လက်တားကတည်းက ကျုပ်စိတ်ထဲ မသင်္ကာမိတာပဲဆရာ… ဒီမြို့ကြီးမှာ အငှားကားတွေ အနေနဲ့ မသင်္ကာတာတွေ့ရင် ရဲစခန်းကို အကြောင်းကြားရမယ်လို့ အမိန့်ထုတ်ထားတယ်… ဆရာတို့ စုံတွဲဟာ ရုပ်ရည်သန့်ပြန့်ပြီး ဖိနပ်မပါ ဘာမပါနဲ့ ပေကျံကျံနဲ့ တစ်နေရာရာက အလွတ်ရုန်းထွက်ပြေးလာရတဲ့ ပုံစံဖြစ်တာမို့ ကျုပ်စိတ်ထဲ ဆရာတို့ ဒုက္ခရောက်လာတယ် နောက်ကအန္တရာယ်တစ်ခုခု လိုက်လာတာဖြစ်မယ်လို့ မသင်္ကာတာနဲ့ ရဲစခန်းသွားတိုင်လိုက်တာ…"

လုံခြုံရေးမှူးက ဂျစ်ကားဆရာ၏စကားကို



ခေါင်းညိတ်ထောက်ခံရင်း ဖြည့်စွက်ပြောဆိုပါ၏။

"ဟုတ်တယ်… ဂျစ်ကားဆရာ သတင်းလာပေးတာနဲ့ ကျုပ်တို့အဖွဲ့ ဒေါ်သူဇာဗိုလ်တဲကို လိုက်လာပြီး တိတ်တိတ်လေး ဝိုင်းထားတယ်… အခြေအနေကို အကဲခတ်ကြည့်နေတုန်း အဲဒီလူ့ပခုံးအကျီမှာ သွေးတွေနဲ့ သေနတ်နှစ်လက် ကိုင်ပြီးလာတာ ကျုပ်တို့ တွေ့ရတယ်…"

"သူ့နာမည် လေးမောင်ပါ လုံခြုံရေးမှူး…"

"သိတယ်… သိတယ်… မြိုင်သာက လေးမောင်မှန်း ကျုပ်သိတယ်… ဟောဟိုက ဆင်ဒီကိတ်ဆရာကြီး ဦးထိန်ဝါမှန်းလဲ သူတို့ချင်းပြောတဲ့စကားတွေ နားထောင်ပြီး ကျုပ်သိလိုက်ရတယ်… အဲဒီလို ဦးထိန်ဝါနဲ့ လေးမောင်ပြောနေတာကို နားထောင်နေခိုက်မှာပဲ ဟောဒီ မိန်းကလေးက မှောင်ရိပ်ခိုရောက်လာပြီး သေနတ်နဲ့ လှမ်းပစ်တာလဲ ကျုပ်မြင်လိုက်တယ်…"

လုံခြုံရေးမှူးက အချက်ပြလိုက်သဖြင့် မနင်းဆီကို ရဲနှစ်ဦးက တစ်ဘက်တစ်ချက်စီကိုင်ပြီး ဗိုလ်တဲထဲသို့ ခေါ်လာပေတော့သည်။

"ဒီ ဆင်ဒီကိတ်အဖွဲ့ဟာ မြိုင်သာမှာ ခြေကုတ်ယူပြီး ဒုစရိုက်လုပ်ငန်းတွေ လုပ်နေတယ်လို့ အထက်က သတင်းရထားသလို… ကျုပ်တို့မြို့ကြီး ရဲစခန်းကလည်း သတင်းတွေရထားတယ်… ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရဲ့အဖွဲ့ကမှ သူတို့ကို လက်ဆုပ်လက်ကိုင် မရ သေးလို့ မသိမသာ အကဲခတ်နေတာကြာပြီ အဲ... ကိုစိုးမိုးနိုင်ကိုလည်း ကျွန်တော်က အခုမှ လူမြင်ဖူး ပေမယ့် သိနေပါတယ်... မြို့ကြီးဟာ မော်လမြိုင်ရဲ့ လက်အောက်ခံ မဟုတ်လား ... ကိုစိုးမိုးနိုင် မော်လမြိုင်က ကြီးကြပ်ရေးမှူးဆီဝင်ပြီး သတင်းပေး ပြီးတဲ့နောက် ကြီးကြပ်ရေးမှူးဆီက ကျုပ်တို့ဆီ ဖုန်းမက်ဆေ့(ဂျ်) ပို့ထားတယ်... မြိုင်သာကိုပြန်သွား တဲ့ ကိုစိုးမိုးနိုင်ဟာ ရဲအဖွဲ့က နှုတ်ထွက်ပေမယ့် ရဲအဖွဲ့ချုပ်က ထွက်ခွင့် မပေးသေးဘဲ ခံစားခွင့် လေးလပေးလိုက်တယ် စိုးမိုးနိုင်လိုအပ်တဲ့အကူအညီ တောင်းခံလာရင် ဥပဒေအတွင်းက ပေးနိုင်သလောက် ပေးလိုက်ပါလို့လည်းညွှန်ကြားထားတယ်..."

စိုးမိုးနိုင်မှာ မိမိအပေါ်တွင် အထက်လူကြီး များ ထားပေးသော စေတနာကို ပိုမိုအလေးပြုလိုက်မိတော့ သည်။

ရဲအဖွဲ့သည် ဆက်လက်ပြီး ဖမ်းဆီးရေး ကိစ္စ များ ဆောင်ရွက်နေစဉ် လက်ထိပ်တန်းလန်းနှင့် ဦးထိန်ဝါ က စိုးမိုးနိုင်အား ထွီခနဲ တံထွေးထွေးသံပြုရင်း စေ့စေ့ ကြည့်ကာ ပြောလိုက်ပြန်သည်။

"ဒီမယ် စိုးမိုးနိုင် မင်းဟာ မြိုင်သာကို ရောက်တဲ့ အချိန်ကစပြီး ငါတို့ရဲ့ ဆင်ဒီကိတ်ကြီးကို ဆန့်ကျင်



ရုံမကဘူး ဖြိုခွင်းဖို့ အမြဲကြိုးစားတယ်... အခု မင်း ဖြိုခွင်းလို့ ဆင်ဒီကိတ်ကြီး ပြိုလဲသွားပြီ... မင်းကို ငါဘယ်တော့မှ မကျေဘူး စိုးမိုးနိုင်... ငါထောင်က လွတ်လာရင် မင်းနဲ့ငါ တစ်ကွေ့ကွေ့မှာ တွေ့ကြ သေးတာပေါ့... အခုတော့ မြိုင်သာက ဆင်ဒီကိတ် ကြီး ပျက်သုန်းသွားပြီပေါ့ကွာ... မင်း ထမင်းဝဝ စားထားနှင့်ပေတော့ စိုးမိုးနိုင်..."

စိုးမိုးနိုင်က ဦးထိန်ဝါအား ဘာမှခွန်းတုန့် မ ပြန်ဘဲ ယုယု၏လက်ကိုဆွဲကာ လှုရှင်းပြီး မှောင်ရိပ်ကျနေ သော မိုလ်တဲ၏ လသာဆောင်သို့ လာခဲ့ကြတော့သည်။

ကိုဒေဝနှင့် သန္တာစုံတွဲကလည်း နောက်မှ လိုက်လာပြီး လသာဆောင်၏ ဟိုဘက်တစ်ဖက်ခြမ်း မှောင် ရိပ်ဆီသို့ ထွက်သွားကြသည်။

"ယု..."

"ကိုကိုနိုင်..."

"ပြဿနာအစစ်အမှန်အားလုံးကို သက်ဆိုင်ရာ လူ ကြီးတွေ သိသွားကြပြီနော်... မြို့ကြီး လုံခြုံရေးမှူးက သူတွေ့ရှိသမျှအားလုံး မော်လမြိုင်ကြီးကြပ်ရေးမှူး ဆီ ပထမဖုန်းဆက်အစီရင်ခံမယ်... ဒုတိယ အစီရင် ခံစာအရှည်ကြီးရေးပြီး တင်ပြမှာပဲ..."

"ကောင်းတာပေါ့ ကိုကိုနိုင်... အားလုံးလိပ်ပတ်လည် သွားရင် အစ်ကိုကြီးဒေဝမှာရော ကိုကိုနိုင်မှာရော

www.burmeseclassic.com

www.burmeseclassic.com



ဘာအပြစ်မှ မရှိတာတွေ ပေါ်လွင်လာမှာပေါ့..."

စိုးမိုးနိုင်က ယုယုအား ပို၍တင်းကျပ်စွာ ဖက်ထားလိုက်ပြီးနောက်...

"ကိုကိုနိုင်မှာ ဘာအပြစ်မှ မရှိတော့ဘူးဆိုတာနဲ့ ကိုကိုနိုင် ဘာလုပ်မယ်လို့ ယု ထင်သလဲ..."

"သိဘူးလေ... ကိုကိုနိုင်က ဘာလုပ်ချင်လို့လဲ..."

"ကိုကိုနိုင် အလုပ်ချင်ဆုံးက အပြစ်မရှိတော့တာနဲ့ မိနစ်မဆိုင်း စက္ကန့်မဆိုင်း ပေဘဒီယုလေးကို ကမန်းကတန်း လက်ထပ်ပြီး... ဗေဒင်ဟောကိန်းအတိုင်း ကလေးတစ်ဒါဇင်မွေးဖို့ စိုင်းပြင်းတော့မယ်လေ ယု"

"အယ်... ကြည့်... ကိုကိုနိုင်ကလည်း ယုယု နားရှက်ပါတယ်ဆိုနေမှ..."

သူမ၏ လက်သီးဆုပ် ဖြူဖြူနုနုလေးများဖြင့် စိုးမိုးနိုင်၏ ကျောပြင်ကြီးကို ဗျောတင် ထုနှက်နေပါတော့သတည်း။

နားကြပါဦးစို့

တက္ကသိုလ် တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com